
www.burmeseclassic.com



www.burmeseclassic.com

# တက္ကသိုလ် တင်မြင့်

## စိန် . . . စိန်လား မောင်တို့

၂၀၁၃ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊ ၁၃-လမ်း၊ လသာမြို့နယ်။



ပုံနှိပ်သူ

ဦး[illegible](၁၃၀၃)[illegible]

ပဒု[illegible]

တက္ကသိုလ်တင်မြင့် ၈၉၅. ၈၃

စိန် . . . စိန်လား မောင်တို့[illegible]တင်မြင့်၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၃

၂၉၆-စာ၊ ၅ × ၇

(၁) စိန် . . . စိန်လား မောင်တို့



# တက္ကသိုလ် တင်မြင့်





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com







## ၁

ဖြစ်ပုံက အဆန်း။

ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ။

တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ကုက္ကိုင်းဘက်ဆီသို့ ဦးတည်ပြီး အောင်စိုးမိုး မော်တော်ဆိုင်ကယ် စီးလာသည်။

တက္ကသိုလ်ရိပ်သာလမ်းဆိုသည် မှာ ရန်ကုန်မြို့တော်ဝယ် တကယ့် အထက်တန်းစားလမ်း။

လူကုံထံလမ်း၊ ကြေးရတတ်လမ်း။

ဝဲကိုကြည့်ကြည့်၊ ယာကိုကြည့်ကြည့်။

လမ်းထက်ပို၍မြင့်သော ကုန်းပေါ်ပိုင်းမှာလည်း ခြံဝင်းနှင့် တိုက်အိမ်နှင့်။

လမ်းထက်နိမ့်သော အနိမ့်ပိုင်းမှာလည်း ခြံဝင်းနှင့် တိုက်အိမ်နှင့်။

ယနေ့ ကာလပေါက်ဈေး အိမ်မြေတန်ဖိုးနှင့်ဆိုလျှင် တက္ကသိုလ်ရိပ်သာလမ်း၏ ဝဲဘက်၊ ယာဘက် ခြံမြေနှင့် တိုက်အိမ်ကို ာက်သွီးထိုးချင်ရာထိုးပြီး ဒီခြံ ဘယ်လောက်လဲမေး။

www.burmeseclassic.com

www.burmeseclassic.com



သိန်းလေးဆယ်၊ သိန်းငါးဆယ်တို့ ဈေးပေါက်နေသည်ချည်းဖြစ်သည်။

အဲဒီလောက် ... အဲဒီလောက်တောင်။

ဤလမ်းဆုံးဝယ် နိုင်ငံတော်၏ ကျက်သရေဆောင်ပင်မ ရန်ကုန်တက္ကသိုလ်ကြီးကလည်း ရှိနေသည်ကိုး။

ထို့ကြောင့်လည်း ဤတက္ကသိုလ်ရိပ်သာလမ်းပေါ်ဝယ် အစုန်အဆန် ဟိုဘက်သည်ဘက် ပြေးနေသော ကားလေးတွေကလည်း အက်(စ်)အီးတို့၊ စပရင်တာတို့၊ ပတ်ပလစ်ကာတို့၊ ဆန်နီတို့ စသည် စသည်ဖြင့် နှစ်သိန်း၊ သုံးသိန်း၊ လေးသိန်း ငါးသိန်းမှ ရှစ်သိန်း၊ ကိုးသိန်းတန်ကားတွေ အများအပြားစုန်ဆန်နေကြသည်။

လမ်း၏ဝဲယာမှ ကိုယ်ပိုင်ကားကလေးတွေလည်း ပါမည်။ ယင်းဝဲယာတိုက်အိမ်များသို့ သွေးတူရည်တူ ဧည့်သည်တော်များ၏ ကားလည်းပါမည်။

ပင်မတက္ကသိုလ်ကြီးသို့ သွားလာနေသော ကျောင်းသူကျောင်းသားများ၏ ကားတွေလည်းပါမည်။

သည်ကြားထဲတွင် အောင်စိုးမိုး၏ ဟွန်ဒါမော်တော်ဆိုင်ကယ်လေးက ဆွမ်းဆန်ထဲ ကြွက်ချေးတုံးလေး တစ်တုံးနှယ် တက္ကသိုလ်ရိပ်သာလမ်းပေါ်ဝယ် ပြေးလွှားနေသည်။

ဤမှာပင် အောင်စိုးမိုးတွင် ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ အဖြစ်ဆန်းလေးတစ်ခု တွေ့လိုက်ရခြင်းဖြစ်သည်။

ကြည့် ...



သူ့ရှေ့တွင် တအားပြေးနေသော အက်(စ်)အီး၊ စပရင်တာ၊ ဆန်နီ၊ ပတ်ပလစ်ကာမျိုးတို့ထဲမှ မည်သည့်ကားက မှန်းမသိ အပြာရောင်စက္ကူလေးတစ်ရွက်သည် ထွက်လာကာ လေပျံဝဲပြီး အောင်စိုးမိုး အရှိန်နှင့် ဆိုင်ကယ်မောင်းလာရာ ရင်ဘတ်သို့ စက္ကူပြားလေးက ဝင်ကပ်နေသည်။

လေပြင်းတိုက်သည်တော့မဟုတ်။

သို့သော် အရှိန်နှင့်မောင်းနေသော မော်တော်ကား၏ အရှိန်ကြောင့် စက္ကူလေးမှာ လေတွင်ပျံဝဲပြီး တစ်ကိုယ်လုံးပေါ်နေသော ဆိုင်ကယ်သမားရင်ဘတ်သို့ ဝင်ကပ်သည့်သဘောဖြစ်သည်။

အောင်စိုးမိုးက ရင်ဘတ်လာကပ်သော စက္ကူပြားလေးကို အရှိန်မပျက် ကလပ်(ရှ်)ကြိုးကိုင်လက်ဝဲလက်ဖြင့် ရင်ဘတ်မှ ခွာယူလိုက်သည်။

ပထမတော့ စက္ကူပြာရွက်လေးကို ထပ်ဆင့်လွှင့်ပစ်မည်ပြုပြီးမှ ဒီလောက် ကြုံကြုံဖန်ဖန် ဖြစ်တောင့်ဖြစ်ခဲ သွားရင်းလာရင်း မိမိရင်ဘတ်သို့ လာကပ်သည်မို့ အဆန်းပါလားဟု တွေးကာ လွှင့်မပစ်တော့ဘဲ ဝတ်ထားသော သားရေဂျာကင်အိတ်ထဲသို့ ထည့်လိုက်သည်။

သောကြာထော် အဝေယျာလမ်းရှိ မိမိတစ်ယောက်တည်းနေသော အိမ်သို့ တန်းတန်းမတ်မတ် ပြန်လာခဲ့တော့သည်။

✠ ✾ ✠

www.burmeseclassic.com

www.burmeseclassic.com



## ၂

အိမ်ရောက်သည်နှင့် အောင်စိုးမိုးသည် မော်တော်ဆိုင်ကယ်ကို အိမ်ရှေ့တွင်ရပ်ပြီး ဖိုက်ဘာဦးထုပ်ကို ဆိုင်ကယ်လက်ကိုင်တွင် ချိတ်ခဲ့ကာ ဆင်းလိုက်သည်။

အိမ်ပေါ်သို့မတက်သေးဘဲ အိမ်၏ဥပစာ ခြံထဲရှိ ပန်းပင် ပန်းအိုးများရှိရာသို့ လျှောက်လာခဲ့သည်။

နောက်ဆုံး မေမေ မကွယ်လွန်မီက စိုက်သွားသော ပန်းပင် အစီအရီဖြင့် နှင်းဆီ ဖြူနီဝါတို့သည် ပွင့်နေကြသည်။

မေမေ့လက်ရာလေး မပျက်စီးသွားစေရန် အောင်စိုးမိုးသည် နေ့စဉ် ညနေတိုင်း ပန်းအိုးများကို ရေလောင်းပေါင်းသင် ရွက်ဝါခြွေ ပိုးသတ်ဆေးဖျန်း လိုအပ်သလို လုပ်ပေးနေဆဲဖြစ်ပါ၏။

ဘာလိုလိုနှင့် မေမေ ဆုံးသွားသည်မှာ ရှစ်လပင် ရှိသွားပြီ။

ဟိုတမြန်နှစ်က ဖေဖေဆုံးသည်။

ဖေဖေဆုံးချိန်တွင် ဤခြံ ဤအိမ်နှင့် ငွေသားအနည်းအကျဉ်းကျန်ခဲ့သည်။



လခစား လက်ထောက်ညွှန်ကြားရေးမှူးဖြင့် သစ္စာရှိရှိ ရိုးရိုးသားသား တောက်လျှောက်တာဝန်ထမ်းဆောင်ခဲ့သော ဖေဖေသည် ကွယ်လွန်သွားသောအခါ ဘာမှ အထုပ်အထည် မကျန်ပါလေခဲ့။

ဖေဖေဆုံးသည့်နှစ်က အောင်စိုးမိုးသည် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာအဓိကဖြင့် နောက်ဆုံးနှစ်ဖြစ်သည်။

အောင်စိုးမိုး စာဆက်သင်ရင်း လက်ကျန်ငွေလေး ကုန်သွားသောအခါ မေမေက လက်ဝတ်လက်စားလေးများကို ထုခွဲပြီး အိမ်စရိတ်ရော၊ ကျောင်းစရိတ်ရော စားသောက်နေကြသည်။

သားအမိတွက်ကိန်းက သည်နှစ် သားအောင်စိုးမိုး ဖိုင်နယ်ဖြေပြီးသည်နှင့် အလုပ်တစ်ခုခုဝင်လုပ်ပြီး သားအမိ အေးချမ်းစွာ ရသလောက်နှင့် ရောင့်ရဲနေကြမည်ဟူ၍။

အောင်စိုးမိုး အောင်ပါသည်။

အောင်စာရင်းမှာ မဟာဝိဇ္ဇာ တက်ခွင့်ရ ကွာလီဖိုင်းဖြင့် အောင်ပါသည်။

သို့သော် ...

သားလုပ်စာကို မေမေသည် တစ်ပြားတစ်ချပ်မှ မစားလိုက်ရ။

မေမေ ဆုံးသွားသည်။

ဖေဖေနှင့်မေမေတို့က ငယ်လင်ငယ်မယား၊ ဟသ်ာဖို ဟသ်ာမဟု တင်စား၍ရသည်။ သိပ်ချစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးတွင် နလုံးရောဂါရှိကြသည်။

နောက်ဆုံး ပြောရလျှင် မေမေသည် မေဖေ့ကို တမ်းတသောစိတ်ဖြင့် ကျိတ်ပြီး ရင်တွင်းထိခိုက်ရှာသည်။

သားအပေါ်ထားသော သံယောဇဉ်နှင့်မေတ္တာအရှိန်ကြောင့် ဤမျှအထိ အသက်ရှင်သေးခြင်းဖြစ်သည်။

တစ်ဦးသေလျှင် နောက်တစ်ဦး လိုက်သေသော ဟသ်ာငှက်၊ အောက်ချင်းငှက်နှယ်ပါတည်း။

မေမေမရှိတော့စေကာမူ မေမေစိုက်ခဲ့သော နှင်းဆီတွေက ဝေဝေဆာဆာ ပွင့်ကြီးပွင့်ကားပွင့်နေကြသည်။

စံပယ်ရုံတွေဆိုလည်း ဖြူဖြူဖွေးအောင် ပွင့်ကြသည်။

မေမေစိုက်ခဲ့သမျှ ပွင့်သော ပန်းများကို ဒေါ်ကြီးအေးက ပုတ်ပြတ်စနစ်ဖြင့် ရောင်းပါဟုအဆိုရှိခဲ့သည်။ ငတ်သေပါစေ။ အောင်စိုးမိုးသည် မရောင်း။

မေမေ၏ ပန်းပွင့်ကလေးတွေ လန်းဆန်းတုန်း၊ အပင်မှာပင် လှပါစေ၊ ပွင့်ပါစေ။

ညှိုးချိန်တန် ညှိုးပြီး သူ့ဟာသူ ကြွေကျပါစေ။

မေဖေနှင့်မေမေလည်း ပန်းပွင့်လေးများလိုပင် ပွင့်ရာမှ ကြွေကျရသည်ပဲမဟုတ်လား။

အောင်စိုးမိုးသည် ပန်းပွင့်လှလှတွေကို ငေးကြည့်ပြီး မေမေ့ကို သတိရနေမိသည်။

ဟယ် ... ငိုင်နေလို့ မပြီးသေဘူး။



အောင်စိုးမိုး စိတ်တင်းလိုက်သည်။ **အိမ်ပေါ်သို့** အတက်တွင် မိမိ၏ဟွန်ဒါ မော်တော်ဆိုင်ကယ်လေးကို **ကြည့်မိ**ပြန်သည်။

မိမိ ရန်ကုန်တက္ကသိုလ် စ,တက်သည့်နှစ်ကပင် ကျောင်းတက်ကျောင်းဆင်း အဆင်ပြေစေရန် ဖေဖေကိုယ်တိုင် လိုက်ဝယ်ပေးသော မော်တော်ဆိုင်ကယ်လေးဖြစ်ပါ၏။

ရန်ကင်း အထက တက်စဉ်က စက်ဘီးနှင့်တက်သည်။ အိမ်နှင့် အထကကျောင်းနှင့် သိပ်ဝေးလှသည်မဟုတ်ပေပဲကိုး။

အောင်စိုးမိုးသည် ဝူးခနဲ သက်ပြင်းချကာ အိမ်ပေါ်တက် အိမ်ထဲဝင်ခဲ့သည်။

အိမ်မှာ တစ်ထပ်၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအိမ်ဖြစ်ပါ၏။ အိမ်ပုံစံလှပပြီး ကျယ်ကျယ်ပြောပြောရှိသည်။ ဘုရားခန်း၊ အိပ်ခန်း(၃)ခန်း၊ ထမင်းစားခန်း၊ မီးဖို၊ ရေလောင်းအိမ်သာတွဲ ရေချိုးခန်းတို့ အခန်းဖွဲ့ပုံစနစ်တကျရှိသည်။

အိမ်ထောင်ပရိဘောဂလည်း သူ့အခန်းနှင့်သူ လိုက်လျောညီထွေစွာ အားလုံးရှိသည်။

ညွန်ကြားရေးမှူးတစ်ဦး၏အိမ်နှင့် လိုက်လျောအောင် သိပ်အဖိုးတန်ကြီးများ မဟုတ်စေကာမူ အလယ်အလတ်ပရိဘောဂများ စုံလင်စွာရှိခြင်းဖြစ်ပါ၏။

ဖေဖေက တာဝန်နှင့် အလုပ်များသူမို့ တယ်လီဖုန်းလည်း အိမ်တွင်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးသည် ညှော်ခန်းထောင့် တယ်လီဖုန်းစင်နားမှ သူ၏စာကြည့်စားပွဲသို့ လျှောက်လာခဲ့သည်။

ရေးလက်စ စာမူကော်ပီတို့သည် စားပွဲပေါ်တွင် ငြိမ်သက်စွာရှိနေသည်။

မြန်မာစာအဓိကဘွဲ့ရ အောင်စိုးမိုးသည် တက္ကသိုလ်တတိယနှစ်လောက်ကတည်းက ဝါသနာအရင်းခံပြီး ဝတ္ထု၊ ကဗျာများရေးသားပြီး မဂ္ဂဇင်းတိုက်ပေါင်းစုံသို့ ပေးပို့လေ့ရှိသည်။

အတွေးအခေါ် အရေးအသား မဆိုးလှသဖြင့် မကြာခဏ မဂ္ဂဇင်းများက အသုံးပြုခဲ့သည်။

ဘွဲ့ရပြီးနောက် လွတ်လွတ်ကျွတ်ကျွတ် 'အောင်စိုးမိုး' ကလောင်အမြည်ဖြင့် လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။

အောင်စိုးမိုး၏ မျက်နှာဖုံးလှလှနှင့် လုံးချင်းဝတ္ထုလေးအုပ်ထွက်ပြီးလေပြီ။

သူ၏အရေး၊ သူ၏အတွေး၊ သူ၏အဖွဲ့အနွဲ့များကြောင့် စာဖတ်ပရိသတ်က လက်ခံစပြုပြီးလည်းဖြစ်သည်။

သို့သော် ပိုက်ဆံတစ်ပြားမှမရ။

ထုတ်ဝေပေးသည့်တိုက်က ကလောင်သစ်ဆိုလျှင် စာမူခ တစ်ပြားမှမယူဘဲ ငါးအုပ်ရေးပေးရမည်။ ငါးအုပ်ထုတ်ဝေပြီး ဟန်မည်ဆိုလျှင် ခြောက်အုပ်မြောက်ထုတ်သည့်စာအုပ်မှစ၍ ထိုက်သင့်သော ဥာဏ်ပူဇော်ခပေးမည်ဟုဆိုသည်။

ယင်းသို့ ကလောင်သစ်တွေ အများကြီးမွေးထားသည်။



ထုတ်ဝေသူသည် ခေတ်ပေါ် လေး ငါးသိန်းတန် အက်(စ်)အီးကားစီးနိုင်ပါ၏။

အောင်စိုးမိုးလို ကလောင်သစ်မှာတော့ မိုးသားကုန် မောင်ပုံစောင်းမတတ် အခြေအနေမှာပင် ရှိသေးသည်။

သို့သော် မကြာပါတော့ချေ။ ငါးအုပ်မြောက်ထွက်ပေတော့မည်။ စောင့်ကြည့်ရဦးမည်ပဲပေါ့။

ဒီကြားထဲတွင် အောင်စိုးမိုးသည် တက္ကသိုလ်တွင် မဟာဝိဇ္ဇာတက်ရင်း အချိန်ပိုင်းနည်းပြဆရာ အလုပ်လျှောက်ထားသည်။

မရသေး။

ယနေ့ ၎င်းနည်းပြဆရာကိစ္စအတွက်ပင် တက္ကသိုလ်သို့ သွားရောက်ကာ ပါမောက္ခနှင့် တွေ့ဆုံပြီး ယခုပြန်လာခြင်းဖြစ်ပါ၏။

နည်းနည်းတော့ အောင်စိုးမိုး စိတ်ဓာတ်လေးကျချင်လာပြီ။

ဘွဲ့ရအလုပ်လက်မဲ့မို့ မိမိ၏ နေ့စဉ်စားသုံးစရိတ်က တစ်နေ့ထက်တစ်နေ့ တင်းကျပ်လာသည်။

ဝတ္ထုငါးအုပ်လောက်ထုတ်ဝေဖြန့်ချိပြီးလျှင်တော့ ငွေစ,ငွေနလေး မြင်ရမည်ထင်ပါ၏။

ယခုလက်ရှိ အခြေအနေမှာတော့ မလွှဲသာမရှောင်သာ ငါဝမ်းပူဆာမနေသာလွန်းလို့ မေမေကျန်ခဲ့သေးသော လက်ဝတ်လက်စားလေးတွေကို ငွေချေးဌာနတွင် ပေါင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးတက်မည့်မှန်းသိသော်လည်း မမေ့ပစ္စည်းလေးတွေမို့ အပြီးအပြတ်မရောင်းရက်၊ ပိုက်ဆံရှိလျှင် ပြန်ရွေးမည့်စိတ်ကူးဖြင့် ပေါင်ရခြင်းဖြစ်သည်။

ယခုခြံနှင့် အိမ်မှာလည်း အလားတူပင် မိဘ၏လက်ငုတ်လက်ရင်း အမွေမို့ မရောင်းရက်၊ တစ်ပါးသူကိုပေးငှားဖို့ပင် မငှားရက်။

စားရေးစားပွဲမှ ကုလားထိုင်တွင် အောင်စိုးမိုး စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။

"ငါ့မှာ လက်ကျန်ငွေ ဘယ်လောက်ရှိသေးပါလိမ့်၊ ဘယ်နှရက်စာ ကျန်သေးပါလိမ့်"

ရန်ကုန်မြို့ဝယ် အိမ်ချက်စားမဟုတ်မှဘဲ ဆိုင်ဝယ်စားဆိုလျှင် ထမင်းနှစ်နပ်အတွက် ချွေချွေတာတာလေး ခြိုးခြိုးခြံခြံလေးစားသည့် တစ်နပ်ဆိုလျှင် ဆယ့်လေးငါးကျပ်ကုန်သည်။ ည,မနက် အစိတ်သုံးဆယ်ချောတော့သည်။ ကော်ဖီလေးသောက် ပေါင်မုန့်လေးစားပါ ဖြည့်စွက်လည်း လေးငါးဆယ်ထိသွားသည်။

လွယ်မှတ်လို့။

အောင်စိုးမိုးသည် ဂျာကင်အိတ်ထဲရှိသမျှ အားလုံးနှိုက်ထုတ်လိုက်သည်။

လက်ကျန်ငွေစက္ကူများနှင့်အတူ ရင်ဘတ်လာကပ်သောစက္ကူပြာလေးပါ ထွက်လာသည်။

ဦးစွာ ငွေစက္ကူများကို ရေတွက်သည်။

တစ်ရာခြောက်ဆယ့်သုံးကျပ် ကျန်သေးသည်။ ပျမ်းမျှကြေး လေးရက်စာလောက် ကျန်သေးသည်ဟု ဆိုနိုင်သည်။



ကိစ္စမရှိ။ လေးရက်အတွင်း ထပ်မံ၍ **ငွေရှာရဦး** အချိန်ရသည်။

ငွေစက္ကူများကို ဂျာကင်အင်္ကျီအိတ်ထဲ ပြန်ထည့်ရင်း စားပွဲပေါ်မှ စက္ကူပြာရွက်လေးဆီသို့ မျက်စိရောက်သွားသည်။

ဘာရယ်တော့မဟုတ်။

လူပီသသော အကျင့်အရ စပ်စုချင်သည့်ဆန္ဒဖြင့် စက္ကူလေးကို ကောက်ယူကြည့်လိုက်သည်။

ပုံသဏ္ဌာန်မှာ စာတစ်စောင်ကို အလယ်မှဆွဲဆုတ်သဖြင့် ထက်ဝက်ပြလာသော စက္ကူပြာလေးဖြစ်နိုင်သည်။

ကားပေါ်မှ ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းစက္ကူပြာစာရွက်ကို ဆွဲဆုတ်ပြီး မောင်းနေသော ကားပြတင်းပေါက်မှ အပြင်သို့ လွှင့်ပစ်ရာတွင် လေထဲ၌ နှစ်ပိုင်းလွင့်သွားပြီး တစ်ပိုင်းက နောက်မှ မော်တော်ဆိုင်ကယ်ဖြင့်ပါလာသော အောင်စိုးမိုး၏ ရင်ဘတ်ကို ဝင်ကပ်ခြင်းဖြစ်မည်။

ကျန်တစ်ပိုင်းစာရွက်ပြိုမှ ဘယ်ရောက်သွားသည် မပြောတတ်။

စက္ကူပြာရွက်ထဲတွင် ရေးထားသော စာကြောင်းတွေ ပါရှိသည်။

အလကားနေ အလကားပဲဆိုသည့် စိတ်မျိုးဖြင့် အောင်စိုးမိုးသည် စာကြောင်းလေးများကို ဆက်ကြည့်လိုက်မိသည်။

"ပြာသိုလဆန်း ၁၂ ရက်၊ နေ့လယ် ၂နာရီတိတိလာခဲ့ပါ။

သိသာအောင် အင်္ကျီအမည်း ထဘီအမည်း ဝတ်ခဲ့ပါ၊ ခေါင်းမှာ နှင်းဆီပန်း နီရဲရဲတစ်ပွင့် ပန်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သင့်ဆီကရပြီးသည်နှင့် ကျွန်ုပ်ဆီက ပစ္စည်းပြန်ပေးမည်။

ကျွန်ုပ် သစ္စာရှိသည်၊ သင်နှင့် ဖလှယ်ပြီးသည်နှင့် သင်္ဘောဖြင့်ပြန်မည်။

မောင်မဲ”

စက္ကူပြာစာရွက်မှာ ထက်ခြမ်းပြဲ၍ အောက်ပိုင်းဖြစ်ပုံရသည်။

အပေါ်ပိုင်းထဲတွင် မည်သို့သောအကြောင်းတွေ ပါဦးမည်မသိ။

အောင်စိုးမိုး တော်တော် စိတ်ဝင်စားသွားသည်။

ပင်ကိုစရိုက်ကိုက စာရေးဆရာ စရိုက်မို့ ဤဘာမှန်းမသိ ပစ္စည်းဖလှယ်မည့်စာလေးကို စိတ်ဝင်စားမိသည်။

လက်ရေးမှာ ယနေ့ခေတ် လူငယ်လူရွယ်တို့၏ လက်ရေးမျိုးဖြစ်သည်။ ဝါကျစဉ်ပုံ၊ ရေးပုံမဆိုး။

အနည်းဆုံး စာရေးသူသည် ရှစ်တန်း ကိုးတန်း ဆယ်တန်းပညာခံလောက် ရှိအံ့သည်။

အောင်စိုးမိုးသည် စားပွဲရှေ့တည့်တည့်တွင် ချိတ်ထားသော ပြက္ခဒိန်ကို လှမ်းကြည့်သည်။

ယနေ့ပင်လျှင် ပြာသိုလဆန်း (၁၂)ရက်ဖြစ်နေသည်။ အင်္ဂလိပ်လဆိုလျှင် ဇန်နဝါရီ (၁၆)ရက်ဖြစ်ပါ၏။

ခုနစ်အနေနှင့် လုံးဝ မပါသဖြင့် မည်သည့်ခုနစ်က ပြာသိုလဆန်း (၁၂)ရက်ကို ညွှန်းလေသနည်း။



ရေးထားသော စက္ကူပြာကို ကြည့်လျှင် လတ်လတ်ဆတ်ဆတ်စက္ကူဖြစ်နေသည်။ စာကြောင်းမင်ရောင်များကလည်း မှေးမှေးမှိန်မှိန်မဟုတ်။

ဒါဆို ယခုရောက်ရှိနေသော ပြာသိုလဆန်း(၁၂)ရက်နေ့ကို ညွှန်းသည်ပဲ ဖြစ်ခြိမ့်မည်။

လက်ပတ်နာရီကို ကမန်းကတန်း ငုံ့ကြည့်လိုက်သည်။

မွန်းတည့်ပြီးစ (၁၂)နာရီ(၂၀)မိနစ်သာ ရှိသေးသည်။

စာထဲတွင် ချိန်းဆိုသည်က နေ့လယ်(၂)နာရီ။

လှို့စိတ်ဆိုသည်ကလည်း ခက်မှခက်။

ကိုယ်နှင့် ဘာမှမဆိုင်မှန်း သိသားနှင့် စပ်စုချင်သည်။ သိချင်သည်။ မြင်ချင်သည်။

စာရေးချင်သည့်ဥာဉ်ကလေးကရှိသော အောင်စိုးမိုးအဖို့ သွားရောက်ကြည့်လျှင် ဇာတ်လမ်းလေးတစ်ပုဒ်များ ရလေမလား။

အကျီအမည်း၊ ထဘီအမည်းဝတ်ခဲ့ပါ။ ခေါင်းတွင် နှင်းဆီပန်းအနီတစ်ပွင့် ပန်ခဲ့ပါဟု ညွှန်းထားသည်က အမျိုးသမီးတစ်ယောက် လာရောက်စေရန်ဖြစ်သည်။

စာရွက်ပြာတွင် ရေးထားသော လက်ရေးနှင့် ရေးသားပုံက ခုခေတ်လူငယ်လူရွယ်တစ်ဦးဟု ခန့်မှန်းနိုင်သည်။

စာရေးသူက အောက်တွင် မောင်မဲဟု အမည်ရေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရေးထိုးခြင်းမဟုတ်။ အမည်ကို ရေးသားဖော်ပြခြင်း လက်ရေးသာဖြစ်သည်။

ခုခေတ်တွင် ဘယ်လို လူငယ်လူရွယ်တစ်ဦးတလေကမှ မိမိအမည်ကို မောင်မဲဟု မှည့်ခေါ်မည်မဟုတ်။

မိမိအမည် အောင်စိုးမိုးဟု မှည့်ထားသည်။

တချို့လူငယ်တွေဆိုလျှင် အက္ခရာလေးလုံးဆင့်အမည်၊ ငါးလုံးဆင့်အမည်ထိပင် မှည့်ကြသည်။

ဒါဆိုလည်း မောင်မဲဆိုသည်မှာ နာမည် အစစ်အမှန်မဟုတ်နိုင်။ လျှို့ဝှက်သင်္ကေတအမည်ပင်ဖြစ်သည်။

လူငယ်လူရွယ်တို့၏ အချစ်ဇာတ်လမ်းပေလား။ လျှို့ဝှက်သည်းဖို ဇာတ်လမ်းပေလား။

"ကဲ ... မနက်စာ ထမင်းထွက်စားရင်းပေါ့"

ဟုတွေးကာ အိမ်တံခါးသော့ပြန်ခတ်ပြီး မော်တော်ဆိုင်ကယ်ကို ပြန်ခွလိုက်သည်။

✠ ✱ ✠



## ၃

ကြည့်သောသူမြင်၏ဟု ဆိုစကားရှိပါ၏။

အောင်စိုးမိုးသည် မော်တော်ဆိုင်ကယ်ကို ဒေါက်ထောက်ထားကာ ဆိပ်ကမ်းရောက် ခရီးသည်တစ်ဦးနှယ် ခရီးသွားများထဲ ရောဝင်ပြီး ကိုယ်စီးမည့် သင်္ဘောစောင့်သည့်အသွင်ဆောင်ထားသည်။

အောင်စိုးမိုး၏ မျက်ဝန်းအစုံသည် ကျီးတစ်ကောင်ကဲ့သို့ ပတ်ဝန်းကျင် တစ်ခုလုံးအား စူးစမ်းရှာဖွေအကြည့်မျိုးဖြင့် ကြည့်သည်။

သူသူငါငါ ခရီးသွားအများအပြားထဲတွင် အောင်စိုးမိုး စူးစိုက်ကြည့်သူ တစ်ဦးကို တွေ့ရတော့သည်။

ထိုသူသည် အနားပြားကြီးသော စစ်သုံးဦးထုပ်အစိမ်းကို ဆောင်းထားသည်။ ဦးထုပ်သည် တစ်ပတ်ရစ် အရောင်ဖျော့ပြီး အနားဖျားက ပျော့ညွတ်ကာ နဖူးကို အုပ်နေသည်။

နေကာမျက်မှန်အနက်ကို တပ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီအမည်း ခါးရှည်ကို ဝတ်ထားပြီး ကျယ်သီးများ အစုံအစေ့တပ်ပြီး ရင်ဘတ်လုံနေသည်။

ခပ်နွမ်းနွမ်း ဘောင်းဘီရှည်ဝတ်ထားသည်။

ကင်းဗတ်ရှူးအပြာနှင့် အဖြူစပ်ကို စီးနင်းထားသည်။

ထိုသူသည် ဗောဆင်းတံတားကြီး၏ လက်တန်းကို လက်ထောက်ပြီး တည်တည်ငြိမ်ငြိမ် ရပ်နေသည်။

သူ့ကို စတင်ပြီး အောင်စိုးမိုး သတိပြုမိချိန်မှာ မွန်းလွဲ(၁)နာရီ (၄၅)မိနစ်ဖြစ်ပေသည်။

ထိုသူသည် မလှုပ်မယှက်ပင် ရပ်နေ၍ အောင်စိုးမိုး ကလည်း မမှိတ်မသုန်ပင် ကြည့်နေမိသည်။

သဘော်ဆိပ်ကမ်းမှ ဆင်းသူတက်သူတွေကလည်း များပြားပန်းခတ်မျှ ရှုပ်ထွေးများပြားလှသည်။

(၁)နာရီ(၅၅)မိနစ်တွင် အောင်စိုးမိုး မျှော်လင့်နေသူ တစ်ဦးရောက်လာသည်။

အက်(စ်)အီးကားဖြူကြီးတစ်စီး ဆိပ်ကမ်းပရဝုဏ် အတွင်း ငြိမ့်ညောင်းစွာ ဝင်လာပါ၏။

မောင်းသူမှာ အဝေးကလှမ်းမြင်ရသည်ပင်၊ သိပ်လှသောအမျိုးသမီးတစ်ဦးဖြစ်သည်။

ပထမဦးစွာ ဦးခေါင်းဆံကေသာ နောက်တွဲပန်းထားသော နှင်းဆီနီနီပွင့်များကို အောင်စိုးမိုး သတိထားလိုက်သည်။

ဒုတိယ ယင်းကားမောင်းလာသော မိန်းမချောလေးသည် ဇာအင်္ကျီအနက်ရောင်ကို ဝတ်ဆင်ထားပါ၏။



ဇာမိုးအပေါက်သေး အပေါက်ငယ်များပါရှိသည်။

သူမ၏ ဝင်းမွတ်ဖြူဝင်းသော အသားရောင်သည် ဇာပေါက်သေး ဇာပေါက်ငယ်များကို ထွင်းဖောက်မြင်နေရသည်။

"အင်း ... ဟုတ်သင့်သလောက်တော့ ဟုတ်လေပြီ" နှင်းဆီပန်ထားသည်။ အင်္ကျီမည်းဝတ်ထားသည်။ ထဘီသာ အမည်းဆိုပါက စက္ကူပြာရွက်ထဲကအတိုင်းသေချာပြီ။

ကားပေါ်မှ မဆင်းသေးသဖြင့် အမျိုးသမီးချော၏ ထဘီ ဘာအရောင်လည်း အောင်စိုးမိုး မမြင်ရသေးပါလေ။

အက်(စ်)အီးကားဖြူသည် သစ်ပင်ရိပ်အောက် တစ်ခုတွင် ရပ်လိုက်သည်။

အမျိုးသမီးချောသည် ကားတံခါးဖွင့်ပြီး လက်ထဲတွင် ပလတ်စတစ်ဆွဲအိတ် အမည်းရောင်တစ်လုံး ကိုင်ထားသည်။ ပလတ်စတစ်အိတ်အမည်းမှာ လမ်းဘေးဆိုင်များမှာပင်ရောင်းသော အပေါစားအိတ်မျိုးဖြစ်သည်။

သိပ်သေချာသွားပေပြီ။

အကြောင်းမူ အမျိုးသမီးချောဝတ်ထားသော ထဘီမှာ အောက်တွင် ဖဲသားအနက်ခံချုပ်ထားသော ဇာထဘီပင်ဖြစ်နေသောကြောင့်ပင်။

အမျိုးသမီးချောသည် လက်မှ ရွှေရောင်နာရီလေးကို လက်မောင်းလေးကွေးပြီးကြည့်သည်။

အောင်စိုးမိုးကလည်း ရှေ့ယောင်ပြီး သူ၏လက်ပတ်နာရီကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁ နာရီ ၅၇ မိနစ်။

အမျိုးသမီးသည် မော်တော်ကားကို ထားခဲ့ကာ လျှောက်လာပြီးရပ်နေသည်။

အောင်စိုးမိုးက တံတားသံဘောင်တွင် ရပ်နေသူကို လှမ်းကြည့်သည်။

ကိုယ်တော်ချောက တုတ်တုတ်မျှမလှုပ်။

နေကာမျက်မှန်အမည်းတပ်ထားရသော မျက်ကန်းတစ်ဦးများဖြစ်နေသလား။

ထိုစဉ်မှာပင် ...

အောင်စိုးမိုး၏ မျက်လုံးအစုံသည် ဖျတ်ခနဲ အမျိုးသမီးချောရပ်ထားရာ ကားဆီမှ ထူးခြားချက်တစ်ခုကို လှမ်းမြင်လိုက်ရပြန်သည်။

ချောကလက်ရောင် ပတ်ပလစ်ကာပစ်ကပ်ကားတစ်စီးသည် အမျိုးသမီးချော၏ ကားဖြူကြီးနောက်တွင် ထိုးရပ်သည်။

ယင်းကားပေါ်မှ လူတစ်ယောက် သွက်လက်စွာဆင်းကာ အမျိုးသမီးချော၏ကားကို သောနက်ဖွင့်ပြီး စက်ခေါင်းခန်းထဲသို့ လက်နှိုက်ကာ ချက်ချင်း လက်ပြန်နုတ်၍ သောနက်ဖုံးပြန်ချထားလိုက်သည်ကို အောင်စိုးမိုး မြင်ပြန်သည်။

ထိုလူလုပ်ပုံမှာ မြန်လှသည်။ စက္ကန့်အနည်းငယ်သာကြာပေမည်။

ဘာတွေမှန်းမသိ ကိုယ်နှင့် ဘာမှမသက်ဆိုင်သဖြင့် အောင်စိုးမိုးသည် ဒီအတိုင်းပင် ကြည့်နေလိုက်သည်။



၂ နာရီတိတိ ရှိသွားပြီ။

၂ နာရီတိတိရောက်သည်နှင့် တံတားသံဘောင်ကို လက်ထောက်ငြိမ်သက်နေသူသည် လှုပ်ရှားလာသည်။

ကွေ့ကွေ့ဝိုက်ဝိုက်မရှိဘဲ၊ ထိုသူသည် အမျိုးသမီးချောရှိရာသို့ တန်းတန်းမတ်မတ်ကြီးပင်သွားကာ အမျိုးသမီးချောရှေ့တွင် ရပ်လိုက်သည်။

အောင်စိုးမိုးက မျက်တောင်မခတ်ကြည့်နေသည်။ ကိစ္စမှာ လွယ်ပါ၏။

ထိုလူရှေ့တည့်တည့်လာရပ်သည်နှင့် မဟူရာ မိန်းမချောလေးက လက်ထဲမှ ဆွဲအိတ်ကို လက်ကမ်းပေးလိုက်သည်။ ထိုလူက လက်ဆွဲအိတ်ကို မယူသေးမီ သူ၏ကုတ်အင်္ကျီကြယ်သီးတွေကိုဖြုတ်ပြီး ဗလာစာအုပ်အရွယ်ခန့် စက္ကူအညိုရောင်အိတ်ကို ထုတ်ယူသည်။

ထိုလူ၏လက်တစ်ဖက်က စာအိတ်အညိုကြီးကို ပြန်ပေးရင်း အမျိုးသမီးကမ်းထားသော လက်ဆွဲအိတ်ကို ကျန်လက်တစ်ဖက်ဖြင့် လှမ်းယူသည်။

ရော့ပတ္တမြား၊ ရော့နဂါး။

ဖလှယ်မှုမှာ ချက်ချင်းလက်ငင်းပြီးမြောက်သည်နှင့် ထိုလူသည် ချာခနဲလှည့်ကာ ခရီးသွားလူအုပ်နှင့်ရောပြီး မော်တော်ကားအတိုင်း ဆင်းသွားသည်။

အမျိုးသမီးချောကလည်း သူမ၏ကားဖြူသို့ သွက်သွက်လေးသွားကာ တက်ရောက်စက်နှိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်သည် မနိုးပါလေ။

ထိုစဉ်မှာပင် ...

ပတ်ပလစ်ကာချောကလက်ရောင်ကားပေါ်မှ လူသုံးယောက် ဆင်းလာသည်။

ခေါင်းဆောင်ဖြစ်သူမှာ တည်ကြည်ခန့်ညားပြီး ကြည့်ကောင်းသော လူရွယ်တစ်ဦးဖြစ်ပါ၏။ ကျန်နှစ်ယောက်ကမူ ခပ်ကြမ်းကြမ်း အပေါစားအသွင်ရှိသူများသာဖြစ်သည်။

ထိုလူသုံးဦး ပတ်ပလစ်ကာကားပေါ်မှ ဆင်းလာသည်ကို အမျိုးသမီးချောသည် သူမ၏ ကားနောက်ကြည့်မှန်းမှ တင်ကြိုမြင်ပုံရသည်။

နိုးမရသော ကားဖြူကြီးကို ဆက်မနိုးတော့ဘဲ အမျိုးသမီးသည် ကားတံခါးဖွင့်ကာ အပြင်ဘက်သို့ စွတ်ပြေးရှာတော့သည်။

သူမ၏လက်ထဲတွင် စာအိတ်ညိုကြီးကိုင်ပြီး ပြေးခြင်းဖြစ်သည်။

လူသုံးယောက်သည် ပထမတော့ ကြောင်နေသေးသည်။

သို့သော် တစ်ခဏအတွင်းပင် ဆရာဖြစ်ပုံရသောကိုလူချောက အမျိုးသမီးနောက်သို့ ပြေးလိုက်သဖြင့် အပေါစားနှစ်ယောက်လည်း သူတို့ဆရာနောက်မှ ပြေးလိုက်ပြန်သည်။

အောင်စိုးမိုးသည် လွှားခနဲ လွှားခနဲ နေအောင်ပြေးပြီး သူ၏မော်တော်ဆိုင်ကယ်ကို ခွလိုက်သည်။



လက်ကိုင်တွင်ချိတ်ထားသော ဖိုင်ဘာဦးထုပ်ကိုပင် မစွပ်တော့ဘဲ ဆိုင်ကယ်ကို တစ်ချက်ကန်နိုးပြီး ဝူးခနဲထွက်လိုက်သည်။

လူသုံးယောက်ကိုဖြတ်ကျော်မောင်းကာ တဒင်္ဂအတွင်း ပြေးနေသော အမျိုးသမီးဘေးသို့ ရောက်လာသည်။

"တက် ... တက် နောက်မှာ တက်ထိုင်လိုက်၊ ပြေးနေလို့ လွတ်မှာမဟုတ်ဘူး"

အမျိုးသမီးက ပြေးရင်း အောင်စိုးမိုးကို စွေကြည့်သည်။

ရေနစ်သူမို့ ကောက်ရိုးတစ်မျှင်သည် အားကိုးရာ။

အမျိုးသမီးချောသည် စွေ့ကနဲ အောင်စိုးမိုး၏ဆိုင်ကယ်နောက် သားရေခုံတွင် ဘေးတစောင်း လွှဲထိုင်လိုက်သည်။

အမျိုးသမီး တက်ရောက်ပြီးသည်နှင့် အောင်စိုးမိုး၏ ဟွန်ဒါမော်တော်ဆိုင်ကယ်လေးသည် ကြိမ်တို့သည့်မြင်းနယ်တည်း။

ဝူးခနဲ တစ်ရှိန်ထိုး မောင်းထွက်လာနိုင်ခဲ့တော့သည်။

ရန်ကုန်လိုမြို့ကြီးဝယ် အဘယ်သို့သော မော်တော်ကားဖြစ်ပါစေ၊ မော်တော်ဆိုင်ကယ်ကို အမြန်မောင်းခရီးရောက်မပြိုင်ပါလေနှင့်။

အမောင်းနှန်း အရှိန်ချင်း တူညီစွာ မောင်းနိုင်သည်။ အကောင်သေးသေးမို့ နှစ်ပေခန့်လမ်းအကျယ်ရလျှင် သွားနိုင်ရသည်။

ရှေ့မည်သည့်ယာဉ်ကိုမဆို ကျော်တက်နိုင် လွယ်ကူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယာဉ်အသွားအလာ များပြားလှသော ရန်ကုန်မြို့ဝယ် ထစ်ခနဲဆို မော်တော်ဆိုင်ကယ်များက ရှေ့သို့ ရောက်နေသည်။

ယခုလည်း ...

ကျန်ခဲ့သူသုံးယောက်မှာ ပတ်ပလစ်ကာကားဆီ ပြန်ပြေးရသေးသည်။

ကတ္တရာလမ်းမတန်း၊ ကမ်းနားလမ်းအထွက်တွင် ကိုယ့်ကားသွားဖို့ လမ်းကြီးအတိုင်း ဖြတ်မောင်းနေသော မော်တော်ယာဉ်တို့ကို ရှင်းအောင် စောင့်ရသေးသည်။

ကိုယ့်ကားယာဉ်ကြောဝင်မိသောအခါ အောင်စိုးမိုး၏ မော်တော်ဆိုင်ကယ်ကို ဖင်ဖျားပင် မမြင်ရတော့ပြီ။

နှမလက်လျှော့နေလေတော့။

⊞ ❀ ⊞



၄

အောင်စိုးမိုးကလည်း လူပဲ။

ကမ်းနားလမ်းကြီးတစ်လျှောက် အလျားလိုက်ကြီး မောင်းနေသည်မဟုတ်။

ပထမဆုံးသော မြားပြထားသည့် လမ်းထဲသို့ ချိုးဝင်သည်။

ဒီနောက် ဟိုလမ်းဝင် ဒီလမ်းထွက် လျှောက်မောင်းရင်း ရွှေတိဂုံဘုရားလမ်းမကြီးသို့ ရောက်လာသည်။

"ကဲ ... ဘယ်ကိုမောင်းပို့ရမလဲ မရွှေချော၊ အမိအိမ်က ဘယ်မှာလဲ"

အောင်စိုးမိုးက ဆိုင်ကယ်မောင်းရင်း လည်ပင်းစောင်းအောင် နောက်လှည့်ကာ အမျိုးသမီးချောကို မေးလိုက်သည်။

အမျိုးသမီးက နောက်မှပြန်ပြောသံတော့ ကြားရသည်။ သို့သော ဘာပြန်ပြောမှန်း အောင်စိုးမိုး မသဲကွဲ။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးသည် ဆိုင်ကယ်ကို ရပ်လိုက်သည်။ ဂီယာကို ဖရီးထားပြီး စက်ကိုမရပ်ဘဲ ထားကာ ကိုယ်တစောင်းလှည့်၍ နောက်မှ အမျိုးသမီးကို မျက်နှာချင်းဆိုင်လိုက်သည်။

အမျိုးသမီးချောသည် အောင်စိုးမိုးကို တစ်ချက်မျက်နှာချင်းဆိုင်ကြည့်ပြီး ချက်ချင်းပင် ခေါင်းငုံ့သွားပါ၏။

တစ်လမ်းလုံး နောက်မှထိုင်လိုက်ခဲ့ရသော သူမခမျာ အခြားဘာမှလဲ ကိုင်တွယ်စရာမရှိသဖြင့် အောင်စိုးမိုး၏ပခုံးကို မိမိလိမ့်မကျသွားအောင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ခဲ့ရသည်။

ယခု အောင်စိုးမိုးက ကိုယ်တစောင်း လှည့်လိုက်သောအခါမှ သူမ၏ပခုံးကိုင်ထားသော လက်ကို ဖြုတ်လိုက်မိသည်။

ယင်းသို့ ပခုံးကိုင်လိုက်ရသည်ကို မျက်နှာချင်းဆိုင်မိမှ ခမျာ ရှက်ရှာသည်ထင်ပါ၏။

အောင်စိုးမိုးသည် အမျိုးသမီးချောကို ကြည့်ပြီး လမ်းရှည်ကြီး၏ နောက်သို့လည်း ပြန်ကြည့်လိုက်ပြန်သည်။

ချော့ကလက်ရောင် ပတ်ပလစ်ကားကားကို အစအနပင် မမြင်ရတော့ပေ။

အကယ်၍ တွေ့လျှင်လည်း မောင်းပြေးရန်အသင့်ဖြစ်စေရန် မော်တော်ဆိုင်ကယ်ကို စက်ရပ်မပစ်ခြင်းလည်းဖြစ်သည်။

"ခုန တို့မေးတာက ဘယ်ကိုလိုက်ပို့ပေးရမလဲ၊ အမိအိမ်က ဘယ်မှာလဲလို့မေးတာ"

"အိမ်က ပါမရီရိပ်သာ၊ မဥ္ဇူလမ်းထဲမှာပါ အစ်ကို"



"အစ်ကိုတဲ့လား"ဟု အောင်စိုးမိုးသည် အမျိုးသမီး သုံးလိုက်သော နာမ်စားကို ရင်ထဲမှ ပွဲတင်ထပ် ကျိတ်၍ ရေရွတ်လိုက်မိသည်။

အမျိုးသမီးက 'အစ်ကို'ဟုခေါ်လိုက်သည်ကိုပင် အောင်စိုးမိုး ရင်ထဲတွင် အေးမြသွားပြီး နားဝင်ချိုလှသည်။

အမျိုးသမီးလေးသည် အလွန်ဆုံး အသက် ၁၈၊ ၁၉ ခန့်သာ ရှိအံ့ပါ၏။

မိမိအသက် ၂၃ နှစ်ထဲဝင်ပြီမို့ မိမိအား အစ်ကိုဟု ခေါ်ထိုက်ပါ၏။

"ဒါဆို အိမ်ကို တန်းပို့ပေးရမလား"

"သူတို့ ခိုင့်အိမ်ကိုသိတယ်၊ လမ်းကမျှား စောင့်ကြမလားမသိဘူး"

"နာမည်က ခိုင်တဲ့လား"

"အပြည့်အစုံဆိုရင်တော့ ချောကလျာခိုင်ပါ။ ရင်းနှီးသူတွေနဲ့ အိမ်က မိသားစုကတော့ ခိုင်လို့ပဲခေါ်ကြတယ်"

"တို့က ဘယ်လိုခေါ်ရမလဲ"

"ခေါ်ချင်သလိုခေါ်ပါ အစ်ကို"

"ခုမှ နဖူးတွေ့ ဒူးတွေ့ တွေ့ဖူးတာ၊ မိနစ်ပိုင်းပဲရှိသေးတယ်၊ ရင်းနှီးတယ်လို့တော့ မဆိုနိုင်သေးဘူး၊ ဒါပေမဲ့ ခိုင်လို့ပဲ ခေါ်ချင်တယ်"

"ခေါ်ပေါ့၊ ရင်းနှီးတယ်၊ မရင်းနှီးဘူးဆိုတာက စိတ်ပိုင်းနဲ့ ဆိုင်တာပဲ၊ ခုမှ တွေ့ဖူးတာတို့၊ ဟိုတုန်းကတည်းက သိကျွမ်းခဲ့တာတို့နဲ့ မဆိုင်လှပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ခိုင့်စကားက မဆိုးဘူး၊ ဖိလော်ဆော်ဖီဆန်သလားပဲ"

ခိုင်က ပြုံးသည်။ ဘာမှတော့ ပြန်မပြော။

"ဒါဆို ဒီလိုလုပ်၊ ဒီကနေပြီး ကန်တော်မင်ပန်းခြံထဲ ခဏဝင်နားကြမယ်၊ အချိန်ဖြုန်းတဲ့သဘောပါ၊ ပြီးတော့မှ ပါရမီဘက်ကို လိုက်မောင်းပို့ပေးမယ်၊ ဒါဆို သူတို့လည်း ပြန်ကြရောပေါ့၊ တကယ်လို့ မပြန်ဘဲ လမ်းကစောင့်လည်း ခိုင် မကြောက်နဲ့၊ တို့မော်တော်ဆိုင်ကယ်က ရွှတ်ခနဲဆို ပြန်ကွေ့လို့ရတယ်၊ မလိုက်နိုင်အောင် ပြေးလို့လည်းရတယ်၊ ဟိုလမ်းဒီလမ်းကပြေးရင်း လွှားရင်း ခိုင့်အိမ်ထဲရောက်တဲ့အထိ မောင်းပို့ပေးမယ် ဘယ့်နှယ်လဲ"

"ကျေးဇူးတင်ပါတယ် အစ်ကို"

အောင်စိုးမိုး ရှေ့သို့ ပြန်လှည့်ပြီး မောင်းထွက်ရန် ကိုယ်အနေအထားပြင်ထိုင်သည်။

ဂီယာထိုးမထွက်မီ နောက်သို့ ပြန်လှည့်မကြည့်ဘဲ ကြားလောက်အောင် အသံကိုမြှင့်ပြောလိုက်သည်။

"ကိုင်ထားနော်၊ တို့ကိုမရှက်နဲ့၊ အားမနာနဲ့၊ မော်တော်ဆိုင်ကယ်ဆိုတာ ရှေ့ကလူဖြစ်ဖြစ်၊ နောက်ကလူဖြစ်ဖြစ် ခွစီးရတာမျိုး၊ နိုင်ငံခြားက အမျိုးသမီးတွေဆို ခွစီးတာပဲ၊ ပခုံးကိုင်လို့ မမြဲဘူးဆိုရင် တို့ခါးကိုဖက်ထား"

ချောကလျာလှိုင်က ရှေ့လူမမြင်စေကာမူ ရှေ့လူကို မျက်စောင်းထိုးလိုက်သည်။



"ပြော ... ပြော၊ သူနာနေမယ်၊ ပွန်း ... အားမနာနဲ့ မရှက်နဲ့ သူ့ခါးကိုဖက်ထားတဲ့လေ"

မျက်စောင်းထိုးရင်း စိတ်ထဲမှ ကျိတ်၍ ရေရွတ်နေမိသည်။

ပြီး ခိုင်သည် ဆိုင်ကယ် မောင်းအထွက်တွင် ပြုံးလိုက်မိသည်။

ခါးကိုမဖက်၊ ပခုံးကိုသာကိုင်ထားသည်။

ခိုင် လက်တစ်ဖက်ဖြင့် ကိုင်ထားသော စာအိတ်ညိုကြီးသည် ဆိုင်ကယ်ပြေးလေ လေတိုးလေဖြင့် အောင်စိုးမိုး၏ပါးပြင်ကို တဖျပ်ဖျပ်ရိုက်ခတ်နေတော့သည်။

ကန်တော်မင်ပန်းခြံထဲရောက်ရှိလာကြသည်။ အရိပ်ကောင်းသော အုပ်ဆိုင်းဖားဖားအပင်ကြီးများအောက်ရှိ မြက်ခင်းတွင် အောင်စိုးမိုး ထိုင်ချလိုက်သည်။

စိတ်မောလှမော။

တစ်ခါဖူးမှ မော်တော်ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းခြင်းမပြုစဖူးခဲ့။

ရန်သူဘေးက ပြေးခဲ့ရသည်မို့လည်း စိတ်မောလှမော။

တစ်ခါမျှ မစီးဖူးသော မော်တော်ဆိုင်ကယ်နောက်မှ စီးခဲ့ရ၍ လိမ့်ကျမှာ ကြောက်သည်ရော တိုက်ရိုက် မျက်နှာပြင်သို့ လေစိမ်းတိုးခံရသည်ရောကြောင့်လည်း စိတ်မော လှမော။

www.burmeseclassic.com

www.burmeseclassic.com

အောင်စိုးမိုးသည် ထိုင်ရာမှ မြက်ခင်းပြင်တွင် ပက်လက်လှဲချပြီး လက်နှစ်ဖက် အပေါ်သို့ဆန့်ပြီ၊ မြက်ခင်း၏ အေးမြသော အထိအတွေ့ကို ခံယူသည်။

အောင်စိုးမိုးအကျင့်က ဒီအတိုင်းပင်၊ ယခုလို မြက်ခင်းစိမ်းစိမ်း သန့်သန့်လေးပေါ်ရောက်လျှင် တစ်ကိုယ်လုံး အကြောအချဉ်တွေလျှော့ပြီး အိပ်ချလိုက်တတ်သည်။

ယခု ဤမိန်းကလေးကို တင်ပြီး ပြေးခဲ့ရသည်ကား တကယ်သည်းထိတ်ရင်ဖိုခံစားရသည်။ စိတ်မောရသည်။

ထို့ကြောင့် ယခုမှ ဟီးချကာ ခြေပစ်လက်ပစ် ပစ်လှဲလိုက်မိသည်။

နိုင်က ပက်လက်ကြီးလှဲနေသော အောင်စိုးမိုးကို လုံးဝ မကြည့်တော့ဘဲ တခြားတစ်ဖက်သို့ မျက်နှာလွှဲထားလေမှ ...

"အား ... အမျိုးသမီးငယ်တစ်ယောက်ရှေ့မှာ ငါနေပုံ မဟုတ်သေးပါးလား"ဟု အောင်စိုးမိုး ဖျတ်ခနဲ သတိရလိုက်ပြီး ချက်ချင်း ထထိုင်သည်။

ဒူးနှစ်လုံးကွေးကာ လက်နှစ်ဖက်က ဒူးကို ပတ္တာဆက်ရစ်ပတ်ပြီး ဒူးခေါင်းပေါ်မေးစေ့တင်ကာ ချောကလျာလှိုင်ကို ကြည့်မိသည်။

"တကယ်ပြောလို့ပြောတာမဟုတ်ဘူး၊ ချောမှချော၊ လှမှလှ၊ ကျော့ရှင်းမှကျော့ရှင်း"



အောင်စိုးမိုးသည် ကာလသားလုလင်ပျိုတစ်ဦးဖြစ်သည့်အလျောက် ကာလသမီး လုံမပျို အချောအလှလေးများအပေါ်တွင် မျက်စိရောက်ဖူးပါ၏။

သို့တစေ ...

ယခင်က မျက်စိရောက်ခဲ့ဖူးသည့် အပျိုချော အပျိုလှတို့သည် ယခု မိမိရှေ့တွင်ရှိနေသော ချောကလျာခိုင်နှင့် နှိုင်းယှဉ်လိုက်သော် ...

ကွာခြားခြင်းမက ကွာခြားမှုလေးတွေ ရှိနေပါလားဟု အမြင်အတွေး သက်ရောက်ရသည်။

ကပိုကရိုမှ ကပိုကရို။

ခေါင်းတွင် နှင်းဆီပန်းနီနီလေးမရှိပါလေတော့၊ ဆိုင်ကယ်အစီး လေတိုးသည်ရော ချိုင့်ဆောင့်သည်ရောကြောင့် နိုင်၏ ဆံကေသာမှာ ဖွာဖွာရာရာလေး ဖြစ်နေသည်။

နဖူးပြင်တွင် ဆံညွှန့်ဆံစလေးများ ဝဲကျနေသည်။

လေးစိမ်းတိုးမခံရဘူးသော မျက်နှာလေးမှာ ယခုဆိုင်ကယ်စီး လေစိမ်းတိုးချက်ကြောင့် ပါးပြင်လေးတွေ တင်းမို့နေသည်။

တင်းမို့လေလေ ဝင်းပလေလေ မျက်နှာလေးမှာ ဆံကေသာ ဖွာဖွာကျဲတွင် ပို၍ ပေါ်လွင်ချောမွေ့လှပနေသည်။

ပန်းဆိုးတန်း သဘောဆိပ်တွင် အက်(စ်)ဆီကားဖြူကြီးပေါ်မှ ဆင်းလာစဉ်က သပ်ရပ်လှပသောအလှ။

ယခုကျတော့ ကပိုကရိုအလှ။

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ချောသည့်လှသည့် ချောကလျာခိုင်၏အလှသည် ဘယ်လိုဖြစ်နေနေ လှမြဲလှရုံမက၊ ပို၍ လှသောအလှပေတကား။

ဒီလောက်ကြီး စိုက်ကြည့်တော့လည်း ချောကလျာခိုင် မနေတတ် မထိုင်တတ်လေး ဖြစ်သွားပုံရသည်။

ချောကလျာခိုင်က မနေတတ်တော့သဖြင့် ကိုယ်အနေအထား လှုပ်ရှားပြင်ဆင်လိုက်လေမှ အောင်စိုးမိုးသည် မိမိ၏အကြည့်မှာ ရိုင်းသွားလေပြီကောဟု သတိထားလိုက်မိသည်။

"ဆောရီးပဲ ခိုင်၊ တို့စိုက်ကြည့်မိတယ်၊ စိတ်ရိုင်းနဲ့ကြည့်တာမျိုးမဟုတ်ပါဘူး၊ ခိုင့်လိုမိန်းကလေးတစ်ယောက်ဟာ ဒုစရိုက်ဆန်တဲ့ ဟိုလူသုံးယောက်နဲ့မှ ပတ်သက်လေခြင်းဆိုတဲ့စိတ်နဲ့ ငေးကြည့်မိတာပါ"

အောင်စိုးမိုးပြောပုံမှာ အိုးမလုံအုံ့ပွင့်သဘောမျိုး သက်ရောက်နေသဖြင့် ချောကလျာခိုင်က ပြုံးလိုက်သည်။

ချောကလျာခိုင်အဖို့ ယခုလို အမျိုးသားတစ်ဦး ငေးငိုင်ကြည့်ရှုခြင်းခံရသည်မှာ အဆန်းမဟုတ်။

တစ်နေ့တစ်နေ့ အပြင်ထွက်များလေ ဒါ့ခင်လိုက်ကစွတ်လိုက် ဤသို့ ယောကျ်ားပျိုများ အကြည့်ခံရသည်မှာ ရိုးပင်ရိုးနေပြီ။

ချောကလျာခိုင်က အောင်စိုးမိုးကို ပြန်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"အစ်ကို့နာမည် ဘယ်သူလဲဟင်"



"အောင်စိုးမိုးတဲ့ ငယ်နာမည်ကတော့ ကြွက်စုတ်တဲ့"

ချောကလျာခိုင် ရယ်သည်။

ရယ်လေမှ ပို၍ပင် လှပြန်သည်။

"အစ်ကိုက ခပ်ပျော့ပျော့ ခပ်ရွှန်းရွှန်းပဲနော်"

"ဘာလဲ ... ကြွက်စုတ်လို့ တို့ငယ်နာမည်ပြောတာကို နောက်တယ်ထင်လို့လား၊ တကယ်ပြောတာ ခိုင်၊ တို့ကို တို့မိဘရှိတုန်းကရယ်၊ ငယ်ငယ်တုန်းကရယ်၊ ရင်းနှီးတဲ့ အသိုင်းအဝိုင်းက ကြွက်စုတ်လို့ခေါ်တယ်"

"ဘာလို့လဲ"

"ဘယ်နေရာမဆို စပ်စုလွန်းလို့ လေ့လာလွန်းလို့တဲ့၊ ကြွက်စုတ်ကို ခိုင် မြင်ဖူးတယ်မဟုတ်လား၊ ဟိုနေရာက ဟိုဟာလေးတွေ့လည်း သူ့နှာခေါင်းနဲ့ တို့ပြီးနမ်းကြည့်၊ ဒီနေရာမှာ ဒီဟာလေးတွေ့လည်း နမ်းကြည့်နဲ့၊ စပ်စုလေ့လာတာလေ၊ အဲ ... နောက်ပြီး အကြောက်အလန့်လည်း ဒီပြင်ကြွက်တွေလို မရှိဘူး၊ ဒီပြင်ကြွက်တွေက လူသံခြေသံကြားတာနဲ့ပြေးရော၊ ကြွက်စုတ်ကမပြေးဘူး၊ ငယ်ငယ်တည်းက အဲလို စပ်စုတာရယ်၊ အကြောက်အလန့်မရှိတာရယ်ကြောင့် ဖေဖေကစပြီး ဒီကောင် ကြွက်စုတ်ပဲလို့ ပြောရာက ငယ်နာမည် ကြွက်စုတ်ဖြစ်ခဲ့တယ်၊ မေမေကတော့ သေတဲ့အထိ တို့ကို ချစ်စနိုးနဲ့ ကြွက်စုတ်လေးလို့ ခေါ်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အစ်ကို့မှာ မိဘတွေ မရှိတော့ဘူးပေါ့နော်"

"ဖေဖေက အရင်ဆုံးတယ်၊ အဲဒီနောက် မေမေဆုံးတယ်၊ နှစ်ယောက်လုံး နှလုံးရောဂါနဲ့ ဆုံးတာ၊ မေမေဆိုရင် ဖေဖေ့စိတ်နဲ့ဆုံးရတာ၊ ငါးဆယ်ခြောက်ဆယ်ရှာခိုင်နှုန်းပဲ၊ ဖေဖေနဲ့မေမေ သိပ်ချစ်ကြတယ်"

ချောကလျာခိုင် သည်တစ်ခါတော့ မရယ်တော့ပေ။ ကရုဏာအကြည့်ဖြင့် အောင်စိုးမိုးကို ကြည့်နေမိသည်။

"ဒါဆို အစ်ကို့အိမ်ကကော"

"ဘောက်ထော် ကျောက်ကုန်း အဝေယျာလမ်းထဲမှာ ပျဉ်ထောင်တစ်ထပ်အိမ်မျိုးပါ"

"အစ်ကိုတစ်ယောက်တည်းပေါ့နော်"

"ဒါပေါ့၊ နှစ်ယောက်မှမရှိတာ"

ချောကလျာခိုင် ပြုံးပြန်သည်။

နှစ်ယောက်မှမရှိတာဟု ဆိုခြင်းမှာ သူသည် လူပျိုလူလွတ်ဖြစ်ကြောင်း သွယ်ဝိုက်စကားတစ်မျိုးပင်။

"စားတော့ သောက်တော့ကော"

"ဆိုင်မှာပဲပေါ့၊ အိမ်မှာ ရေအိုးစင်တော့ ရှိတယ်လေ၊ ရေသောက်ချင်တဲ့အခါ အိမ်မှာသောက်လည်းရပါတယ်"

ချောကလျာခိုင် မရယ်မိပြန်။ ဒုတိယ ကရုဏာအကြည့် ကြည့်မိပြန်သည်။

"အလုပ်အကိုင်ကျတော့ကော"



"မယ်မယ်စစမရှိဘူး၊ ဟိုတန်းလန်း သည်တန်းလန်းခဲ့ခိုင်"

"ဟင် ... အစ်ကို့စကားက တစ်မျိုးပဲ၊ ဘာလဲ ဟိုတန်းလန်း သည်တန်းလန်းဆိုတာက"

"ပထမတန်းလန်းက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ အချိန်ပိုင်းကျူတာ လျှောက်ထားတာ မရသေးဘူး၊ ဒီနေ့ပဲ ပါမောက္ခနဲ့ သွားတွေ့တယ်၊ ခဏစောင့်ပါဦးတဲ့၊ မကြာခင် ခေါ်ပါ့မယ်တဲ့"

"ဒါဆို အစ်ကိုက ဘွဲ့ရပြီးပြီပေါ့နော်၊ ခိုင်သိတယ်လေ၊ မဟာဝိဇ္ဇာတက်နေတဲ့ လူတွေဟာ၊ ဒီလိုပဲ ကျူတာလျှောက်ကြတယ်၊ ကျူတာ လုပ်ကြတယ်"

အောင်စိုးမိုးက ဘာမှ မပြော။ သူ့ကိုယ်သူ မဟာဝိဇ္ဇာတက်နေပါတယ်ဟု ပြောလျှင် ကြွားဝါရာရောက်မည်စိုးသောကြောင့်ဖြစ်ပါ၏။

"ဒါဆို ဒုတိယ အလုပ်တန်းလန်းကကော"

"ဝတ္ထုရေးတယ်၊ လေးအုပ်ထွက်ပြီးပြီ၊ ပိုက်ဆံတစ်ပြားတစ်ချပ်မှမရသေးဘူး၊ ထုတ်ဝေသူက ငါးအုပ်ထုတ်ပြီးမှ သင့်တော်တဲ့နှုန်း ..."

"ဟုတ်ပြီ၊ ဟုတ်ပြီ"

ချောကလျာခိုင် အောင်စိုးမိုး စကားမဆုံးမီ မြန်ဆန်သောအားရသံလေးနှင့် ကြားဖြတ်ဝင်ပြောသည်။

"ဘာဟုတ်တာလဲ၊ တို့ပြောရင်းမတ်တက်"

www.burmeseclassic.com

www.burmeseclassic.com



"အို _ အောင်စိုးမိုး ကလောင်နာမည်နဲ့ ဝတ္ထုနှစ်ပုဒ်တောင် ခိုင် ဖတ်ပြီးပြီလေ၊ ကလောင်သစ်တွေကို ခိုင် သိပ်ဖတ်လေ့မရှိဘူး၊ ညိုမီနဲ့ သဥ္ဇာက အဲဒီ အောင်စိုးမိုးကို ဖတ်ကြည့် ရင့်တယ်၊ မာတယ်၊ နွဲ့တယ်၊ ပျောင်းတယ်တဲ့ ဆိုလို့ ပထမအုပ် ဖတ်ကြည့်တယ်၊ ကြိုက်တာနဲ့ နောက်တစ်အုပ် ကိုယ့်ဟာကိုယ် အငှားဆိုင်က ရှာငှားပြီးဖတ်တယ်၊ ခုန အစ်ကိုနာမည် အောင်စိုးမိုးလို့ပြောတော့ မြန်မြန်ခနဲ ကလောင်နာမည်နဲ့ ဆက်နွယ်တာကို မတွေးလိုက်မိဘူး၊ ကြွက်စုတ်ဆိုတာကို စိတ်ဝင်စားသွားလို့၊ အခု အစ်ကိုက တည့်တည့်ကြီး ဝတ္ထုရေးတယ်ဆိုမှ အောင်စိုးမိုး ဝတ္ထုဖတ်ဖူးတာနဲ့ ခေါင်းထဲမှာ ဆက်မိသွားတာ၊ ဒါဆို အစ်ကို့စကားဆက်ပြောလေ ...

"ဘာကျန်တော့လဲ၊ ထုတ်ဝေသူမှာ ငါးအုပ်ထွက်ပြီး၊ ခြောက်အုပ်ကျမှ ငွေစကားပြောမယ်၊ ဒီတော့ တို့မှာ အလုပ်နှစ်ခုတန်းလန်းနဲ့ ဝင်ငွေတစ်ပြားမှမရှိဘူး"

"ဒါဖြင့် နေ့တိုင်း အစ်ကို့ရဲ့စားစရိတ် သုံးစရိတ်ကော"

"ဟိုဟာပေါင်၊ ဒီဟာပေါင်နဲ့ စားစရိတ်လုပ်နေတာပဲ ခိုင်၊ ဒါပေမဲ့ ပိုက်ဆံရှိတာနဲ့ ပြန်ရွေးမှာပါ"

အောင်စိုးမိုးသည် ယခုမှ တွေ့ရသော ချောကလျာ ခိုင်အား သူ၏ကိုယ်ရေးကိုယ်တာတွေကိုပင် ဖွင့်ပြောနေသည်။

ဘာလို့ပါလိမ့်။



တွေ့ကြသိကြသည်က မိနစ်ပိုင်းတော်တော်များများကြီးရှိလာသော်လည်း တစ်နာရီပင် မပြည့်တတ်သေး၊ ဒီအထဲကပင် အောင်စိုးမိုးသည် သူ၏ဘဝအစစ်အမှန်တွေကို ခိုင့်အား ပြောပြမိသည်။

ခိုင်က တစ်ခုချင်း သူ့ကို မေးခွန်းမေးသည်ကို အမှန်အတိုင်းဖြေမိသည်လည်းပါသည်။

နောက်တစ်ချက်မှာ စောစောက ချောကလျာခိုင်ပြောသလို ရင်းနှီးတယ်၊ မရင်းနှီးဘူးဆိုတာက စိတ်ပိုင်းနဲ့ဆိုင်တာပဲ ဆိုသည့်အချက်နှင့်လည်း အကျုံးဝင်ပေလိမ့်မည်။

ရင်းနှီးမှုဆိုသည်မှာ တွေ့ဆုံပုံ တွေ့ဆုံနည်းအပေါ်တွင်လည်း မူတည်ပေမည်။ သာမန် ရိုးရိုးတန်းတန်း အေးအေးဆေးဆေး တွေ့ချိန်တွင် ကြားတစ်ဦးဦးက မိတ်ဆက်ပေးသဖြင့် တွေ့ရတာ ဝမ်းသာပါတယ်၊ သိကျွမ်းရတာ ဂုဏ်ယူပါတယ် စသည့် အပေါ်ယံက တွေ့ဆုံရင်းနှီးပုံကျတော့ စိတ်ထဲက အူလှိုက်အသည်းလှိုက်မပါ။

ယခု ခိုင်နှင့်တွေ့ရပုံမှာ ပထမဦးစွာ စက္ကူပြာရွက်လေးမှ စာကိုဖတ်ပြီး စိတ်ဝင်စားမှု လွန်ကဲခဲ့ရသည်။ ဒီနောက် ပန်းဆိုးတန်းဆိပ်ကမ်းဝယ် ဘယ်လိုတွေလဲ၊ ဘာတွေလဲ စသည်တွေလည်း ထပ်ဆင့် စိတ်ဝင်စားမှု ပြင်းထန်ရပြန်သည်။ နောက်ဆုံး ခိုင့်အား ကယ်တင်ခဲ့ပြီး သေပြေးရှင်ပြေး သဲထိတ်ရင်ဖို ဖြစ်ခဲ့ရသည်တို့က ခိုင်နှင့် သိကျွမ်းရမှုတွင် အထွတ်အထိပ်တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း ခိုင်ပြောသလို စိတ်ပိုင်းဆိုင်ရာအရ၊ တစ်ခဏအတွင်း ရင်ထဲက အရမ်းရင်းနှီးခြင်းသို့ ရောက်ခဲ့သည်။

အဲ ... နောက်တစ်ချက် ဖြည့်စွက်ရလျှင် ချောကလျာခိုင်ကို တွေ့သည့်အချိန်မှစပြီး ယခုအချိန်ထိ မိမိအား လွှမ်းမိုးသွားသလို ခံစားရသောကြောင့်လည်း ဖြစ်တန်ရာ၏။

ထို့ကြောင့်လည်း ခိုင် မေးသမျှ အစစ်အမှန်အတိုင်း ဖြေကြားနေမိခြင်းပေလား။

ချောကလျာခိုင်သည် အောင်စိုးမိုး၏အဖြေစကား တို့ဝယ် ခဏနစ်မျောနေပုံရသည်။

အစ်ကိုဆိုသည့် အောင်စိုးမိုးသည် သတ္တိရှိသည်။ ပွင့်လည်းသည်။ ကရုဏာသက်ဖွယ်တွေလည်း ရှိနေသည်ဟု ခိုင့် စိတ်ထဲ ဆန်းစစ်ချက် ယူဆချက်လေးများ ချမှတ်နေမိသည်။ ပြီး အောင်စိုးမိုးကလောင်ဖြင့် ရေးသားခဲ့သော ဝတ္ထုနှစ်အုပ်ကို ဖတ်ဖူး ထားသဖြင့် ခိုင်နှစ်သက်သည့် စာရေးဆရာလည်းဖြစ်နေသည်။

သို့သော် ...

အောင်စိုးမိုးသည် မိမိကို ဘာကြောင့် ဝင်ကယ်လေ သနည်း။

သွေးရိုးသားရိုး ကယ်တင်ခြင်းမှ ဟုတ်ပါလေစ။

ဤစာအိတ်ညိုကိစ္စသည် ခိုင်၏ဖေဖေ ဦးမောင်မောင် ခိုင်၏ ကိစ္စဖြစ်သည်။

ကိစ္စက လျှို့ဝှက်သိပ်သည်းသလို၊ ဒီကိစ္စနှင့် ပတ်သက်လာသူတွေကလည်း အန္တရာယ်တွေ ဖြစ်လာနေသည်။



ဖေဖေ့ကိစ္စထဲတွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မမြင်ဘူး၊ မသိဘူးသော အစ်ကိုအောင်စိုးမိုး ပါဝင်လာခြင်းမှာ သူ့လူငါ့ဘက်သားအသွင် အယုံသွင်းဝင်လာခြင်းပေလား။

ဒါကြောင့်လည်း အစ်ကိုအောင်စိုးမိုးကို အင်တာဗျူး မေးသလိုတွေ မေးခဲ့သည်။

အစ်ကိုကလည်း ဖြေပါ၏။

အစ်ကို၏ဖြေဆိုချက်များမှာ ကရုဏာသက်ရောက် စရာလေးပါရှိနေသည်။

တမင်တကာပင် အနီးကပ် ပူးသတ်နိုင်ရန်အတွက် ကရုဏာသက်စရာလေးတွေကို လုပ်ကြံဖြေကြားခြင်းပေလား။

အစ်ကိုသည် ခိုင့်အတွက် လူဆိုးလား၊ လူကောင်း လား။

ခိုင် မဝေခွဲနိုင်သေး။ မဆုံးဖြတ်နိုင်သေး။

"ဝေလုချည်လား ခိုင်"

"ဟုတ်တယ်၊ ခိုင့်စိတ်ထဲမှာ အစ်ကိုဟာ လူကောင်းလား၊ လူဆိုးလား ဝေခွဲမရလို့၊ အစ်ကို လူကောင်းလားဟင်"

အောင်စိုးမိုး ရယ်လိုက်သည်။ အသံထွက်အောင်ပင် ရယ်လိုက်မိခြင်းဖြစ်ပါ၏။

"ဘာရယ်တာလဲ အစ်ကို"

"သြော် ... မျက်နှာချင်းဆိုင် တည့်တည့်ကြီး ရှင် လူ ကောင်းလားလို့ မေးတာကို ရယ်တာပါ၊ အဲဒီလို တည့်

www.burmeseclassic.com

www.burmeseclassic.com



တည့်ကြီးမေးတော့ တို့က ကျွန်တော် လူဆိုးပါ၊ ကျွန်တော် သူခိုးပါပြောမတဲ့လား ခိုင်၊ ကျွန်တော် လူကောင်းပါလို့ပဲ ပြောမှာပေ့ါ”

ချောကလျာခိုင်က ဟုတ်ပေသားပဲဟု ဝန်ခံသည့် အလား ပြုံး၍ ခေါင်းညိတ်သည်။

“လူတစ်ယောက်ကို လူဆိုး၊ ဒါမှမဟုတ် လူကောင်းလို့ သတ်မှတ်တာဟာ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လေ့ရှိရတာမှ မဟုတ်တာ၊ ဘေးလူက သတ်မှတ်ရတာပဲ ခိုင်၊ အခုဆို တို့ဘေးမှာ ခိုင်တစ်ယောက်ပဲရှိနေတာ၊ ခိုင်က တို့ကို လူဆိုလား၊ လူကောင်းလား သတ်မှတ်ပေါ့”

“ခိုင့် အစ်ကို့ကို လူကောင်းတစ်ယောက်လို့ပဲ သတ်မှတ်ပါတယ်၊ ဒါပေမဲ့ သံသယဖြစ်စရာလေးတွေ ရှိနေသလားလို့ပါ အစ်ကို”

“ဆိုပါဦး သံသယ”

“အခု ခိုင်တို့လုပ်တဲ့ကိစ္စက ထိပ်တန်းလျှို့ဝှက်ကိစ္စတစ်ခုပါ၊ ဒီကိစ္စနဲ့ပတ်သက်တဲ့လူကသာ ဒီကိစ္စထဲ ဝင်လာပတ်သက်တာပါ၊ အဲဒီထဲမှာ အစ်ကိုက အစိမ်းသက်သက်ကြီး၊ ခိုင့်ကို ဝင်ကယ်တာဟာ၊ ရန်သူ့ဘက်တော်သားက သူ့လူငါ့ဘက်သား ဝင်ပူးတာများဖြစ်နေမလားလို့”

“ဪ ... ဒါလား”

“ဟုတ်ပါတယ် အစ်ကို၊ အဲဒါပါပဲ”



အောင်စိုးမိုးက ရှည်ရှည်ဝေးဝေး ထပ်မပြောတော့ဘဲ ဂျာကင်အိတ်ထဲမှ စက္ကူပြာရွက်လေးကို ထုတ်ကာ ချောကလျာခိုင် လက်သို့ အပ်လိုက်သည်။

ချောကလျာခိုင်က စာရွက်လေးနှင့် အထဲမှ ရေးထား သည်ကို လှစ်ခနဲ ကြည့်ရုံနှင့် အံ့ဩပုံသဏ္ဌာန်လေးဖြစ်သွားသည်။

“အယ် ... ဟုတ်ပါ့၊ အဲဒီစာကို ခိုင်ပဲ ဒီနေ့ ကျောင်း အပြန်လမ်းမှာ ထက်ပိုင်းဖြဲပြီး ကားပြတင်းပေါက်က လွှင့်ပစ်လိုက်တာ၊ ဒီစာဖင်ပိုင်းလေးကို အစ်ကို ဘယ်ကရလဲ ဟင်”

အောင်စိုးမိုး အကျိုးအကြောင်း ပြန်ပြောပြသည်။ ဆိုင်ကယ်စီးရင်း စက္ကူပြာရွက် ရင်ဘတ်လာကပ်ကြောင်းဖြစ်ပါ၏။

“တို့ပြောတယ်မဟုတ်လား၊ တို့ငယ်နာမည် ကြွက်စုတ်ပါ လို့၊ စပ်စုတယ်၊ စူးစမ်းတယ်လေ၊ တို့အိမ်ပြန်ရောက်တော့ ဂျာကင်အကျီအိတ်ထဲက ဒီစက္ကူပြာရွက်လေးကို ထုတ်ပြီး ဖတ်ကြည့်တယ်၊ အဲဒီနောက် စက္ကူပြာရွက်လေးထဲက စာတွေဖတ်ပြီး ဝင်စပ်စုတာပဲ”

“အစ်ကိုစပ်စုတာ သိပ်ကောင်းသွားတာပေ့ါ၊ ခိုင် စိတ်ပျက် ပျက်နဲ့ ကားပေါ်က စက္ကူကိုဆုတ်ပြီး လွှင့်ပစ်မိတာပဲ ကံကောင်းသွားသေးတယ်၊ နို့မို့ရင် ပန်းဆိုးဘန်းဆိပ်မှာပဲ ကိုအောင်သိန်းတို့ လူသိုက်က ခိုင့်ကိုလည်း ဖမ်းခေါ်သွား မယ်၊ ဟောဒီ စာအုပ်လည်း သူတို့လက်ထဲရောက်သွား မယ်၊ ခိုင့်ကို ဖမ်းထားပြီး ခိုင့်ဖေဖေကို အကျပ်ကိုင်မှာ သေချာတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ဟိန်း ဟုတ်လား၊ အဲဒီလူက ဘယ်သူလဲ"

"ကိုအောင်ဟိန်းဆိုတာ ပတ်ပလစ်ကာကားချောကလက်ရောင်ပေါ်က ဆင်းလာတဲ့ သုံးယောက်ထဲက ရုပ်ချောချောထောင်ထောင်မောင်းမောင်းလူပေါ့"

"အဲဒီ ကိုအောင်ဟိန်းဆိုတာ ခိုင်နဲ့ ရန်သူလား"

"ဖေဖေ့ရဲ့ရန်သူလို့ပြောရင် ရမလားပဲ၊ တကယ်တော့ ဖေဖေနဲ့ ကိုအောင်ဟိန်းဟာ လုပ်ငန်းတစ်ခုကို အပြိုင်လုပ်နေကြတယ်ဆိုပါတော့"

"ဒါနဲ့တောင် ခိုင်က သူတို့ ပတ်ပလစ်ကာကား ခိုင့်ရဲ့နောက်လိုက်လာတာမသိဘူးလား"

"ဟင့်အင်း ... ခိုင်က ဒီစာအိတ်လာပေးမယ့်လူကို စိတ်စောနေတာကိုး၊ အဲဒီလူကို ခိုင် မြင်ဖူးတာမှ မဟုတ်တာ၊ သူရေးတဲ့ စာထဲက ဦးထုပ်စိမ်းဆောင်းထားမယ်၊ နေကာမျက်မှန်အနက် တပ်ထားမယ်၊ ကုတ်အင်္ကျီအနက်ဝတ်ထားမယ်၊ စတဲ့ သင်္ကေတအတိုင်း လိုက်ရှာကြည့်နေတာ၊ ဒါ့ထက် ကိုအောင်ဟိန်းတို့ဟာ ရန်သူမှန်း အစ်ကို ဘယ်လိုလုပ်သိလိုက်တာလဲ"

"တို့က စပ်စုတဲ့လူဆိုတော့ အကုန်လိုက်ကြည့်နေတာကိုး၊ ကားပေါ်ကဆင်းပြီး အတွင်းဘက်လျှောက်လာပြီး ရပ်နေတုန်း ပတ်ပလစ်ကာကား ရောက်လာတယ်၊ ခိုင့်ကားဖြူကြီးရဲ့ဘောနက်ကိုဖွင့်ပြီး အထဲကို လက်နှိုက်တာ တွေ့တယ်၊ တို့စိတ်ထင်တော့ ကွိုင်ဝိုင်ယာကို ဖြုတ်လိုက်တာပဲ



ဖြစ်မယ်၊ ကွိုင်ဝိုင်ယာဖြုတ်ထားတဲ့ကားဟာ ဘယ်မှာစက်နိုးတော့မလဲ၊ ခိုင် စာအိတ်ညိုရပြီးတဲ့နောက် ကိုယ့်ကားဆီပြန်လှည့်လာတာနဲ့ ဘေးမှာ ရပ်ထားတဲ့ ပတ်ပလစ်ကာကားဟာ ကိုအောင်ဟိန်းကားမှန်းမသိဘူးလား၊ ဒါဆိုကိုယ့်ကားပေါ် ပြန်တက်စရာတောင် မလိုဘဲ ထွက်ပြေးရုံပဲ"

"ပတ်ပလစ်ကာကားကို ခိုင် မြင်ပါတယ်၊ ဒါပေမဲ့ အဲဒီကား ကိုအောင်ဟိန်း စီးနေကျကားမဟုတ်တော့ ခိုင်က ကိုအောင်ဟိန်း လာချောင်းမှန်း ဘယ်ထင်မလဲ၊ သူ့ကားက တိုယိုတာကော်ရိုလာ၊ ကားအဝါရောင်လေး၊ အခုကိစ္စအတွက် ကိုအောင်ဟိန်းက ခိုင်တို့မသိတဲ့ကားကို တစ်နေရာရာက ဆွဲလာတာဖြစ်မှာပေါ့"

အောင်စိုးမိုးသည် ခိုင်ပြောသမျှကို နားထောင်ရင်း ဆေးသီးအုပ်ဖား မြင့်မားသော သစ်ပင်တွေကို မော့ကြည့်နေသည်။

ကြည့်မိလျှင် ရုတ်တရက် မျက်လုံးများက မခွာဘဲ ချောလေကြည့်လေမို့ အကြည့်ရှိင်းသွားသည်ချည်းဖြစ်နေသည်။

ဒါကြောင့် မကြည့်။

"ကိုအောင်ဟိန်းက ခိုင်တို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ သူက ခိုင့်ဆီက စာအိတ်ညိုကြီးကို ဘာလို့ လိုချင်တာလဲ၊ အဲဒီစာအိတ်ညိုထဲမှာ ဘာပါလို့လဲ၊ ကြီးကြီးမားမား ဘာလေးပင်ပင် ပစ္စည်းပါပုံလည်းမရပါဘူး၊ ခိုင့်ကို သူက ဘာလို့ ဖမ်းပြီး ခိုင့်ဖေဖေ့ကို ဘာလို့ အကျပ်ကိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အားပါးပါး၊ အစ်ကိုမေးလိုက်တဲ့ မေးခွန်းတွေက တစ်သီကြီးပါလား၊ ဝမ်းနည်းပါတယ် အစ်ကို၊ အစ်ကိုမေးသမျှ မေးခွန်းတွေကို ဖေဖေ့ရဲ့ခွင့်ပြုချက်မရဘဲ ခိုင်မဖြေနိုင်ပါဘူး"

အောင်စိုးမိုးက ပခုံးတွန့်လိုက်ပါ၏။

ရင်ထဲတွင်လည်း မကျေနပ်ချင်သလို ခံစားလိုက်ရသည်။

သူမက မိမိကိုမေးသမျှ မိမိက တကယ့်ရင်းနှီးခင်မင်စိတ်ဖြင့် အိတ်သွန်ဖာမှောက် ဖြေခဲ့သည်။

သူမကို မေးတော့ ဝေ့ရှောင်ပစ်လိုက်သည်။

အောင်စိုးမိုးက သူမကို မကြည့်သဖြင့် သူမက အောင်စိုးမိုး၏ မျက်နှာကို အလစ်စိုက်ကြည့်နေသည်မို့ မကျေနပ်သော ပုံရိပ်လေး အောင်စိုးမိုး၏မျက်နှာတွင် ထင်ဟပ်လာသည်ကို ချောကလျာခိုင် သတိထားလိုက်မိသည်။

"အစ်ကို ခိုင့်ကို မကျေမနပ်ဖြစ်သွားသလားဟင်၊ အစ်ကို မေးတဲ့မေးခွန်းတွေချည်းမို့ ခိုင့်မှာ ဖြေပိုင်ခွင့်မရှိလို့ပါ၊ ဖေဖေက တခြားနေရာအားလုံး အင်မတန် သဘောကောင်းပေမယ့် ဒီကိစ္စနဲ့ ပတ်သက်လာရင် ဒေါသထိပ်ကြီးတဲ့ ကျားတစ်ကောင်လို ဂုန်းဂုန်းဒိုင်းဒိုင်းဖြစ်တတ်လို့ပါ အစ်ကို"

အောင်စိုးမိုးက ဘာမျှ ပြန်မပြောဘဲ ဒုတိယအကြိမ် ထပ်မံ ပခုံးတွန့်လိုက်ပြန်သည်။

"တကယ်ဆို ခိုင့်အကြောင်းတွေ အစ်ကို မေးပါလား၊ ခိုင့်မိဘက ဘယ်သူလဲ၊ ခိုင် ကျောင်းနေတာ ဘယ်နှတန်းရောက်ပြီလဲ၊ ခိုင့်အသက်ဘယ်လောက်ရှိပြီလဲ၊ ခိုင့်မှာ အစ်ကို အစ်မ ညီမ မောင်လေးတွေ ရှိသလား စသဖြင့်ပေါ့အစ်ကို၊ ခိုင်နဲ့တိုက်ရိုက်သက်ဆိုင်တာတွေမေးရင် ခိုင်က ဝမ်းမြောက်ဝမ်းသာဖြေမှာပါ"



ဒါလည်း ဟုတ်ပေသားပဲဟု အောင်စိုးမိုး စိတ်ထဲမှ မှတ်ချက်ပြုလိုက်သည်။

ပြီး ခိုင်ပြောပုံလေးက ချစ်စဖွယ်၊ ကျေနပ်ဖွယ် ဖြစ်နေပါ၏။

အောင်စိုးမိုး ပြုံးပြီး ခိုင့်ကို မျက်လုံးချင်းဆိုင် ပြန်ကြည့်လိုက်သည်။

"ကဲ ... ဒါဆို တို့မေးပြီ၊ ခိုင့်ရဲ့မိဘက ဘယ်သူလဲ၊ ဘာအလုပ်လုပ်လဲ"

"ဖေဖေ့နာမည်က ဦးမောင်မောင်ခိုင်၊ မေမေ့နာမည်က ဒေါ်မိမိလေးတဲ့၊ မေမေက ဆုံးသွားပြီ၊ ဖေဖေကလည်း ဘယ်ဘက်ခြေထောက် ဒူးဆစ်အောက်က ဖြတ်ထားရလို့ ခြေတုတပ်ပြီး တုတ်ကောက်ကိုင်လမ်းလျှောက်ရတယ်၊ ဒါကြောင့် ဒီနေ့ ပန်းဆိုးတန်းဆိပ်ကမ်း ချိန်းဆိုထားတာကို ခိုင်လာခဲ့တာ၊ ခိုင့်ဖေဖေရဲ့လုပ်ငန်းက တောင်ဥက္ကလာမှာ ဆိစက်တစ်လုံး၊ သင်္ကန်းကျွန်းမှာ သစ်စက်နှစ်လုံးနဲ့ သစ်အရောင်းအဝယ်လုပ်ငန်းပဲ"

"တကယ်ချမ်းသာတာပဲ"

"ကဲ ... နောက်ထပ် ဘာသိချင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခိုင်ကကော ဘယ်အတန်းတက်နေပြီလဲ"

"စီးပွားရေးတက္ကသိုလ် ဖိုင်နယ်အတန်း"

"ဒါနဲ့များတောင် ခိုင်ရယ်"

အောင်စိုးမိုးက ညည်းတွားလေသံနှင့် ပြောလိုက်သည်ကို ခိုင်က မျက်ဝန်းလေးပင့်ကြည့်လိုက်သည်။

"ဘာလို့ ညည်းညည်းညူညူ ပြောတာလဲ အစ်ကို"

"ဩော် ... ပါရမီရိပ်သာလို နေရာမှာလည်းနေတယ်၊ လေးငါးသိန်းတန် အက်(စ်)အီးကားလည်း စီးနိုင်တယ်၊ သစ်လုပ်ငန်းရော၊ သစ်စက်နှစ်လုံးနဲ့ ဆီစက်တစ်လုံးလည်း ပိုင်ဆိုင်တယ်၊ ခိုင်ကိုယ်တိုင် တက္ကသိုလ်မှာ ဖိုင်နယ်တက်နေတယ်၊ ခိုင့်ရုပ်ဟာ သိဝ်ချောသိပ်လှတယ်၊ ဒါတွေ အဘက်ဘက်က ပြည့်စုံနေတာတောင် ကနေ့လို ဘေးရန်မကင်းတဲ့ အရှုပ်အယှက်လုပ်ငန်းတွေနဲ့ ပတ်သက်ရသေးသလားလို့ ညည်းမိတာပါ"

ဒီတစ်ခါတော့ ခိုင်က ပြန်ပြီး ပခုံးလေးတွန့်ပြလိုက်သည်။

နှုတ်ကတော့ ဘာမှ ရှင်းချက်မထုတ်ပေ။

သူမ၏ပခုံးတန်းလှလှလေး တွန့်ပြပုံမှာ ဒီကိစ္စ ပြောရခက်တယ်ဟု အဓိပ္ပာယ်ကောက်လျှင် မှားအံ့မထင်။

ခိုင်သည် သူမ၏လက်ကောက်ဝတ်မှ နာရီလေးကို ကြည့်သည်။



"အဲ ... လေးနာရီတောင်ထိုးပြီ၊ ဖေဖေတော့ တအားစိတ်ပူနေမှာပဲ အစ်ကို၊ ခုလောက်ဆို ကိုအောင်ဟိန်းတို့လည်း ပြန်ရောက်ရောပေါ့နော်၊ ခိုင်သွားချင်ပြီ"

"သွားလေ"

ခိုင်သည် ထိုင်ရာမှထပြီး မော်တော်ဆိုင်ကယ်ရပ်ထားရာသို့ သူမပင် ဦးစွာလျှောက်သွားသည်။ ဖခင် စိတ်ပူနေမည်စိုး၍ ပြန်ရန် ဆန္ဒစောနေပုံရသည်။

စာအိတ်ညိုလေးကို မေ့မေ့လျော့လျော့ သူမထိုင်သွားရာအေား မြက်ခင်းတွင် ချထားခဲ့သည်။

အောင်စိုးမိုးက စာအိတ်ညိုကို ကောက်ယူပြီး နောက်မှလိုက်သွားသည်။

"ရော့ ... ခိုင်၊ မေ့ထားခဲ့တယ်"

"အယ် ... ကြည့်စမ်း"

ချောကလျာခိုင်သည် အံ့သြခြင်းများစွာဖြင့် ချက်ချင်းပင် စာအိတ်ညိုကို ပြန်မယူနိုင်သေးဘဲ အောင်စိုးမိုးမျက်နှာကို ငေးငေးမောမောလေးကြည့်နေပေသည်။

မည်သို့ဖြစ်စေ စာအိတ်ညိုကို လက်ဝယ်ရပြီးမှ ပြန်ပေးသော အစ်ကိုအောင်စိုးမိုးသည် စာအိတ်ညိုကိစ္စနှင့် ဘယ်လိုမှ ပတ်သက်သူမဟုတ်ကြောင်း ထင်ရှားစေပါ၏။

သူ့လူ ငါ့ဘက်သား လုံးဝမဟုတ်။

မိမိကို ကယ်တင်ခြင်းမှာ စေတနာသက်သက်ဖြစ်ကြောင်း ယုံမှားစရာမရှိပါလေတော့။

www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင့်နေတာလဲ ခိုင်"

"သြော်"

ခိုင်က အာမေဋိတ်သံပြုပြီးမှ စာအိတ်ညိုကို ပြန်ယူပြီး ရင်ဘတ်မှာ ကပ်ထားလိုက်သည်။

"ကြည့်စမ်းနော်၊ ဒီစာအိတ်ညိုကြောင့်ပဲ ကိုအောင်ဟိန်းတို့လက်က သေပြေးရှင်ပြေး ပြေးခဲ့ရတယ်၊ ဒါနဲ့တောင် ခိုင်က ဒီအတိုင်းမေ့ထားခဲ့တာ၊ အဲဒါကို ခိုင့်ဟာခိုင် အံ့သြသွားလို့ပါ"

အောင်စိုးမိုးက ဘာမှ ထပ်မပြောတော့ဘဲ မော်တော်ဆိုင်ကယ်ကိုခွလိုက်သည်။

"ကဲ ... တက် ပန်းဆိုးတန်းမှာ ကျန်ခဲ့တဲ့ ကားဖြူကြီးဆီ ပြန်သွားမလား၊ ကွိုင်ဝါယာချွတ်ထားတာလောက်တော့ တို့က ပြန်တတ်ပေးနိုင်ပါတယ်၊ တော်ရုံတန်ရုံ ဆီပျောက် မီးပျောက် မနိုးတာဆိုလည်း တို့ပြင်တတ်တာပဲ"

"ဟင့်အင်း ... အဲဒီ ပြန်သွားဖို့ ခိုင်ကြောက်တယ်"

"ကိုအောင်ဟိန်းတို့က ခိုင့်ကားကြီးကို ယူသွားပြီး ပြန်ပေးသဘောနဲ့ ကားပြန်လိုချင်ရင် စာအိတ်ညိုပေးရမယ်လို့ မလုပ်နိုင်ဘူးလား"

"အဲဒီလို ဘာလုပ်လိမ့်မလဲ အစ်ကို၊ ဒီကားလောက်တန်ဖိုးနဲ့ ခိုင်တို့က စာအိတ်ညိုနဲ့ ပြန်မလဲဘဲ ကားအဆုံးခံမယ်ဆိုတာ ကိုအောင်ဟိန်း တွက်မှာပါ"

"ဒီကားလောက်တန်ဖိုးနဲ့ ဟုတ်လား"



ဟု အောင်စိုးမိုး နှုတ်မှ တိုးတိုးလေး ရေရွတ်မိပါ၏။ ဤအက်စ်ကားကြီးသည် နောက်ဆုံးအကွာရာဖြင့် ကားသစ်ကြီးဖြစ်သည်။

တန်ဖိုးအားဖြင့် လေးသိန်းခွဲနှင့် ငါးသိန်းကြားတွင်ရှိသည်။ ဒါတောင်မှ စာအိတ်နှင့်မလဲဟု ခိုင်က ပြောသည်။

စာအိတ်ညိုသည် ဘယ်လောက်ကြီးမျှား တန်ဖိုးရှိနေလို့ပါလဲ။

"အင်းလေ ... တကယ်တော့လည်း သက်ဆိုင်ရာ မော်တော်ယာဉ် မှတ်ပုံတင်ဌာနမှာ ကိုယ့်နာမည် ဝင်ပြီးတဲ့ကားဆိုရင် တခြားလူက ယူထားလည်းမရပါဘူး၊ ကားပျောက် ရဲစခန်းတိုင်တာနဲ့ ကွိခန်မိသွားမှာပေါ့၊ အဲ ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် ခိုင်"

"ဘယ်လိုတစ်ခုလဲ"

"ပန်းဆိုးတန်းဆိပ်ကမ်းမှာ မသမာတဲ့လူက မီးလုံးဖြုတ်တာတို့၊ ဘီးချွတ်ယူတာတို့ ဖြစ်နိုင်တယ်"

"ရတယ် အစ်ကို၊ ဒီလိုချွတ်ယူလည်း အစားထိုးထပ်ဝယ်လိုက်ရုံပေါ့၊ အိမ်ရောက်မှပဲ ဦးလေးအောင်ကို သွားယူခိုင်းမယ်၊ အိမ်ကိုပဲ မောင်းပို့ပါ အစ်ကို"

အောင်စိုးမိုးသည် စက်နှိုးဂီယာသွင်းပြီး မောင်းထွက်လာခဲ့တော့သည်။

✠ ❃ ✠

www.burmeseclassic.com

www.burmeseclassic.com



## ၁

ခမ်းနားလွန်းတော့လည်း အရှိန်အဝါကြောင့်ပင် မဝံ့မရဲဖြစ်ရပါ၏။

ခြံကြီးမှာ ကျယ်ပါပေ့။

တိုက်အိမ်ကြီးမှာ လှပခံ့ညားပါပေ့။

ပေတစ်ရာထက်မနည်း ရှည်လျားသော ရှေ့မှခြံစည်းရိုးမှာ အုတ်ရိုးကို ကျားကွက်သဖွယ် ဖောက်ထားသည်။

အုတ်တိုင်တံခါးပေါက်ကြီး ဝင်တစ်ပေါက်၊ ထွက်တစ်ပေါက်ရှိသည်။

တံခါးအုတ်တိုင်လေးခုစလုံးတွင် စိန်ပုံတစ်ခုဆီ ထွင်းထုဖော်ပြထားသည်။

ခြံနှင့်တိုက်အိမ်ကြီး ဘာဂေဟာ ဘာရိပ်မြုံ စသည် နာမည်မျိုး တစ်ခုမှ ပေးမထား။

ဝင်ဘက်မှ ခြံတံခါးရော၊ ထွက်ဘက်မှ ခြံတံခါးရော ဆေးရောင်ခြယ် သံပန်းသံရွက်တံခါးနှစ်ရွက် တွေ့ဆက်ဖြစ်သည်။



ဝင်ပေါက်တွင် အောင်စိုးမိုး၏ မော်တော်ဆိုင်ကယ် ရပ်လိုက်သည်။

"ဟွန်းတီးလိုက် အစ်ကို"

ဟွန်းသံကြားသဖြင့် ခြံထဲတွင် မိုးတိုးမတ်တတ် ရပ်နေသူတစ်ဦးက ခြံပေါက်သို့ လှည့်ကြည့်သည်။ အသက်လေးငါးဆယ်ခန့်အရွယ်ထင်ရသည်။

မော်တော်ဆိုင်ကယ် ရပ်ထားသည်ကို မြင်လိုက်သည်နှင့် ထိုလူကြီးသည် ချက်ချင်းလာမဖွင့်သေးဘဲ မျက်မှောင်ကြုတ်၍ ကြည့်နေသေးသည်။

"ဦးလေးအောင် တံခါးဖွင့်ပေးလေ"

"အေး … အေး … အေး"

ဦးလေးအောင် အခေါ်ခံရသည့် ပုဂ္ဂိုလ်ကြီးက ချက်ချင်း တံခါးဆီရောက်လာပြီး ဖွင့်ပေးသည်။

"ဦးလေးအောင် ကြည့်ပြီး အံ့သြနေတာ ခိုင်ရဲ့၊ ဘယ်လိုဖြစ်လာတာလဲ နိုင်"

"ဘယ်လိုမှဖြစ်ဟာမဟုတ်ပါဘူး ဦးလေးအောင်၊ နိုင့်သူငယ်ချင်း မော်တော်ဆိုင်ကယ်နဲ့ လိုက်ပို့ခိုင်းတာ၊ ဪ … ပန်းဆိုးတန်းဆိပ်ကမ်းမှာ ကားဖြုတ်ကြီး ဒီအတိုင်းထားခဲ့တယ်၊ အဲဒါ ဦးလေးအောင် သွားယူပေးပါဦး"

"အေး … သွားယူဆိုတော့လည်း ယူတာပေါ့၊ ဆရာကြီးကို ပြောပါဦး"

ထိုစဉ်မှာပင် …

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ မောင်းဝင်လာသော မော်တော်ဆိုင်ကယ်စက်သံရော ခိုင်နှင့် ဦးအောင်တို့ အပြန်အလှန်ပြောသည့်စကားသံရော ကြားသောကြောင့် ထင်ပါ၏။

အိမ်ထဲမှ လူနှစ်ယောက် ထွက်လာသည်။

အသက်ငါးဆယ်ကျော်ခန့်တစ်ယောက်။

အသက်နှစ်ဆယ့်ငါးနှင့် သုံးဆယ်ကြား လူရွယ်တစ်ယောက်။

အသက်ငါးဆယ်ကျော်ခန့် ပုဂ္ဂိုလ်ကြီးမှာ တုတ်ကောက်ကိုင်ပြီး ခြေတစ်ဖက် ထော့နင်းလျှောက်လာသည်ကို မြင်သည်နှင့် ခိုင်ပြောထားသော ခိုင်၏ဖခင် ဦးမောင်မောင်ခိုင်ဖြစ်သည်မှန်း အောင်စိုးမိုး သိလိုက်သည်။

အသက်အစိတ် သုံးဆယ်ကြား လူအကြောင်းတော့ ခိုင်ပြောသည့်အထဲတွင် မပါဝင်သဖြင့် အောင်စိုးမိုးက ဘယ်သူဘယ်ဝါဟု မခန့်မှန်းတတ်။

"လာ အစ်ကို၊ အိမ်ထဲဝင်ဦးနော်၊ ဖေဖေနဲ့ မိတ်ဆက်ပေးချင်လို့"

"တို့သွားမယ် ခိုင်၊ တို့အိမ်လိပ်စာကို ပေးထားပြီးပြီပဲ ခိုင်၊ လာချင်တဲ့အခါ လာပေါ့၊ ဖုန်းနံပါတ်ကတော့ ..."

အောင်စိုးမိုးသည် ဆိုင်ကယ်ပေါ်မှ မဆင်းဘဲ သူ့အိမ်ဖုန်းနံပါတ်ကို ပြောပြလိုက်သည်။

"အို ... ဆင်းပါဆိုမှ၊ ဟိုမှာ ဖေဖေတောင် ထွက်လာပြီ လာပါ ဆင်းပါ အစ်ကို"



မနေသာတော့သဖြင့် အောင်စိုးမိုး မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ရသည်။

"လာ"

ချောကလျာခိုင်ကပင် ရှေ့မှ ဦးဆောင်သွားရာသို့ အောင်စိုးမိုး နောက်မှ လိုက်သွားသည်။

"သမီးလေးခိုင် ဖေဖေ စိတ်ပူပြီး မျှော်နေတာကွယ့်"

ဖေဖေ ဦးမောင်မောင်ခိုင်က နောက်မှ လိုက်ပါလာသော အောင်စိုးမိုးအား အကဲခတ်ရင်း ဆီးကြိုပြောလိုက်သည်။

"ဟုတ်သားပဲ ခိုင်၊ တခြားကိစ္စတစ်ခုခုကြောင့် ကြာတယ်ဆိုတာလည်း အန်ကယ့်ကို ဖုန်းဆက်ဖို့ကောင်းတာပေါ့"

လူရွယ်က ဖြည့်စွက်ပြောသည်ကို ခိုင်က ပမာမခန့်မျက်နှာလေးနှင့် ပြန်ပြောလိုက်သည်။

"မိုးချုန်းတုန်း လျှပ်စီးဝင်မလက်နေနဲ့ ကိုသစ္စာ၊ ဖေဖေက ခိုင့်ကို နားလည်ပြီးသားပါ၊ ခိုင်ဟာ အကြောင်းမဲ့ ဘယ်ကိုမှ မသွားဘူးဆိုတာ"

ထိုလူရွယ်၏အမည်မှာ 'ကိုသစ္စာ'ဟု အောင်စိုးမိုးက အလိုလို မှတ်သားလိုက်မိပါ၏။

"ခိုင့်ရဲ့ကားပျက်တယ် ဖေဖေ၊ ဒါနဲ့ ဟောဒီက အစ်ကိုကိုအောင်စိုးမိုး ဖြတ်သွားဖြတ်လာ ကြုံတာနဲ့ အိမ်လိုက်ပို့ပေးတာ"

"ဟုတ်မလား ခိုင်၊ ကားက ယာယီနံပါတ်ဝယ်ပြီး အသစ်ရာထွက်ထားတာ နှစ်လပဲရှိသေးတဲ့ အသစ်စက်စက်ကြီး ပျက်ရတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကိုသစ္စာ၊ အခု ခိုင်ရှင်းပြနေတာက ဖေဖေ့ကိုပါ၊ ခိုင့်မှာ ညှော်သည်ပါလာတယ်၊ ငါစကားနှုားရ ကိုသစ္စာ ဝင်မပြောစေချင်ဘူး"

"ကိုသစ္စာက ခိုင့်အတွက် စိတ်ပူလို့ ဝင်ပြောမိတာပါ၊ ဟဲ ဟဲ ... ခိုင်က အလကားနေရင်း ဒေါ်ပွနေတာကိုး"

ဦးမောင်မောင်ခိုင်က ဝင်ပြောပါ၏။

"ပြောလို့တော့ မရဘူးပေါ့ မောင်သစ္စာ၊ ဒီမှာသာ ယာယီနံပါတ်နဲ့ ကားသစ်လို့ပြောတာကိုး၊ ဂျပန်မှာသုံးထားတဲ့ ကားဟောင်းတွေကို ရီကွန်ဒီရှင်းလုပ်ပြီး ပြန်ရောင်းတာတွေပဲ၊ ကဲ ... သမီးပြောချင်တာ ဆက်ပြော သမီး"

အမှန်တော့ သမီးလေး ချောကလျာခိုင်၊ ဖခင်ကိုယ်စား သွားရောက်ခဲ့ရသည်ကိုလည်း ဦးမောင်မောင်ခိုင် သိပြီးသား။

သွားသည့်လမ်းခရီးတွင် လုပ်ငန်းအရ အန္တရာယ်ရှိနိုင်သည်ကိုလည်း သိပြီးသား။

သမီးလေးတွင် အဖော်ပါလာသည်မှာလည်း အကြောင်းမယ့် ဟေးလားဝါးလား ခေါ်လာခြင်းမဟုတ်နိုင်မှန်း ဦးမောင်မောင်ခိုင်က အကဲခတ်ပြီးသား။

"အဲဒါ ကိုအောင်စိုးမိုးတဲ့ ဖေဖေ၊ တက္ကသိုလ်မှာ မဟာဝိဇ္ဇာတက်ပြီး ကျူုတာအလုပ်လျှောက်ထားတယ်၊ အောင်စိုးမိုးဆိုတဲ့ ကလောင်နာမည်နဲ့လည်း စာအုပ်တွေရေးတယ်၊ ဒီမယ့် အစ်ကို၊ အဲဒါ ခိုင့်ဖေဖေလေ၊ ဦးမောင်မောင်ခိုင်တဲ့"



"သိကျွမ်းရတာ ဝမ်းသာပါတယ် အန်ကယ်"

"အေး ... သမီးရဲ့မိတ်ဆွေဟာ အန်ကယ်ရဲ့ မိတ်ဆွေပဲပေါ့"

"ကိုသစ္စာနဲ့ကော မိတ်မဖွဲ့ပေးတော့ဘူးလား၊ ကိုသစ္စာလည်း လူရာဝင်တဲ့လူတစ်ယောက်ပါနော်"

ခိုင်က ပြုံးလိုက်သည်။

လူမှုအရေးတော့ ပက်ပင်းကြီး ဆုံနေမှ မိတ်ဖွဲ့ပေးရန် ခိုင့်တွင် ဝတ္တရားရှိနေသည်။

"အဲဒါ ကိုသစ္စာတဲ့ အစ်ကို၊ ဖေဖေ့ရဲ့မန်နေဂျာချုပ်ကြီးဆိုပါတော့၊ သစ်လုပ်ငန်းကလွဲပြီး စက်သုံးလုံးကို ကိုသစ္စာကပဲ အုပ်ချုပ်တယ်"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုသစ္စာ"

"အေးပေါ့ဗျာ၊ ဒီလိုပဲ ပြောရမှာပေါ့၊ ကျုပ်ကလည်း ကိုအောင်စိုးမိုးလိုပုဂ္ဂိုလ်မျိုးနဲ့ သိကျွမ်းရတာ ဂုဏ်ယူပါတယ်၊ ဟဲ ဟဲ ... မဟာဝိဇ္ဇာတန်းတက်တယ်၊ ကျူုတာဖြစ်မယ်၊ စာရေးဆရာဖြစ်နေတယ်ဆိုတာ တကယ့်ဂုဏ်ပုဒ်ကြီးတွေပဲဟာ"

"မောင်သစ္စာ ကနေ့ ငါးနာရီမှာ စက်သုံးစက်က မန်နေဂျာတွေနဲ့ အစည်းအဝေးချိန်းထားတယ်ဆို"

"ဟုတ်ကဲ့ ... အန်ကယ်၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုသစ္စာ အပေါ်မှ ထွက်သွားသည်။ 'ဗျ'အက္ခရာဖြင့် ကော်ရီလာကားအဝါလေး ရပ်ထားရာသို့ သွားပြီး တံခါးဖွင့်ရင်း အောင်စိုးမိုးကို လှမ်းပြောလိုက်သည်။

"ဗျို့ ... ကိုအောင်စိုးမိုး၊ ခင်ဗျားနှယ်ဗျာ၊ ဒီလောက် အဘက်ဘက်က ပြည့်စုံနေတာ၊ ကားတစ်စီးလောက်တော့ ဝယ်စီးပေါ့ဗျာ၊ ဖင်မလီယာ အစုတ်တစ်စီးလောက်ဖြစ်ဖြစ် ပေါ့၊ ဟဲ ဟဲ ... ခင်ဗျားဂုဏ်ပုဒ်တွေနဲ့ မော်တော်ဆိုင်ကယ်နဲ့ သိပ်မဟန်ပါဘူး၊ စာရေးဆရာတွေ၊ ဝတ္ထုတစ်ပုဒ် တစ်သိန်းကျော်ရနေတဲ့ခေတ်ပဲဗျာ"

လှမ်းပြီး ရီခြင်းမှန်း အောင်စိုးမိုး ရိပ်မိသည်။

အောင်စိုးမိုး စိတ်မဆိုးပါလေ။ သဘာဝပေပဲဟု မှတ်ယူလိုက်သည်။

ကိစ္စမှာ ရှင်းနေပါ၏။

ခိုင်က မိမိကို အရေးတယူ အလေးထားရှိသည်ကို ကိုသစ္စာ မနာလိုခြင်းဖြစ်ပေမည်။ တချို့စိတ်သဘောနဲ့သော ယောက်ျားတို့သည် မိမိ၏ ဝန်တိုမှုကို ယခုလိုပင် ရိတတ်ပါ၏။

ကိုသစ္စာသည် ခိုင့်ကို မျှော်မှန်းနေသူဖြစ်မှန်း သေချာသည်။

အလုပ်ရှင်ကြီး၏သမီးနှင့် ယင်းသို့ပင် မန်နေဂျာတို့ လက်ထပ်ထိမ်းမြားခြင်းတွေကလည်း ဒုနှင့်ဒေး ရှိခဲ့ကြသည်ကိုး။

ကိုသစ္စာ ကားမောင်းထွက်သွားသည်။



"လာ ... လာကြ"

ဦးမောင်မောင်ခိုင်က တုတ်ကောက်ထောက်ရင်း ဧည့်ခန်းသို့ ခေါ်သွားသည်။

အားလုံး ဆိုဖာအသီးသီးတွင် ထိုင်မိကြသည်။

"ဩော် ... ဖေဖေ၊ ဦးလေးအောင်ကို ငွေအလုံလောက် ပေးပြီး ပန်းဆိုးတန်းဆိပ်မှာ ခိုင်တို့ကားကြီး ပြန်ယူခိုင်း လိုက်ပါ ဖေဖေ"

ပြောနေစဉ်မှာပင် မီးဖိုဘက်မှ အမျိုးသမီးကြီးတစ်ဦးသည် ကော်ဖီကရား၊ ပန်းကန်လုလုလေးတွေကို လင်ပန်းတွင် ထည့်ယူလာကာ ဧည့်စားပွဲတွင် ချပေးသည်။

"အတော်ပဲ မနန္ဒာ၊ ခြံထဲက ကိုအောင်ကို ငွေသုံးထောင် သွားပေးစမ်းပါ၊ ပန်းဆိုးတန်းဆိပ်ကမ်းမှာ ကားသွားယူပါလို့ ပြင်စရာရှိရင် ပြင်လာခဲ့လို့"

နှစ်ရာတန်(၁၅)ရွက် ထုတ်ပေးလိုက်သည်။

ဒေါ်နန္ဒာ ထွက်ခွာသွားပါ၏။

"ကဲ ... ပြော သမီး"

"ဒီမယ် ရော့ ဖေဖေ၊ အဲဒီလူက ဒီစာအိတ်ညိုကြီးပေး လိုက်တယ်"

"အေး အေး ... လုပ်ငန်းအောင်မြင်ခဲ့သားပဲ၊ သမီးဘာ တွေဖြစ်ခဲ့တယ်ဆိုတာ ဖေဖေ့ကိုပြောပြလေ"

ချောကလျာခိုင်က ဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စက္ကူပြာရွက်လေးကို အမြင်ကတ်ကတ်နှင့် ဆုတ်ဖြဲပြီး ကားပေါ်မှ လွှင့်ပစ်ခဲ့ရာ အစ်ကို အောင်စိုးမိုး ရရှိပြီး လာရောက်ကယ်တင်နိုင်ကြောင်း အမါအဝင်၊ အားလုံး ပြောပြလိုက်သည်။

ကျေးဇူးအထူးတင်ပါ၏ အောင်စိုးမိုး။

✠ ✱ ✠



## ၆

အန္တရာယ်သုံးကောင်က အိမ်ထဲတွင် အသင့်ရောက်နေကြပြီဖြစ်ပါ၏။

အဝေယျာလမ်း အိမ်တံခါးကို သော့တုနှင့်ဖွင့်ကြခြင်းဖြစ်ပေမည်။

"ဟော ... ဟော လာပါပြီ၊ ငါတို့မိတ်ဆွေကြီး လာပါပြီ"

သူတို့သည် ညေ့စားပွဲဝိုင်းတွင် မော့ဝီစကီပုလင်းထောင်ကာ ဝိုင်းဖွဲ့သောက်နေကြသည်။

မီးရောင်မှာ အောင်စိုးမိုး ဘယ်တော့မှ မပိတ်သော အပြာရောင် ငါးတိုင်မီးရောင်လေးဖြစ်သည်။ ညအမှောင်တွင် မြင်သာအောင် ပြာလဲ့လဲ့လင်းပါ၏။

ဝီစကီပုလင်းမှာ သူတို့ယူလာသော ပုလင်းဖြစ်သည်။ ဖန်ခွက်တွေကိုတော့ အောင်စိုးမိုး ကြောင်အိမ်ထဲမှ ယူသုံးခြင်းဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးသည် ကျန်းမာရေးနှင့်ကာယလေ့ကျင့်ခန်း မှန်မှန်ယူသူမို့ အရက်ကိုရှောင်သည်။ အောင်စိုးမိုးအိမ်တွင် အရက်မရှိ။

စီးကရက်တော့ အောင်စိုးမိုး သောက်သည့်အခါ သောက်သည်။ အလိပ် ၂၀ ဖင်စီခံ ဒူးယားတစ်ဘူးကို အောင်စိုးမိုး ငါးရက်လောက်သောက်သည်။

"လာဗျာ ... ကိုအောင်စိုးမိုး၊ ခင်ဗျားကို စောင့်နေတာဗျ"

သူတို့ထဲမှ ခေါင်းဆောင်သူက ရယ်ရယ်မောမော လှမ်းခေါ်သည်။

အောင်စိုးမိုးကလည်း မီးချောင်းခလုတ်ကို ဖွင့်လိုက်သည်။ တစ်ဦးကိုတစ်ဦး သဲကွဲစွာမြင်ရပါ၏။

သိပ်သေချာသည်မှာ ဤလူသုံးယောက်စလုံးကို အောင်စိုးမိုးသည် ရှေးမဆွက လုံးဝမသိဘူး၊ မမြင်ဘူးခြင်းဖြစ်ပါ၏။

"အင်း ... ခင်ဗျားတို့ကပဲ ကျုပ်အိမ်သော့တုနဲ့ ဖွင့်ဝင်ပြီး ကျုပ်ကိုတောင် ဧည့်သည်ဖိတ်သလို ဖိတ်နေသေးတယ်လား"

"အေးဗျာ ကိုအောင်စိုးမိုးကို ညှိနှိုင်းတိုင်ပင်စရာလေးရှိလာလို့ ဒီအိမ်ထဲကပဲ စောင့်နေရတာ"

အောင်စိုးမိုးသည် ဝင်မထိုင်သေးဘဲ ဦးစွာ မိမိကို ဖိတ်ခေါ်နေသည့် ခေါင်းဆောင်ဖြစ်ဟန်တူသူကို အကဲခတ်ကြည့်ရှုလိုက်သည်။



နည်းနည်းစာတတ်ပုံရသည်။ အသားဖြူပြီး သွယ်သည်။ လူရည်မွန်တစ်ဦးဟု သတ်မှတ်နိုင်သည်။

ကျန်နှစ်ယောက်မှာ နေ့စဉ်လမ်းပေါ်တွင် တွေ့နေကျသူလို ငါလို လူမျိုးဟု သတ်မှတ်နိုင်သည်။ ထူးထူးခြားခြား အသွင်မျိုးမရှိ။

"ခင်ဗျားတို့ ဘယ်သူ ဘယ်ဝါတွေမှန်း ကျုပ် မသိဘူး၊ တကယ်လို့ ကျုပ်နဲ့ဆွေးနွေးစရာရှိတယ်ဆိုတောင် ခင်ဗျားတို့ရဲ့ အပြုအမူတွေကို ကျုပ်မနှစ်သက်လို့ ဘာမှ မဆွေးနွေးချင်ဘူး၊ ဘယ့်နှယ် သူတစ်ပါးအိမ်ကို တိတ်တိတ်ခိုးဝင်ရုံမကဘူး အရက်ဝိုင်းတောင်ဖွဲ့နေသေးတယ်"

"ခွင့်လွှတ်ပါ ကိုအောင်စိုးမိုး၊ အထင်ကရ ဆွေးနွေးကြပါစို့လို့ ခွင့်တောင်းပြီး ဆွေးနွေးရင် ကိုအောင်စိုးမိုးက လက်မခံဘူးဆိုပြီး ရှောင်ထွက်သွားနိုင်တယ်လေဗျာ"

"အခုလည်း ကျုပ်က ခင်ဗျားတို့ ဆွေးနွေး မှာကို ငြင်းထားတာပဲ"

"ဘယ်ရမလဲ ကိုအောင်စိုးမိုး၊ အခု ကျုပ်တို့က သုံးယောက်တောင်ပဲလေ၊ အပိုင်ကို ဆွေးနွေးမှာ၊ ကိုအောင်စိုးမိုး လက်ကိုလက်ခံရမယ်လေ"

အောင်စိုးမိုး ပခုံးတွန့်လိုက်သည်။

"အဲ ... အရက်သောက်နေမိတာကတော့ ကိုအောင်စိုးမိုး မလာမချင်း စောင့်ရမှာဆိုတော့ ဒီအတိုင်းစောင့်နေမယ့်အစား အရက်သောက်ရင်း စောင့်ကြမယ်ဆိုတဲ့သဘောနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဖွဲ့နေမိတာပါ၊ ကိုအောင်စိုးမိုးက အေးအေးဆေးဆေး ညစာစားလောက်ပြီးမှ အိမ်ကိုပြန်လာမှာ မဟုတ်လား၊ ညစာမစားခင် တစ်အိမ်အိမ်မှာ သွားလည် စကားလက်ဆုံကျချင်လည်း ကျဦးမယ်လေဗျာ၊ ကဲ ... ထိုင်ပါ ကိုအောင်စိုးမိုး"

အောင်စိုးမိုးအနေနှင့် အခြေအနေအရ မည်သည့်ကုလားထိုင်တွင် ထိုင်သင့်သလဲဟု ကြည့်လိုက်သည်။

အကင်းပါးသော ခေါင်းဆောင်က သူ့တပည့်တွေကို ညင်သာစွာပင် ပြောလိုက်ပါ၏။

"ကဲ ... မင်းတို့နှစ်ယောက် နေရာယူထားကြစမ်း၊ နည်းနည်းလည်း ပါးနပ်ကြဦးမပေါ့"

တပည့်နှစ်ယောက်သည် ချက်ချင်း နေရာမှ ထ,ကာ တစ်ယောက်က တံခါးပေါက်ဆီသွားပြီး တံခါးကို ကျောပေးကာ ရပ်နေလိုက်သည်။

ထွက်ပေါက်ပိတ်လိုက်ခြင်းပင်။

နောက်တစ်ယောက်က တယ်လီဖုန်းစင်နားရှိ ပြတင်းပေါက်တွင် သွားရပ်နေသည်။

ပြတင်းပေါက်မှ ပြင်ပသို့ အကဲခတ်နိုင်သည်တစ်ကြောင်း၊ အောင်စိုးမိုး တယ်လီဖုန်းမဆက်စေရန်တစ်ကြောင်း ထိုနေရာသို့ သွားယူထားခြင်းဖြစ်မည်။

မိမိမလာမီကတည်းက မိမိနှင့် ဆွေးနွေးလျှင် ဤသို့နေရာယူထားရမည်ဟု တိုင်ပင်ထားလာ်းမပြောတတ်။



အောင်စိုးမိုးက ခေါင်းဆောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ရင်း ...

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ကျုပ်ကို ဘာဆွေးနွေးချင်တာလဲ"

"အကြမ်းဖျဉ်းပေါ့လေဗျာ၊ ကျုပ်နာမည် ကိုဇေယျ၊ ဟိုတံခါးပေါက်ကကောင်က ကိုကျော်ဆွေ၊ တယ်လီဖုန်းနားက ကောင်က ကိုရွှေဘလို့ပဲ ကိုအောင်စိုးမိုး မှတ်လိုက်ပေါ့"

"တစ်ခေတ်က နာမည်ကြီး ရုပ်ရှင်မင်းသားကြီးတွေရဲ့ နာမည်တွေပဲ"

သူ့ကိုသူ ကိုဇေယျဟုပြောသူက တဟဲ ဟဲရယ်လိုက်သည်။

"နာမည်ဆိုတာ ပုဂ္ဂိုလ်တစ်ဦးအတွက် ခေါ်ဖို့ ပြောဖို့ သင်္ကေတတစ်ခုပဲဗျာ၊ ကျွန်တော်တို့သုံးယောက်ရဲ့နာမည်ကို ကျွန်တော် ပြောသလိုသာ ခေါ်ပါ"

"ထားပါတော့ ကိုဇေယျ၊ ကျွန်တော်နဲ့ ဆွေးနွေးချင်တယ် ဆိုတာကကော"

"ဟဲ ဟဲ ... ဒီနေ့ နေ့ခင်း ၂ နာရီမှာ အောင်စိုးမိုးက ချောကလျာခိုင်ကို ကြားဖြတ် ထုတ်ယူသွားပုံကတော့ဗျာ တကယ့်ကို အံ့သြစရာရော၊ ချီးမွမ်းစရာပါပဲ၊ ဘယ်လိုမှ မျှော်လင့်မထားတာတစ်ခု ဖြုန်းခနဲဖြစ်သွားတာပဲ၊ ကိုအောင်စိုးမိုးရဲ့သတ္တိရော၊ အရှည်အဝေးရော တကယ်ပြောင်မြောက်တယ်လို့ ကျုပ်တို့က ချီးကျူးမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော် ... လက်စသတ်တော့ ကိုဇေယျတို့က ကိုအောင်ဟိန်းရဲ့လူတွေပေကိုး၊ ခင်ဗျားတို့ကို ကျုပ်က ပတ်သွားလို့ ခင်ဗျားတို့က မကျေမချမ်းနဲ့ လိုက်လာတာကိုး"

"အဟဲ့ ... ဘယ်ဆိုးလို့လဲ၊ ကိုအောင်စိုးမိုးက ကိုအောင်ဟိန်းကိုတောင် သိနေပြီကိုး၊ ကေန္တ ချောကလျာခိုင်က ကိုအောင်ဟိန်းအကြောင်း ပြောလိုက်ပြီနဲ့တူတယ်"

အောင်စိုးမိုးက ခေါင်းခါပြလိုက်သည်။

"ပန်းဆိုးတန်းဆိပ်ကမ်းမှာ သူ့ကို အန္တရာယ်ပေးချင်တဲ့သူတွေဟာ ကိုအောင်ဟိန်းတို့လူသိုက်ပဲလို့ ခိုင်က လွှတ်ခနဲပြောလိုက်တာကလွဲပြီး နောက်ထပ် ကိုအောင်ဟိန်းအကြောင်း ဘာမှမပြောတော့ဘူး"

"ကိုအောင်စိုးမိုးကို ကိုအောင်ဟိန်းဟာ ဘာဖြစ်လို့ ချော ကလျာခိုင်ကို အန္တရာယ်ပြုဖို့ ဖမ်းစီးဖို့ ကြိုးစားတာလဲလို့ ကော မမေးမိဘူးလား"

"မေးမိသားပဲ၊ ခိုင်က ဒါတွေနဲ့ပတ်သက်ပြီး သူ့ရဲ့ဖေဖေ ခွင့်ပြုချက်မရသမျှ ဘယ်သူ့ကိုမှ ဖွင့်မပြောနိုင်ဘူးလို့ အပြတ်ပြောတယ်"

"ဟဲ ဟဲ ... ကိုအောင်စိုးမိုးက ချောကလျာခိုင်ကို 'ခိုင်'လို့ တောင်ခေါ်နေပြီလား၊ မဆိုးဘူး၊ ဒီလောက်အချိန်တိုတို တောင်းတောင်းမှာ ဒီလောက်ထိ တိုးတက်တာလည်း ကိုအောင်စိုးမိုးကို ချီးကျူးရပြန်တယ်ဗျာ၊ အင်းလေ ...



ကိုအောင်စိုးမိုး ဥပတိရုပ်နဲ့ ဟန်ပန်အမူအရာ၊ အပြောအဆိုတွေကလည်း ယောကျ်ားချင်းတောင် နှစ်သက်စရာဆိုတော့ ချောကလျာခိုင်လည်း ပုထုဇဉ်မိန်းမသားအပျိုလေးပဲ ... ဟဲ ဟဲ"

"သိပ်လည်း အထင်မကြီးနဲ့ ကိုဇေယျ၊ ခိုင်က သူ့နာမည် ရှည်ရှည်လျားလျားခေါ်ရတာကို အားနာလို့ တခြားရင်းနှီးတဲ့သူတွေခေါ်သလို 'ခိုင်'လို့ခေါ်ရင် ရပါတယ်ပြောလို့ ကျုပ်က 'ခိုင်'လို့ခေါ်တာ"

"ဒါပေါ့ဗျာ၊ ဒီနေ့ ဒီလောက်အချိန်လေးမှာတော့ ဘယ်မိန်းကလေးမျိုးက ချစ်ပါတယ် မောင့်ကိုဆိုတာမျိုးရှိပါ့မလဲ၊ နောက်ပြီး ချောကလျာခိုင်က တခြားယောကျ်ားလေးတွေနဲ့ ပတ်သက်လာရင်တော့ တော်တော်ကြီးကို အသည်းမာတယ်ဗျ၊ သူ့ကိုချဉ်းကပ်သမျှ ကန်တော့ဆွမ်းပါဘုရားချည်းပဲ၊ အဲ ... ကိုအောင်စိုးမိုးလိုလူဆိုတော့ ..."

ကိုဇေယျက စကားကို အဆုံးသတ်အောင်မပြောဘဲ ချန်ထားလိုက်သည်။

"အင်း ... အဲဒါတွေ ခဏဖယ်ထားဦးလေ၊ ယနေ့ညနေ ကိုအောင်စိုးမိုး ချောကလျာခိုင်ရဲ့အိမ်ကို ရောက်သွားတာပဲ၊ ချောကလျာခိုင် ကိုယ်တိုင်ရော၊ သူ့အဖေ ဦးမောင်မောင်ခိုင်ရော ကိုအောင်စိုးမိုးကို ကျေးဇူးအရမ်းတင်ကြမှာပေါ့ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ကြသားပဲ"

"ဒါဆို ချောကလျာခိုင် စွန့်စွန့်စားစားနဲ့ ပန်းဆိုးတန်းဆိပ်ကမ်းက ရယူသွားတဲ့ စာအိတ်ညိုကိစ္စကို ပြောမပြဘူးလား"

အောင်စိုးမိုးက သူ့အကျင့်အတိုင်း ပခုံးတွန့်ပြလိုက်သေးသည်။

"တကယ်လို့သာ သူတို့ရဲ့မန်နေဂျာ ကိုသစ္စာဆိုတဲ့လူ အဲဒီအချိန်မှာ ရှိမနေရင်တော့ သူတို့ကိစ္စကို ဖွင့်ပြောမလား မသိဘူး၊ ကိုသစ္စာဆိုတဲ့လူက အချိန်တော်တော်ကြာတဲ့အထိ အတူရှိနေတယ်၊ ကိုသစ္စာ ပြန်သွားမှ ကျုပ်ကယ်တင်လာတဲ့ အကြောင်း၊ ဇာတ်လမ်းရှည်ကြီးကို ခိုင်က သူ့အဖေကိုပြောပြတယ်၊ အဲဒါကပဲ တစ်နာရီနီးပါးကြာတယ်၊ မှောင်စပျိုးသွားတယ်၊ ဒီတော့လည်း သူတို့ကိစ္စ ထပ်ပြီးပြောချိန်မရတာလည်းဖြစ်မယ်၊ သူတို့အိမ်က ဒေါ်နန္ဒာဆိုတဲ့အမျိုးသမီးကြီးက ညစာထမင်းစားဖို့ လာပြောတာကို၊ နောက်တစ်ချက်က သူတို့ရဲ့အတွင်းရေးလျှို့ဝှက်ချက်ကြီးက သိပ်ကြီးပြီး ကျုပ်နဲ့ တွေ့ဆုံသိကျွမ်းတဲ့အချိန်က သိပ်သေးငယ်နေလို့ သူတို့ကိစ္စ ကျုပ်ကို ဖွင့်မပြောတာလည်း ဖြစ်နိုင်တာပဲ"

"ကိုအောင်စိုးမိုးကို ညစာအတူထမင်းစားဖို့ မခေါ်ကြဘူးလား"

"သိပ်ခေါ်ကြတာပေါ့၊ ဖအေရော၊ သမီးရော လိုက်လိုက်လှဲလှဲခေါ်ကြပါတယ်၊ ဒါပေမဲ့ ကျုပ် ခွတ်ထွက်လာခဲ့တယ်၊ နာရီပိုင်းလောက်စပြီး သိကျွမ်းရတဲ့အိမ်မျိုးမှာ ကျုပ် ထမင်းဝင်စားဖို့ သိပ်ဝန်လေးလို့ပဲ"



ကိုဇေယျဆိုသူသည် မျက်နှာကျက်ဆီသို့ **မော့ပြီး** လေပူပြင်းတစ်လုံး မှုတ်ထုတ်လိုက်သည်။

"ကိုအောင်စိုးမိုး ပြောပြတာတွေဟာ လိမ်ညာတာမဟုတ်မှန်း ကျုပ် ယုံကြည်ပါတယ်"

"မယုံကြည်တော့ရော၊ ခင်ဗျားက ဘာလုပ်ချင်သေးလဲ"ဟု အောင်စိုးမိုးက မေးလိုက်ချင်မိသည်။

ကိုဇေယျ ပြောပုံဆိုပုံတွေက ရဲက"တရားခံကို စစ်ဆေးသည့်မျက်နှာမျိုး။

သို့မဟုတ် ကျောင်းဆရာက တပည့်ကို မေးခွန်းတွေမေးနေသည့်ပုံစံမျိုး။

ခံပြင်းစရာကောင်းလှသည်။

သို့သော် အောင်စိုးမိုးက မမေးဖြစ်ပါလေ။ အခြေအနေနှစ်ရပ်ကြောင့် မမေးဘဲ ငြိမ်ခံနေလိုက်ခြင်းဖြစ်သည်။

ပထမတစ်ရပ်မှာ ယနေ့ ချောကလျာခိုင်နှင့် အမှတ်မထင်ကယ်တင်တွေ့ဆုံခဲ့ပြီးနောက် ထပ်မံတွေ့ဆုံရန် မလိုတော့သောကြောင့် သူတို့ကိစ္စဟာဖြစ်ဖြစ် ကိုယ်နှင့်မဆိုင်နေလိုက်လို့ရသည်။

ဒုတိယတစ်ရပ်မှာ ယခု ကိုဇေယျ၊ ကိုရွှေဘကိုကျော်ဆွေနှင့် တွေ့ဆုံခြင်းသည် ပြီးလျှင်ပြီးသွားလိမ့်မည်ဟု အောင်စိုးမိုး တွက်ဆသည်။ ယခု ကိုဇေယျမေးသမျှသည် ခိုင်တို့ကိစ္စသာဖြစ်နေသည်။ ခိုင်နှင့်မိမိ ထပ်မံမပတ်သက်လျှင် နောက်ထပ် ကိုဇေယျတို့ကလည်း မိမိကို ပတ်သက်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ယခု မိမိက ခံပြင်းစိတ်ဖြင့် ဘုပြော၊ သောက်ပြော၊ ပြန်ပြော၍ ပဋိပက္ခတွေ ဖြစ်လာလျှင် အလကားသံသရာရှည်တော့မည်။

နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ခဏတဖြုတ် ငြိမ်နေကြသည်။

"ချောကလျာခိုင်ဟာ တော်တော်ကိုချော၊ တော်တော်ကို လှတယ်နော်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ့်ပန်းပု ရုပ်တုလို၊ အချိုးအဆစ်သိပ်ပြေ သိပ်ကြည့်ကောင်းတယ်၊ ဟုတ်ရဲ့လား ကိုအောင်စိုးမိုး"

"ကျုပ် မြင်ဖူးတွေ့ဖူးသမျှထဲမှာတော့ ခိုင်ဟာ ကိုဇေယျ ပြောသလိုပါပဲ"

"ဒါပေမဲ့ ချောကလျာခိုင်အကြောင်း ကျုပ်တို့သိသလောက်တော့ ချစ်သူရယ်လို့ တစ်ခါမှ မရှိဘူးသေးဘူးဗျ၊ သူ့ကို ချဉ်းကပ်သူတွေကတော့ တစ်ပုံကြီးပေါ့၊ ကုန်ကုန်ပြောရရင် ကိုအောင်စိုးမိုး တွေ့ခဲ့ပါတယ်ဆိုတဲ့ မန်နေဂျာချုပ် ကိုသစ္စာကဆို ချောကလျာခိုင်ကို လက်ထပ်ချင်တာ တစ်မိုင်းမရဘူး တစ်ကိုယ်လုံး သေမလောက်ပဲ၊ ဒါပေမဲ့ ချောကလျာခိုင်က ကိုသစ္စာကိုလည်း ကန်တော့ဆွမ်းပဲ၊ အဲဒီလို အဘက်ဘက်ကပြည့်စုံနေတဲ့ ချောကလျာခိုင်ကို ကိုအောင်စိုးမိုး ယောက်ျားသားတစ်ယောက်အနေနဲ့ စိတ်မဝင်စားဘဲ နေမလား"



"ခိုင့်ကို ကျွန်တော် စိတ်ဝင်စားလိုက်မိတာကို မငြင်းပါဘူး ကိုဇေယျ၊ ဒါပေမဲ့ အရာရာမှာ ကွာခြားနေတယ်ဗျာ၊ ခိုင်နဲ့ တွေ့ဆုံရတာကို ကျွန်တော်က အိပ်မက်လို့ပဲသဘောထားလိုက်တယ်၊ အိပ်မက်ဆိုတာ နိုးလာတာနဲ့ ဘာမှမရှိတော့ဘူးမဟုတ်လား၊ မေ့မေ့ပျောက်ပျောက်ပေါ့လေ၊ နောက်တစ်ကြိမ် ခိုင့်ကို ကျွန်တော် ထပ်တွေ့ဖို့ မကြိုးစားတော့ဘူး"

"ဘာလို့မကြိုးစားရမှာလဲ၊ ခင်ဗျားမှာ အရည်အချင်းတွေ အပြည့်နဲ့ပဲဟာ"

အောင်စိုးမိုးက ပြုံးလိုက်သည်။

"ကျုပ်မှာ အရည်အချင်းတွေ ရှိသလောက်ရှိတယ်ထား၊ ဒါပေမဲ့ ခိုင့်လိုမိန်းကလေးနဲ့ နီးစပ်ဖို့ ဘယ်လိုမှ ပေမမီတဲ့အရည်အချင်းက အဓိကပဲ ကိုဇေယျ"

"ဘယ်လို ပေမမီတဲ့ အဓိကလဲ"

"ငွေပေါ့ဗျာ ငွေပေါ့၊ ကျုပ်လက်ရှိအခြေအနေနဲ့ ခိုင်တို့ချမ်းသာတာနဲ့ဟာ မိုးနဲ့မြေ၊ အရှေ့နဲ့အနောက် ဘယ်တော့မှ မထိတွေ့နိုင်တဲ့ ကွာခြားမှုလေ"

"ဒါကတော့ ကိုအောင်စိုးမိုး စစ်မရောက်ခင် မြားကုန်လိုက်တာပဲ"

"ဆင်ကို လော်ကစာလုံးနဲ့ပစ်တာမျိုး မဖြစ်ချင်ဘူး ကိုဇေယျ"

"မဟုတ်သေးဘူး ကိုအောင်စိုးမိုး၊ ကျုပ်တို့အားလုံး သတင်းရပြီးပြီ၊ ချောကလျာခိုင်ဟာ သူဆက်ဆံသမျှယောက်ျားတွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကိုအောင်စိုးမိုးနဲ့ ဆက်ဆံတဲ့နေရာမှာ သိသိသာသာကြီး ထူးခြားနေတယ်တဲ့၊ ဥပမာ သူတို့အိမ်မှာ ညစာစားကြတော့မှာကို၊ သူ့အဖေကကော ချောကလျာခိုင်ကကော အတူစားဖို့ ခေါ်ကြတယ်တဲ့၊ ကိုအောင်စိုးမိုးက ဖွတ်ငြင်းတော့ ချောကလျာခိုင်က မျက်နှာမကောင်းဘူးတဲ့၊ မျက်စိပျက်မျက်နှာပျက်နဲ့ အစ်ကိုက တကယ့်လူတစ်မျိုးပဲလို့ ပြောသတဲ့၊ ကိုအောင်စိုးမိုးက ထမင်းမစားဘဲ ဖွတ်ပြန်သွားတော့ ချောကလျာခိုင်ဟာ ထမင်းဝိုင်းမှာ ဟိုလိုလို သည်လိုလို ခဏထိုင်ပြီး လက်ဆေးထသွားတယ်တဲ့၊ သူ့အဖေက မေးတော့ ..."

"စိတ်မောလူမောနဲ့မို့ စားလို့မရဘူး ဖေဖေ၊ ခိုင် ခဏနားပါရစေဆိုပြီး သူ့အိပ်ခန်းထဲ ဝင်သွားတယ်တဲ့၊ ဒါဆို ချောကလျာခိုင်ဟာ ကိုအောင်စိုးမိုးအပေါ် တန်ပြန် စိတ်ဝင်စားနေတာ သေချာလို့ပေါ့"

အောင်စိုးမိုးက ကိုဇေယျကို စူးစူးစိုက်စိုက်ပင် ကြည့်လိုက်သည်။

ကိုဇေယျသည် ယနေ့ညနေ မိုးချုပ်ပိုင်းလေးတွင် ဖြစ်ခဲ့သမျှကို ဘယ်လို သိနေသနည်း။

"နေပါဦး၊ ကိုဇေယျက သိလှချည်လား၊ နတ်မျက်စိရနေလို့ ခင်ဗျားကွယ်ရာမှာ ဖြစ်နေတာကို သိမြင်နေတာလား"

"ဟဲ ဟဲ ... ဘယ်က နတ်မျက်စိရှိမှာလဲဗျာ၊ သူတို့အိမ်မှာ ဦးအောင်ဆိုတဲ့ လူကြီးက အရက်သမားပဲဟာ၊ သူ့ဗိုက်ထဲ



အရက်တွေလောင်းထည့်ပေးလိုက်ရင် သူ့ပါးစပ်က အသံတွေ ပြန်ထွက်လာတာပဲဟာ"

အင်း ... ဟုတ်လောက်ပါ၏။

မိမိကို ညစာထမင်းအတူစားဖို့ ခေါ်နေစဉ်မှာပင် ဦးအောင်ရောက်လာပြီး ခိုင်နှင့် သူမ၏ဖေဖေအား ကားဖြူကြီး ပြန်ယူလာခဲ့ပြီဖြစ်ကြောင်း၊ ဘာတစ်ခုမှ အပျောက်အရှမရှိကြောင်း၊ ကျိုင်ဝါယာကျွတ်၍ နိုးမရခြင်းဖြစ်ကြောင်း စသည်ဖြင့် လာပြောသည်ကို အောင်စိုးမိုး သတိရလိုက်သည်။

ဦးအောင်နှင့် ခိုင့်ဖေဖေ ဦးမောင်မောင်ခိုင် စကားပြောနေစဉ်မှာပင် အောင်စိုးမိုးက ဖွတ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဒီနောက် ထမင်းဆိုင်ဝင်ပြီး စားသောက်ပြီးမှ မိမိအိမ်ပြန်ခဲ့ခြင်းဖြစ်ပါ၏။

"ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းသံ ထွက်လာသည်။

ကိုဇေယျက ချက်ချင်းပင် တယ်လီဖုန်းဘေးမှ ရွှေဘအမည်ပေးထားသည့် သူ့တပည့်ကို လှမ်းအော်လိုက်သည်။

"ဟေ့ကောင် အောင်မြ၊ ဖုန်းမြည်နေတာ ကောက်ယူပြီး ဘေးချထားလိုက်ပါလား၊ ဘာမှ အသုံးမကျတဲ့ကောင်၊ ဒီမှာ စကားပြောနေတယ်မဟုတ်လား"

ဆရာ့အမိန့်အတိုင်း ဖုန်းဘေးရှိ ရွှေဘအမည်ခံတပည့်သည် ဖုန်းကိုကောက်ယူပြီး ဘေးချထားလိုက်သည်။

အောင်စိုးမိုး ထိုင်ရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ထိုင်ပါ ကိုအောင်စိုးမိုး"

"ဘာလို့ ထိုင်ရမှာလဲ၊ ကျုပ်အိမ်ကို လာတဲ့ဖုန်းဟာ ကျုပ်ရဲ့ ကိုယ်ပိုင်ကိစ္စ၊ ကိုယ်ပိုင်အခွင့်အရေးပဲဟာ"

"မှန်ပါတယ်၊ ဒါပေမဲ့ ပြန်ထိုင်ပါ"

"မထိုင်ဘူးဆိုရင်ကော"

ကိုဇေယျသည် သူ့ဂျာကင်ဇစ်ကို ဆွဲချလိုက်ပြီး သေနတ်ကို ထုတ်ယူလိုက်သည်။

"ပြန်ထိုင်ပါ ကိုအောင်စိုးမိုး"

အောင်စိုးမိုးက မထိုင်သေးဘဲ တယ်လီဖုန်းရှိရာသို့ လှမ်းကြည့်နေသည်။

ကိုဇေယျက သေနတ်ကိုထုတ်လိုက်သည်နှင့် တံခါးကို ကျောမှီထားသော ကိုကျော်ဆွေအမည်ခံ တပည့်ကလည်း သူ့ကုတ်အင်္ကျီအောက် ခါးကြားထိုးထားသော သေနတ်ကို ထုတ်ယူလိုက်ပြန်သည်။

ဖုန်းနားမှ ရွှေဘာကတော့ ဖျောက်ခနဲ မောင်းပြန်ခံား ကို ခလုတ်ဖွင့်လိုက်သည်။

သေနတ်နှစ်လက် ခားနှစ်လက်ဖြင့် လူသုံးယောက်။

မိမိက လက်နက်မဲ့ တစ်ယောက်တည်း။

"ပြန်ထိုင်ပါ ကိုအောင်စိုးမိုး၊ ဒါပါနဲ့ဆိုရင် တယ်လီဖုန်းမြည်တာ သုံးခါရှိပြီ၊ ကိုအောင်စိုးမိုး ရောက်မလာခင်က နှစ်ခါမြည်ပြီးပြီ"



"ကျုပ်မှာ အလုပ်ကိစ္စနဲ့ ပတ်သက်တာတွေရှိနေတယ်၊ ဖုန်းဆက်တာ ကျုပ်ရဲ့ဝင်ငွေကိစ္စနဲ့ပတ်သက်နိုင်တယ်"

"ထားလိုက်စမ်းပါ၊ ကိုအောင်စိုးမိုးရဲ့ဝင်ငွေကိစ္စက မသကာ တစ်ရာမျိုး၊ နှစ်ရာမျိုး၊ တစ်ထောင်မျိုး နှစ်ထောင်မျိုး ကိစ္စလောက်ရှိမှာပါ၊ ကျုပ်နဲ့ ဆက်ဆွေးနွေးပြီးရင် ဒီထက် အဆပေါင်းအများကြီး ကိုအောင်စိုးမိုးမှာ အကျိုးရှိမှာပါ၊ ကျုပ်ပြောနေတယ် ပြန်ထိုင်ပါ"

အောင်စိုးမိုး အခြေအနေကို သုံးသပ်သည်။ မိုက်စိတ်ဖြင့် မာန်ကြီးပြီး တောင်ကြီးဖြိုရန်အတွက် ခါးမသန်သောအခြေအနေ ရောက်ရှိနေသည်။

လူလိမ္မာစိတ် မွေးလိုက်ပါ၏။

အောင်စိုးမိုး ပြန်ထိုင်သည်။

"ဘယ်လိုလဲ ကိုဇေယျ၊ ခင်ဗျားတို့က လက်နက်ကိုယ်စီနဲ့ ကျုပ်ကို အေးခားပြဝင်တိုက်နေတာလား"

"ဒီလိုမတွက်ပါနဲ့ ကိုအောင်စိုးမိုး၊ လုပ်ငန်းတစ်ခု လာညှိနှိုင်းတာပါ၊ အခြေအနေတင်းမာလာရင်တော့ မလိုလားအပ်တဲ့ အကြမ်းဖက်မှုလေးတွေ ပါဝင်လာနိုင်တာပေါ့"

"ဒါဆိုလည်း ဆက်ပြောပေါ့ဗျာ"

"အင်း … ပြောဆို ချောကလျာခိုင် ပြန်စရမှာပဲ၊ ချောကလျာခိုင်ဟာ ရုပ်ချောတယ်၊ ကိုယ်လုံးကိုယ်ထည် ခြိမ့်ကစရာကောင်းအောင် ကြည့်ကောင်းတယ်၊ တက္ကသိုလ်ကျောင်းသူဖြစ်တယ်၊ ဖအေက ကျိကျိတက်ချမ်းသာတယ်၊ အမွေ

www.burmeseclassic.com

www.burmeseclassic.com



**ဆက်ခံမှာ** ချောကလျာခိုင်တစ်ယောက်တည်းရယ်၊ ပြီးတော့ **အနေအထိုင်** သိမ်မွေ့ပြီး သဘောထားလေးကောင်းတယ်၊ ဖြီးလိမ်းခြယ်သမှုမလွန်ကဲဘဲ များသောအားဖြင့် မြန်မာအမျိုးသမီးပီသတယ်"

"အာရိုရို ... အဲဒီလောက် အရည်အချင်းတွေ ပြည့်စုံမှန်း ကနေ့မှ သိကျွမ်းမြင်ဖူးတဲ့ ကျုပ်က အားလုံးမသိတာတော့ အမှန်ပဲ"

"အားလုံးကို မသိတာတောင် ကိုအောင်စိုးမိုးကို ချောကလျာခိုင်ကို စိတ်ဝင်စားမိတယ်မဟုတ်လား"

"ဆိုပါတော့၊ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ဝန်ခံပါတယ်ပေါ့ဗျာ"

"ဆက်ပြောပြဦးမယ်၊ ချောကလျာခိုင်ဟာ ကျောင်းမှာရော အပြင်မှာရော မိဖုရားမြှောက်ချင်နေတဲ့သူတွေ စာရင်းမှတ်လို့မကုန်နိုင်ဘူး၊ အဲ ... ခုန ခင်ဗျားပြောတဲ့ ကိုအောင်ဟိန်းဆိုတဲ့လူရော၊ မန်နေဂျာချုပ် ကိုသစ္စာဆိုတဲ့လူရော အပါအဝင်ပေါ့ဗျာ၊ ဟဲ ဟဲ ... ဒါပေမဲ့"

စကားကို ခဏရပ်ပြီး သူ့အိတ်ထဲမှ စီးကရက်ဘူး ထုတ်ယူမီးညှိဖွာရှိုက်သည်။

စီးကရက်ဘူးကို သောက်မလားဟု အဓိပ္ပာယ်သဘောဖြင့် အောင်စိုးမိုးကို ထောင်ပြသည်။ အောင်စိုးမိုးက ခေါင်းခါပြလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ"



"ပြောပြီးသားစကားပဲပေါ့ဗျာ၊ အားလုံးဟာ ချောကလျာခိုင်ရဲ့ ကန်တော့ဆွမ်းထဲ အားလုံးပါသွားတယ်၊ ဒီမယ် ကိုအောင်စိုးမိုး"

"ပြောပါ နားထောင်နေသားပဲဟာ"

"ချောကလျာခိုင်ဟာ သူ့အဖေ သံယောဇဉ်သိပ်ရှိတဲ့ မိန်းကလေး၊ သူ့အဖေ ဒုက္ခိတကို သိပ်ညှာလို့ သူဟာ အိမ်ထောင်ရေးကို အလေးအနက် ထည့်မစဉ်းစားတာလည်း ပါတယ်၊ သူ့မှာ အရာရာပြည့်စုံနေတယ် မဟုတ်လား၊ အိမ်ထောင်ပြုပြီးမှ လင်ရဲ့ဝင်ငွေကို အားကိုးရတာမျိုးမှ မဟုတ်တာ၊ သိပ်ချမ်းသာတာ၊ သိပ်ရာထူးဂုဏ်ရှိတာတွေကို လက်ထပ်ရင် မာန်မာနတွေနဲ့ သူ့ရဲ့ဒုက္ခိတဖအေအပေါ် မလေးမစားဖြစ်မှာတွေကို ထည့်တွက်တာလည်းပါမယ်၊ အဲ ... နောက်တစ်ချက် အဓိက အကျဆုံးကတော့ ..."

ကိုဇေယျ စီးကရက်ဖွာပြန်သည်။ စီးကရက်သာမက ဒန်ခွက်ထဲရှိ လက်ကျန်ဝီစကီကိုပါ မော့နေသေးသဖြင့် စကားရပ်ထားပြန်သည်။

အောင်စိုးမိုးအဖြစ်ကလည်း အမဲသားကြိုက်သူကို နွားအကြောင်းလာပြောနေသလို ခိုင့်အကြောင်းမို့ နားထောင်ရတာ မငြီးငွေ့ဖြစ်နေသည်။

ထို့ပြင် ...

www.burmeseclassic.com

www.burmeseclassic.com



ဤကိုဇေယျသည် ခိုင့်အကြောင်းနှင့် ခိုင်တို့အိမ်အကြောင်း သိလှချည်လားဟု အံ့ဩရင်း ဤသို့ ကိုဇေယျ သိနိုင်သည်မှာ ဦးအောင်၏ ဖောက်သည်ချချက်တွေ ဖြစ်မည်ဟုလည်း စိတ်တွင် ထပ်မံမှတ်ယူမိပြန်သည်။ အကြောင်းမူ ကျောင်းပို့ ကျောင်းကြို၊ ဈေးပို့ ဈေးစောင့်မှန်သရွေ့ ခိုင့်ကိုလိုက်ပြီး ကားမောင်းပို့ရသော ဦးအောင်သည် ခိုင့်အကြောင်းအားလုံး သိရခြင်း ဖြစ်နိုင်သည်။

"ဒါပေမဲ့ ချောကလျာခိုင် ဒီနေ့ စိတ်တွေ အရမ်းလှုပ်ရှားသွားတယ်၊ ကိုအောင်စိုးမိုးဟာ ခိုင့်အမြင်မှာ တကယ့်ရောမသူရဲကောင်းကြီးလို့ အထင်ကြီးမြတ်နိုးသွားတယ်၊ အသည်းတထိတ်ထိတ်နဲ့ မော်တော်ဆိုင်ကယ်နောက်က ကိုအောင်စိုးမိုးရဲ့ပခုံးကိုကိုင် ခါးကိုဖက်လိုက်ရတာဟာ ချောကလျာခိုင်မှာ အင်မတန် စိတ်လှုပ်ရှားရတဲ့ အတွေ့အကြုံ အသစ်အဆန်းဖြစ်သွားတယ်၊ ဒါကြောင့် ဘယ်သူတစ်ယောက်ကိုမှ မခေါ်ဘူးတဲ့ 'အစ်ကို'ဆိုတဲ့နာမ်စားကလေးနဲ့ ကိုအောင်စိုးမိုးကို ခေါ်တယ်"

ဝါးခနဲ အောင်စိုးမိုးက သမ်းဝေပြလိုက်သည်။

"အခု ကိုဇေယျပြောသမျှတွေဟာ ခိုင့်ရဲ့ ဟိမဝန္တာချိုးမွမ်းခန်းတွေချည်းပဲ၊ အစပိုင်းတော့ နားထောင်ကောင်းပါတယ်၊ အပ်ကြောင်းထပ်လာတော့လည်း ကျုပ်အိပ်ချင်ပြီဗျာ၊ ခုချိန်ထိ ခင်ဗျား ဘာလို့ ကျုပ်ဆီလာတယ်ဆိုတာ ကျုပ် မစဉ်းစားမိသေးဘူး၊ နားမလည်သေးဘူး"



"ချောကလျာခိုင်ရဲ့အကြောင်းတွေ၊ တကယ့်အရည်အသွေးတွေ ပြောနေတာက ကိုအောင်စိုးမိုးအနေနဲ့ ချောကလျာခိုင်ရဲ့အပေါ် စိတ်ဝင်စားသည်ထက်ပိုပြီး စိတ်ဝင်စားစေချင်လို့ပါ"

"အလဲ ... ကိုဇေယျက နေရင်းထိုင်ရင်း ကျုပ်ကို ဘာလို့ ခိုင်နဲ့ အရမ်းပစ်သဘောတူနေပါလိမ့်"

"ခိုင်နဲ့ သဘောတူရုံမကဘူး၊ ကိုအောင်စိုးမိုးနဲ့ ခိုင့်ကို စွံသွားရင် ကျုပ်က ငွေငါးသောင်းတောင်ပေးဦးမှာ"

"ငါးသောင်း ဟုတ်လား၊ အာပါးပါး ... ကျုပ်အဖို့တော့ မနဲ့မနောငွေပါလား"

"သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့ကိန်းမျိုးပေါ့၊ ချောကလျာခိုင်ကိုလည်းရမယ်၊ ငွေငါးသောင်းလည်းရမယ်၊ အခု ပူပူနွေးနွေးအချိန်မှာ ချောကလျာခိုင် စိတ်အဝင်စားဆုံး အမျိုးသားဟာ ခင်ဗျားတစ်ယောက်တည်းပဲ ကိုအောင်စိုးမိုး ခင်ဗျား ဆက်ပြီးကြိုးစားတာနဲ့ ချောကလျာခိုင်ဟာ ခင်ဗျားကို လက်ခံမှာ တစ်ထစ်ချပဲ"

တစ်ထစ်ချပဲဟု အောင်စိုးမိုး ရင်ထဲမှ တန်ပြန်ရေရွတ်လိုက်မိသည်။

"ထားပါတော့လေ၊ တကယ်လို့ ခိုင်က ကျုပ်ကို လက်ထပ်တဲ့အထိ လက်ခံပြီဆိုပါတော့၊ အဲဒီအတွက် ကိုဇေယျတို့မှာ ဘာအကျိုးရှိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျသည် သူ၏ဘေးကြမ်းပြင်တွင် ချထားသော ဘရိ(ဖ်)ကေ့(စ်)ကို ဆွဲယူကာ ပေါင်ပေါ်တင်လိုက်ပြီး ကေ့(စ်)ကို ဖွင့်လိုက်သည်။

အထဲမှ အသင့်စည်းနှောင်ထားသော ငွေစက္ကူထုပ်ကို အောင်စိုးမိုး ရှေ့သို့ ချပေးပြီး ကေ့(စ်)ကို ပြန်ပိတ်ကာ ကြမ်းပြင်တွင် ပြန်ထားလိုက်သည်။

"ငွေတစ်သောင်းတိတိပဲ၊ စရံပါ၊ ချောကလျာခိုင်ကို ကိုအောင်စိုးမိုး လက်ထပ်တဲ့နေ့မှာ နောက်ထပ်ငွေလေးသောင်းပေးမယ်"

"စေတနာမေတ္တာနဲ့ မင်္ဂလာလက်ဖွဲ့တာတော့ မဟုတ်တန်ကောင်းပါဘူးနော်"

"ဒီခေတ်ကြီးမှာ သွေးမတော်သားမတော်နဲ့ သူစိမ်းသက်သက်တစ်ဦးက ဘယ်မင်္ဂလာဆောင်မျိုးကို ငွေငါးသောင်းလက်ဖွဲ့မှာတဲ့လဲဗျာ၊ ကိုအောင်စိုးမိုးက ကျုပ်တို့ကို အလုပ်တစ်ခုတော့ ပြန်လုပ်ပေးရမှာပေါ့"

"ဘယ်လိုအလုပ်လဲ"

"အဲဒါကတော့ ချောကလျာခိုင်နဲ့ ခင်ဗျား လက်ထပ်ပြီးမှ ကျုပ်က ခင်ဗျား ဘာတွေလုပ်ရမယ်ဆိုတာ ညွှန်ကြားမယ်"

"အဲဒီညွှန်ကြားမယ့်အလုပ်က ခိုင်နဲ့ ပတ်သက်နေလား"

"အခုက သူ့အဖေ ဦးမောင်မောင်ခိုင်နဲ့ တိုက်ရိုက်ပတ်သက်တဲ့အလုပ်ပဲ၊ အဲဒီအချိန်မှာ ခင်ဗျားက အဘိုးကြီးရဲ့ သမက်၊ အတွင်းလူဖြစ်သွားပြီလေ၊ လုပ်ရမှာ မခက်ခဲပါဘူး"



"ဩော် ... ဩော် ... အဲဒီအလုပ်ကို လုပ်စေချင်လို့ ခိုင့်ကို ကျုပ်က လက်ထပ်ရမယ်၊ ဒီလို လက်ထပ်တဲ့အတွက် ကိုဇေယျက ကျုပ်ကို ငွေငါးသောင်းပေးပြီး လုပ်ခိုင်းမယ် ဒီလိုလား"

"ကိုအောင်စိုးမိုးဘက် အမြတ်ကြီးပါ၊ အင်မတန် နှစ်လိုဖွယ်ကောင်းတဲ့ အမျိုးသမီးကိုလည်းရတယ်၊ နောင်တစ်နေ့ ဦးမောင်မောင်ခိုင် ချမ်းသာသမျှ သိန်းပေါင်းများစွာကိုလည်း ချောကလျာခိုင်က ဆက်ခံရမယ်ဆိုတော့ ခင်ဗျားလက်ထဲ ရောက်လာတာနဲ့ အတူတူပဲ၊ ကျုပ်တို့ကလည်း အပိုကြေး ငါးသောင်းပေးသေးတယ်၊ လောကကြီးမှာ ဒီလောက်အမြတ်အစွန်းရတဲ့အလုပ်မျိုး ရှာကြည့်၊ ထမင်းထုပ်သိုးမယ်၊ ဘယ်မှာရှာလို့ရမလဲ"

"အင်မတိအင်မတန် အမြတ်အစွန်းကြီးမားတယ် ထားပါဦး၊ ကျုပ်က ဒီပုံစံနဲ့ဆိုရင် ကူတ္တိုယသိုက်သမားဖြစ်မသွားဘူးလား ကိုဇေယျ"

"ဟဲ ဟဲ ... မြန်မာတွေပြောလေ့ရှိကြပါတယ်၊ အဟာမ်းပျင်းတယ်ဆိုတာ နာမည်သာဆိုးတာ၊ လူအင်မတန်သက်သာတာပဲ ဆိုတဲ့စကားလေ၊ အခုလည်း ဘာထူးလဲ၊ ကူတ္တိုယသိုက်သမားဆိုတာ နာမည်သာဆိုးတာ၊ ကိုအောင်စိုးမိုးအတွက် အလွန်ကြီးမားတဲ့ စုတ်လာဘ်ရလိုက်တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ် ကိုဇေယျ၊ ကျွန်တော် ခင်ဗျားပေးတဲ့ ငွေကို လက်မခံပါဘူး"

"ခင်ဗျား ရူးနေသလား၊ ဒီအခွင့်အရေးမျိုး ဒီတစ်သက် မပြောနဲ့ ခင်ဗျား ဆယ်သက်မှာတောင် မရနိုင်ဘူး၊ အခု ဟာက ချောကလျာခိုင်က ခင်ဗျားအပေါ် တိမ်းညွတ်မှု အလားအလာတွေ သိပ်ကောင်းနေလို့ ကျုပ်တို့က ခင်ဗျား ကို ရွေးရတာ၊ နောက်ပြီး ခင်ဗျားကိုယ်တိုင် ချောကလျာ ခိုင်အပေါ် စိတ်ဝင်စားနေမှန်း ကျုပ်တို့ ရိပ်မိလို့"

"ဒီမယ် ကိုဇေယျ၊ ခိုင့်ကို ကျွန်တော် စိတ်ဝင်စားနေတာ မငြင်းပါဘူး၊ အဲ ... ခိုင့်ကို ကျွန်တော် မေတ္တာရှိပြီဆိုလည်း ဖြူစင်သန့်ရှင်းပြီး ဘာပယောဂမှမပါတဲ့ မေတ္တာမျိုးပဲရှိ ချင်တယ်၊ ခင်ဗျား ငွေငါးသောင်းကြောင့် ခိုင့်မေတ္တာကို ဖြားယောင်းရတဲ့အဖြစ်မျိုး ကျုပ် လုံးဝအဖြစ်မခံနိုင်ဘူး။ ခင်ဗျားငွေကို ပြန်ယူသွားပါ၊ ကျုပ်ယူဖို့မပြောနဲ့၊ လက် ဖျားနဲ့တို့ရမှာတောင် မသဒ္ဒါဘူး"

"ခင်ဗျား စကားကို ပြင်ဆင်ခွင့်ရပါသေးတယ် ကိုအောင် စိုးမိုး၊ ပြင်ပြီးပြောလိုက်စမ်းပါ"

ကိုဇေယျ၏မျက်နှာထားသည် တစ်မုဟုတ်ချင်း တင်းမာသွားသည်။

အောင်စိုးမိုးသည် စားပွဲပေါ်ရှိ ယွန်းသေတ္တာလေး မှ ဆေးပေါ့လိပ်တစ်လိပ် ထုတ်ယူပြီး ယွန်းအစ်လေးထဲရှိ သာ သားမီးခြစ်ဖြင့်ပင် မီးညှိရှုဖွာလိုက်သည်။



"ကျုပ်စကားကို ပြင်လည်းမပြင်ဘူး၊ ခင်ဗျားငွေကိုလည်း လုံးဝလက်မခံဘူးလို့ ထပ်ပြောတယ်ဗျာ"

"ခင်ဗျားဟာ အရူး၊ ခင်ဗျားဟာ လူမိုက်ပဲ ကိုအောင်စိုးမိုး၊ ချော့ပြောတာကို နားမထောင်ဘဲ အရိုက်ခံပြီးမှ လိုက်နာတဲ့ ကလေးဆိုးပဲ၊ ကျုပ် ထပ်ပြောမယ်၊ အခုကိစ္စကို ကျုပ်က ညင်သာစွာနဲ့ မောင်မောင်လို့ခေါ်နေတာနော်၊ ခင်ဗျား ဗျာ မထူးရင် အောင်ကျော်လို့ ကျုပ်ခေါ်ရတော့မယ်"

"ခက်တာပဲ ကိုဇေယျ၊ ခင်ဗျား ကျုပ်ကို အထင်သေးတယ် ဗျာ၊ ဒီကောင် ဘိုင်ကောင်ပဲ၊ တို့က ငွေပုံပေးရင် ဒီကောင် လုပ်မှာပဲ လို့ ထင်ထားပုံရတယ်၊ မှားတော့မမှားဘူးပေါ့ ဗျာ၊ အခု ကျုပ်လက်ရှိ အခြေအနေက ဘိုင်ကောင်မှ တကယ့်ဘိုင်ကောင်ပါ၊ ခင်ဗျား ငွေငါးသောင်းပေးပြီး ကျုပ်ကို တာဝတိံသာကို ဒူးနဲ့ တိုက်ခိုင်းစမ်းပါ၊ ဒါမှ မဟုတ် မဟာအဝီစိကို ခေါက်ထိုးဆင်းခိုင်းစမ်းပါ၊ ကျုပ် လုပ်လိုက်မယ်လေ၊ အဲ ... နှလုံးသားမေတ္တာရဲ့ ဖျားယောင်း မှုမျိုးတော့ မခိုင်းနဲ့ ကိုဇေယျ၊ ခင်ဗျား ငွေငါးသောင်းမက လို့ ငါးသိန်းပေးလည်း ကျုပ်မလိုချင်ဘူး၊ ကျုပ်မလုပ်ဘူး၊ ရှင်းပါတယ်နော် ကိုဇေယျ"

ကိုဇေယျသည် ပေါင်ပေါ်တင်ထားသော သေနတ် ကို ကောက်ကိုင်ပြီး ဖြည်းလေးစွာပင် ကုလားထိုင်မှ ထလိုက်သည်။ လက်ထဲမှ စီးကရက်တိုကို ကြမ်းပြင်ပေါ်ချပြီး ဖိနပ်ဖြင့်နင်းခြေ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့လူနှစ်ယောက်ကို လေအေးလေးဖြင့် လှမ်းပြောလိုက်သည်။

"ကဲ ... ကိုကျော်ဆွေနဲ့ ကိုရွှေဘတို့ရေ၊ ဟောဒီ ငါ့မိတ်ဆွေကလေ မောင်မောင်လို့ခေါ်တာ ဗျာမထူးချင်ဘူးတဲ့ကွာ၊ ကဲ ... တို့များ သူ့ကို အောင်ကျော်လို့ခေါ်ကြည့်ရအောင်"

အောင်စိုးမိုးသည် သတိကြီးစွာဖြင့် မျက်စိဖွင့် နားစွင့်ထားလိုက်သည်။

နောက်ဆီမှ ခြေသံ လှုပ်ရှားသံ ထွက်လာသည်နှင့် လက်ထဲတွင်ရှိသော ဆေးပေါ့လိပ်တိုကို မီးရဲလာအောင်ဖွာပြီး ဆေးပေါ့လိပ် မီးရဲရဲကို ကိုဖေယျ၏မျက်နှာသို့ ပေါက်ထည့်လိုက်သည်။

ကိုယ်က စတင်မတိုက်ခိုက်လည်း သူတို့က အကြမ်းဖက်တော့မည်မို့ အခြေအနေအရ၊ လူလိမ္မာစိတ်မွေး၍ မရပါလေတော့။ မိုက်ရူးရဲဆန်သည်ပဲပြောပြော အောင်စိုးမိုးကပင် စတင်တိုက်ခိုက်တော့သည်။

မီးဆိုသည်မှာ ရေမှလွဲပြီး သူနှင့်ထိတွေ့သမျှကို ပူစေသည်။ လောင်စေသည်။

ဆေးပေါ့လိပ်မှာ ဆေးရိုးနှင့် လိပ်ထားသည်မို့ ကိုဖေယျမျက်နှာပြင်တစ်ခုလုံးသို့ ဖွာခနဲ မီးပွားတွေ ကျတော့သည်။

"အာ ... အာ ... ပူလိုက်တာ"ဟု အောင်ရင်း ကိုဖေယျသည် သူ၏လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်သည်။ မီးဖွားတွေကို ခါထုတ်သည်။



အောင်စိုးမိုးသည် ကျားက သားကောင်ကို ခုန်အုပ်သလို လွှားခနဲ ကိုဖေယျအား အုပ်လိုက်သည်။

ကိုဖေယျ ပက်လက်လဲကျသည်။

အောင်စိုးမိုးက အပေါ်မှ ခွလျက်သားဖြစ်သွားသည်။

ကိုဖေယျ၏သေနတ်ကိုင်လက်ကို မိမိရရ ဆုပ်ကိုင်ပြီး သေနတ်ရဖို့ ကြိုးစားတော့သည်။

မိမိလက်သို့ ကိုဖေယျ၏သေနတ်ရလေမှ ကျန်နှစ်ယောက်ကို အောင်စိုးမိုး ရင်ဆိုင်နိုင်မည်ဖြစ်သည်။

နောက်တစ်ချက်က အောင်စိုးမိုး တွေးမိသည်မှာ မိမိကို ဒီလူတွေ အသေသတ်သွားစရာ အကြောင်းမရှိခြင်းပင်ဖြစ်သည်။ မိမိကိုသတ်၍ မိမိသေသွားလျှင် သူတို့တွင် ဘာတစ်ခုမျှအကျိုးမရှိ။

ပြီး လူသတ်သည်မှာ လွယ်သည်မှတ်လို့။

လူသတ်တရားခံကို ရဲက အခုမမိ နောက်ဖမ်းမိမှာသေချာသည်။ လူသတ်သမားကို ညီထွေသော ပြစ်ဒဏ်ပေးမည်သာ။

ထိုအချိန်တွေကို တွေးမိပြီး အောင်စိုးမိုး အတင့်ရဲထိုက်ခြင်းပင်။

ကိုဖေယျသည် တစ်ဦးချင်းသတ်ပုတ်ရသည်မို့ အောင်စိုးမိုးလိုလူကို နိုင်အောင်ပြန်မသတ်နိုင်။

ကိုဖေယျ ပြန်၍ပင် မထနိုင်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ပေ ကိုးပေအကွာတွင်ရှိနေသော ကျွန်တပည့်နှစ်ယောက်က အနီးသို့ ရောက်ရှိလာသည်။

သေနတ်ကိုင်ထားသော ကိုကျော်ဆွေသည် အနီးရောက်လာသည်နှင့် ကိုဖေယျကို ခွစီးထားသော အောင်စိုးမိုး၏ ခေါင်းကို သူ၏လက်ဝါးတွင် သေနတ်ပြားကပ်ကာ ရိုက်ချလိုက်တော့သည်။

"အား"

အောင်စိုးမိုး ခွလျက်မှ ဘေးသို့ တစောင်းလဲကျသွားသည်။

ကိုရွှေဘဆိုသူက ထပ်ဆင့်ပြီး အောင်စိုးမိုး၏ ရင်ဘတ်ကို ကန်လိုက်ပြန်သည်။

အောင်စိုးမိုးမှာ သတိလစ်သွားရအောင် ခံလိုက်ရတော့သည်။

သြော် ... လက်နက်ကိုင်ယောကျ်ားသုံးယောက်ကို လက်နက်မဲ့နဲ့ တစ်ယောက်တည်းက အဘယ်မှာလျှင် နိုင်ချေရှိပါအံ့နည်း။

ခါချဉ်ကောင် တောင်ကြီးကို မဖြိုနိုင်ပါလေ။

✠ ✾ ✠



၇

"ဟေး ... မောင်အောင်စိုးမိုး"

"အစ်ကို ... အစ်ကို"

ခေါ်သံတွေ နားထဲတွင် စီစီညံညံလေး အောင်စိုးမိုး ကြားရသည်။

ပထမတော့ ခေါ်သံတွေသည် ဟိုအဝေးကြီးမှခေါ်သလို သဲ့သဲ့သာကြားရသည်။

တဖြည်းဖြည်း အသံတွေက အောင်စိုးမိုးနားထဲတွင် ကျယ်လောင်လာသဖြင့် အောင်စိုးမိုးသည် မျက်လုံးဖွင့်ကြည့်လိုက်ပါ၏။

"ဟော ... အစ်ကို၊ သတိရပြီ ဖေဖေ"

ဦးစွာ လဲကျနေသော မိမိကို အပေါ်စီးမှ မိုးပြီး အစ်ကို တစာစာခေါ်နေသော ခိုင့်ကို တွေ့ရသည်။

"မောင်စိုးမိုး သတိရပြီနော်၊ အန်ကယ်တို့ဝင်လာတော့ မောင်အောင်စိုးမိုး ကြမ်းပြင်မှာလဲပြီး သတိလစ်နေတာကို တွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးက လှဲလျောင်းနေရာမှ ထလိုက်သည်။ မွေးခနဲ မိုက်ခနဲ ဦးခေါင်းမှ ခံစားရသဖြင့် လဲပြိုမကျစေရန် အနီးရှိ ကုလားထိုင်၏ ကျောမှီထိပ်ကို ဆုပ်ကိုင်ထားလိုက်သည်။

"အစ်ကို မထနဲ့ဦးလေ၊ ပြန်းခနဲထရင် ခေါင်းသိပ်မူးသွားမှာပေါ့၊ အစ်ကို ခေါင်းက ချိုစောင်းမှာ ဆီးဖြူသီးလောက် အလုံးကြီးဖူးထနေတယ်"

"ရပါတယ် ခိုင်၊ တို့အဖို့ ဒီလောက်က တစ်ခါတလေ မတော်တဆထိခိုက်မိတာလောက်ရှိတာပါ"

ထိုင်ရာမှ ထလိုက်သည်။

တံခါးဝတွင် ဦးလေးအောင် ရပ်နေသည်ကိုပါ အောင်စိုးမိုးတွေ့ရသည်။

ဧည့်ခန်းကုလားထိုင်ဆီသို့ သုံးယောက်စလုံး သွားပြီး ထိုင်ကြသည်။

"ဒါထက် အန်ကယ်နဲ့ခိုင်က ကျွန်တော့်ဆီကို ဘယ်လိုရောက်လာကြတာလဲ၊ ဘာလို့ လာကြတာလဲ"

ခိုင်က မဖြေပေ။

ဦးမောင်မောင်ခိုင်ကပင် ဖြေပါ၏။

"အင်း ... ညနေက မောင်အောင်စိုးမိုး ပြန်သွားတော့ ခိုင်က တစ်နေ့လုံး စိတ်လှုပ်ရှားလို့ထင်ပါရဲ့၊ ညစာထမင်းကောင်းကောင်းမစားဘဲ ထသွားတယ်၊ အန်ကယ်က သမီးနေလို့မကောင်းများဖြစ်သလားလို့ စိုးရိမ်တယ်၊ ထမင်းစားပြီး



တော့ သမီးကိုမေးတော့ သမီးက နေကောင်းပါတယ်၊ ဒါပေမဲ့ မောင်အောင်စိုးမိုးအတွက် စိတ်ပူနေမိတယ်တဲ့၊ မောင်ရင်က ဘုမသိဘမသိနဲ့ အန်ကယ်တို့ကိစ္စထဲ ပါဝင်လာတာကို၊ အောင်ဟိန်းတို့အဖွဲ့က မကျေနပ်ဘဲ အန္တရာယ်ပြုနိုင်တယ်တဲ့၊ မော်တော်ဆိုင်ကယ်နံပါတ်မှတ်ပြီး ခြေရာကောက်ရင် မောင်ရင်နေတဲ့နေရာကို သိနိုင်တယ်တဲ့၊ မောင်ရင်က တစ်ယောက်တည်းနေတဲ့လူတဲ့၊ မောင်ရင် တစ်ခုခုဖြစ်သွားရင် သမီးရဲ့ပယောဂ အများကြီးပါမှာတဲ့လေ၊ ကဲ ... ဒါဆိုလည်း သမီး မောင်ရင့်ဆီကို ဖုန်းဆက်ကြည့်စမ်း၊ သူ့မှာ ဖုန်းရှိသလားဆိုတော့ သမီးက ချက်ချင်းထဆက်တော့တာပဲ၊ မောင်ရင့်ဆီကို ဖုန်းဆက်ချင်တာ ဖအေက တစ်မျိုးထင်ပြီး ဖအေစိတ်မကောင်းမှာစိုးလို့ မဆက်ဘဲထိုင်ငိုင်နေတာလေ"

အောင်စိုးမိုးက ပြုံးပြီး ခိုင့်ကို လှမ်းကြည့်သည်။

ခိုင်က တခြားဘက်သို့ မျက်နှာလွှဲထားပါလေ၏။

"သမီးဖုန်းဆက်တယ်မရဘူး၊ ဒါနဲ့ မောင်ရင်ဟာ လမ်းမှာ ထမင်းဝင်စားနေတာမို့ အိမ်ပြန်မရောက်လို့ ဖုန်းကိုင်မယ့်သူမရှိတာဘဲဆိုပြီး ခဏနေပြန်တယ် ...

နာရီဝက်လောက်ကြာတော့ ထပ်ဆက်တယ်၊ ကိုင်မယ့်သူမရှိပြန်ဘူး"

အောင်စိုးမိုးက အဖြေကို ပြောပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအချိန်မှာ ကိုဖေယျတို့သုံးယောက်က ကျွန်တော့်အိမ်ထဲရောက်နေကြပြီ အန်ကယ်၊ တမင်တစ်ယောက်မှ ဖုန်းမကိုင်တာ"

"နောက်ထပ် နာရီဝက်လောက်အကြာ ထပ်ပြီး သမီးက ဆက်ပြန်တယ်၊ ဒီတစ်ခါတော့ ဖုန်းကိုကောက်ကိုင်သံ၊ ဘေးကိုချထားလိုက်သံ သမီးက ကြားတယ်တဲ့၊ ဒါဆို အစ်ကို့မှာ အန္တရာယ်တစ်ခုခု ရှိနေပြီလားမသိဘူး၊ အစ်ကိုသာဆိုရင် ဖုန်းကိုင်မယ်၊ ထူးမယ်တဲ့၊ ဒါနဲ့ အန်ကယ်ကပဲ သူ့အိမ်လိပ်စာ သမီးသိသားပဲ၊ လိုက်သွားကြည့်တာပေါ့ဆိုပြီး ကိုအောင့်ကို မောင်းခိုင်းပြီး လိုက်လာတာပဲ မောင်ရင်...

အင်း ... ဒီကျတော့ သမီးစိုးရိမ်တဲ့အတိုင်းပဲ တွေ့ရတယ်၊ မောင်အောင်စိုးမိုးက ကြမ်းပြင်မှာလဲပြီး သတိမေ့နေတယ်၊ စားပွဲပေါ်မှာလည်း အရက်ပုလင်းတွေ ဖန်ခွက်တွေနဲ့ ငွေစက္ကူထုပ်လည်းတွေ့တယ်၊ ငွေစက္ကူထုပ်နဲ့ဖိထားတဲ့ စာတစ်စောင်ကိုလည်း တွေ့တယ်၊ အရေးအကြီးဆုံးက မောင်ရင် အသက်ရှူမှုရှိသေးရဲ့လားလို့ စစ်ဆေးရတယ်၊ မောင်ရင် အသက်ရှူမှန်နေတာတွေ့ရတယ်၊ ဒါဆို အရက်မူးလွန်တာလားလို့ မောင့်ရင်ထွက်သက်နဲ့ ပါးစပ်ကို အန်ကယ်ပဲ ရှူကြည့်တယ်၊ အရက်နံ့ လုံးဝမရဘူး၊ ဒါနဲ့ ဒဏ်ရာကိုလိုက်စစ်တော့ ခေါင်းမှာ မကွဲရုံတစ်မယ်၊ ဖူးယောင်နေတာတွေ့ရတယ်၊ ခေါင်းကို အရိုက်ခံရပြီး သတိမေ့



နေတာပါလားလို့ သတိရအောင် သမီးက ပြုစုပေးနေတာပဲ၊ သမီးက ရှေးဦးသူနာပြုသင်တန်းကို ကို့(စ်)ကုန်အောင်တက်ဖူးတာပဲ"

"ကျေးဇူးတင်ပါတယ် ခိုင်"

"ဒါတွေအားလုံး ခိုင်တို့ကြောင့်ဖြစ်ရတာပဲမဟုတ်လား အစ်ကို၊ အစ်ကို့ကိုရိုက်သွားတဲ့ သူတွေက ဘယ်သူတွေလဲဟင်"

အောင်စိုးမိုးက မဖြေသေးမီ ဦးမောင်မောင်ခိုင်က ငွေစက္ကူထုပ်အောက်မှ စာရွက်ကိုယူပြီး အောင်စိုးမိုးသို့ လှမ်းပေးသည်။

"ဘာစာလဲဆိုတာ အရင်ဖတ်ကြည့်ပါဦး၊ အန်ကယ်တို့ လုံးဝဖတ်မကြည့်ရသေးပါဘူး၊ မောင်ရင် သတိပြန်ရဖို့ လုပ်နေရတာနဲ့"

အောင်စိုးမိုးက စာရွက်ကို ယူလိုက်သည်။

စာရွက်မှာ ခေါက်ထားသည်မဟုတ်ဘဲ အပြန့်လိုက်ပင်ဖြစ်ပါ၏။

"ကိုအောင်စိုးမိုး ...

အခြေအနေတွေ တင်းမာသွားတာကို ကျုပ် စိတ်မကောင်းပါဘူး၊ အမှန်တော့ ကျုပ်တို့ဟာ လက်နက်[illegible]ိုင်ထားပေမယ့် ကိုအောင်စိုးမိုးကို အနာဂတရဖြစ်စေဖို့ အစီအစဉ်ထဲမှာ မပါရိုးအမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ကျုပ်ရဲ့ဆွေးနွေးချက် ကိုအောင်စိုးမိုး ဘက်က ကျေကျေနပ်နပ် လိုက်လျှောမယ်လို့ တင်ကြိုလည်း တွက်ထားမိတယ်။

တခြားဘယ်သူမဆို ဒီအခြေအနေမှာ ကျုပ်တို့ရဲ့ ဆွေးနွေးချက်နဲ့ ပေးကမ်းချက်ကို အလွယ်လေး လက်ခံရုံ သာမကဘူး၊ အိမ်ပေါ်မှာ နေရင်း ထိုင်ရင်း ဘိုးဘိုးအောင် ဝင်မ,တယ်လို့တောင် ယူဆကြမှာပါ။

ကိုအောင်စိုးမိုးကျတော့ တစ်မျိုးဖြစ်သွားတယ်။

ကျုပ်ရဲ့ဆွေးနွေးချက်ကို လက်မခံရုံသာမကဘဲ ကျုပ်တို့ကို ခင်ဗျားကပဲ စတင်တိုက်ခိုက်တယ်။

ခင်ဗျား ခံသွားရမှာပေါ့။

အခု ခင်ဗျားခံလိုက်ရတာကိုလည်း ပဏာမသင်ခန်းစာလို့ သဘောမှတ်လိုက်ပါ။

လိုအပ်လာရင်တော့ ကျုပ်တို့က ခပ်ကြမ်းကြမ်းလေး ဆက်လုပ်မှာပဲ။

ကျုပ်တို့ လက်မလျှော့သေးဘူးနော်၊ ငွေတစ်သောင်း ထုပ်ထားခဲ့တယ်။

သဘောကတော့ ကျုပ်ပြောတဲ့အတိုင်း ခင်ဗျား ဆက်လုပ်ပါပေါ့ဗျာ။

ကျုပ်တို့ကို ထပ်ပြီး သွေးဖီဆန့်ကျင်မယ်ဆိုရင် တော့ ...။

ဧယျနဲ့အဖွဲ့"



အောင်စိုးမိုးက စာကိုဖတ်ပြီး ဦးမောင်မောင်ခိုင်အား ပေးဖတ်လိုက်သည်။

ဦးမောင်မောင်ခိုင်က ဖတ်ပြီး ခိုင့်ကို လက်ဆင့်ကမ်း ဖတ်ခိုင်းပြန်သည်။

"ဧယျနဲ့အဖွဲ့ဆိုပါလား၊ ဘယ်နှယောက်တောင်လာသွားလဲ"

"သုံးယောက်ပါ အန်ကယ်၊ ခေါင်းဆောင်က ဧယျတဲ့၊ ကျန်တဲ့နှစ်ယောက်က ကျော်ဆွေနဲ့ ရွှေဘတဲ့"

ဦးမောင်မောင်ခိုင် မျက်ခုံးပင့်သွားသည်။

"နေပါဦး အဲဒီနာမည်တွေက အန်ကယ်တို့ခေတ်တုန်းက အကျော်အေယျ ရုပ်ရှင်မင်းသားတွေရဲ့နာမည်တွေပဲ၊ သူတို့ နာမည်အစစ်အမှန်ဟုတ်ပါ့မလား"

"နာမည်လိမ်တွေ ဖြစ်မှာပါ၊ သူတို့နာမည်အစစ်အမှန်ကို မပြောချင်လို့ တစ်ခေတ်က နာမည်ကြီးရုပ်ရှင်မင်းသား နာမည်တွေ ပေးသွားတာဖြစ်မှာ"

"သူတို့က အစစ်အမှန် ဘယ်သူတွေပါလိမ့်၊ ကေန္တ အောင်ဟိန်းရဲ့လူတွေပဲဖြစ်မယ်"

အောင်စိုးမိုးက ဘာမှ ပြန်မပြောဘဲ တံခါးဝတွင် ရပ်နေသော ဦးလေးအောင်ကို လှမ်းကြည့်လိုက်သည်။ ပြီး ဦးမောင်မောင်ခိုင်ကို ပြန်ကြည့်ပြန်သည်။

ဦးမောင်မောင်ခိုင်သည် အကင်းပါးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ရှေ့တွင် ဒီအကြောင်းတွေ မပြောစေချင်ကြောင်း အကဲခတ်မိသည်။

"ဗျို့ ... ကိုအောင်၊ အေးအေးဆေးဆေး ကားထဲမှာ သွားထိုင်နေပါလား၊ မောင်အောင်စိုးမိုးလည်း လူကောင်းပြန်ဖြစ်သွားပြီပဲ"

"ဟုတ်ကဲ့ ဆရာကြီး"

ဦးလေးအောင်သည် တံခါးဖွင့်ပြီး အပြင်သို့ ထွက်သွားတော့သည်။

အောင်စိုးမိုးက စကားကို ဆက်ပြောသည်။

"သူတို့ဟာ ကိုအောင်ဟိန်းရဲ့လူတွေပါလို့တော့ မပြောဘူး အန်ကယ်၊ ကျွန်တော်က ခင်ဗျားတို့ ကိုအောင်ဟိန်းရဲ့လူတွေလားလို့မေးသေးတယ်၊ ဒီတော့ ကိုဇေယျဆိုတဲ့လူက ခင်ဗျားက ကိုအောင်ဟိန်းကိုတောင် သိနေသလား၊ ကေန္တ ခိုင်က ပြောတယ်ဆိုတဲ့ ဝေ့လည်ကြောင်ပတ်မျိုးပဲ ပြောတယ်"

"အင်း ... အများဆုံးဖြစ်နိုင်တာကတော့ ဒီသုံးယောက်ဟာ အောင်ဟိန်းရဲ့လူတွေ ဖြစ်ဖို့များတာပဲ၊ ဒီနေ့ နေ့ခင်းပိုင်းကိစ္စမှာ အောင်ဟိန်းဟာ သူ့အကြံ မအောင်မြင်တာနဲ့ မောင်အောင်စိုးမိုးကို မကျေနပ်ဘဲ လက်နက်ကိုင်ကြေးစားတပည့်လူမိုက်တွေ လွှတ်လိုက်တာ ဖြစ်နိုင်တယ်"

"သေနတ်နှစ်လက်နဲ့ ဓားမြှောင်တစ်လက်ကိုင်လာတာတော့မှန်တယ်၊ ဒါပေမဲ့ သူတို့ပုံစံက ကြေးစားလူမိုက်တွေပုံစံတော့မဟုတ်ဘူး၊ အဓိက ကျွန်တော့်ကို ဆွေးနွေးဖို့လာတာ



ပဲ၊ သူတို့ရဲ့ဆန္ဒကို ငွေနဲ့ ဖြားယောင်းပြီး၊ ကျွန်တော့်ကို သိမ်းသွင်းတာ၊ ညင်ညင်သာသာပါပဲ၊ နောက်ဆုံး ကျွန်တော်က လက်မခံရုံမက၊ ကိုဇေယျကို တိုက်ခိုက်တာမို့ ကျွန်တော့်ကို သေနတ်ပြားနဲ့ရိုက်သွားတာပါ၊ နဂိုကတည်းက လက်စားချေရန်ပြုချင်လို့ လာတာဆိုရင် သေနတ်သံကို အိမ်နားနီးချင်း ကြားမှာစိုးလို့ မပစ်တောင် ဓားနဲ့ ထိုးသွားနိုင်ခွင့် သူတို့ရကြတာပဲ"

"အင်း ... ဒါလည်း စဉ်းစားစရာပဲ၊ တကယ်လို့ သူတို့သုံးယောက်ဟာ အောင်ဟိန်းရဲ့လူမဟုတ်ရင် ဘယ်သူတွေဖြစ်နိုင်မလဲ၊ အန်ကယ်ရဲ့ ကိစ္စထဲမှာ နောက်ထပ်ဝင်ရောက်လာတဲ့ အဖွဲ့သစ်တစ်ခုများလားဟင်၊ ဘယ့်နှယ်လဲ သမီး၊ ဒီကိစ္စမှာ သမီး ဘယ်လိုသဘောရလဲ"

"ခိုင် မပြောတတ်ဘူး ဖေဖေ၊ ခိုင့်အနေနဲ့ကတော့ ကြာလေ စိတ်ပျက်လေပဲ၊ ကိစ္စတွေက ရှုပ်သည့်ထက်ပိုရှုပ်လာတယ်၊ ခုပဲကြည့်ပါလား၊ ဘယ်သူတွေမှန်းလည်း မသိနဲ့၊ သူတို့ကိုယ်ကို ဦးဇေယျတို့ ဦးကျော်ဆွေတို့ ဦးရွှေဘတို့ရဲ့ နာမည်တွေ လျှောက်ပေးထားတယ်"

"အဲ ... နေဦး အန်ကယ်"

အောင်စိုးမိုးက ခိုင်ပြောမှပင် တစ်ခုခုသတိရလိုက်ပေသည်။

"ကျွန်တော် ကိုဇေယျနဲ့ စကားပြောနေတုန်း ဖုန်းလာတော့တယ်လီဖုန်းဘေးမှာ ရောက်နေတဲ့ ရွှေဘနာမည်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့လူကို ကိုဇေယျက လွှတ်ခနဲ ပြောကောင်အောင်မြ ဖုန်းမြည်နေတာကိုကျော်ပြီး ဘေးချထားလိုက်ပါလားလို့ ပြောလိုက်တယ်၊ အဲဒီတော့ ကိုရွှေဘ အမည်ခံသူရဲ့နာမည်ဟာ အောင်မြဖြစ်ရမယ်၊ အန်ကယ်ရဲ့ကိစ္စထဲမှာ အောင်မြဆိုတဲ့လူတစ်ယောက် ပတ်သက်နေလား"

"အောင်မြ ... အောင်မြ ... ဟုတ်လား၊ အောင်မြလို့ သေချာရဲ့လား၊ အောင်မြင့်တို့ အောင်မြတ်တို့ဆိုရင်ကော"

"ကျွန်တော့်နားထဲကြားမိတာတော့ အောင်မြလို့ပဲ ထင်တာပဲ၊ အခု အန်ကယ် အောင်မြင့်တို့၊ အောင်မြတ်တို့များလားဆိုတော့ ကျွန်တော်လည်း ဇဝေဇဝါပါပဲ အန်ကယ်"

"ဒီလိုလေ၊ အန်ကယ်ရဲ့စက်သုံးလုံးမှာ အလုပ်လုပ်နေတဲ့လူတွေထဲမှာ အောင်မြတ်နဲ့ အောင်မြင့်ဆိုတာ ရှိနေသလားလို့၊ ဒါပေမဲ့ သစ်စက်မှာလား၊ ဆီစက်မှာလား သေချာမမှတ်မိဘူး၊ ပြီးမှ မောင်သစ္စာကို မေးကြည့်ရမယ်"

"အဲဒါတွေ ထားလိုက်ပါ ဖေဖေ၊ နာမည်တွေ ဘယ်လိုပဲ လိမ်ထားထား တစ်နေ့ ဒီလူတွေဟာ ဖေဖေ့ကိစ္စနဲ့ပတ်သက်နေရိုးမှန်ရင် ဖေဖေ့ကို တစ်နည်းတစ်ဖုံ လာဆက်သွယ်မှာပဲ၊ အခု ခိုင်တို့သိဖို့ကောင်းတာက အဲဒီ ရုပ်ရှင်မင်းသားကြီးတွေရဲ့ နာမည်ပေးထားတဲ့ လူသုံးယောက်ဟာ အစ်ကိုကို ဘာတွေညှိနှိုင်းသွားတာလဲ၊ သူတို့ဆန္ဒက ဘာတွေလဲ သိလာမှ သူတို့ဟာ ကိုအောင်ဟိန်းရဲ့ လူလား၊ တခြားလူ သစ်တွေလားဆိုတာ ကွင်းဆက်စဉ်းစားနိုင်တယ် ဖေဖေ"



"သမီးပြောတာ မှန်တာပေါ့၊ ဟုတ်တယ် မောင်အောင်စိုးမိုး ဇေယျဆိုတဲ့လူက မောင်ရင့်ကို ဘာတွေဆွေးနွေးသွားတယ်ဆိုတာ အန်ကယ်တို့ သိခွင့်ရမလား"

အပြောရခက်လှပါ၏။

ချောကလျာခိုင်၏ရှေ့မှောက်တွင် ကိုဇေယျဆိုသူ ညှိနှိုင်းသွားသည့်ကိစ္စကို မည်သို့ပြောရမည်နည်း။

အပြောရခက်၍ မပြောဘဲနေလျှင် မိမိအား ရန်သူနှင့်အလိုတူအလိုပါဟု အထင်အမြင်လွဲမှားပေဦးမည်။ စားပွဲပေါ်မှ ငွေတစ်သောင်းထုပ်ကိုလည်း ခိုင်တို့သားအဖက မြင်ပြီးသားဖြစ်နေသည်။

ခိုင့်အား မိမိက ငွေကြေးမဖြေလည်၊ ဝင်ငွေမရှိသေးကြောင်း ပြောပြခဲ့သည်။ ယခု ငွေတစ်သောင်းထုပ်ကြီး လက်ဝယ်ရှိနေသည်ကို မြင်တွေ့နေသော ခိုင့်အနေနှင့် မိမိ ဘယ်နည်းဘယ်ပုံရရှိထားသည်ကို ပြေလည်အောင် ရှင်းပြမှ ယုံပေမည်။

"ခြုံပြောရရင်တော့ ကျွန်တော့်ကို သူတို့ခိုင်းတာလုပ်ရင် ငွေငါးသောင်းပေးမယ်တဲ့၊ အခုထားခဲ့တဲ့ တစ်သောင်းဟာ စရံတဲ့၊ အဲဒါကို ကျွန်တော် ငြင်းပြီး ခုခံလို့ ဒီလိုတွေ ဖြစ်ကုန်တာပဲ၊ ကျွန်တော် သတိမေ့သွားပေမယ့် သူတို့ငွေကို ပြန်ယူမသွားတာဟာ သူတို့ခိုင်းတာ ဆက်လုပ်ခိုင်းတဲ့ သဘော သက်ဝင်တယ် အန်ကယ်"

"သူတို့က ဘာခိုင်းတာလဲ မောင်ရင်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်တော် အပြောရခက်နေတယ်၊ မပြောရင်လည်း အထင်မှားမယ်၊ ပြောရရင်လည်း ခိုင့်ကို မျက်နှာပူတယ် အန်ကယ်"

"သမီးလေးနဲ့ ပတ်သက်နေလို့လား"

"တိုက်ရိုက်ကို ပတ်သက်နေပါတယ်"

ချောကလျာခိုင်သည် အောင်စိုးမိုးကို ကွက်ခနဲ လှမ်းကြည့်ပါ၏။

သူမ၏အကြည့်တွင် "ခိုင်နဲ့ ဘယ်လိုတိုက်ရိုက်ပတ်သက်နေတာလဲ"ဟု မေးချင်သည့်အရိပ်အသွင် ပေါ်လွင်နေသည်။

"ပြောစရာရှိတာသာပြောပါ မောင်အောင်စိုးမိုး၊ လက်ရှိအခြေအနေမှာ မောင်အောင်စိုးမိုးကို အန်ကယ့်စိတ်ထဲက ယုံကြည်နေပါတယ်"

"ကျွန်တော်က ခိုင့်ကို လက်ထပ်နိုင်တဲ့အထိ ကြိုးစားရမယ်တဲ့"

"အို ..."

ခိုင်သည် အာမေဋ္ဌိတ်သံလေးနှင့်အတူ ခေါင်းလေးငုံ့သွားရှာသည်။

ဦးမောင်မောင်ခိုင်လည်း မျက်နှာထားတင်းကာ ရှုံ့မှောင်ကြုတ်သွားပါ၏။

"အဲဒါကြောင့် ကျွန်တော် အပြောရခက်တယ်လို့ပြောတာ"

အားလုံးသည် တစ်ခဏငြိမ်သက်သွားသည်။



ဦးမောင်မောင်ခိုင်သည် တဖြည်းဖြည်း တင်းမာသောမျက်နှာထား လျော့ပေါ့လာသည်။ ပြီး ဦးခေါင်းကို တစ်ဆတ်ဆတ်ညိတ်လိုက်ပါ၏။

"အင်း ... ယုတ္တိရှိပါတယ်၊ ခိုင်က အန်ကယ်ရဲ့တစ်ဦးတည်းသောသမီးဆိုတော့ ခိုင့်ကို အပိုင်ကိုင်နိုင်ရင် အန်ကယ့်ကိုလည်း အပိုင်ပဲလို့ တွက်ကိန်းချတဲ့သဘောပေါ့လေ၊ ရေရှည်စီမံကိန်းပဲ၊ တော်တော်အကြံကြီးတဲ့လူတွေပဲ၊ ဒါပေါ့လေ၊ သူတို့ သိပ်လိုချင်နေတဲ့ပစ္စည်းကလည်း အန်ကယ့်လက်ထဲမှာ ရှိနေပြီကိုး"

"ဘာပစ္စည်းလဲ အန်ကယ်"ဟု အောင်စိုးမိုး မေးလိုက်ချင်သည်။

သို့သော် မမေးမိအောင် ချုပ်တီးလိုက်ပါ၏။ ဦးမောင်မောင်ခိုင်က ထိပ်တန်းလျှို့ဝှက်ထားသော ပစ္စည်းကို ဘာပစ္စည်းလဲဟုမေးလျှင် မိမိကို ဦးမောင်မောင်ခိုင် အထင်မှားသွားနိုင်သောကြောင့်ဖြစ်ပါ၏။

"ကောင်းပြီ မောင်ရင့်စကား ပြန်ဆက်ရအောင်၊ အကယ်၍ပေါ့လေ သူတို့ လိုလားတဲ့အတိုင်း မောင်အောင်စိုးမိုးနဲ့ သမီးလေးခိုင် လက်ထပ်ကြပြီဆိုပါတော့"

"အို ... ဖေဖေက ဘာမှန်းလဲမသိဘူး၊ ခိုင်တော့ ရှက်တာနဲ့ သေချင်တယ်"

"မှန်တယ် သမီး၊ သမီးရှေ့မှာ မပြောသင့်တဲ့စကားတွေပဲ ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲ၊ ဒီအကြောင်းဆိုက်လာတော့ ဒီလိုပဲ ဖေဖေတို့ ဆက်ပြောပါရစေ သမီး"

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည် ဖခင်အား တွေတွေငေးငေးလေး ကြည့်နေပါ၏။ ဖခင်၏ဆန္ဒပြင်းထန်မှုကို စိတ်ပျက်လက်ပျက်လေး ဖြစ်ပုံရသော်လည်း ကန့်ကွက်စကား ဆက်မပြောတော့ပေ။

"ဆက်ပြောပါ မောင်အောင်စိုးမိုး၊ သူတို့ပြောတဲ့အတိုင်း သမီးနဲ့ မောင်ရင် လက်ထပ်ပါပြီတဲ့၊ သူတို့ကို မောင်ရင့်အနေနဲ့ ဘာတွေ လုပ်ပေးရမှာတဲ့လဲ"

"ဘာတွေလုပ်ပေးရမယ်ဆိုတာ အခုမပြောသေးဘူးတဲ့၊ လက်ထပ်ပြီးတဲ့အခါမှ သူတို့က ဆက်ပြီးညွှန်ကြားမယ်တဲ့"

"ဒါပေါ့၊ ဒါပေါ့၊ တစ်ဆင့်ပြီးတစ်ဆင့် အပိုင်ထုထားတဲ့ သဘောပေါ့၊ အန်ကယ် သဘောပေါက်ပါတယ်၊ ပြီး မောင်အောင်စိုးမိုးကိုလည်း အန်ကယ် လုံးဝ သံသယမရှိပါဘူး၊ တကယ်လို့သာ မောင်အောင်စိုးမိုးရဲ့စိတ်ဓာတ်လေး ညံ့နေမယ်၊ တစ်ကိုယ်ကောင်းဆန်နေမယ်ဆိုရင် သူတို့ခိုင်းတာကို ဘယ်ဖွင့်ပြောလိမ့်မလဲ၊ မောင်ရင် တော်ပါတယ်၊ သိပ်ကို တော်ပါတယ်"

"သူတို့ညှိနှိုင်းတာကို အန်ကယ် သဘောပေါက်ပေမယ့် ကျွန်တော် ဘယ်လိုမှ သဘောလည်းမပေါက်ဘူး၊ နားလည်း မလည်ဘူး အန်ကယ်"

"အင်းပေါ့၊ ဟုတ်တာပေါ့၊ မောင်ရင်က ဒီကိစ္စထဲကို ဘုမသိ ဘမသိနဲ့ ဝင်လာတဲ့လူပဲ၊ ဘယ်မှာ သဘောပေါက် နားမလည်မလဲ၊ အန်ကယ်တို့ကတော့ မြွေမြွေချင်းတွေပဲ ကွာ၊ ခြေမြင်တာပေါ့"



"ဘာပဲဖြစ်ဖြစ်ပေါ့ ဖေဖေ"

နိုင်သည် ရဲရဲတင်းတင်းလေးပင် မျက်နှာထားရှိလာသည်။ ခုနကလို ရှက်နေသည့်အသွင်လေး မရှိတော့။

"ဒီကိစ္စကို နိုင့်အနေနဲ့ လက်လျှော့ချင်တယ်၊ ဆက်လုပ်လေ ရှုပ်ထွေးလေ၊ အန္တရာယ်များလေ ဖြစ်လာတာ၊ ဖေဖေ ကိုယ်တိုင်သိသားနဲ့၊ နိုင်တို့မှာ ဖေဖေ့တစ်သက် နိုင့်တစ်သက် ထိုင်စားနိုင်သားပဲ ဖေဖေ၊ နိုင်ကတော့ စိတ်လွတ်ကိုယ်လွတ် အန္တရာယ်ကင်းကင်းနဲ့ ကျောင်းတက် ချင်တယ်၊ ခုလို ကြိုးလန့်စာစား အနေအထားကို စိတ် ပျက်မိတယ်၊ ဖေဖေ့ကိစ္စမှာ နိုင်က သမီးမိန်းကလေးဖြစ်နေ တော့ ဘယ်လိုမှလဲ မကူညီနိုင်ဘူး၊ ဖေဖေ့မှာ သားယောကျ်ား လေး ရှိတယ်ဆိုလည်း ဟုတ်သေးရဲ့၊ အခုတော့ ဖေဖေ ကိုယ်တိုင်မှာ ခြေတစ်ဖက် ..."

ဖွှန်းခနဲနေအောင် ဦးမောင်မောင်ခိုင်က စားပွဲကို လက်ဝါးဖြင့် ပုတ်လိုက်သဖြင့် နိုင်သည် ပြောရင်း ရပ်သွားသည်။

"တော် မိနိုင်၊ နောက်ထပ် ဒီစကား ဘယ်တော့မှ မပြောနဲ့၊ ဘာလဲ ... ငါက ခြေတစ်ဖက်မရှိတဲ့ ဒုက္ခိတမို့ နင် အထင်သေးသလား၊ ဒီမှာကြည့်စမ်း မိနိုင်"

ဦးမောင်မောင်ခိုင်က သူ၏ လက်နှစ်ဖက်ကို မြှောက်ပြလိုက်သည်။

"ငါမအိုသေးဘူး၊ ငါမနာသေးဘူး မိနိုင်၊ ငါ ဘာမဆို စွမ်းဆောင်နိုင်တယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖေဖေရယ်"

ခိုင်က မျက်နှာကို လက်ဝါးလေးအုပ်ပြီး ငိုချလိုက်သည်။

ဖခင်က ဒေါသစိတ်ဖြင့် ဒေါသံတွေရောပြွမ်းပြော လိုက်သည်ကို ချောကလျာခိုင် ဝမ်းနည်းသွားပုံရသည်။

တစ်လောကလုံးတွင် ဒီအဖေ ဒီသမီး၏ သံယောဇဉ် သာရှိသည် မဟုတ်ပါလား။

ဖခင်ကလည်း သမီးကို ငဲ့ညှာစိတ်အပြည့်ဖြင့် နောက် အိမ်ထောင်မပြု။ ဦးမောင်မောင်ခိုင်သည် ဒူးဆစ်အောက်ခြေတစ် ချောင်း ဖြတ်ထားရစေကာမူ ကျန်တစ်ကိုယ်လုံးမှာ ကျန်းမာသန် စွမ်းကြံ့ခိုင်သူတစ်ဦးဖြစ်ပါ၏။

ခိုင့်ကို ကြည့်ပါဦး။

ဒီအဖေ့ကို ငဲ့ညှာပြီး ချစ်သူပင်မထား။ ဤမျှ သား အဖသံယောဇဉ်ရှိကြသည့်ကြားက ယခု ဖခင်က အပြောရင့်ရင့်၊ ဒေါသသံဖြင့် ပြောလိုက်သည်ကို ခိုင် သိပ်ဝမ်းနည်းသွားခြင်းဖြစ် ပါ၏။

"သမီး ဝမ်းနည်းသွားလား၊ ဖေဖေ ရုတ်တရက် ဒေါသ ဖြစ်သွားပြီး ပြောမိတာပါ၊ ထိုလက်မှတ်တစ်စောင်ဟာ ဘာမှ မပေါက်ရင်တော့ စက္ကူစုတ်ပေါ့၊ အဲ ... ဆယ်သိန်း ထီပေါက်တဲ့လက်မှတ်ဖြစ်နေရင်တော့ စက္ကူစုတ်သဘော ဘယ်သူထားနိုင်မလဲ သမီး၊ ဒီကိစ္စကို ဖေဖေ ဆန္ဒရှိသလို လုပ်ပါရစေ"



သားအဖကြားတွင် အောင်စိုးမိုးမှာ ဘာမှ ဝင်ရောမရှိ သဖြင့် စားပွဲပေါ်ရှိ ယွန်းသေတ္တာလေးထဲမှ ဆေးပေါ့လိပ်တစ်လိပ် ထုတ်ယူကာ သစ်သားမီးခြစ်ဖြင့် မီးညှိရှူဖွာနေပေသည်။

"အင်း ... သမီးပြောတာ မှန်သင့်သလောက်မှန်ပါတယ်၊ အခုကိစ္စက ဒီကနေ့ ပန်းဆိုးတန်းက စာအိတ်ညှိရလာ တာနဲ့ အန္တရာယ်တွေ ဆက်ဝင်လာစရာရှိတာတော့ အမှန်ပဲ၊ ဒီပြင်တော့ ဖေဖေ ဘာမဆိုရင်ဆိုင်ရဲပါတယ်၊ အဲ ... ငါ့ သမီး ကျောင်းတက်ကျောင်းဆင်း လမ်းမှာ ဒီကောင်တွေ ဝင်ပြီး ဗရုတ်သုက္ခလုပ်မှာတစ်ခုပဲပူတယ်၊ ကိုအောင်က လည်း အားကိုးရတဲ့လူမဟုတ်ဘူး"

ဆေးပေါ့လိပ်ဖွာနေရာမှ "ကိုအောင်ကလည်း အား ကိုးရတဲ့လူမဟုတ်ဘူး"ဟု ဦးမောင်မောင်ခိုင်ပြောလိုက်မှ အောင် စိုးမိုးသည် ဖျတ်ခနဲ ခေါင်းမော့ပြီး ဦးမောင်မောင်ခိုင်ကို လှမ်း ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ဦးလေးအောင်ဟာ အားကိုးရသလား အားကိုး မရဘူးလားတော့ ကျွန်တော် မသိဘူး၊ အန်ကယ့်အိမ်မှာ စိတ်မချရတဲ့ လူတစ်ယောက်ဖြစ်နေတာတော့ ကျွန်တော် သိတယ်"

"ကိုအောင်ဟာ စိတ်မချရတဲ့လူ ဟုတ်လား၊ အဲဒီလို မောင်အောင်စိုးမိုးက ဘာလို့ ပြောနိုင်လဲ"

"ဘာလို့လဲဆိုတော့ ကျွန်တော် အန်ကယ့်အိမ်က ပြန်လာ ပြီး အန်ကယ့်ရဲ့အိမ်မှာ ခိုင် ထမင်းကောင်းကောင်းမစားတာ ကစပြီး ကိုဇေယျတို့က သိနေတယ်၊ ကိုဇေယျကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးလေးအောင်က သူတို့ဆီ ဖုန်းဆက်ပြီး အန်ကယ့်အိမ်မှာ ဖြစ်ပျက်သမျှ ပြောပြသလိုလို ပြောသွားတယ်"

"အင်း ... ဖြစ်ချင်လည်းဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ကိုအောင်ဟာ အန်ကယ့်ကိုရော သမီးခိုင်ကိုရော တော်တော်သံယောဇဉ်ထားတဲ့လူဆိုတော့ အစဉ်းစားရခက်သားပဲ၊ သူ့မှာ အရက်သောက်တာကွဲပြီး တစ်ခါမှမဟုတ်တာ လုပ်တာတော့ မတွေ့ဖူးသေးဘူး၊ အေးလေ ... သတိဆိုတာ ပိုတယ်တော့ မရှိဘူးပေါ့၊ ဒီနေ့ကစပြီး ကိုအောင့်ကိုလည်း သတိထားရမှာပေါ့"

ဦးမောင်မောင်ခိုင်သည် အတွေးနက်ပြန်သည်။ ဘယ်သူ့ကိုမှ စကားမပြောသေးဘဲ တစ်နေရာတည်းကို အကြာကြီးစိုက်ကြည့်နေသည်။

ချောကလျာခိုင်လည်း ငိုယိုခြင်း ရပ်နားသွားသည်။ ဖခင်အား ကြင်နာသော မျက်လုံးများဖြင့် ငေးကြည့်နေသည်။

အောင်စိုးမိုးကတော့ ဆေးပေါ့လိပ်ကိုသာ ရှူဖွာရင်း တစ်ခါတစ်ရံ ခိုင့်ကို စိုက်ကြည့်မိသည်။

ခိုင်၏နှာရွက်လေး နီနေသည်။

မျက်ခွံလေးမို့နေသည်။

နှာသီးထိပ် နီနီဖူးဖူးလေးဖြစ်နေသည်။

နှုတ်ခမ်းစုံလေး ထူအမ်းလာသည်။

တကယ် ဝမ်းပန်းတနည်းငိုသော မိန်းကလေးများ ငိုပြီးစတွင် ဖြစ်ပေါ်တတ်သော သင်္ကေတလေးများဖြစ်ပါသည်။

ဤသည်ကပင် ခိုင်သည် ပို၍ လှနေပြန်သည်။



ဩော် ... ခိုင်သည် ငိုလည်းလှ၊ ရယ်လည်းလှ၊ ငိုရယ်ဘဲလည်း လှနိုင်သူပါတကား။

"အန်ကယ် အကြံတစ်ခုရတယ်ကွယ့်"

အားလုံး ကိုယ်စီ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေရာမှ ဦးမောင်မောင်ခိုင်၏ အားပါးတရ ပြောလိုက်သောအသံမှာ ဟိန်းသွားသည်ပင် ထင်ရပါ၏။

အောင်စိုးမိုးက ဦးမောင်မောင်ခိုင်ကို မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။

"မောင်အောင်စိုးမိုး အားလပ်နေသလားဟင်"

"ကျွန်တော်ဟာ အမြဲအားလပ်နေတဲ့လူပဲ အန်ကယ်၊ ကျွန်တော့်မှာ ပုံသေအလုပ်မှမရှိတာ၊ အဲ ... စာလေးဘာလေး ရေးတဲ့အခါ ရေးတာလောက်ပဲရှိတယ်"

"ဒါဆို အန်ကယ် မောင်ရင့်ဆီက အကူအညီတောင်းချင်တယ်"

အောင်စိုးမိုးက နှုတ်မှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။

ဦးမောင်မောင်ခိုင်ကလည်း လက်ညှိုးနှင့် လက်ခလယ်ကို ထောက်ပြသည်။

"အကြောင်းနှစ်ခုရှိတယ်ကွယ့်၊ ပထမအချက်က ကိုအောင်ဟာ အခုဆို စိတ်မချရတဲ့အနေအထား ရှိချင်ရှိမယ်၊ သမီးအတွက် အိမ်ထဲမှာနေတဲ့အချိန် အန်ကယ်ရဲ့မျက်စိအောက်မို့ အန်ကယ်ကိုယ်တိုင် အကာအကွယ်ပေးနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာဆိုတော့ တော်ရုံကြံစည်ဖို့လည်း မလွယ်ဘူးပေါ့၊ ခက်တာက ကျောင်းသွားကျောင်းပြန် လမ်းပေါ်မှာနဲ့ ကားပေါ်မှာ ကိုအောင့်ကို လွှတ်ရတာ၊ အဲဒါ မောင်အောင်စိုးမိုးက သမီးလေးခိုင်ကို စောင့်ရှောက်ပေးဖို့ပါ"

"လိုအပ်လို့လား အန်ကယ်၊ ခိုင်ဟာ ဒီလိုပဲ တောက်လျှောက် ကျောင်းတက်လာခဲ့တာပဲ မဟုတ်လား၊ ဘာမှမ မဖြစ်ခဲ့တာ၊ ဒီနေ့ဖြစ်ခဲ့တာကလည်း ကျောင်းသွားကျောင်းပြန် လမ်းမှာမဟုတ်ဘဲ ပန်းဆိုးတန်းဆိပ်ကမ်းမှာ ဟိုလူ့ဆီက စာအိတ်သွားယူလို့ ဖြစ်တဲ့ကိစ္စမဟုတ်လား"

ဦးမောင်မောင်ခိုင်က ခေါင်းခါပြသည်။

"မဟုတ်သေးဘူး မောင်အောင်စိုးမိုး၊ ဟိုတုန်းက ဘာမှ မဖြစ်ခဲ့တာဟာ တစ်ခုခုဖြစ်ဖို့အချိန်မရောက်သေးလို့ မဖြစ်တာ၊ အခုဟာက တစ်ခုခုဖြစ်ဖို့အချိန်ရောက်လာတယ်၊ အဓိကကတော့ကွာ ဒီနေ့ မောင်မဲဆိုတဲ့လူဆီက အန်ကယ် စာအိတ်ညိုရလိုက်တာဟာ တစ်ခုခုဖြစ်လာဖို့ အကြောင်းပဲ ဆိုပါတော့၊ သမီးခိုင့်ကို အမိဖမ်းပြီး သူတို့လိုချင်တဲ့ ပစ္စည်းနဲ့ ပြန်လွှဲခိုင်းတဲ့အဆင့်အထိ ရောက်နိုင်တယ်"

"ဒါဆိုရင်တော့ ဟုတ်တာပေါ့"ဟု အောင်စိုးမိုးက ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဒုတိယအချက်က ဇေယျဆိုတဲ့လူက မောင်အောင်စိုးမိုးနဲ့ သမီးကို ရင်းနှီးစေချင်တယ်မဟုတ်လား၊ အဲဒါ မောင်အောင်စိုးမိုးသာ အန်ကယ်တို့အိမ်မှာ အတူလိုက်နေမယ်၊ သမီး



ခိုင် ကျောင်းပို့ ကျောင်းကြိုကို အဖော်လိုက်မယ် ဆိုရင် ဇေယျတို့စိတ်ထဲ မောင်ရင်က သူတို့ခိုင်းတဲ့အတိုင်း လုပ်နေပြီလို့ ယူဆနိုင်တယ်၊ ဒါဆို ဇေယျအဖွဲ့ဟာ ရှေ့တစ်လှမ်းတိုးနဲ့ မောင်ရင့်ကို ထပ်ပြီး ဆက်သွယ်လာမယ်၊ အဲဒီအခါမှာ ဇေယျတို့အဖွဲ့ဟာ အောင်ဟိန်းနဲ့ တစ်ဖွဲ့တည်းလား၊ အောင်ဟိန်းရဲ့လူတွေလား၊ ဒါမှမဟုတ် တစ်သီးတခြား နောက်ထပ်ပေါ်လာတဲ့အဖွဲ့လားဆိုတာ သိသာနိုင်လာမယ်"

"ဖေဖေရယ် ဖေဖေ့စိတ်ကူးက ခိုင်နဲ့ အစ်ကိုတို့ကို ငါးစာ တပ်တဲ့သဘော ဖြစ်မနေဘူးလား"

"ဖြစ်နေတာအမှန်ပဲ၊ တမင်ကို ငါးစာချတာပဲ၊ ဒါမှ ဘယ်သူဘယ်ဝါတွေဆိုတာ သဲသဲကွဲကွဲသိလာရမယ် သမီး၊ အခု အောင်ဟိန်းကလည်း သမီးကို အမိဖမ်းဖို့ရော၊ မောင်မဲ ဆီက စာအိတ်ကိုရော အရယူဖို့ အကြမ်းဖက်လာတယ်၊ အရင်တုန်းက သွေးအေးအေးနဲ့ ဒီကိစ္စကို အေးအေးဆေးဆေးပဲ အကွက်ချောင်းစောင့်ကြည့်ယုံလေးရယ်၊ အဲ ... အခု မောင်အောင်စိုးမိုးဆီကိုလာတဲ့ သုံးယောက်ဆိုရင်လည်း သေနတ်တွေ ဓားတွေနဲ့တောင် ဖြစ်လာပြီ၊ ဒီတော့ ကိုယ့်ရန်သူအစစ်ဟာ ဘယ်သူတွေလဲဆိုတာရော၊ လာမယ့်အားပြေးတွေ့တဲ့သဘောရော၊ ဖေဖေလုပ်ရတော့မယ်၊ သမီးနဲ့ မောင်အောင်စိုးမိုးကို ရှေ့ကပြထားပြီး သူတို့ဝင်လာတဲ့ ခြေလှမ်းကို ဖေဖေက ဖမ်းရမှာ တအုံ့နွေးနွေးနဲ့နေမယ့် အစား ဘွားခနဲရင်ဆိုင်ရတာ ကောင်းပါတယ် သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ခိုင့်ကို အောင်စိုးမိုးက ကြည့်ပြီး "အင်း ... ဇွတ်ကြီးပါလား"ဟု မှတ်ချက်ချမိသည်။ ပြီး ဖခင်က ဇွတ်လုပ်သလောက် ဖခင်၏ဆန္ဒကို လိုက်လျောနေရသော သမီးလိမ္မာ ခိုင်ပါလားဟုလည်း ခိုင့်ကို ပို၍ သနားမိသည်။

"အန်ကယ့်ရဲ့စိတ်ကိုင်းနှစ်ချက်က အန်ကယ့်ရဲ့ဆန္ဒနဲ့ လုပ်ငန်းလုပ်ဆောင်ချက်အပေါ်မှာ ကောင်းချင်ကောင်းမယ်၊ ခိုင့်အတွက်တော့ မကောင်းဘူးအန်ကယ်"

"ဟဲ ဟဲ ... ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး မောင်အောင်စိုးမိုးရာ၊ အန်ကယ့်သမီး ခိုင်ရဲ့အကြောင်းကို အန်ကယ့်ထက် ဘယ်သူက ပိုပြီးသိနားလည်မှာလဲ၊ ကဲ ... ဆောပတ်ဝန်းကျင်က မောင်ရင်နဲ့ သမီးကို အထင်လွဲမှားတယ်ထားပါတော့၊ အဲဒါ ဘာဖြစ်လဲ၊ ဒီလိုအထင်လွဲမှားလို့ သမီးကို လက်ထပ်ချင်တဲ့သူမရှိရင် သားအဖ ပိုတောင်ကောင်းသေး"

"ကဲ ... အောင်စိုးမိုး နင် ဘာပြောချင်သေးလဲ"ဟု အောင်စိုးမိုးသည် သူ့ဟာသူ စိတ်ထဲတွင် ရွတ်ဆိုမိပါချေတော့၏။ ဦးမောင်မောင်ခိုင်၏စိတ်ဓာတ်သည် ဘယ်သူသေသေ ငတေမာပြီးရောပုံသဏ္ဍာန် ဝင်နေပါ၏။

အောင်စိုးမိုး ဘာမှန်းသေချာမသိရသည့် ဦးမောင်မောင်ခိုင်၏ လျှို့ဝှက်လုပ်ငန်းက ယခုလောလောဆယ်တွင် ဦးမောင်မောင်ခိုင်၏ တစ်ကိုယ်လုံးကို လွှမ်းမိုးထားပါ၏။

"ဘယ့်နယ်လဲ မောင်အောင်စိုးမိုး၊ အန်ကယ် အကူအညီတောင်းတဲ့ အချက်နှစ်ချက်ကို လိုက်လျောနိုင်မယ်မဟုတ်လား"



"ကျွန်တော့်အတွက် အပန်းမကြီးပါဘူး၊ ဒါပေမဲ့ ခိုင့်ရဲ့ သဘောဆန္ဒကို တီးခေါက်ကြည့်ပါဦး အန်ကယ်၊ ကျွန်တော်က ဥတစ်လုံးတစ်ကောင်ကြွက်ပဲဟာ"

ဦးမောင်မောင်ခိုင် ဘာမှမပြောရသေးမီမှာပင် ချောကလျာခိုင်က ဝင်ပြောပါ၏။

"ခိုင့်ဆန္ဒက ဖေဖေ့ဆန္ဒပဲ အစ်ကို၊ ခိုင့်တစ်သက်မှာ ဖေဖေဆန္ဒရှိရာ အားလုံး လိုက်လျောမယ်လို့ ဆုံးဖြတ်ပြီးသားပါ"

ဦးမောင်မောင်ခိုင်သည် ပြုံးပြုံးကြီး ဖြစ်သွားပါ၏။

ဘာတွေ ဖုံးလွှမ်းနေမှန်းမသိ။ အမြဲတမ်း အပြုံးအရယ်မရှိဘဲ မျက်နှာကြီး တင်းမာနေတတ်သော ဦးမောင်မောင်ခိုင်၊ ယခု ပြုံးပုံမှာ အူလှိုက် သည်းလှိုက်နှင့် ပီတိဖြာဝေသော အပြုံးမျိုးဖြစ်နေပါတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



# ၅

"ဆေးလိပ်မီးတစ်တို့လောက်ဗျာ၊ မီးခြစ်ပါမလာလို့"

အောင်စိုးမိုးသည် စီးကရက်ခဲရင်း ကားဖြူပေါ်တွင် ထိုင်ကာ ခိုင့်နောက်ဆုံးချိန် ကျောင်းအဆင်းကို စောင့်နေခြင်းဖြစ် ပါ၏။

"ဟင် ... ခင်ဗျား ကိုဇေယျပဲ"

"ဟုတ်ပါတယ်၊ ရေမရောပါဘူး၊ ဇေယျပါပဲ၊ ဟဲ ဟဲ ... ရုပ်ရှင်မင်းသားကြီး ဦးဇေယျတော့ မဟုတ်ဘူးပေါ့ဗျာ"

"ခင်ဗျား ... ခင်ဗျား"

"ပြောစရာရှိလည်းပြောပေါ့ ကိုအောင်စိုးမိုး၊ ဒါပေမဲ့ ခင်ဗျား လက်ထဲက စီးကရက်ကို အရင်ပေးဦးဗျာ၊ ဆေးလူမြင်ရ ယုတ္တိလေးလည်းရှိဦးမှ"

ကိုဇေယျက သူ့လက်ထဲတွင် ကိုင်ထားသော မီးမညှိရသေးသော စီးကရက်ကို ထောင်ပြရင်းပြောသည်။



အောင်စိုးမိုးက လက်ထဲမှ သောက်လက်စ စီးကရက် ကို ပေးလိုက်သည်။ ကိုဇေယျက စီးကရက်ထိပ်ဖျားချင်း တေ့ပြီး မီးညှိနေသည်။

"အတော်ပဲ ကိုဇေယျ၊ ကျွန်တော် ခင်ဗျားကို တွေ့ချင်နေ တာ၊ ဘယ်လိုဆက်သွယ်ရမှန်း မသိလို့"

"ဟဲ ဟဲ ... အခြေအနေ သိပ်ကောင်းနေတာတွေ ခင်ဗျား က ပြောချင်နေလို့လား"

"အဲဒါတွေ ဘေးချိတ်ထားဗျာ၊ ကျွန်တော် ခင်ဗျားကို တွေ့ချင်တာက ခင်ဗျား ငွေတစ်သောင်း ပြန်ယူသွားဖို့ပါ"

"ဘာလို့ ပြန်ယူစေချင်တာလဲ"

"ခင်ဗျား ငွေကိုလည်း မလိုချင်ဘူး၊ ခင်ဗျားတို့ခိုင်းတာ လည်း ကျုပ် မလုပ်ဘူး၊ အဲဒါကြောင့်ပဲ"

"မိုက်ပါဘိ ကိုအောင်စိုးမိုးရာ၊ စိုင်ကော်လို့ ရွှေပေါ်တောင် ရောက်နေပြီပဲဟာ၊ အခုဆို အက်(စ်)အီးကားဖြူကြီးကို ခင်ဗျားက မောင်းနေရပြီ၊ သူတို့အိမ်ပေါ်မှာ တက်နေရပြီ၊ ဘာကြာတော့မလဲ၊ ခင်ဗျားဟာ ရွှေသမက် ငွေသမက်ဖြစ် တော့မယ့်ဟာ"

"ကျွန်တော်ပြောခဲ့ပါတယ် ကိုဇေယျ၊ အခု ကျွန်တော်လုပ် ဆောင်နေသမျှဟာ ခင်ဗျားတို့အတွက် လုံးဝ မဟုတ်ဘူး၊ ဦးမောင်မောင်ခိုင်နဲ့ ခိုင့်အပေါ်မှာ ဘာမျှော်လင့်ချက်တစ်ခု မှ မထားဘဲ စေတနာသန့်သန့်၊ မေတ္တာသန့်သန့်နဲ့ အကူ အညီပေးနေတာ၊ ကိုဇေယျတို့အတွက် လုပ်နေတယ်များ

www.burmeseclassic.com

www.burmeseclassic.com



မထင်နဲ့ ခင်ဗျားရဲ့ငွေတစ်သောင်း ဘောက်ထော်ကျော်ကျော် ကုန်းအိမ်မှာ ထားခဲ့တယ်၊ အဲဒါ လာယူပါ"

"မမိုက်ချင်နဲ့ ကိုအောင်စိုးမိုး၊ ခင်ဗျားက သိက္ခာတွေ သမာဓိတွေ သိပ်ထားမနေနဲ့ အခုဆို သူတို့ရဲ့ အတွဲ ဘောကြီး ကိုသစ္စာက ခိုင့်ကို ပိုင်ဆိုင်ရေးအတွက် အပြတ် ကြိုးစားနေတာ ခင်ဗျားလည်း မြင်နေမှာပါ၊ တစ်အိမ်တည်း အတူနေကြတာပဲ"

"ဒါက သူတို့ကိစ္စပါ၊ ကျွန်တော်နဲ့ မဆိုင်ပါဘူး"

"ဒီမယ် ကိုအောင်စိုးမိုး၊ အချိန်လည်း သိပ်မရဘူး၊ ကျောင်းဆင်းကာနီးနေပြီ၊ ခင်ဗျား ဘာဖြစ်လို့ ကိုယ့်နှလုံး သားကို သစ္စာဖောက်ချင်တာလဲ သွေဖီချင်တာလဲ ကိုအောင် စိုးမိုး၊ ကိုယ့်နှလုံးသားကို ကိုယ့်ဟာကိုယ် မလိမ်နဲ့လေ၊ ကျုပ် သိပ်သိတာပေါ့၊ ခင်ဗျားဟာ ခိုင့်ကို ရင်ထဲနှလုံးသား ထဲက ချစ်နေပြီပဲဟာ"

"ဟာဗျာ"

"မဟာဗျာနဲ့ ကိုအောင်စိုးမိုး၊ ဒီမယ် ကျုပ် ထပ်ပြောမယ်၊ ရွှံ့နဲ့လုပ်တဲ့ကြောင်ရုပ်က်ပဲ ခုတ်ခုတ်၊ တကယ့်ကြောင်ကြီး ကပဲခုတ်ခုတ်၊ ခုတ်ဖို့ ကျုပ်တို့အဖို့တော့ ကြွက်သေတာ ဟာ လိုရင်းပဲ၊ အခုလောလောဆယ်အခြေအနေမှာ ခင်ဗျား က စေတနာတွေ၊ မေတ္တာတွေနဲ့ ချောကလျာခိုင်ကို ကူညီ တာဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျုပ်ညိုနှိုင်းတာကို လက်ခံလို့ ကြိုးစားတာပဲဖြစ်ဖြစ် ခင်ဗျား ကောင်မလေးကို လက်ထပ်ဖို့



ထိ ဆက်ကြိုးစားပါ၊ နို့မို့ရင်တော့ ကိုသစ္စာနော်က်ကို ကောင်မလေးပါသွားမှာ သေချာတယ်၊ အဲဒီ အတွဲဘောက ခင်ဗျားထက် အချိန်တွေ အများကြီးစောပြီး ခိုင့်ကို ချဉ်း ကပ်ခဲ့တယ်၊ ဟိုတုန်းကတော့ သွေးအေးအေးနဲ့ပဲ ချဉ်းကပ် တာပေါ့လေ၊ ဒီကောင်မလေး သူ့လက်ထဲက မလွတ်ပါဘူး လို့ တွက်ထားတာကိုး၊ ဒါပေမဲ့ ဒီကြားထဲ ခင်ဗျားက ဘွားခနဲပေါ်လာတယ်၊ ချောကလျာခိုင်က ခင်ဗျားအပေါ် ယိမ်းနွဲ့ချင်နေတယ်၊ ဒါကို ကိုသစ္စာက ရိပ်မိလို့ အခုဆို သွေးပူပူနဲ့ အင်တိုက်အားတိုက် ချီတက်နေလေရဲ့၊ ဦးမောင် မောင်ခိုင်အနေနဲ့က ကိုသစ္စာနဲ့ သူ့သမီးကို သဘောတူဖို့ ဝန်လေးမှာမဟုတ်ဘူး၊ သူတို့လုပ်ငန်းအားလုံးကို ကိုသစ္စာ က ကျွမ်းကျင်ပြီးသား၊ ဒီမယ်ဗျာ၊ အချိန်လည်းမရဘူး၊ ကျုပ် နောက်ဆုံးပြောမယ်၊ ကျုပ်ရဲ့ငွေငါးသောင်းကိစ္စ အခုလောလောဆယ်မှာ ထည့်မစဉ်းစားနဲ့ အဲ … ခင်ဗျား ရဲ့နှလုံးသားကိုတော့ သစ္စာမဖောက်နဲ့၊ မသွေဖီနဲ့ မလိမ်နဲ့၊ မညာနဲ့ ကိုအောင်စိုးမိုး၊ ကဲ … ရော့ ခင်ဗျားစီးကရက်၊ ကျုပ် သွားပြီ"

ကိုင်ထားသော စီးကရက်တိုကို အောင်စိုးမိုးအား ပြန်ပေးသည်။

ယောင်တိယောင်ကန်းနှင့် စီးကရက်ကို အောင်စိုးမိုး ပြန်ယူပြီးသည်နှင့် ကိုဇေယျအပါးမှ လျင်မြန်စွာ ထွက်ခွာသွား …တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုး ငေးကျန်ခဲ့သည်။ ကိုဖေယျသည် ကိုသစ္စာအား အတ္တဘောဟုခေါ်ပေသည်။ ကိုသစ္စာကို လိုလားပုံ မရပါလေ။

"နှလုံးသား သစ္စာမဖောက်နဲ့၊ မသွေဖီနဲ့ မလိမ်နဲ့" တဲ့။ ကိုဖေယျ ပြောသွားသည်ကို အောင်စိုးမိုး ပြန်၍ ရွတ်ဆိုနေမိသည်။

အောင်စိုးမိုးသည် ဦးမောင်မောင်ခိုင်၏ အကူအညီ တောင်းချက်ကို လက်ခံပြီး ခိုင့်တို့အိမ်ရောက်နေသည်မှာ သီတင်း တစ်ပတ်ကျော်၍ နှစ်ပတ်ထဲဝင်လေပြီ။

နေ့စဉ်နှင့်အမျှ ခိုင့်ကို ကျောင်းပို့ ကျောင်းကြိုရုံ သာမက ကျောင်းပိတ်ရက်လေးများတွင် ခိုင်က ဗိုလ်ချုပ်ဈေး လိုက်ပို့ပေးပါ၊ ညိုမီတို့အိမ် လိုက်ပို့ပေးပါ စသဖြင့် ခိုင်သွားချင် သည့်နေရာလေးတွေကိုလည်း လိုက်ပို့ပေးရသေးသည်။

ခိုင်ရော ဦးမောင်မောင်ခိုင်ရော မိမိအပေါ် ဆက်ဆံ သည်မှာ တန်းတူ၊ သွေးတူ၊ ရည်တူ ဆက်ဆံပါ၏။

မော်တော်ကားဆေး၊ ဖုန်သုတ် စသည်များကို ဦးလေးအောင်ကို လုပ်စေသည်။ မိမိအဖို့ ခိုင်နှင့်အတူ သွားလာ ရင်း ခိုင့်ကို စောင့်ရှောက်ပေးရသော ဘော်ဒီဂတ်အလုပ်က သာ၍ သက်သာသာရှိသည်။

ခိုင်နှင့်မိမိ အတူသွား၊ အတူလာ၊ အတူစား။

ဒီတော့လည်း မိမိအဖို့ နေမြင့်လေ အရူးရင့်လေဖြစ် လာရသည်။ နဂိုရှိရင်းစွဲကိုက ခိုင့်အပေါ် မေတ္တာသက်ဝင်နေသည်



အခုလို ခိုင်နှင့် နီးနီးကပ်ကပ်နေရပြန်တော့ မိမိရင်ထဲ နှလုံးထဲ က မေတ္တာသည် တစ်နေ့ထက်တစ်နေ့ ပိုမိုထုထည်ကြီးမားလာ သည်။

ကဲ ... ဒါဆို ဖွင့်ပြောပါလား။

အဲဒါကျတော့လည်း တကယ့်မလွယ်ကြော။

ဖွင့်ပြောလိုက်သည်ဆိုပါစို့။ ခိုင်က မိမိ၏ မေတ္တာ ကို ယုံကြည်လျှင် ကိစ္စမရှိ။

"ဘာလဲ၊ ငွေငါးသောင်းရမှာမို့ ခိုင့်ကို အရချိုင်တာ လား"ဟု ပြန်မေးလိုက်လျှင် မိမိရင်ထဲ နင့်ခနဲဖြစ်ရမည်။

ဖွင့်မပြောလိုက်လျှင် အဲဒီလို ထင်မြင်နိုင်စရာလည်း ရှိနေသည်။

တကယ်တမ်း မိမိကို ခိုင်တို့သားအဖအမြင်တွင် ဘယ်လိုမြင်နိုင်မည်နည်း။

အမှန်အတိုင်း အရှိအတိုင်း မြင်သည့်ပဲဆိုပါတော့။

မိမိသည် ဝင်ငွေမရှိ၊ မယ်မယ်ရရ အလုပ်မရှိ၊ မိဘ မျိုး၊ အခြေခံနိုင်မာမှုမရှိ။

အို ... မရှိတာတွေက မိမိမှာ များလွန်းနေသည်။

ဒါဆို ငွေငါးသောင်းမက်လို့။

ဦးမောင်မောင်ခိုင် ချမ်းသာကြွယ်ဝသမျှတွေကို မက်လို့၊ ခိုင့်ကို လိုချင်သည်ဟု မြင်စရာတွေ အများကြီးရှိနေသည်။

ပထမဆုံး ကိုဖေယျက ဒီလို လာညှိနှိုင်းသွားပါသည် ဟု ပြောပြစဉ်က သူတို့အိမ်သို့ ဦးမောင်မောင်ခိုင်၏ အလိုအရ

www.burmeseclassic.com

www.burmeseclassic.com



မိမိလိုက်ပါလာပေမယ့် ခိုင်သည် မိမိအား မယုံသလိုလို သံသယ အကြည့်လေးတွေဖြင့်လည်း ကြည့်ခဲ့သည်။

အမ်းတမ်းတမ်း ဖြစ်သွားပြီး ပထမသုံးလေးရက်တွင် မှန်တန်းလေးသာ ဆက်ဆံသည်ကိုလည်း တွေ့ရသည်။

ဆက်ပြီး မိမိ၏အနေအထိုင် မှန်ကန်မှု၊ အပြောအဆို မှန်ကန်မှုတွေကို အကဲခတ် စိတ်ချလာလေမှ၊ မိမိကို ရင်းရင်းနှီးနှီးလေး ပြန်၍ ဖော်ရွေသည်။ ဆက်ဆံသည်။

ယခု မိမိက မေတ္တာရှိကြောင်း ဖွင့်ပြောလိုက်လျှင် ထိုင်နေတာကောင်းသားနဲ့ ထသွားမှ အကျိုးပါဟုအပြောအဆိုခံရတော့မည်။

အထင်အမြင်တွေ လွဲမှားကုန်တော့မည်။

ယခု ခိုင့်ပတ်ဝန်းကျင်၌ ခိုင့်ကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ထဲက မည်သူတစ်ယောက်နဲ့ပဲ မိမိတ ယှဉ်ယှဉ် မိမိအခြေအနေက ဘူကောင် သုညသာ ဖြစ်နေသည်။

မိမိဖွင့်ပြောလိုက်လျှင် အစွယ်ကိုလို၍ ဆင်ကောင်ကြီးကို သတ်သည်ဟုထင်စရာ။

ခက်ပါလား ခိုင်ရယ်။

ဒီကြားထဲ ကိုဗေယျပြောသလိုပင် ကိုသစ္စာသည် ခိုင်တို့အိမ်သို့ အလာစိပ်လှသည်။ အဝင်အထွက်တွေ ဖိုး အရမ်းများလာသည်။

ခိုင်နှင့် ဧည့်ခန်းထဲတွင် စကားပြောသည်မျိုးကို လည်း မိမိ တွေ့ရသည်။



ခိုင်နှင့် ကိုသစ္စာ ပန်းခြံထဲတွင် စကားပြောနေသည် မျိုးကိုလည်း မိမိ တွေ့ရသည်။

စေ့စေ့စပ်စပ်တွေးကြည့်လျှင် မိမိကို သူတို့အိမ်ထဲ ခေါ်ယူထားသည်မှာ ဘုရားတည်စဉ် ငြမ်းဆင်သည့်သဘောမျှသာ ရှိ၏။

ဘုရားပြီးလျှင် ငြမ်းဖျက်ရသည်မှာ ဓမ္မတာ။

ဘုရားပြီးပါလျက် ဒီငြမ်းကြီး ဆင်ထားလျှင် ဘုရား၏ သပ္ပာယ်မှုတွေသည် ဤငြမ်းကြီးကြောင့် အကြည်းတန်အရုပ်ဆိုးဖွယ်ရာ။

အကောင်းဆုံးကတော့ ကူညီလက်စရှိပြီမို့ စေတနာ မေတ္တာသန့်သန့်နှင့် ဆက်ကူညီပြီး ခိုင်နှင့် ခပ်ရှောင်ရှောင်နေသည်က ပို၍ သင့်တော်မည်ဟု အောင်စိုးမိုး ဆုံးဖြတ်လိုက်တော့သည်။

နို့မို့လျှင် မိမိဘဝသည် ဘဲဥကို ဝပ်ဖောက်ပေးသော ကြက်မကြီးကဲ့သို့ ခံစားရတော့သည်။ ဘဲကလေးတွေ အကောင်ပေါက်ပြီး ရေထဲဆင်းကူးသွားလေမှ ကြက်မကြီးမှာ သားဖော အမီးဖောကလည်းကပ်၊ ရေလည်းမကူးတတ်သဖြင့် ဘဲလေးတွေ နောက်သို့ မလိုက်နိုင်ဘဲ ကမ်းစပ်မှ ကတော် ... ကတော်နှင့် အောင်ညည်းငိုကြွေးရုံသာ ရှိတော့သည်။

အောင်စိုးမိုးသည် "ကတော် ... ကတော်မအောင်ပါ ဘူးနှင့် ခိုင်"ဟုသာ တိုးတိုးလေး ကျိတ်၍ ညည်းလိုက်မိသည်။

တွေးစဉ် ငေးစဉ် စိတ်မချမ်းမသာ ဖြစ်နေစဉ်မှာပင် ချောင်းဆွင်း ခေါင်းလေးသံ ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်သည် ရွှေနန်းတော်ကြီးထဲမှ ကြွမြန်းဆင်းသက်လာသည့် မင်းသမီးလေးသဖွယ်ပင်။

တက္ကသိုလ်အဆောက်အအုံ စာသင်ခန်းထဲမှ ခိုင်ထွက်လာသည်။

ခိုင့်ကို မကြည့်ပါနှင့်။

ကြည့်လေလေ စွဲမက်စရာဖြစ်လေမဟုတ်လား။

ခိုင်သည် ကားဖြူကြီးထဲမှ အောင်စိုးမိုးကို အပြုံးလေးဝေဝေဆာဆာဖြင့် ကြည့်ရင်း ကားဖြူကြီးဆီသို့ ခေါင်းမော့လေးသဖွယ် လှမ်းလာသည်။

ခါတိုင်းဆိုလျှင် ကျောင်းဆင်းသည်နှင့် ခိုင်ဆင်းလာမည့် ကလပ်(စ်)ပေါက်ဝသို့ အောင်စိုးမိုးက အစဉ်တစိုက်လှမ်းနေသည်။

ခိုင် ဆင်းလာသောအခါ အဝေးကပင် ခိုင်ကပြုံးပြပြီး အောင်စိုးမိုးကလည်း အပြုံးနှင့်ကြိုဆိုသည်။

ခိုင်သည် ယနေ့ အစ်ကိုအောင်စိုးမိုးက မိမိကိုမကြည့်၊ မိမိကို မပြုံးဘဲ တခြားသို့ မျက်နှာရောက်နေသည်ကို နောက်ခန်းကားတံခါးဆွဲဖွင့်ရင်း မျက်မှောင်လေးကြုတ်ကာ အောင်စိုးမိုး၏ကျောပြင်ကြီးကို ကြည့်နေမိသည်။

ခိုင် ကားပေါ်တက် တံခါးပိတ်သံ ကြားပြီးသည်နှင့် အောင်စိုးမိုးက စက်နှိုး၊ ဂီယာသွင်း၊ ဘီးလိမ့်ထွက်ခွာလာခဲ့သည်။



တက္ကသိုလ်ရိပ်သာလမ်းကြီးအတိုင်း မောင်းလာမိသည်အထိ နှစ်ယောက်သား တစ်ဦးကိုတစ်ဦး စကားမပြောမိကြသေး။

“အိမ်ရောက်ပြီးရင် ခိုင် ဘယ်သွားစရာရှိသေးလဲ”

“ဘာလို့လဲ အစ်ကို”

“ခိုင့်ကို လိုက်ပို့စရာမရှိရင် အဝေယျာလမ်းကအိမ်ကို ပြန်ချင်လို့”

“ဘာလို့ ပြန်ချင်တာလဲ၊ ပြန်ချင်စရာ အလုပ်ကိစ္စကပေါ်လာလို့လားဟင်”

“အိမ်ပြန်ပြီး စိတ်လွတ်ကိုယ်လွတ် နေချင်လို့ပါ၊ ဘာအလုပ်မှတော့ မပေါ်ပါဘူး၊ တို့က အလုပ်အကိုင်ရှိတဲ့လူမှ မဟုတ်တာ၊ ဘာအလုပ်ပေါ်စရာ ရှိမှာလဲ”

“ဘာလဲ ခိုင်တို့အိမ်မှာနေရတာ အစ်ကို့မှာ စိတ်မလွတ်ကိုယ်မလွတ်ဖြစ်နေလို့လား၊ အောက်မှာ အစ်ကို့ကို သီးသန့်အခန်းပေးထားတာပဲ၊ နောက်ပြီး ဦးလေးအောင်တို့ ဒေါ်လေးနန္ဒာတို့ကိုလည်း အစ်ကို လိုအပ်သမျှ လုပ်ပေးပါလို့ ပြောထားသားပဲ”

“လိုလေသေး ဘာမှမရှိပါဘူး ခိုင်၊ ဒါပေမဲ့ ရိုးရိုးလေးပဲ ပြောရရင် ချေးထဲကလောက်ဟာ ချေးထဲမှာပျော်တာပဲ ကောင်းပါတယ်”

ချောကလျာခိုင် မျက်မှောင်လေးကြုတ်မိပြန်သည်။

www.burmeseclassic.com



"အစ်ကို့စကားက တစ်မျိုးကြီးပဲ၊ ဒီနေ့ အစ်ကို့ကိုကြည့်ရတာ ခါတိုင်းလိုမဟုတ်ဘူး၊ ခိုင် ကလပ်(စ်)လွှတ်လို့လာတည်းက ကြည့်နေတယ်၊ အစ်ကို သုန်သုန်မှုန်မှုန် ဖြစ်နေသလားလို့"

အောင်စိုးမိုးက ကားမောင်းရင်း ပခုံးတွန့်လိုက်မိသည်။

"တို့မေးတာပြောပါဦး ခိုင်၊ ဒီနေ့ ခိုင် ဘယ်သွားစရာရှိသေးလဲလို့"

"ခုနေတော့ ဘယ်မှ သွားစရာမရှိဘူး အစ်ကို၊ အိမ်ရောက်ပြီးမှ ဘယ်သွားစရာရှိဦးမလဲတော့ မပြောတတ်ဘူးလေ"

အောင်စိုးမိုးက နောက်ထပ် မပြောတော့ဘဲ အိမ်ရောက်သည်အထိ တိတ်ဆိတ်စွာပင် မောင်းလာခဲ့တော့သည်။

အိမ်ထဲသို့ဝင်မိသည်နှင့် အိမ်အဝင်တံခါးပေါက်တွင် ကိုသစ္စာသည် မားမားရပ်ကာ ခိုင့်ကို အပြုံးနှင့်ကြိုဆိုနေပေသည်။

ထင်သည့်အတိုင်း ကိုဇေယျပြောသည့်အတိုင်းပင် ကိုသစ္စာသည် အချိန်ရှိသလောက် အလုပ်ကို အကြောင်းပြကာ ခိုင်တို့အိမ်သို့ အဝင်အထွက်များလှပေသည်။

"ခိုင်ပြန်လာပြီလား၊ ကိုသစ္စာ ခိုင့်အလာကို တမင်စောင့်နေတာ၊ အလုပ်ကိစ္စတွေအတွက် အန်ကယ်နဲ့တွေ့ပြီး ပြောပြီးပါပြီ"

"ဟုတ်လား ဒါဆို လာလေ"



ခိုင်က ကားပေါ်မှဆင်းပြီး ရှေ့မှဝင်သွားသည်။ ကိုသစ္စာက နောက်မှလိုက်သွားသည်။

အောင်စိုးမိုးစိတ်မှာ ပို၍ နောက်ကျိသွားရပြန်သည်။

စိတ်မချမ်းသာစွာဖြင့် ကားကို ဂိုဒေါင်ထဲအထိ မောင်းလာခဲ့သည်။

ခါတိုင်း ကိုသစ္စာသည် ညနေစောင်း ငါးနာရီ ခြောက်နာရီလောက်မှ လာတတ်သည်။

ဒါဆိုလျှင် အောင်စိုးမိုးကလည်း ခိုင့်ကို ကြိုရာမှ ပြန်အရောက်တွင် အိမ်ရှေ့ဆင်ဝင်အောက်မှာပင် ကားကို ရပ်ထားကာ အောက်ထပ်ရှိ သူ၏သီးသန့်ခန်းထဲသို့ ဝင်လာသည်။ သို့မဟုတ် ဧည့်ခန်းတွင် ဝင်ထိုင်သည်။

ယနေ့တော့ ကိုသစ္စာ ဆီးကြိုနေသည်ကို တွေ့သည်နှင့် အိမ်ထဲသို့ ဝင်ချင်စိတ်မရှိဘဲ၊ ကားဂိုဒေါင်အထိ မောင်းဝင်ခဲ့ခြင်းဖြစ်ပါ၏။

"ဟာ ... မောင်အောင်စိုးမိုး၊ ဒီနေ့ ထူးထူးဆန်းဆန်း ကားကို ဂိုဒေါင်ထဲအထိ မောင်းလာပါလား၊ အပင်ပန်းခံလို့ကွာ၊ ခါတိုင်းလိုပဲ ငါသွင်းပေးလိုက်မှာပေါ့"

"အေးဗျာ ... အိမ်ထဲမဝင်ချင်တာနဲ့ ဂိုဒေါင်ထဲ ဆက်မောင်းလာတာ"

"ဟဲ ဟဲ ... အိမ်ထဲမှာ ဟို အတ္တဘောကောင် ရှောင်နေလို့ မဝင်ချင်တာ မဟုတ်လား"

"ဘာရယ် ... ဦးလေးအောင်၊ အတ္တဘောကောင် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ငါတို့က သူ့ကို အတ္တဘောလို့ပဲ ကွယ်ရာမှာခေါ်တယ်၊ သူ့ရှေ့မှာတော့ မခေါ်ရဲဘူးပေါ့ကွာ"

အောင်စိုးမိုးသည် ဖျတ်ခနဲပင် ကိုဇေယျကို မျက်စိထဲ မြင်ယောင်လိုက်မိသည်။

ယခု ဦးလေးအောင်ကလည်း ကိုသစ္စာကို အတ္တဘောဟုပင် ခေါ်ပြန်သည်။

ကိုဇေယျခေါ်သည့်အတိုင်း ဦးလေးအောင် ခေါ်သည်မို့ အမှတ်မထင် ကိစ္စလေးဖြစ်စေကာမူ ကိုဇေယျနှင့် ဦးလေးအောင် အသိုင်းအဝိုင်းတူကြသည်ဟု သေချာပေါက် တွက်နိုင်သွားသည်။

ကိုဇေယျသည် ကိုအောင်ဟိန်း၏ လူဆိုပါက ဦးလေးအောင်လည်း ကိုအောင်ဟိန်း၏လူပင် ဖြစ်ရမည်ဟု ထပ်မံသေချာသွားပြန်သည်။

"ဟဲ ဟဲ ... ဦးလေးအောင်က ဆရာကြီးရဲ့ သစ်စက်အမှတ်တစ်က လွှစက်တာဝန်ခံပါ၊ သစ်စက်က အလုပ်သမားတွေ၊ လခစားတွေအားလုံးက သူ့ကို ကွယ်ရာမှာ အတ္တဘောလို့ပဲခေါ်တယ်၊ တစ်ကိုယ်ကောင်း အတ္တစိတ်တွေ ပေါလွန်းလို့ ပထမခေါ်တုန်းကတော့ အတ္တဘောပါ၊ နောက်ခေါ်ရင်းနဲ့ အတ္တဘောဖြစ်သွားတယ်"

လောလောဆယ်တွင် အောင်စိုးမိုးသည် အတ္တဘောတွေ၊ အတ္တပေါတွေ စိတ်မဝင်စားပေ။ ချစ်တာကို ဝန့်တိုတာပေါ့ဆိုသလို ခိုင်နှင့် ကိုသစ္စာ ပြေလည်နေသည်ကို အောင်စိုးမိုးက စိတ်မချမ်းမသာ ခံစားနေရသည့်အချိန်ဖြစ်နေသည်။



အောင်စိုးမိုး၏ စိတ်ထဲဝယ် ဦးမောင်မောင်ခိုင်သည် မိမိကို ဤအိမ်သို့ လာရောက်နေထိုင်ပြီး အကူအညီတောင်းခံခြင်းမှာ လူမှားနေပြီဟု တွက်လိုက်သည်။

တကယ်ဆို ခိုင့်ကို စောင့်ရှောက်ရန်နှင့် ကျောင်းသွားကျောင်းပြန် အပို့အကြိုလုပ်သင့်သည်မှာ ကိုသစ္စာသာဖြစ်ရမည်။

တစ်နေ့တစ်ချိန်တွင် ကိုသစ္စာသာလျှင် ခွေသမက်ငွေသမက် ဖြစ်လာမည်မဟုတ်ပါလား။

ကားပေါ်မှ ဆင်းပြီး သူ့ထက် အရပ်ပုသော ဦးလေးအောင်၏ ပခုံးပေါ်သို့ အောင်စိုးမိုးက ခင်မင်ရင်းနှီးသော သဘောဖြင့် လက်တင်လိုက်သည်။

"ကျွန်တော့်ကို ဦးလေးအောင် တစ်ခုလောက် လုပ်ပေးပါလား"

"အဲဒါပြောစရာမှမလိုတာ၊ ဆရာကြီးက သေချာမှာထားတာပဲ၊ မောင်အောင်စိုးမိုးခိုင်းတာ အားလုံးလုပ်ပေးရမယ်လို့"

"ဒါဆို အိမ်ကြီးပေါ်တက်ပြီး ရေခဲသေတ္တာထဲက ဝီစကီ တစ်လုံးသွားဆွဲပေးပါလား ဦးလေးအောင်"

"ဘာလဲ ဒီအချိန်ချမလို့လား"

"ဟုတ်တယ်၊ ကျွန်တော် သောက်မလို့၊ ဂိုဒေါင်အပေါ်ထပ်က ဦးလေးအောင်အခန်းမှာပဲ ကျွန်တော်ချမယ်"

"မစောလွန်းဘူးလား၊ အရက်ဆိုတာ ညနေ ထမင်းမစားခင်ကလေးသောက်မှ ကောင်းတယ်ကွ၊ ရေချိုးလေးလည်း ကိုက်ရော ထမင်းလည်း စားရောဆို အရမ်းထမင်းမြိန်တာ"

www.burmeseclassic.com

www.burmeseclassic.com



“အဲဒါတွေ ကျွန်တော် နားမလည်ပါဘူး ဦးလေးအောင်ရာ၊ အခုသောက်မယ်ဆိုတာက စိတ်ပင်ပန်း လူပင်ပန်းလို့ သောက်မှာပါ၊ အချိန်ကာလကို ကျွန်တော် ထည့်မတွက်ပါဘူး”

“သွားယူပေးမယ်လေ၊ ဒါပေမဲ့ မောင်အောင်စိုးမိုးအနေနဲ့ လူပင်ပန်းတာတော့ မဟုတ်ဘူးလို့ ထင်တယ်၊ စိတ်ပင်ပန်းတာပဲဖြစ်ရမယ်”

“ထားပါတော့ဗျာ၊ ထားပါတော့”

ဦးအောင်သည် အဓိပ္ပာယ်ပါသောအပြုံးတစ်ချက်ပြုံးကာ အိမ်ကြီးဆီ လျှောက်သွားသည်။

ဧည့်ခန်းထဲဝယ် ကိုသစ္စာနှင့် ချောကလျာခိုင်က ဟိုဘက်ဆိုဖာ ဒီဘက်ဆိုဖာတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ချောကလျာခိုင်သည် ကိုသစ္စာ တတွတ်တွတ်ပြောသည်ကို နားထောင်ရင်း မျက်ဝန်းအစုံက ဝင်ပေါက်တံခါးသို့သာ ကြည့်နေသည်။

ခါတိုင်းဆိုလျှင် မိမိက ရှေ့မှဝင်လာသည်နှင့် အစ်ကိုအောင်စိုးမိုးက နောက်မှလိုက်လာသည်။

ယခုအချိန်ထိ အစ်ကိုအောင်စိုးမိုး မဝင်လာသေး။ အိမ်ရှေ့တွင် ကားရပ်ထားခြင်းလည်းမရှိတော့။

ထိုစဉ်မှာပင် ...

ဦးလေးအောင် ဝင်လာသည်။



ချောကလျာခိုင်က အဝင်ပေါက်သို့ ကြည့်နေသည်မို့ ဝင်လာသူမှာ အစ်ကိုအောင်စိုးမိုးမဟုတ်ဘဲ ဦးလေးအောင်ဖြစ်နေသဖြင့် ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

အံ့လည်းအံ့ဩသွားပါ၏။

ဦးလေးအောင်သည် ဘယ်တော့မဆို အိမ်မကြီးပေါ်သို့ အကြောင်းကိစ္စမရှိလျှင် လာတတ်သူမဟုတ်။ ခေါ်မှလာသည်။

ယခု ဦးလေးအောင်က အိမ်ထဲဝင်လာရုံမက ထမင်းစားခန်းသို့ တန်းသွားသည်။

ရေခဲသေတ္တာဖွင့်နေသည်။

ချောကလျာခိုင်က ကိုသစ္စာကို စကားခဏနားရန် လက်ဝါးကာပြပြီး ထမင်းစားခန်းသို့ ထလာသည်။

“ဦးလေးအောင် ဘာလို့လဲဟင်”

“ဝီစကီတစ်ပုလင်းယူမလို့ ခိုင်”

“အို ... မဟုတ်တာ၊ ဖေဖေဆူလိမ့်မယ်”

“ဦးလေးအောင် ဒီလောက် အတင့်မရဲပါဘူး ခိုင်၊ ကိုယ်ဘာကောင်လဲဆိုတာလည်း နားလည်ပါတယ်၊ အခုဟာက မောင်အောင်စိုးမိုးက သွားယူချေလို့ခိုင်းလို့ လာယူတာပါ၊ ခိုင့်ကိုမပြောဘဲ ထမင်းစားခန်းတန်းဝင်လာတာက ခိုင်တို့ကို အနှောင့်အယှက်ပေးရာရောက်မှာစိုးလို့”

“နေပါဦး၊ အစ်ကိုက အရက်ပုလင်း ဘာလို့ ယူခိုင်းတာလဲ”

ဦးလေးအောင်မဖြေမီ ခိုင်ထွက်လာတာသို့ နောက်မှလိုက်လာသော ကိုသစ္စာက ဝင်၍ ရယ်သွမ်းသွေးရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... အရက်ယူခိုင်းတယ်ဆိုမှတော့ သောက်ဖို့ပေါ့ ခိုင်ရာ၊ ဘယ်မှာ ဘုရားကပ်ဖို့ယူခိုင်းမလဲ"

ဦးလေးအောင်က ကိုသစ္စာကို မှုန်ကုပ်ကုပ်ဖြင့် လှမ်းကြည့်သည်။ ဘာမှတော့မပြော။ လက်ထဲတွင် မော့(လ်)ဝီစကီ ပုလင်းသစ်တစ်လုံး ကိုင်ထားသည်။

ဦးမောင်မောင်ခိုင်ကိုယ်တိုင်လည်း တစ်ပတ်တစ်ကြိမ် နှစ်ပတ်တစ်ကြိမ်ဆိုသလို ညနေပိုင်းတွင် ဘီယာဖြစ်ဖြစ် ဝီစကီဖြစ်ဖြစ် သောက်တတ်သည်။

"မယူပါနဲ့ ဦးလေးအောင်"

"အဲဒါဆိုရင်တော့ ခက်တယ် ခိုင်"

"ဘာလို့ခက်တာလဲ"

"အဲ ... ခိုင်ကိုယ်တိုင် ခဏလောက်လိုက်လာပြီး မောင်အောင်စိုးမိုးကို ပြောပါ၊ ခိုင်က အရက်ပုလင်း မပေးနိုင်ဘူးလို့"

"အို ... မဟုတ်တာ"

"ဒီလိုရှိတယ် ခိုင်၊ ခိုင့်ဖေဖေဆရာကြီးက ဦးလေးအောင်ကို မှာထားတယ်၊ ဒီအိမ်မှာ မောင်အောင်စိုးမိုးခိုင်းတာ အကုန်လုပ်ပေးရမယ်တဲ့၊ မောင်အောင်စိုးမိုး အလိုရှိတာ ယူပေးရမယ်တဲ့၊ အဲဒီတော့ ဦးလေးအောင်က အခု ဘာ ဆက်လုပ်ရမလဲ"

ဖေဖေက မှာထားသည်ဆိုလာသည်မို့ ခိုင့်အနေနဲ့ ဘာမှ ဆက်မပြောတော့ပေ။ ဖေဖေ့အမိန့်ကို ကြားဝင်ဖျက်သဖြင့် ဖေဖေ စိတ်မကောင်းဖြစ်မည်ကိုလည်း စိုးရိမ်သေးသည်။



"ဒီမယ် ခိုင်၊ အရက်ကြိုက်တဲ့လူကတော့ အရက်သောက်ရမှ ကျေနပ်မှာ၊ အရက်သမားဆိုတာ မသောက်ရရင် ဟိုရမ်း ဒီရမ်းနဲ့ ခိုင့်ရဲ့ဖေဖေကို ပြန်တိုင်မှာ၊ အခု ခိုင်မပေးလည်း သူ့ဟာသူ အပြင်ထွက်သောက်မှာသေချာတယ် ခိုင်"

ကိုသစ္စာက ဝင်ပြောသည်။

"အို ... ကိုသစ္စာပြောတာ ဟုတ်ကိုမဟုတ်ဘူး၊ အစ်ကိုဟာ အရက်သမားမဟုတ်ဘူး၊ ဒီနေ့ သူ့အကြောင်းနဲ့သူ အရက်သောက်မယ်ဖြစ်လာတာပါ"

ဦးလေးအောင်က ဟဲခနဲ ရယ်သည်။

"အဲဒါတော့ အမှန်ပဲ ခိုင်၊ မောင်အောင်စိုးမိုး ဒီအိမ်ရောက်တာ ဆယ့်နှစ်ရက်တောင်ရှိသွားပြီ၊ တစ်ခါမှ အရက်သောက်တာမတွေ့ဘူး၊ စီးကရက်တောင် ကားမောင်းတဲ့အခါမှပဲ သောက်တယ်၊ အိမ်မှာဆို ဆေးပေါ့လိပ်ပဲသောက်တာ၊ သူက အားကစား၊ ကာယသမားပဲ၊ ဒါတွေကို ဘယ်လုပ်မလဲ၊ ဒီနေ့တော့ စိတ်ပင်ပန်း လူပင်ပန်းလွန်းလို့ သောက်မလို့လို့ ဦးလေးအောင်ကိုပြောတယ်"

"ဒါဆိုလည်း ယူသွားပေါ့ ဦးလေးအောင်၊ ဖေဖေ့အမိန့်ကို ဒီအိမ်မှာ ဘယ်သူမဆို နာခံရမှာပဲ၊ အဲ ... အစ်ကို့ကို နည်းနည်းထိန်းပေးပါနော် ဦးလေးအောင်၊ အလွန်အကျွံ ဖြစ်ပြီး အန္တရာယ်ဖြစ်ကုန်ပါမယ်"

"ဟဲ ဟဲ ... ဒီလူကြီး ဦးအောင်လား နေမှာ၊ သူလည်း ဝင်သောက်ပြီး နှစ်ယောက်လုံး မူးနေကြမှာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသစ္စာက ဝင်၍ ဟဲရင်း ဟားရင်း သရော်ကမော် လေသံဖြင့် ပြောလိုက်သည်။

ဦးလေးအောင် ကိုသစ္စာကို ရဲတင်းစွာ ပြန်ကြည့်လိုက်သည်။

"ဒီမယ် ကိုသစ္စာ၊ အခု ဒီနေရာဟာ စက်ထဲမဟုတ်ဘူးနော်၊ ကျုပ်ကို လစာပေးထားတာဟာ ဆရာကြီးကပေးထားတာ၊ အခုလက်ရှိ ကျုပ်ဟာ ဒီအိမ်မှာ တာဝန်ထမ်းဆောင်နေတာ၊ စက်ထဲက လွှစက်ဆရာ မဟုတ်တော့ဘူး၊ ဒီတော့ ကိုသစ္စာက မန်နေဂျာချုပ်ပဲ ဆိုပြီး ကျုပ်ကို လက်အောက်ငယ်သား နိုင်ထက်စီးနင်းပြောသလိုတော့ မပြောနဲ့မောင်၊ ကျုပ်လက်သီးတစ်ချက်ဟာ မဆင်မခြင်ထိုးလိုက်ရင် နွားတောင် နံရိုးကျိုးတယ်၊ ကိုသစ္စာရဲ့ ပါးစပ်ထဲက သုံးဆယ့်နှစ်ချောင်း သွားတွေအားလုံး ကျွတ်ထွက်သွားနိုင်တယ်"

"အံမယ် ... ခင်ဗျားက"

"အေး ... ကျုပ်က ဘာဖြစ်လဲ၊ စမ်းချင်သလား၊ ခိုင့်ရှေ့မှာရော၊ ဒီအိမ့်ပေါ်မှာရော၊ မသင့်တော်ဘူး၊ တကယ်သတ္တိရှိရင် ခြံထဲဆင်းလိုက်လေ၊ ကိုသစ္စာ မားကိုင်ချင်ကိုင်လိုက်ဦး၊ ကျုပ်က လက်ချည်းသက်သက်ဖိုက်မယ်"

ကိုသစ္စာက ဟန်နှင့်ပန်နှင့် ရှေ့တိုးလာသေးသည်။ ဦးလေးအောင်က တစ်ချက်ကလေးမတွန့်ဘဲ လာလေဟု ပုံစံမျိုးရှိနေသဖြင့် ကိုသစ္စာ ခြေလှမ်းတုံ့သွားသည်။



"ကဲ ... တော်ကြပါတော့၊ ဒီလောက်သတ္တိတွေကောင်းနေရင်လည်း လမ်းပေါ်မှာ သွားဖြစ်ကြ"

ခိုင်က အော်အော်ငေါက်ငေါက်လေသံလေးဖြင့် ပြောလိုက်သည်။

"အေးပါ ခိုင်ရာ၊ နောက်ဆုံးကျရင် ဦးလေးအောင်ပဲ အဆိုးဖြစ်မှာပါ၊ သူက သိပ်နေရာရထားတဲ့လူကိုး"

ဦးလေးအောင်သည် ရေခဲရည်နှစ်ပုလင်း ဝီစကီတစ်ပုလင်းဆွဲပြီး ရေခဲသေတ္တာကို ညင်သာစွာပြန်ပိတ်ပြီး ထွက်လာခဲ့တော့သည်။

အောင်စိုးမိုးကို ဦးလေးအောင်က သူ့အခန်းတွင် ခင်ပြုဖျာခင်းပေးသည်။

စားပွဲဝိုင်းချပေးသည်။

"လာလေ ဦးလေးအောင် လုပ်တတ်တယ်မဟုတ်လား၊ ချကြရအောင်"

ဦးလေးအောင်က လက်ကာပြလိုက်သည်။

"လုပ်လည်းလုပ်တတ်တယ်၊ အခုလည်းချချင်တယ်၊ ဒါပေမဲ့ မဖြစ်ဘူး မောင်အောင်စိုးမိုး၊ ညနေခြောက်နာရီကျော်သွားရင် ကိစ္စမရှိဘူး၊ အခုအချိန်မှာ ဆရာကြီးက ခိုင်းစရာရှိရင် ခေါ်နိုင်းမှာ၊ သူခေါ်တဲ့အလုပ်ချိန်အတွင်း အရက်နံ့ထွက်နေရင် ဆရာကြီးက အပြစ်ပြောလိမ့်မယ်"

"လာပါ ဦးလေးအောင်၊ ချမှာသာချစမ်းပါ၊ ဦးလေးအောင်ကို အန်ကယ် အပြစ်ပြောရင် ကျွန်တော် ခံစာဝင်ခံပါ၊

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျွန်တော် အတင်းတိုက်လို့ သောက်တာပါလို့၊ ကျွန်တော့်ကို အပြစ်တင်လည်း ကျွန်တော် ဒီအိမ်ကထွက်သွားရုံပဲ၊ ကျွန်တော့်အဖို့ ဒီအိမ်မှာ နေမထူး ပြန်မထူးပါ။ လာပါ ဦးလေးအောင်၊ ကျွန်တော့်တစ်ယောက်တည်း ပျင်းခြောက်ခြောက်ကြီးမို့ပါ"

ဦးလေးအောင်က နှစ်ခါခေါ်စရာမလိုပေ။

"ကဲ ... ဒါဆိုလည်း ချမယ် မောင်အောင်စိုးမိုးရေ"

အောင်စိုးမိုးနှင့် ဒူးတိုက်ပေါင်တိုက် ဝင်ထိုင်လိုက်သည်။

ပုလင်းငုံ့ခွက်ကိုင်တော့၏။

"ဒီမယ် ဦးလေးအောင်၊ ကိုသစ္စာကို ဘာလို့ အတ္တဘောလို့ ခေါ်တာလဲ၊ စက်ထဲက လူတွေကတော့ သူ့ကို အတ္တဘောလို့ ခေါ်တဲ့အကြောင်း ဦးလေးအောင် စောစောကပြောပြီးပြီ၊ ဦးလေးအောင်ကျတော့ ဒီအိမ်ကလူပဲ"

"အခုမှ ဦးလေးအောင်က ဒီအိမ်ကလူ ဖြစ်နေတာကိုး၊ လွန်ခဲ့တဲ့ လေးငါးလအထိ ဦးလေးအောင်က ဆရာကြီးရဲ့ အမှတ်(၁)သစ်စက်မှာ လွှကိုင်ဆရာပါ၊ အဲဒီကတည်းက သစ္စာကို အတ္တဘောလို့ သူများခေါ်သလို ခေါ်ခဲ့တယ်"

"နေပါဦး၊ သစ်စက် လွှကိုင်ဆရာကနေပြီး ဘာလို့ ဒီအိမ်မှာ ဒရိုင်ဘာလာဖြစ်နေရတာလဲ ဦးလေးအောင်"

ဦးလေးအောင်က ဒုတိယခွက်ကို တစ်ငုံငုံပြီး ပြန်ချထားလိုက်သည်။



ဦးလေးအောင်မှာ အရက်ဝါရင့်သူဖြစ်သည်။ ပထမတစ်ခွက်ကိုတော့ အရက်ငတ်သူပီပီ တစ်ရှိန်ထိုးမော့လိုက်သည်။ ဗိုက်ထဲသို့ အရက်ဝင်သွားသောအခါ ကျေနပ်ရသွားသည်။ နောက်ခွက်တွေကို တစ်ငုံချင်း ကုန်အောင် အရသာခံသောက်သည်။

ဤသို့ တစ်ငုံချင်းသောက်သည်မှာ အချိန်ကြာရင်ကြာမည်။ သို့သော် တစ်ပုလင်းလုံး ကုန်အောင်သောက်လည်း အမူးကြမ်းခြင်းမရှိတော့ပေ။

"သစ္စာလေ၊ အတ္တဘော သစ္စာပေါ့၊ စက်ထဲမှာဆိုရင် သိပ်ပါဝါပြတယ်၊ တပည့်အုပ်စုလိုက်မွေးတယ်၊ ငါက ရိုးရိုးမှန်မှန်သမား၊ ဒီကောင့်ကို တပည့်မခံဘူး၊ ရှိုပြောရရင် ငါက မန်နေဂျာချုပ်ကြီးအပေါ်မှာ မကျိုးနွံဘူးပေါ့လေ၊ ဒီတော့ ငါ့ကို အလုပ်ချိန်မှာ အရက်ပဲသောက်နေတာယ်ဆိုပြီး ဆရာကြီးကိုတိုင်တယ်၊ ငါ့ကို ဖြုတ်မပစ်ရင် အမှတ်(၁) သစ်စက်ကို သူ တာဝန်မယူဘူးလို့ အကျပ်ကိုင်တယ်၊ ဒါနဲ့ ဆရာကြီးက အလုပ်တော့မဖြုတ်ဘူး၊ ငါ့အိမ်မှာပဲ ခေါ်ထားမယ်ဆိုပြီး ဒီကိုခေါ်ထားလိုက်တာပဲ၊ လခကျတော့ လွှကိုင်ဆရာ လခအတိုင်း ဆရာကြီးက ပေးရှာပါတယ်"

"ဦးလေးအောင်က အလုပ်ချိန်မှာကော တကယ်အရက်သောက်လို့လား"

"သောက်တာပေါ့၊ အလုပ်လုပ်နေတဲ့အားမှာပဲ၊ အရက်ပုလင်းထောင်ထားပြီး သောက်တာ၊ ဒါပေမဲ့ အရက်မူးလို့ အလုပ်မှာ မှားသွားတယ်မရှိပါဘူး၊ တကယ်မူးလို့ တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်မှားသွားရင် ခွဲစက်လွှထဲမှာ အပိုင်းပိုင်းတောင်ပြတ်ပြီး ပါသွားမယ်၊ အမှန်တော့ သူ့လူတစ်ယောက်ကို လွှဆရာ နေရာပေးချင်တာနဲ့ ငါ့ကို ကိုသစ္စာက ပ,ထုတ်လိုက်တာပါ”

“သြော် ... သြော် ... ဆိုးတဲ့လူပဲ”

“စိတ်ဓာတ်မှ မကောင်းတာ၊ ငါ့အဖို့တော့ ဒီအတိုင်းရဆေ မယ့် သိက္ခာကျတော့တာပေါ့”

“ဒါဆို ဦးလေးအောင် စက်ထဲမှာ လုပ်တုန်းက ကိုဇေယျ တို့ ကိုရွှေဘတို့ ကိုကျော်ဆွေတို့ကို သိသလားဟင်”

“ဟာ ... သိပ်သိတာပေါ့”

“ဟုတ်ပြီ၊ သူတို့သုံးယောက် အခုရှိသေးလားဟင်”

“အဲဒါတော့ သိပ်မသိဘူးကွ၊ သူတို့လည်း အရွယ်တွေအ ကြီး၊ ရုပ်ရှင်လည်းမရိုက်တော့ မသိတော့ဘူးပေါ့”

“ဟာ ... ဦးလေးအောင် ပြောနေတာက တစ်ခေတ် နာမည်ကြီးရုပ်ရှင်မင်းသားတွေကို ပြောနေတာလား”

“အေးလေ”

အောင်စိုးမိုး ရယ်သည်။

“မဟုတ်ဘူး ဦးလေးအောင်ရဲ့၊ ကျွန်တော်ပြောတာ အဲဒီ နာမည်တွေနဲ့ စက်ထဲမှာ အလုပ်လုပ်နေတဲ့လူတွေ ရှိသလား လို့မေးတာ”

“အမှတ်(၁)စက်မှာတော့မရှိဘူး၊ အမှတ်(၂)စက်နဲ့ ဆိုင် မှာတော့ မပြောတတ်ဘူး”



“ဒါဆို ကိုအောင်မြဆိုတဲ့လူကော ရှိလား”

“အောင်မြလို့တော့ မရှိဘူး၊ အဲ ... အောင်မြတ်ဆိုတာတော့ ရှိတယ်၊ ဒါလည်း စက်အမှတ်(၁)ကမဟုတ်ဘူး၊ စက်အမှတ်(၂)ကပဲ၊ ဒီကောင်ကိုသိတာက အောင်မြတ်ကလည်း လွှကိုင်ဆရာပဲ၊ ငါ့ကို ဒီအိမ်ခေါ်လိုက်တော့ သစ္စာက အဲဒီအောင်မြတ်ကို အမှတ်(၁)စက်က လွှကိုင်ဆရာအဖြစ် ပူးတွဲကိုင်ခိုင်းသေးတယ်၊ ဒါကြောင့် ငါ သေချာနာမည်မှတ်မိတာ”

အောင်စိုးမိုး ဖြည်းလေးစွာ ခေါင်းညိတ်လိုက်သည်။

စက်ထဲမှ လွှကိုင်ဆရာ အောင်မြတ်ဆိုသူအား အကဲခတ်လေ့လာရန် အန်ကယ်ဦးမောင်မောင်ခိုင်အား ပြောသင့်သည်ဟုလည်း ကျိတ်၍ ဆုံးဖြတ်လိုက်သည်။

အောင်မြနှင့် အောင်မြတ်သည် ရုတ်တရက်ခေါ်လိုက်လျှင် ‘မြ’ဟုလည်းကောင်း၊ ‘မြတ်’ဟုလည်းကောင်း၊ မသဲကွဲသဖြင့် အဝေယျာအိမ်တုန်းက ကိုဇေယျ လှမ်းခေါ်လိုက်သည့် အောင်မြသည် အောင်မြတ်လည်းဖြစ်နိုင်သောကြောင့်ပင်။

အောင်စိုးမိုး လှမ်းကြည့်သည်။

အမှန်ပင် ကိုသစ္စာသည် မကျေမနပ်အသွင်ရှိနေသည်။

သူ၏ တိုယိုတာကော်ရိုလာ ကားဝါးလေး၏ တံခါးကို ဆောင့်ဖွင့်ပြီး ဆောင့်ပိတ်သည်ကို တွေ့ရသည်။

နံပါတ်တစ်ဂီယာဖြင့်ပင် လီဗာတအားနင်းပြီး ဝူးခနဲ ဒရကြမ်းမောင်းထွက်သွားသည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ ဟဲ ... သစ္စာဆိုတဲ့ကောင်က သူဌေးသမက် သိပ်ဖြစ်ချင်နေတာကွ၊ ဆရာကြီးကလည်း သစ္စာကို သဘောကျသဘောတူပုံပါပဲ၊ ဒါပေမဲ့ ခက်နေတာက ခိုင်"

"ခိုင်က ဘာပြုလို့လဲ"

"သစ္စာကို ခိုင်က လက်ခံပုံ နှစ်သက်ပုံမှ မရတာ၊ အင်းပါလေ ဒီမိန်းကလေးက အင်မတန်တည်တန့်တာပဲ၊ ဒီပြင် ဘယ်အမျိုးသားကိုမှလဲ လက်ခံတာမှ မဟုတ်တာ"

"ဟုတ်ပါ့မလား ဦးလေးအောင်ရာ"

"ငါ ဒီအိမ်ကိုရောက်တဲ့အချိန်ကစပြီး ခိုင့်ကို ကျောင်းပို့ ကျောင်းကြိုရော၊ တခြား ခိုင်သွားချင်တဲ့ နေရာတွေကိုရော လိုက်ပို့နေရတော့ ခိုင့်အကြောင်း သိပ်သိတာပေါ့"

ဦးအောင်က ခွက်ကိုမော့ဖြစ်သည်။ ကျားပုံမကောက်ဆေးပေါ့လိပ်ကြီးကို မီးညှိရှူဖွာနေပြန်သည်။

အောင်စိုးမိုးလည်း ဘာလိုလိုနှင့် သုံးခွက်ရှိလေပြီ။ အရက်တွင် အွန့ အူရိုင်းမို့ အောင်စိုးမိုး ရီဝေလာပြီ။ သို့သော် သတိမလွှတ်အောင် ကိုယ့်ဟာကိုယ် သတိထားမါ၏။

"ကောင်မလေးသာ လက်ခံမယ်ဆိုရင် သစ္စာလိုကောင်ကို အားချိတ်ထား၊ ဆရာဝန်လေးတွေ စစ်ဗိုလ်လေးတွေ နိုင်ငံခြားသဘော်အရာရှိလေးတွေနဲ့ တကယ့် ကျိကျိတက်သူဌေးသား၊ ကျောင်းသားထဲက တစ်ယောက်ယောက်ကို ခေါင်းခေါက်ရွေးနိုင်တယ်"



"ကျွန်တော် ဒီရောက်ကတည်းက ခိုင်ဟာ ကိုသစ္စာနဲ့ တတွဲတွဲပါ ဦးလေးအောင်"

"အေး ... အဲဒါကျတော့လည်း ဟုတ်တုတ်တုတ်ဖြစ်နေပြန်တယ်၊ ငါတောင်မျက်စိလည်ချင်နေတာ"

"ဦးလေးအောင်က ဘာကို မျက်စိလည်နေတာတဲ့လဲဗျာ"

"ဟာ ... ခိုင်က အရင်က ဒီလိုမဟုတ်ဘူးလေကွာ၊ သစ္စာလာလည်း သိပ်အသိအမှတ်မပြုဘူး၊ သစ္စာကလည်း ဟိုတုန်းကတော့ အခုလောက်လည်း ဒီအိမ်ကိုမလာဘူး၊ လုပ်ငန်းနဲ့ ပတ်သက်ပြီး ဆရာကြီးကို တင်ပြစရာ၊ တိုင်ပင်စရာ၊ စာရင်းပြစရာရှိတဲ့အခါမှလာတယ်၊ သစ္စာလာတယ်ဆိုပြီး ခိုင်က တကူးတကလည်း ဧည့်မခံဘူး၊ အပေါ်ထပ်မှာ ခိုင်တက်နေတာ၊ သစ္စာပြန်သွားတဲ့အထိ ဆင်းချင်မှဆင်းလာတယ်၊ အောက်ထပ် ဧည့်ခန်းမှာ ဆုံလည်း အခုလို ခိုင်က ထိုင်ပြီး ဧည့်ခံမနေဘူး၊ သူ့ဟာသူ လုပ်စရာရှိတာလုပ်တယ်၊ စန္ဒရားတီးချင်တီးနေတယ်၊ ဗီဒီယိုကြည့်ချင်ကြည့်တယ်၊ အေး ... အခုတလောကျတော့ သစ္စာကို ခိုင်က ဧည့်ခံစကားပြောတယ်၊ ပန်းခြံထဲ နှစ်ယောက်အတူ ဆင်းလျှောက်ချင်လျှောက်တယ်၊ ဒါကြောင့် ဘယ်လိုပါလိမ့်ဆိုပြီး ငါ့မျက်စိလည်သွားတာ"

"အခုတလောဆိုတာက ဘယ်လောက် ကြာပြီဖြစ်ခဲ့ ခုတလောလဲ ဦးလေးအောင်၊ ကိုသစ္စာနဲ့ခိုင် တပူးတွဲတွဲ ဖြစ်တာ ဘယ်တုန်းကစလဲ လို့မေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှိဦးမှာလဲ အလွန်ဆုံး ဆယ့်လေးငါးရက်ပေါ့၊ ငါ့ရဲ့ ရင်ထဲက သဘောအရဆိုရင်တော့ သစ္စာလိုကောင်နဲ့ ခိုင်နဲ့ လုံးဝသဘောမတူဘူး၊ အေးပေါ့လေ၊ ငါက သဘောမတူ ကော ဘာတတ်နိုင်တာမှတ်လို့၊ ဆရာကြီးက ဒီအတ္တဘော ကို သိပ်အကောင်းမြင်နေတာ"

"ဦးလေးအောင်က ဘာလို့ ခိုင့်ကို ကိုသစ္စာနဲ့ သဘောမတူ တာလဲ"

"သစ္စာက ကျီးအာသီး၊ သဖန်းပိုးပဲ၊ အမြင်ကောင်းအောင် လုပ်တတ်ကိုင်တတ် နေတတ်ထိုင်တတ်ပေမယ့်၊ ကွယ်ရာ မှာ အင်မတန် အကျင့်ယုတ်တဲ့ကောင်ပဲ ညအိပ်ရာဝင်ခါနီး ဆိုရင် အရက်မူးအောင်သောက်တယ်၊ စက်ထဲက အလုပ် သမ ချောချောကောင်မလေးတွေဆို ဟောတစ်ယောက် ဟောတစ်ယောက် ညအိပ်ခေါ်နေတာပဲ"

"ဒါဆို ကောင်မလေးတွေ မိဘတွေကရော ကောင်မလေး တွေကိုယ်တိုင်ကရော မကျေမနပ်မဖြစ်ကြဘူးလား"

"ဘာဖြစ်လိမ့်မလဲ၊ ဒါလေ ... ဒါ"

ဦးလေးအောင်က လက်ညှိုးနှင့်လက်မကို တော့ပြီး အဝိုင်းသင်္ကေတန်လုပ်ပြသည်။

ယင်းသင်္ကေတသည် ငွေကိုဆိုလိုမှန်း လူတိုင်း သိနားလည်ထားပါ၏။

"သစ္စာက လုပ်ငန်းကျွမ်းကျင်တာတော့ မပြောနဲ့၊ သူ့လခအပြင် ဘောပေါက်ရှာတဲ့ နေရာမှာ ဆရာကြီးပစ္စည်း



ထဲကရော၊ စက်နဲ့ ဆက်ဆံတဲ့ ကုန်သည်တွေဆီကရော ရအောင်ယူနိုင်တယ်၊ ဒီတော့ ကောင်မလေးတွေကို ပိုက် ဆံပေး၊ အဝတ်အထည်နဲ့ အလှပစ္စည်းလေးတွေ ဝယ်ပေး တယ်၊ ကောင်မလေးမိဘတွေကို နင့်ခနဲထောင်နဲ့ချီပြီး ငွေပေးလိုက်တယ်၊ ဒီတော့လည်း ဘာပြဿနာမှမပေါ်တဲ့ အပြင် ဒီအတ္တဘော မျက်စိကျဖို့တောင် ကောင်မလေးတွေ က သူ့ရှေ့မှာ နန့်ပြသေးတယ်"

အောင်စိုးမိုး သက်ပြင်းချမိပါ၏။ ယခု ဦးအောင် ပြောသည်ကို မယုံမရှိလေနှင့်။

"အဲဒါကြောင့် ခိုင့်လို သိပ်တန်ဖိုးရှိတဲ့ မိန်းကလေးနဲ့ သဘောမတူတာပေါ့ကွာ၊ နောက်ပြီး မိန်းမကျမ်းကြေနေတဲ့ သစ္စာလိုကောင်ဟာ ခိုင့်ကိုလိုချင်တာ လူကိုမက်လို့မှ မဟုတ်တာ၊ ဆရာကြီးရဲ့ အမွေတွေကို ခိုင်တစ်ယောက် တည်း ဆက်ခံရမှာတွေမြင်လို့၊ အလကားကောင်၊ ဣတ္ထိယ သိုက်သမား"

"ဒါတွေကို အန်ကယ်က မသိဘူးလား"

"ငါပြောပြီးပြီပဲ၊ ဒီကောင်က ကျီးအာသီးပါလို့၊ ဆရာကြီး ရှေ့မှာတော့ သူလုပ်သမျှဟာ အမြင်ကောင်းတာတွေချည်းပဲ၊ ကွယ်ရာမှာသာ အတွင်းက ပုပ်သိုးနေတာ၊ နောက်ပြီး ဆရာရဲ့လက်တွေ့မှာ စက်သုံးစလုံးက အကျိုးအမြတ် တော်တော်ရှိနေတယ်လေ၊ ဒီတော့ သစ္စာရဲ့လုပ်ရည်ကိုင် ရည်တော်လို့ အကျိုးရှိနေတာလို့ ဆရာကြီးက မြင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်အမှန်ကတော့ သစ္စာက အလုပ်ကျွမ်းတာလည်း ကျွမ်းတာပေါ့လေ၊ ဒါပေမဲ့ ခေတ်အခြေအနေကိုက ဆရာကြီးကို အကျိုးပြုနေတာပါ မောင်အောင်စိုးမိုးရာ"

"ဆိုပါဦး ခေတ်ခြေအနေက ဘယ်လို အကျိုးပြုနေတာလဲ"

ခုခေတ်လောက် တည်ဆောက်ရေးလုပ်တဲ့ ခေတ်ရှိသေးလို့လား။ "ဒါလည်းမမှားဘူး"ဟု အောင်စိုးမိုး ရင်ထဲက ထောက်ခံလိုက်မိသည်။

"သစ္စာက စက်ထဲကလူတွေ မှန်သရွေ့ သူ့လူဖြစ်အောင် နည်းအမျိုးမျိုးနဲ့ အပေးအကမ်းနဲ့ စည်းရုံးထားတယ်လေ၊ အေး ... ငါလို သူ့တပည့်မခံတဲ့ကောင်ဆိုရင် ငါ့လိုပဲ ထုတ်ပစ်တာပေါ့၊ ဒီတော့လည်း သူယုတ်မာသရွေ့ ဆရာကြီးနားကို မပေါက်တော့ဘူး၊ နောက်တစ်ချက်ရှိသေးတာက ဆရာကြီးကိုယ်တိုင်က ခက်ပါတယ်ကွာ"

"အန်ကယ်က ဘယ်လိုခက်တာလဲ"

"ဆရာကြီးက လက်ရှိလုပ်ငန်းတွေထက် တခြားလုပ်ငန်းတစ်ခုခုမှာ တအားစိတ်ဝင်စားနေပုံရတယ်"

"တခြားလုပ်ငန်းက ဘာမို့လဲ"

"အဲဒါတော့ ငါမသိဘူး၊ ငါ အကဲခတ်မိသလောက်ပြောတာ၊ အဲဒါကြောင့် ဆရာကြီးက ခက်တယ်လို့ပြောတာ"

စကားစပြတ်သွားသည်။

ခွက်ကိုယ်စီမော့ပြီး ဆေးလိပ်ကိုယ်စီ ဖွာနေကြသည်။

"ငါ့ရင်ထဲမှာ တစ်ခုရှိသေးတယ်"

BURMESE CLASSIC .com



"ဘာများလဲ ဦးလေးအောင်"

"မောင်အောင်စိုးမိုးဟာ ဒီအိမ်ကို ဘယ်လို ဘာကြောင့်ရောက်လာမှန်းတော့ ငါမသိဘူး၊ ဒါပေမဲ့ မောင်အောင်စိုးမိုးကို ငါ မျက်စိသိပ်တွေ့တယ်၊ အနေအထိုင် အပြောအဆို ဟန်ပန်နဲ့ ရုပ်ရော ကိုယ်ထည်ရော၊ စိတ်ဓာတ်ရော မောင်အောင်စိုးမိုးက တကယ့် အဆင့်မြင့်တယ်၊ ကြည့်ကောင်းတယ်"

"ဟဲ ဟဲ ... ဦးလေးအောင်က ကျွန်တော် အရက်တိုက်လို့ ကျွန်တော့်ကို မြှောက်နေပြန်ပြီထင်တယ်"

"ဟော့ ... ဒီလိုတော့ မပြောနဲ့ကွ"

ဦးလေးအောင် အသံသည် ဒေါသဖြင့် ဟိန်းသွားပါသည်။

"ဟိုမှာ ကြောင်အိမ်ပေါ်မှာ ကြည့်စမ်း၊ ဘီအီးဒီစီပုလင်းတွေ၊ ပုလင်းအပြည့်ထောင်ထားတယ်၊ အခု မင်းတိုက်တဲ့ အရက်ဟာ မှန်တာပြောရရင် ငါသောက်နေကျအရက် မဟုတ်လို့ ငါ လုံးဝခံတွင်းမလိုက်ဘူး၊ မင်းအဖော်ရပါစေ ဆိုတဲ့သဘောနဲ့ ဝင်သောက်ပေးနေတာ၊ ငါ့မှာ မှီခိုနေတဲ့ မိန်းမမရှိဘူး၊ သားသမီးမရှိဘူး၊ ရသမျှလခကို ငါ အရက် သောက်နိုင်တယ်၊ ဒီတော့ မင်းက အရက်တိုက်လို့ မင်းကို မြှောက်ပင့်နေတယ်ဆိုတဲ့စကားက ငါ့ကို စော်ကားရာရောက်တယ်၊ ငါ ဘယ်သူ့ကိုမှ မြှောက်ပင့်ပြောလေ့မရှိဘူး၊ ဒီလိုသာ မြှောက်ပင့်ပြောတတ်ရင် စက်ထဲက လွှကိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကနေပြီး ဒီအိမ်မှာ ဒရိုင်ဘာဘာဝတောင် စုတေစိတ်ကျလာမှာမဟုတ်ဘူး၊ မမြောက်တတ် မပင့်တတ်၊ တပည့်မခံတတ်လို့ ငါခံလိုက်ရတာကွ"

"ဟာ ... ဦးလေးအောင် စိတ်ဆိုးသွားသလား၊ ဦးလေးအောင်ကို ကျွန်တော်က စော်ကားလိုတဲ့စိတ်နဲ့ ပြောတာ လုံးဝမဟုတ်ပါဘူးဗျာ၊ တစ်ခုခု ချီးမွမ်းရင်း အချီးမွမ်းခံရတဲ့ထုံးစံအတိုင်း မုန့်ကျွေးမယ်ဟေ့၊ လက်ဖက်ရည်တိုက်မယ်ဟေ့လို့ ပြန်ပြောလေ့ရှိတဲ့သဘောနဲ့ ဟာသပြောလိုက်တာပါ၊ ကျွန်တော့်စကားက ဦးလေးအောင်ကို စော်ကားရာရောက်တယ်ဆိုရင် ချက်ချင်း ပြန်ရုပ်သိမ်းပါတယ် ဦးလေးအောင်"

ဦးအောင်၏တင်းမာသော မျက်နှာထားကြီး ပြန်လည်လျော့ရဲသွားသည်။

ပြီး ချက်ချင်းပင် အောင်စိုးမိုး၏ပခုံးကို ညင်သာစွာဆုပ်ကိုင်ပြီး ကျေနပ်အားရသော အပြုံးမျိုးကို ပြုံးပြလိုက်သည်။

"ဒါပဲပေါ့၊ ဒါဟာ သက်သေပေါ့၊ မိကောင်းဖခင်သားသမီးပီသတယ်၊ လူရည်မွန်ပီသတယ်၊ စိတ်သဘောထားမြင့်တယ်ဆိုတာ အခု မောင်အောင်စိုးမိုး ငါ့ကို ပြန်ပြောလိုက်ပုံတွေကပဲ သက်သေခံနေတယ်လေ၊ ငါ ဒေါသနဲ့ ပြောတာတွေကို ခွင့်လွှတ်ကွာ၊ ငါက မင်းကို တကယ်သဘောတွေ့ပြီး အရှိအတိုင်း အမြင်အတိုင်း ပြောတာပါ၊ ငါအခုကပြောချင်တာကလည်း သစ္စာလိုကောင်နဲ့ ခိုင့်ကို သဘောမတူဘူး၊ မောင်အောင်စိုးမိုးလိုလူနဲ့ဆိုရင် ကောင်မလေးအတွက်



အင်မတန်သင့်တော်တယ်၊ ကောင်းမယ်လို့ ပြောချင်လို့ မင်းရဲ့အရည်အချင်းတွေကို ပဏာမပျိုးလိုက်တာပါ"

အောင်စိုးမိုးက ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ကျွန်တော်က အုန်းမှုတ်ခွက်ပါ"

"ဘယ်လို ... ဘယ်လို"

"ဩော် ... ခြင်္သေ့ဆီဟာ သိင်္ဂီရွှေခွက်နဲ့ထည့်မှ တန်ဖိုးချင်းညီမှာပေါ့ ဦးလေးအောင်၊ ခြင်္သေ့ဆီကို အုန်းမှုတ်ခွက်ထဲထည့်လို့တော့ ခြင်္သေ့ဆီရဲ့တန်ဖိုး အများကြီးကျဆင်းသွားမယ်၊ ခိုင်ဟာ ခြင်္သေ့ဆီပါ၊ ကိုသစ္စာက ရွှေခွက်ပါ"

"အေးပေါ့ကွာ၊ ခုခေတ် ငွေကြေးပြည့်စုံ ကြွယ်ဝမှုဝင်ငွေကောင်းမှုအပေါ်မှာ တိုင်းတာရင် သစ္စာလိုကောင်ဟာ ရွှေခွက် ဖြစ်ချင်ဖြစ်မှာပေါ့၊ လူပီသတဲ့အပေါ်မှာ တိုင်းတာရင်တော့ အဲဒီကောင်ဟာ အိမ်သာထဲက ဖင်ဆေးတဲ့ခွက်ပဲဟေ့"

ထိုစဉ်မှာပင် ...

"နေပါဦး အစ်ကို့ကို ဘယ်သူကများ အုန်းမှုတ်ခွက်လို့ သတ်မှတ်လို့လဲ၊ ကိုသစ္စာကိုရော ဘယ်သူက ရွှေခွက်လို့ သတ်မှတ်လို့လဲ"

ဟု မေးလိုက်သော ခိုင့်အသံသည် တံခါးဝမှ ပေါ်ထွက်လာသဖြင့် ဦးအောင်ရော၊ အောင်စိုးမိုးပါ တံခါးဆီသို့ ပြိုင်တူလှည့်ကြည့်မိကြသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခိုင်သည် ဦးလေးအောင်၏ ဂိုဒေါင်အပေါ်ထပ် အခန်းတံခါးတွင် မားမားလေး ရပ်နေပါ၏။

"ဩော် ... ခိုင် ရောက်နေလား"

"ဒါပေါ့ အစ်ကို၊ ထမင်းစားချိန် ရောက်နေတာတောင် အစ်ကိုမလာဘဲကိုး"

"ခိုင်ရယ် ... ဒေါနန္ဒာကို ခေါ်ခိုင်းလိုက်ရောပေါ့။ ခိုင် ဒီကိုလာတာ ခိုင့်အတွက် သိက္ခာကျပါတယ်"

"အပိုတွေ ပြောမနေနဲ့ အစ်ကို၊ ဒေါနန္ဒာကို ဖေဖေက လမ်းထိပ်ကို ခိုင်းလိုက်တယ်။ ဩော် ... ဦးလေးအောင် ဖေဖေက ကမာရွတ်သွားချင်လို့တဲ့"

"အေး ... အေး ... အခုပဲ ငါသွားမယ်"

"ကားမောင်းလို့ ဖြစ်ပါ့မလား၊ ဦးလေးအောင် အရက်တွေ သောက်ထားတာ"

"ဦးလေးအောင်ကို သစ္စာအတ္တဘောက အပုပ်ချထားလို့ အထင်မသေးပါနဲ့ ခိုင်။ ဦးလေးအောင် အရက်သောက်တာ အသက်နှစ်ဆယ် အရွယ်ကတည်းကပါ။ ဦးလေးအောင်မှာ အရက်မူးလို မှားသွားတယ်ဆိုတာမျိုး တစ်ခါဆို တစ်ခါမှ မရှိခဲ့ပါဘူး"

ဦးအောင်သည် အန်ကယ်ဦးမောင်မောင်ခိုင်ကိုတော့ ချစ်ခင်ရိုကျိုးပုံရသည်။ ချက်ချင်း အင်္ကျီကောက်ဝတ်သည်။ သောက်ရေအိုးမှ ရေခပ်ပြီး ပလုတ်ကျင်းသည်။



ပြီး ... ချက်ချင်း အိမ်ကြီးဆီသို့ မပြေးရုံတမယ် ဆင်းသွားတော့သည်။

အောင်စိုးမိုးသည် ထိုင်ရာမှ ထ,လိုက်သည်။ ဒယီး ဒယိုင် ဖြစ်သွားသဖြင့် အနီးရှိ ကျွန်းတိုင်တစ်လုံးကိုကိုင်ပြီး ကိုယ်ကို ပြန်ထိန်းလိုက်သည်။

"အစ်ကို မူးနေပြီ"

ခိုင်သည် သေးကျဉ်သော ခါးလေးပေါ်သို့ လက် ထောက်လိုက်သည်။

ခါးထောက်လိုက်သည်ပဲ ဆိုပါစို့။

ခါးထောက်ပြီး မျက်နှာထား သုန်မှုန်ခြင်းသည် ကျေနပ်ခြင်းကို ဖော်ပြရာ ရောက်သည်။

ခိုင်က မိမိကို ယခုကဲ့သို့ ခါးထောက်ကြည့်ခြင်းကို အောင်စိုးမိုး ရင်ထဲတွင် နာကျင်မှုတစ်မျိုး ခံစားရပါ၏။

"ဟုတ်တယ် ခိုင်၊ တို့ မူးနေတယ်၊ အရက်သောက်ပြီဆို မှတော့ မူးပြီပေါ့၊ ဒါပေမဲ့ စိတ်ချ သတိလက်မလွတ်စေ ရဘူး"

ပြောပြောဆိုဆိုပင် အောင်စိုးမိုး တံခါးတွင် ရပ်နေ သော ခိုင့်ဆီမှ ပန်းထွက်ပြီး အိမ်ကြီးဆီသို့သွားကာ မိမိအိပ်ခန်း ထဲဝင်သည်။

တံခါးပိတ် အတွင်းမင်းတုံးချကာ အိပ်ရာပေါ်ပစ်လှဲ လိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခိုင်သည် အောင်စိုးမိုးနောက်မှ မလှမ်းမကမ်း ပြန်လိုက်လာသည်။

အောင်စိုးမိုးသည် အိပ်ရာပေါ် ပစ်လှဲပြီးသည်နှင့် အတွေးလေးတွေ ပလုံစီတော့သည်။ ဦးလေးအောင် ပြောသမျှကို ပြန်တွေးကြည့်သည်။

ဦးလေးအောင်က ပြောသည်။ ခိုင်သည် ကိုသစ္စာအား အရောဝင်သည်မှာ လွန်ခဲ့သော ဆယ့်လေးငါးရက်မှ ဟူ၍။

သေချာတွက်ကြည့်လျှင် မိမိအိမ်သို့ ရောက်သည်မှစ၍ ကိုသစ္စာကို ခိုင်က အရောဝင်လိုက်သည်ဟု တွက်၍ရသည်။

အဘယ်ကြောင့် မိမိ ဒီကိုရောက်လေမှ ခိုင်က မူပြောင်းပြီး ကိုသစ္စာကို အရောဝင်လိုက်လေသနည်း။

စေ့စေ့တွေးလျှင် ရေးရေးပေါ်ပါ၏။

မိမိ ဤအိမ်သို့ ရောက်လာခြင်းမှာ သူမတို့အား ကူညီစေရန် ခေါ်ယူခြင်းသာ ဖြစ်သည်။

ဒီအထဲ ကိုဇေယျက မိမိကို ငွေငါးသောင်းပေးပြီး ခိုင့်ကို အပိုင်ယူနိုင်းကြောင်း၊ ခိုင်တို့သားအဖကို မိမိက ဖွင့်ပြောခဲ့သည်။

ထို့ကြောင့် ခိုင်က မိမိကို သူမအား မေတ္တာစကားဖွင့်ပြောလာမည်ကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ဖခင်သဘောတူထားသော ကိုသစ္စာကို အရောဝင်ပြခြင်းပေလား။

ဒါဆို ရှင်းနေပါ၏။



ခိုင်သည် မိမိအား လုံးဝစိတ်ဝင်စားသည် မဟုတ်ကြောင်း ရှင်းနေပါ၏။

ဆက်ပြီး ဦးလေးအောင် အကြောင်း အောင်စိုးမိုး တွေးစားပြန်သည်။

ဦးလေးအောင်က မိမိအား ခိုင်နှင့် ငြိစွန်းစေလိုကြောင်း မိမိ၏အရည်အသွေးတွေကို ချီးမွမ်းပြီး တိုက်တွန်းစကားဆန်ဆန်လေးများ ပြောခဲ့သည်။

ဦးလေးအောင်ကို နဂိုကတည်းက အောင်စိုးမိုး သံသယဖြစ်ခဲ့သည်။

ယခု ပို၍ပင် သံသယ ဖြစ်လာရပြန်သည်။

ကိုဇေယျ မိမိအပေါ် ထားရှိသော ဆန္ဒနှင့် ယခု ဦးလေးအောင်၏ဆန္ဒ တူညီနေသည်။

ဦးလေးအောင်သည် ကိုဇေယျနှင့် တစ်ဖွဲ့တည်းသမားလား။ ကိုဇေယျ အလိုရှိနေသည်ကို ဦးလေးအောင်က မီးလောင်ရာလေပင့် လုပ်ခြင်းပေလား။

"အို ... ဦးနှောက်ခြောက်တယ်၊ ကိုယ့်ဟာကိုယ် အိမ်ပြန်ပြီး အခုကိစ္စတွေကို မေ့ပစ်လိုက်တာပဲ ကောင်းမယ်၊ ဒီမှာ ငါမရှိလည်း ကိုသစ္စာ ရှိနေတာပဲ၊ ခိုင့်ကို ကျောင်းကြိုကျောင်းပို့လည်း လုပ်ပေးနိုင်တယ်၊ သူ့မှာ စက်သုံးဆယ်က တပည့်တပန်းလည်း ပေါတာပဲ၊ ငါ့ထက်တောင် ခိုင့်ကို ပိုပြီးစောင့်ရှောက်နိုင်သေးတယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုး လာစဉ်က အဝတ်အစား ဆွဲအိတ် လွယ်ပြီး မော်တော်ဆိုင်ကယ်နှင့် လာခဲ့ခြင်းဖြစ်သည်။ ဒီရောက် ကတည်းက မော်တော်ဆိုင်ကယ်ကို ဂိုဒေါင်ထဲ ထည့်ထားပြီး ကားဖြူကြီးကို မောင်းနေရသည်။

ယခု ပြန်မည်ဆိုလျှင် အလွယ်လေး။

အဝတ်အစားတွေ ဆွဲအိတ်ထဲ ပြန်ထည့်ပြီး ဆွဲအိတ် လွယ်ကာ ဂိုဒေါင်ထဲမှ မော်တော်ဆိုင်ကယ်ထုတ်ပြီး ပြန်ရုံသာ ရှိသည်။

ခိုင့်မေတ္တာကိုဆက်ပြီး မမျှော်လင့်ချင်တော့ပေ။

ခုနက ဦးလေးအောင် အခန်းဝတွင် မိမိအား ခါး ထောက်ကာကြည့်သည့် ခိုင်၏အကြည့်ကို ရင်ထဲတွင် နာကျင် ရသည်။

စပျစ်သီး ချဉ်လိုက်တော့မည်။

မြေခွေးမိုက်ဟု ဆိုချင်သူက ဆိုပါစေတော့။ အောင် စိုးမိုးသည် ဆွဲအိတ်ကိုယူပြီး ခုတင်ပေါ် တင်လိုက်သည်။

"ဒေါက် ... ဒေါက် ... အစ်ကို ... အိပ်နေလားဟင်"

"မအိပ်ပါဘူး"

"ဒါဆို လာလေ၊ ထမင်းစားကြစို့"

"တို့ မစားတော့ဘူး"

"အို ... မစားလို့ရမလား၊ ဆာနေမှာပေါ့၊ အစ်ကိုက အစားပုပ်တာပဲဟာ"



ဒီလိုဆိုပြန်တော့လည်း ခိုင့်အသံတွင် အကြင်နာ ကရုဏာသံ ပါနေပြန်သည်။ ပြီး ... အလွန်ကျန်းမာသော အောင်စိုးမိုးသည် တကယ်လည်း ထမင်းဆာနေပြီ။

"လာလေ အစ်ကို၊ ခေါ်ရတဲ့လူကိုလည်း အားနာပါဦး"

အောင်စိုးမိုး ချက်ချင်း ဆုံးဖြတ်လိုက်သည်။

ခုနက ကိုယ့်ဟာကိုယ်တွေး၊ ကိုယ့်ဟာကိုယ် အရှုံး ပေး၊ ကိုယ့်ဟာကိုယ် ပြန်မည်ဟု ဆုံးဖြတ်ခြင်းသာ ဖြစ်သည်။

တကယ်တော့ ကိုယ့်ရင်ထဲ နှလုံးထဲက ခိုင့်ကိုချစ် နေပြီပဲဟာ။

ဖွင့်ပြောရမှာ ကိုယ့်တာဝန်။ ဖွင့်ပြောလျက်နှင့်မှ ခိုင်က အတိအလင်း လက်မခံပါဟု ဆိုလာပါက အဲဒီအခါမှ ကိုယ့်အိမ်ပြန်ခြင်းက ပို၍သင့်တော်မည်။

"လာမယ် ခိုင်"ဟု ပြောပြောဆိုဆို အောင်စိုးမိုးက တံခါးကို ကန့်လန့်ဖြုတ် ဖွင့်လိုက်သည်။

ခိုင်သည် အခန်းကို တစ်ချက်ဝေ့ကြည့်ရင်း ခုတင် ပေါ်တင်ထားသော ဆွဲအိတ်ကို တစ်ချက်စူးစိုက်စွာကြည့်ပြီး ချာ ခနဲ လှည့်ပြီး ထမင်းစားခန်းဆီသို့ ထွက်သွားသည်။

အောင်စိုးမိုးသည် နောက်မှ လိုက်ပါသွား၏။

ထမင်းစားခန်း ရောက်လာကြသည်။

ထမင်းပွဲ ဟင်းပွဲများကို ပလတ်စတစ် အုပ်ဆောင်း ဖြင့် အုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါနန္ဒာကို မတွေ့ရ။

အန်ကယ် ဦးမောင်မောင်ခိုင်လည်း ဦးလေးအောင်နှင့်အတူ ဂမာရွတ်သို့ ပါသွားပြီဖြစ်မည်။ ဒေါနန္ဒာကိုပါ ခေါ်သွား‌လေသလား မသိ။

ထမင်းစားခန်းထဲဝယ် ခိုင်နှင့် အောင်စိုးမိုး နှစ်ယောက်သာရှိသည်။

ငမင်းအုပ်ဆောင်း မဖွင့်သေးဘဲ ခိုင်က စားပွဲဘေးတွင် ရပ်လိုက်သည်။

"ခိုင်ဟာ သမိုင်းမေဂျာ မဟုတ်ပါဘူးနော်၊ ဒါပေမဲ့ မြန်မာတစ်ယောက် ဖြစ်နေလို့ မြန်မာရာဇဝင်ကိုတော့ လေ့လာမှတ်သားပါတယ် အစ်ကို"

"ခိုင် ဘာကိုဆိုလိုချင်လို့လဲ"

"ပုဂံရာဇဝင်မှာ ကျန်စစ်သားနဲ့ စောလူးဟာ ညီအစ်ကိုတော်တယ်၊ ငရမန်ကန်းကတော့ စောလူးနဲ့ ငယ်စဉ်ကကစားဖော် ကစားဖက်။ အဲဒါတွေ အစ်ကို သိမှာပါ"

"သိပါတယ်"

"ဒါဆို တိုတိုပြောမယ် အစ်ကို၊ စောလူးမင်းကို ငရမန်ကန်းက ဖမ်းမိပြီး အကျဉ်းချထားတယ်၊ ညတစ်ညမှာ ကျန်စစ်သားက ညီအစ်ကိုတော် စောလူးမင်းကို အကျဉ်းချထားရာက ကယ်တင်တယ်။ ဒီတော့ စောလူးဟာ ကျန်စစ်သား ငါ့ကို လာခိုးထုတ်တာ ထီးနန်းလိုချင်လို့၊ ငါ့ကိုသတ်ပြီး ထီးနန်းတက်ဖို့ခိုးတာ၊ ငရမန်ကန်းကတော့ ငါ



နဲ့ ကစားဖော် ကစားဖက်မို့ သတ်မှာမဟုတ်ဘူးလို့ တွေးမိပြီး ကျန်စစ်သား 'ငါ့ကို ခိုးတယ်'လို့ အော်ဟစ်လိုက်တယ်။ စောလူး အော်သံကြောင့် ငရမန်ကန်းရဲ့ စစ်သည်တွေ ပြေးလာကြတယ်။ ဒီတော့ ကျန်စစ်သားက ဒီလောက်မိုက်မဲတဲ့ စောလူး၊ ငရမန်ကန်းလက်ထဲမှာ ချွေးသေ ဝက်သေ သေပေတော့ဆိုပြီး စောလူးကို ပစ်ချထားခဲ့ပြီး ကျန်စစ်သားဟာ လက်လွတ်ထွက်ပြေးလွတ်မြောက်သွားတယ်"

"အဲဒီတော့ ဘာဖြစ်လဲ ခိုင်"

"ဘာဖြစ်ရမလဲ၊ အစ်ကို့ ခုတင်ပေါ်မှာ လာတုန်းက လွယ်လာတဲ့ ဆွဲအိတ်ကြီး တင်ထားတာ ခိုင် တွေ့ခဲ့သားပဲ၊ အစ်ကို ပြန်တော့မလို့ မဟုတ်လား"

"ပြန်ဖို့ စိတ်ကူးတာတော့ အမှန်ပဲ ခိုင်"

"ဒါကြောင့် ပြောတာပေါ့၊ အစ်ကို့ဟာက ခိုင်နဲ့ဖေဖေ့ကို ငရမန်ကန်းလက်ထဲ ချွေးသေ ဝက်သေ သေပေတော့ဆိုပြီး ပစ်ထားခဲ့သလို ဖြစ်မနေဘူးလား။ အစ်ကို့ကို အားကိုးလို့ခေါ်တာ အစ်ကိုက ပြန်မယ်ဆိုတော့လေ၊ အဲ ... စောလူးကတော့ ကျန်စစ်သားကို မယုံစိတ်နဲ့ အော်တယ်ပေါ့လေ၊ ခိုင်တို့ကတော့ အစ်ကို့ကို အင်မတန်ယုံကြည်နေတာပါ၊ စောလူး အော်သလို ပေါက်ကရလည်း ခိုင်တို့ မအော်မိပါဘူးနော်"

"ဘာထူးမှာလဲ ခိုင်၊ တို့ ဒီအိမ်မှာ လာနေတော့ အပိုဖြစ်နေတာပဲ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြပါလား အစ်ကို၊ ဘာဖြစ်လို့ မထားတာလဲ၊ ဘာဖြစ်လို့ အပိုဖြစ်နေတာလဲ"

"တို့ ... ဒီကို လာနေပေးတာဟာ နိုင်ရဲ့ ကျောင်းတက် ကျောင်းဆင်း လုံခြုံရေးအတွက် ဘော်ဒီဂတ်အဖြစ်နဲ့ပါ။ အမှန်တော့ ဒီဘော်ဒီဂတ်နေရာဟာ နိုင့်အတွက် တို့ကို ခေါ်ထားတာထက် ကိုသစ္စာကို တာဝန်ပေးသင့်တယ်"

"သြော် ... သြော်၊ ဒါကြောင့်လား၊ ဒီပြင်ကော ရှိသေးရင် ဆက်ပြောပြလေ အစ်ကို"

"ရှိသေးတယ် နိုင်၊ ကိုဇေယျတို့အဖွဲ့ဟာ အခု တို့နဲ့နိုင် အတူသွား အတူလာနေတယ် ဆိုတာကို အားကိုးစောင့်ကြည့်နေတယ်၊ သူတို့က မမြင်နိုင်တဲ့နေရာက စောင့်ကြည့်တယ်၊ အဲ ... တကယ်လို့ နိုင်နဲ့ ကိုသစ္စာ လက်ထပ်လိုက်တာနဲ့ သူတို့က ပြင်းပြင်းထန်ထန် လှုပ်ရှားလာကြမှာပဲ"

"အခု အစ်ကိုပြန်သွားလည်း သူတို့က သူတို့စကားကို အစ်ကို နားမထောင်ဘူးဆိုပြီး အစ်ကို့ကို ရန်ရှာမှာပဲ မဟုတ်လား"

"လာမယ့်ဘေး ပြေးတွေ့ပေါ့ နိုင်၊ တို့အနေနဲ့ ကိုဇေယျတို့ကို အခု ရင်မဆိုင်လည်း နောက်ဆို ရင်ဆိုင်ရမှာပဲ၊ ဒီတော့ အခုပဲ အိမ်ပြန်ပြီး သူတို့နဲ့ ရင်ဆိုင်မယ်၊ ဒီအိမ်မှာ ဆက်နေလည်း တို့အဖို့ နေမြင့်လေ အရှုးရင့်လေ ဖြစ်ပြီး နောက်ဆုံးတော့ ကိုဇေယျတို့ကို ရင်ဆိုင်ရမှာပဲဟာ၊ ဒီတော့ ဘာထူးမှာလဲ"



"နေဦး ... အစ်ကို့ရဲ့ နေမြင့်လေ အရှုးရင့်လေ ဖြစ်မှာပဲ ဆိုတာက ဘာကို ဆိုလိုတာလဲ"

"အို ... ဘာမှ မဟုတ်ပါဘူး နိုင်။ ကဲ ... ထမင်းစားကြစို့"

ပြောပြောဆိုဆိုပင် အောင်စိုးမိုးသည် ခါတိုင်းထိုင်နေကျ ထမင်းစားကုလားထိုင်တွင် ထိုင်လိုက်သည်။

နိုင်က မထိုင်ဘဲ အောင်စိုးမိုး ရှေ့မှာပင်ရပ်ပြီး သူမပြောချင်သည်ကို ဆက်ပြောပါ၏။

"ကိုသစ္စာကို နိုင် လက်မထပ်ပါဘူး အစ်ကို၊ နိုင့်ရဲ့ရင်ထဲက သူ့ကို မေတ္တာထားလို့မှ မရတာ၊ ဒီနေ့ပဲ နိုင်က အပြတ်ပြောလိုက်လို့ ကိုသစ္စာ စိတ်ဆိုးမာန်ဆိုးတောင် ဖြစ်သွားသေးတယ်"

"ဒါပေမဲ့ အန်ကယ်က ရှိသေးတယ် မဟုတ်လား နိုင်။ အန်ကယ့်အပေါ်မှာ နိုင်ဟာ ဘာမဆို လိုက်လျောတဲ့ သမီးလိမ္မာပဲ၊ အန်ကယ့်ရဲ့ဆန္ဒဟာ နိုင်ရဲ့ဆန္ဒ ဖြစ်လာရမှာပါ"

"တခြားနေရာတွေမှာ အားလုံးမှန်တယ်၊ ဖေဖေ့ရဲ့ဆန္ဒဟာ နိုင်ရဲ့ဆန္ဒ ဖြစ်စေခဲ့တယ်။ ဒါပေမဲ့ နိုင်ရဲ့ရာသက်ပန်ကိစ္စ မျိုးကျရင်တော့ ဖေဖေ့ကို နိုင်က ရှင်းပြ၊ ငြင်းပြမှာပဲ အစ်ကို။ တကယ်တော့ ဖေဖေကလည်း နိုင် တကယ်ငြင်းလာရင် နိုင့်ဆန္ဒဟာ ဖေဖေ့ဆန္ဒ ဖြစ်လာမှာပါ။ နိုင့်ကို ဖေဖေ ဘယ်တော့မှ ဖွတ်မလုပ်ပါဘူး။ အဲ ... နိုင်ကလည်း ကိုယ့်ရင်ထဲ နှလုံးထဲက မချစ်တဲ့လူဆိုရင် ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူး။ လက်မထပ်ဘူးပဲ။ ဒါ ... ခိုင့်ရဲ့ကိုယ်ပိုင်
အခွင့်ရေးပါ အစ်ကို"

အောင်စိုးမိုး ထိုင်ရာမှ ထ,လိုက်ပြန်သည်။

ခိုင်နှင့် မျက်နှာချင်းဆိုင်ပြီး ရပ်လိုက်သည်။

"ဒါဆို ခိုင့်ကို တို့ချစ်တယ်"

"အဲ ... ပြောတော့လည်း ဒိုင်းခနဲပါလား"

"တိုတိုနဲ့လိုရင်းပဲ ကောင်းပါတယ် ခိုင်။ တို့ ခိုင့်ကို ချစ်တာ ပန်းဆိုးတန်းဆိပ်ကမ်းကနေပြီး ကန်တော်မင်ပန်းခြံထဲမှာ ဝင်ခိုနားကတည်းက ရင်ထဲ နှလုံးထဲက သူ့ဟာသူ ခိုင့်ကို ချစ်လာတာပါ။ ဒါပေမဲ့ ဖွင့်ပြောရ သိပ်ခက်နေတယ်။ ကိုဖေယျကိစ္စက ဝင်ရှုပ်တာကိုး။ ဖွင့်ပြောလိုက်ရင် ကိုဖေယျပေးတဲ့ငွေ ငါးသောင်းကို မက်မောလို့ ခိုင့်မေတ္တာကိုဈေးကြီးစားတာလို့ ခိုင် ထင်သွားမှာ သိပ်စိုးရိမ်တယ်"

"နို ... အခုဖွင့်ပြောတာကော ကိုဖေယျပေးတဲ့ တာဝန်ကို ထမ်းဆောင်လိုက်တာပဲ မဟုတ်လား အစ်ကို"

"တော်ပြီ ..."

အောင်စိုးမိုးသည် အရူးတစ်ယောက်လို လက်နှစ်ဖက်ကို အပေါ်မြှောက်ပြီးမှ သူ၏ပေါင်နှစ်ဖက်ကို လက်ဝါးနှစ်ဖက်ဖြင့် ဖြန်းခနဲ ရိုက်လိုက်ပေသည်။

"တို့ အဖေယျာအိမ်ကို ပြန်တာပဲ ကောင်းပါတယ်။ အန်ကယ်မေးရင် တို့ ပြန်သွားပြီလို့သာ ပြောလိုက်ပါ ခိုင်"



အောင်စိုးမိုးသည် ပြောပြောဆိုဆို ခြေလှမ်းကျဲကြီးများဖြင့် သူ၏အိပ်ခန်းသို့ ပြန်လျှောက်သွားသည်။

ခိုင်က နေရာမှပင် ရပ်ကြည့်နေပြီး၊ ကျိတ်ပြုံးလေး ပြုံးလိုက်ပါ၏။

ပြီးမှ ခိုင်သည် တစ်လှမ်းချင်း အောင်စိုးမိုး၏ အိပ်ခန်းဆီသို့ လိုက်သွားသည်။

အိပ်ခန်းထဲအထိ မဝင်ဘဲ အပေါက်ဝမှ ခိုင်က လှမ်းကြည့်သည်။

အောင်စိုးမိုးသည် နံရံကပ်ဗီရိုထဲမှ မီးပူတိုက်ပြီးသား၊ ခေါက်ပြီးသား အဝတ်အစားတွေကို ဆွဲအိတ်ထဲ ပစ်ထည့်သည်။

တန်းပေါ်တွင် တိုးလိုးတွဲလဲ အဝတ်တွေကိုလည်း အလုံးဖထွေး ဆွဲအိတ်ထဲ ထိုးထည့်ပြန်သည်။

အဝတ်တွေထည့်ပြီးသည်နှင့် ဆွဲအိတ်ကို ကျောလွယ်လိုက်သည်။

အခန်းထဲမှ အောင်စိုးမိုး ထွက်လိုက်သည်။

"အဲဒါက ဘယ်လိုဖြစ်တာလဲ အစ်ကို"

"အိမ်ပြန်တာလေ"

ခိုင်က ရယ်သံလေး ပြုလိုက်သည်။

"အစ်ကိုတို့ ယောက်ျားတွေဟာ ရယ်စရာကောင်းတယ်။ စောစောကလည်း ကိုသစ္စာတစ်ယောက် သူ့ကို ခိုင်က ဘယ်လိုမှ စိတ်မဝင်စားဘူး။ လက်ထပ်ဖို့ဆိုတာ ဝေးရော၊ လုံးဝမမျှော်လင့်ပါနဲ့လို့ ပြောလိုက်တာနဲ့ ရှုံ့ရှုံ့ရှဲ့ရှဲ့တွေ ဖြစ်ပြီး ပြန်သွားတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... တို့လည်း ခိုင်ရဲ့မေတ္တာကို မရလို့ စိတ်ဆိုးပြီး ပြန်တာလို့ ခိုင်က ဆိုလိုချင်တာလား"

"ခိုင်က ကိုသစ္စာကိုသာ ပြောတာပါ"

"ဒီမယ် ခိုင် ... အခု တို့ပြန်တာက ခိုင်ရဲ့တုံ့ပြန်မှုမရလို့ စိတ်ဆိုးပြီးပြန်တာ လုံးဝမဟုတ်ဘူး သိလား"

"ဒါဖြင့် ဘာလို့ ..."

ခိုင်က မျက်နက်လေး ထောင့်ကပ်ပြီး ပြန်မေးလိုက်သည်။

တကယ် မချင့်မရဲ ဖြစ်စရာ ကောင်းလှသည်။

အောင်စိုးမိုးသည် ခိုင်က မထိတထိ ရိတိတိ ပြောနေသည်ကို မချင့်မရဲစိတ်ဖြင့် တအားပွေ့ပိုက် ဖျစ်ညှစ်လိုက်ချင်မိသည်။

"စိတ်ဆိုးလို့ မဟုတ်ဘူး ဗျို့။ တို့ရဲ့နှလုံးသားမေတ္တာကို စော်ကားခံလိုက်ရတာကို ရင်ထဲမှာ နာကျင်လို့ ပြန်တာ"

"ဘယ်သူက စော်ကားလို့လဲ"

"ကြည့် ... ခိုင်ပြောပုံက ရိတိတိနဲ့၊ တို့ မနည်းစိတ်ထိန်းထားရတယ်၊ ခိုင်ပဲ ပြောတယ် မဟုတ်လား၊ တို့က ကိုဓေယျဆီက ငွေငါးသောင်းရလို့ ခိုင့်ကို မေတ္တာရှိတာလို့။ အဲဒါ တို့ရဲ့နှလုံးသားမေတ္တာကို ခိုင် စော်ကားလိုက်တာပဲ မဟုတ်လား"

"ခိုင်ကဖြင့် အဲဒီလို တစ်ခွန်းမှ မပြောမိဘူး။ အစ်ကို ဘာသာ ဒီလိုဖွင့်ပြောရင် ဒီလိုထင်မှာ စိုးတယ်လို့ ပြော



တာ၊ အဲဒါကို ခိုင်က အဲဒီလိုကော မဟုတ်ဘူးလားလို့ ပြန်မေးတာပဲရှိတယ်"

"အကြောင်းမရှိက်ပါနဲ့ ခိုင်၊ အခု တို့ အဝေယျာလမ်းအိမ်ကို ပြန်မယ်ဆိုတာလည်း ချစ်သက်သေ ထုပြချင်တဲ့သဘောပါ၊ တို့ ဒီမှာ ဆက်မနေတော့ဘဲ အဝေယျာလမ်းအိမ်ကို ပြန်တာနဲ့ ငွေတစ်သောင်း စရန်ထားပစ်ခဲ့တဲ့ ကိုဓေယျတို့က တို့ကို သူ့စကား သွေဖီတယ်ဆိုပြီး ထိထိရောက်ရောက် ရင်ဆိုင်လာမှာပဲ။ ဒါကို တို့က ရင်ဆိုင်လိုက်မယ်လေ။ ဒါမှ တို့ ခိုင့်ကိုချစ်တာ ငွေမက်လို့ မဟုတ်ဘူးဆိုတာ ခိုင် သံသယရှင်းသွားမယ်"

"ဒါဆို မပြန်ပါနဲ့ အစ်ကို"

"မပြန်ပါနဲ့ ဟုတ်လား။ ဒါဆို ခိုင်ဟာ တို့အချစ်ကို သံသယကင်းတယ်ပေါ့ ဟုတ်လား"

ခိုင်က ခေါင်းညိတ်ပြသည်။

"ဒါဆို ... ဒါဆို တို့က ခိုင့်ကိုချစ်နေတာ၊ ခိုင်ကကော ပြန်ပြီး တို့ကို ချစ်ရဲ့လား ခိုင်"

ခိုင်က ခေါင်းညိတ်ပြသည်။

"ဟင် ... ခိုင် ခေါင်းညိတ်တယ်၊ တကယ်လား ခိုင်၊ တကယ်လားဟင်"

ခိုင်က ပြုံးလိုက်သည်။ ထပ်မံ ခေါင်းမညိတ်ပြနေသည်။

ခေါင်းလည်း ခါမပြ။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ခိုင်၊ ခိုင့်ပါးစပ်က သိသိသာသာ ထင်ထင်ရှားရှား ပြောလိုက်စမ်းပါ။ တို့ရင်ထဲ သဲသဲကွဲကွဲ ဖြစ်ချင်လွန်းလို့ပါ"

"အစ်ကို့ကိုလည်း ခိုင်က ချစ်နေတာပါ အစ်ကို၊ ချစ်တာမှ အစ်ကို့အတိုင်းပဲ၊ ပန်းဆိုးတန်းဆိပ်ကမ်းက မော်တော်ဆိုင်ကယ် ခါးဖက်စီးခဲ့ရပြီး ကန်တော်မင်ပန်းခြံထဲမှာ ထိုင်ကတည်းက ချစ်မိတာ"

"အာယိုယို ... ဝမ်းသာလိုက်တာ ခိုင်ရယ်"

ပြောပြောဆိုဆို အောင်စိုးမိုးသည် ခိုင်၏ကိုယ်လုံးလေးကို လက်နှစ်ဖက်ဖြင့် လင်းမြွေကြီး ပတ်သလို ပတ်လိုက်သည်။

ခိုင်က မရုန်းပါလေ။ အစ်ကိုအောင်စိုးမိုး၏ နီးကပ်လွန်းနေသော မျက်နှာကို ချစ်ရည်လဲ့မျက်ဝန်းစုံကြီးဖြင့် မော့ကြည့်သည်။

အောင်စိုးမိုးက မော့လာသော ခိုင်၏မျက်နှာလေးကို ပါးချင်းကပ်ထားလိုက်သည်၊

သြော် ... ချစ်ကြပြီဆိုတော့လည်း ဖိုက မ,ကို ယုယပိုက်ထွေးချင်စမြဲ။

မ,ကလည်း ဖို၏အပွေ့အပိုက်နှင့် အယုအယကို လိုချင်စမြဲ။

ပါးချင်း အတန်ကြာအောင် ကပ်ထားပြီးမှ ခိုင်၏ ပါးပြင်လေးကို အောင်စိုးမိုးက မွှေးမွှေးပေးသည်။



အောင်စိုးမိုးသည် ဒီထက်မပို။

နှလုံးသားထဲက မေတ္တာသက်သက်ကိုသာ ဖော်ပြသည်။

ရမ္မက်နှင့် ရာဂါအသွင်မျိုး အောင်စိုးမိုးက မပြုပေ။ ဒါကိုပင် ခိုင်သည် အစ်ကို့ကို အထင်ကြီးရပြန်သည်။

ချစ်သူကို အထင်ကြီးလေ ချစ်လေ ...။

မြတ်နိုးရလေ ချစ်လေ မဟုတ်လား။

"ဒါနဲ့တောင် ခိုင်က တို့စိတ်ဆင်းရဲအောင် ကိုသစ္စာနဲ့ ပူးတွဲ ပူးတွဲ လုပ်သေးတယ်နော်"

"တမင်လုပ်တာ"

"ဘာလို့ တမင်လုပ်တာလဲဟင်"

"အစ်ကို့ကို ချစ်နေလို့ပေါ့၊ အစ်ကို့အချစ်ကို ဆန်းစစ်တဲ့ သဘောနဲ့ ကိုသစ္စာကို အရောဝင်ပြတာ၊ ဟိုတုန်းကဆို ကိုသစ္စာကို ခိုင်က စကားဟဟတောင် ပြောတာမှ မဟုတ်တာ"

"အို ... ခိုင်ရယ်၊ အချစ်ရယ်"

ဖက်တာတော့ အောင်စိုးမိုးသည် တအားကြီးကို ... ဖက်ထားပါ၏။

ခိုင်၏ကြော့ရှင်းသော ကိုယ်လုံးလေးမှာ အောင်စိုးမိုး ... ရင်ခွင်ကျယ်ကြီးထဲတွင် ဖားကိုမြွေမျိုထားသလား ထင်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ... အဟမ်း"

ချောင်းဆိုးသံတစ်ခု ထွက်လာသဖြင့် ခိုင်ရော အောင်စိုးမိုးရော အသံထွက်လာရာသို့ ကြည့်လိုက်သည်။

ဒေါ်နန္ဒာ ဖြစ်ပါ၏။

ခိုင်က မသိမသာလေး အစ်ကို့ရင်ခွင်မှ ထွက်လိုက်သည်။ အောင်စိုးမိုးကလည်း အလိုက်သင့် လွှတ်ပေးလိုက်သည်။

ဒေါ်နန္ဒာသည် သူတို့ချစ်သူနှစ်ယောက်ကို လုံးဝ မကြည့်ဘဲ မီးဖိုထဲသွားရန် ဘေးမှကပ်လျှောက်သွားသည်။

"ဒေါ်လေးနန္ဒာ ... ဖေဖေနဲ့ လိုက်မသွားဘူးလား။ ကမာရွတ်ကို သွားတုန်းက ဒေါ်လေးနန္ဒာ ကားနဲ့လိုက်သွားသလားလို့"

"ဟုတ်တယ် ခိုင်၊ လမ်းထိပ်ရောက်မှ ဆရာကြီးက အိမ်မှာ ခိုင်လည်း တစ်ယောက်တည်း ဖြစ်နေမယ်၊ ဒေါ်လေးနေခဲ့ပြောလို့ ဆင်းနေခဲ့တာ၊ လမ်းထိပ်ရောက်တုန်း ဒေါ်ပုမုန့်ဟင်းခါး စားချင်တာနဲ့ စားပြီးမှ ပြန်လာတာ"

ဒေါ်နန္ဒာက ထိုမျှသာပြောပြီး မီးဖိုထဲသို့ ဆက်လျှောက်သွားသည်။

"ကဲ ... အစ်ကို ထမင်းစားစို့"

"စားမယ် ခိုင်"

နှစ်ယောက်သား ချစ်သူဘဝ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် ထမင်းစားကြသည်။



"အစ်ကိုနဲ့ ခိုင့်ကို ဒေါ်လေးနန္ဒာ တွေ့သွားပြီ အစ်ကို"

"အဲဒီလို တွေ့သွားတော့ ဘာတွေဖြစ်နိုင်မလဲ ခိုင်"

"ခိုင် ရှက်တာပေါ့၊ သိပ်ကိုရှက်"

"ဒါကတော့ ချစ်ကြပြီဆိုရင် ဒီလောက်တော့ ရှိမှာပေါ့ ခိုင်"

"ဖေဖေက စ,ပြီး ဦးလေးအောင်တို့ ဒေါ်လေးနန္ဒာတို့အားလုံးက ခိုင့်ကို ဂရုစိုက်တယ်၊ အစဉ်းစားကြီးတယ်၊ ထိန်းသိမ်းတတ်တယ်လို့ အထင်ကြီးနေတာ၊ အခု ... အစ်ကိုနဲ့ကျတော့ အညှာလွယ်လိုက်တာလို့ ထင်ကြမှာပဲ။ မြန်လွန်းလို့ပါ။ အစ်ကိုနဲ့ ခိုင်တို့ သူစိမ်းသက်သက် တွေ့ကြတာ။ သီတင်းနှစ်ပတ်သာ ရှိသေးတာ။ အစ်ကိုကတော့ ခိုင့်ကို အညှာလွယ်တယ်လို့ မထင်ဘူးလားဟင်"

"လုံးဝမထင်ဘူး၊ ခိုင်ဟာ အချစ်နဲ့ပတ်သက်ပြီး ချစ်ချင်သူတွေ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာကို ဘယ်သူ့ကိုမှ လက်မခံခဲ့ဘူးဆိုတာ ဦးလေးအောင်ကလည်း ပြောတယ်၊ ကိုဖေယျကလည်း ပြောတယ်"

"ကိုဖေယျ ပြောတယ် ဟုတ်လား။ ဒီ ကိုဖေယျက ခိုင့်အကြောင်းတွေ သိပ်သိနေပါလား အစ်ကို"

"ဒါပေါ့ ခိုင်၊ ချောင်းနေတဲ့ကျား ဆိုတာကတော့ သမင်ရဲ့ လှုပ်ရှားမှုကို အားလုံး မြင်နေတာပေါ့။ သူက ချောင်းနေတာကိုး၊ နောက်ပြီး အစ်ကို ထင်တယ်လေ။ နာရည်တုနဲ့ ကိုဖေယျဟာ ခိုင်တို့ဝန်းကျင်နဲ့ သိပ်ကွာဝေးတဲ့လူ မဟုတ်ဘူးလို့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ၊ အမိက,ကတော့ ခိုင့်ကို အညှာလွှယ်လိုက်တာလို့ အစ်ကိုက မယူဆရင် ခိုင် ကျေနပ်ပါပြီ"

"နှလုံးသားမေတ္တာမှာ အချိန်ကာလနဲ့ ပိုင်းခြားပြီး သတ်မှတ်လို့ မရပါဘူး ခိုင်၊ လမ်းသွားရင်း ခလုတ်တိုက်သလို ဖြစ်တတ်တာပဲဟာ"

"အလဲ့ ... ဆိုပါဦး စာရေးဆရာ ပေါက်စရယ်၊ အချစ်ဆိုတာ လမ်းသွားရင်း ခလုတ်တိုက်တာနဲ့ ဘယ်လိုကြောင့် နှိုင်းယှဉ်သလဲ ဆိုတာ"

ခိုင်က အရယ်အပြုံးလေးနှင့်ပင် ဟာသနှောပြီး ပြန်၍ မေးခွန်းထုတ်ပေသည်။

"လမ်းတစ်ခုကို လျှောက်သွားတာဟာ သွားရိုး သွားစဉ် သွားနေတာပဲပေါ့ ခိုင်၊ အဲ ... မတော်တဆ ခလုတ်တိုက်ပြီ ဆိုတာနဲ့ လျှောက်ရိုးလျှောက်စဉ် နေရာက လဲပြိုတော့မလို၊ ကိုယ်ဟန်အနေအထား ပျက်သွားတာပေါ့၊ ရင်ထဲ နှလုံးသားထဲမှာရှိတဲ့ မေတ္တာ အကောင်လေးဟာ သူ့ဟာသူ နေရင် သူ့ဟာသူပဲ အိပ်မောကျချင် ကျနေမယ် ခိုင်၊ သူ့ကိုနှိုးရိုးနှိုးစဉ် နှိုးတာကို သူ အိပ်မောကျရာက နိုးချင်မှ နိုးမယ်၊ အဲ ... သူ့ကို အထိတ်တလန့်လေး ဖြစ်သွားပြီ ဆိုရင်တော့ အဲဒီမေတ္တာကောင်လေးဟာ လူးလဲထမယ်၊ နိုးကြားလာမယ်၊ ခေါင်းထောင်မယ်၊ ထထိုင်မယ်"

ခိုင်က ချစ်သူအစ်ကို ပြောသည်ကို နားစွင့်ပြီး အစ်ကို့မျက်နှာကို ရွှန်းရွှန်းစားစားလေး ငေးကြည့်နေသည်။



"ခိုင်နဲ့ အစ်ကို တွေ့ကြပုံက ဘယ်လိုမှ မမျှော်လင့်ဘဲ သည်းထိတ်ရင်ဖို စွန့်စားခန်းလေးနဲ့ ဆုံမိကြတယ် မဟုတ်လား ခိုင်"

"အင်း ... ဟုတ်တယ်၊ အစ်ကိုပြောတာ ခိုင် သဘောပေါက်လာသလိုပဲ"

"ဒါပဲပေါ့ ခိုင်၊ နှလုံးသားမေတ္တာဆိုတာ နိုးကြားချင်တဲ့ အချိန်ထပြီး နိုးကြားလိုက်တာပဲ၊ ဘယ်အချိန် ဘယ်အခါမှ နိုးကြားရမယ်လို့ သတ်မှတ်လို့ ရတာမှ မဟုတ်တာ"

"ဟုတ်တယ်နော်၊ တကယ်လို့သာ အစ်ကိုနဲ့ ခိုင်ဟာ ကျောင်းမှာတွေ့နေကျ ပုံစံမျိုးတွေ၊ အိမ်မှာ တွေ့နေကျ ပုံစံမျိုးတွေနဲ့ဆို ခိုင်ရဲ့နှလုံးသားမေတ္တာကောင်လေးဟာ အိပ်မြဲတမ်း အိပ်နေမလားဘဲ"

"ကဲ ... ချစ်ကြတာတော့ ဟုတ်ပြီ ခိုင်၊ အခု ဒေါ်နန္ဒာကလည်း တွေ့သွားပြီ၊ အန်ကယ့်ကို ဒေါ်နန္ဒာက ပြန်တိုင်ရင် အစ်ကိုတော့ ဒီအိမ်က ခေါင်းနဲ့ ဆင်းပြေးရမလားပဲ"

"မပူနဲ့ အစ်ကို၊ ခိုင့်မှာ ခိုင်မာတဲ့ ဆုံးဖြတ်ချက် ရှိပြီးသား၊ ခိုင်လက်ထပ်တဲ့လူဟာ ခိုင့်ရင်ထဲက နှစ်နှစ်ကာကာ ချစ်ရသူပဲ ဖြစ်ရမယ်၊ ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် ခိုင် အစ်ကို့ကိုပဲ လက်ထပ်မယ်၊ ခိုင်ကိုယ်တိုင်က အစ်ကို့ကို နှစ်နှစ်ကာကာ အသည်းတနင့် ချစ်နေပြီပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ခိုင်၊ ဒါဆို တို့ စိတ်ချပြီ"

ထမင်းဝိုင်း လက်စသတ်ကြသည်။

"ကဲ ... အစ်ကိုလည်း နားတော့၊ အရက်တွေ ထပ်သောက်စရာ မလိုတော့ဘူးနော်"

"စိတ်ချ ခိုင်"

"ခိုင်လည်း နားဦးမယ်နော်"

"နားပါ ခိုင်"

ထမင်းစားခန်းမှ အတူယှဉ်တွဲ ထွက်လာပြီး ဧည့်ခန်းအရောက်တွင် ခိုင်၏ကိုယ်လုံးလေးကို အောင်စိုးမိုးက ဖွေ့ပိုက်ပြီး ပါးပြင်လေးကို မွှေးလိုက်သည်။

"ဟွန့် ... အစ်ကို မကဲနဲ့၊ ခိုင် ရှက်တယ်၊ ဒေါ်လေးနန္ဒာကြီး ထပ်တွေ့ရင် ထပ်ရှက်ရမှာ"

"ပိုတယ်နော်"

"တကယ်ပြောတာ၊ ကဲ ... ဂွတ်လပ် ခိုင်"

ခိုင်သည် မြူးကြွသော သမင်မလေးပမာ အပြေးလေးပင် လှေကားဆီသို့ တက်ရောက် ပျောက်ကွယ်သွားပါလေ၏။

အောင်စိုးမိုးသည် သူ၏အိပ်ခန်းထဲဝင်ကာလဲလျောင်းလိုက်သည်။

ခိုင်နှင့် ချစ်ရသည်ကို ကျေနပ်စွာ၊ ပီတိဖြစ်စွာ ရွှင်မြူးစွာ စမ့်ပြုံးနေပါ၏။



မည်မျှလောက် အတွေးယာဉ်ကြောတွင် မျောနေသည်မသိ။ အပြင်တံခါးခေါက်သံ ထွက်လာမှ တွေးလက်စ ပြတ်သွားသည်။

"ဒေါက် ... ဒေါက် ... မောင်အောင်စိုးမိုး ... မောင်အောင်စိုးမိုး"

ဒေါ်နန္ဒာ၏အသံ ဖြစ်ပါ၏။

"ဗျာ ... ဒေါ်နန္ဒာ၊ ဘာကိစ္စ"

"တယ်လီဖုန်းလာနေတယ်ကွယ့်၊ မောင်အောင်စိုးမိုးနဲ့ စကားပြောချင်တယ်တဲ့"

အောင်စိုးမိုး ထပြီးတံခါးဖွင့်လိုက်သည်။

မိမိအနေနှင့် ဤအိမ်မှ ဖုန်းနံပါတ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးမထား။ မိမိထံဆက်မည့်သူ မရှိ။ ယုတ်စွအဆုံး မိမိ၏စာအုပ်ထုတ်ဝေတိုက်ကိုပင် ဤအိမ်ဖုန်းနံပါတ်ပေးမထား။

"ဟုတ်ပါ့မလား ဒေါ်နန္ဒာ၊ ကျွန်တော့်ဆီ ဘယ်သူမှဆက်စရာမရှိဘူး"

"ဒါတော့ မသိဘူးကွယ့်၊ အဲဒီလူက မောင်အောင်စိုးမိုးနဲ့ စကားပြောချင်တယ်လို့ ပြောတာပဲ၊ မောင်အောင်စိုးမိုးဆိုတဲ့ နာမည်က အခေါ် နားကြားလွဲနိုင်လောက်တဲ့ နာမည်မျိုးမှ မဟုတ်တာ၊ နာမည်တစ်လုံးချင်း ထင်ရှားတဲ့အက္ခရာအသံတွေပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတဲ့လဲ ဒေါ်နန္ဒာ"

"အဲဒါလည်း မပြောဘူးကွယ်၊ မောင်အောင်စိုးမိုး ရှိသလား တဲ့၊ အဒေါ်က မောင်အောင်စိုးမိုး အိမ်မှာရှိနေတာနဲ့ ရှိပါ တယ်လို့ပဲ ဖြေလိုက်တယ်၊ အဲဒါ မောင်အောင်စိုးမိုးကို စကားပြောချင်လို့ ခေါ်ပေးပါတဲ့၊ ရတယ်လေ ... မောင် အောင်စိုးမိုး ပြန်ပြောချင်စိတ် မရှိရင် အိပ်နေတယ် မနှိုး ပေးရဲ့ဘူးလို့ အဒေါ် ပြန်ပြောလိုက်မယ်"

"နေပလေ့စေ ဒေါ်နန္ဒာ၊ ကျွန်တော် ပြောပါ့မယ်"

အောင်စိုးမိုးက ဖုန်းဆီ လျှောက်သွားသည်။

ကောက်ကိုင်ပြီး အသံပြန်ပေးလိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ၊ ကျွန်တော် အောင်စိုးမိုးပါ"

"ဟဲ ... ဟဲ ... ကွန်ဂရက်ကျူးလေးရှင်း ကိုအောင်စိုးမိုး၊ ကျုပ် ဓေယျပါ၊ ဘယ့်နှယ်လဲ၊ ကျုပ်ရဲ့တင်ကြိုဟောကိန်း တွေ မမှန်ဘူးလား"

"ခင်ဗျား ဘာတွေပြောနေတာလဲ ကိုဓေယျ၊ ဘာတွေ ကွန်ဂရက်ကျူးလေးရှင်းပြီး ဘာတွေ ဗေဒင်မှန်နေတာလဲ"

"ကွန်ဂရက်ကျူးလေးရှင်းဆိုတာ ခင်ဗျားရဲ့အောင်မြင်ခြင်း ကို ချီးကျူးဝမ်းသာတယ်ပေါ့ဗျာ၊ ဟောကိန်း မှန်တယ် ဆိုတာက နောက်ဆုံးတော့ ချောကလျာခိုင်ဟာ ကိုအောင် စိုးမိုးကို ပစ်ကျလာတာပဲ မဟုတ်လား၊ ခင်ဗျားက ဒီဘက် မှာ ပါရမီထူးတယ်ဗျ၊ ကျုပ် လောင်းရဲ့တယ်၊ မိန်းကလေး

www.burmeseclassic.com



ဆယ်ယောက်မှာ ခင်ဗျားသာ ချဉ်းကပ်ရင် ကိုးယောက်ဟာ ခင်ဗျားကို ချက်ချင်းပစ်ကျနိုင်တဲ့ အရည်အသွေးတွေ ခင်ဗျားမှာရှိတယ်၊ အဲ ... ကျန်တဲ့ မိန်းကလေးတစ်ယောက် ကတော့ အရွယ်မရောက်သေးတဲ့ မိန်းကလေးဖြစ်နေမယ် ပေါ့ဗျာ၊ ဟား ... ဟား ... ဟား"

"သောက်မြင်ကတ်လိုက်တာ"ဟု အောင်စိုးမိုး ရင် ထဲက ကျိတ်ပြီးရေရွတ်မိသည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ ကိုဓေယျ၊ ခိုင်ဟာ လွယ်တာမှတ်လို့၊ ကျုပ်လိုကောင်မျိုးကို ခိုင်က အမဲရိုးလို့ သဘောထားနေတာပဲဟာ၊ အုန်းမှုတ်ခွက်လို သဘောထား နေတာပဲဟာ"

"ဟဲ ... ဟဲ ... ဟဲ ... ဘယ်ဆိုးလို့လဲ"

"ဘာတွေ မဆိုးတာလဲ"

"ဒီမယ် ... ကိုအောင်စိုးမိုး"

"ပြောလေဗျာ၊ နားဝမှာ ဖုန်းကြီးကပ်ထားပြီး နားထောင် နေသားပဲ"

"မပတ်နဲ့ပေါ့ဗျာ၊ ကျုပ်တို့ကို ပတ်ဖို့တော့ စိတ်ကူးထဲ တောင် မထည့်နဲ့၊ ကျုပ်တို့က သဘောကောင်းပြီဟေ့ဆို ရင် ဝေသန္တရာမင်းကြီးထက် ပိုကောင်းတယ်၊ အေး... ရက်စက်ပြီဆိုလည်း စူဠကာပုဏ္ဏားထက် ဆယ်ပြန် အပြန် တစ်ရာ သာတယ်"

www.burmeseclassic.com



"အဲဒါ ကျွန်တော့်ကို ခြိမ်းခြောက်နေတာလား ကိုဇေယျ"

"ဟဲ ... ဟဲ ... ခြိမ်းခြောက်တယ် ဆိုတာက သကြန်အမြောက်မျိုးပါ၊ ဒိန်း,ခနဲမြည်ပြီး ဘယ်ထိချက်ကိုမှ မထိတာ၊ ကျုပ်တို့ကတော့ ပစ်ပြီဆိုရင် အဆံပါတယ်နော်၊ ပစ်မှတ်ကို ဒက်ထိကြီး ထုတ်ချင်းခတ်အောင်ပစ်တာ"

"ခင်ဗျားဟာ ခင်ဗျား အဆံပါပါ မပါပါ ကျုပ်နဲ့ ဘာဆိုင်လဲ"

"ကျုပ် ပြောမယ်၊ ခင်ဗျားက ချောကလျာခိုင်ကို ပွေ့ပိုက်တယ်၊ ပါးကို နမ်းတယ်၊ ချောကလျာခိုင်က ခင်ဗျားကို ပါးလည်းမရိုက်ဘူး၊ ရုန်းလည်းမထွက်ဘူးဆိုရင် အဲဒါကို မြန်မာလို အဓိပ္ပာယ် ဘယ်လိုပြန်မလဲ၊ ရှင်းနေတာပဲ ကိုအောင်စိုးမိုး၊ ချောကလျာခိုင်ကို ခင်ဗျားက ချစ်တယ်၊ ချောကလျာခိုင်ကလည်း ခင်ဗျားကို ပြန်ချစ်တယ်ပေါ့၊ အဲဒါ ကျုပ်တို့အတွက် ကွန်ဂရက်ကျူးလေးရှင်းပဲပေါ့၊ မဟုတ်ဘူးလား ဟဲ ... ဟဲ"

အောင်စိုးမိုး လေးလေးနက်နက် စဉ်းစားလိုက်သည်။

ကိုဇေယျတို့သည် သိလှချေလား။

ခုနလေးတင်မှ ခိုင်နဲ့ မိမိတို့ ချစ်ကြ ခင်ကြ ပွေ့ကြ နမ်းကြသည်ကို ယခု ကိုဇေယျက ကြားသိနေပြီကော။

"ကဲ ... လေကားထစ်အပေါ်ကို တက်မိပြီ၊ ကျုပ်တို့ မကြာခင် ညွှန်ကြားချက်တစ်ခုပေးမယ်၊ အဲဒါ ကိုအောင်စိုးမိုး ဆက်လုပ်ဖို့ပဲ"



"မလုပ်ဘူးဗျာ၊ ကျုပ်ရဲ့နှလုံးသားမေတ္တာကို ဘယ်လိုမှ ခြိမ်းခြောက်မှုကြီးနဲ့မှ မလဲဘူး"

"ဟဲ ... ဟဲ ... အဲဒါတွေက ကိုအောင်စိုးမိုး အောင်မြင်စွာ ပြနေတဲ့ ဝတ္ထုတွေထဲက စကားလုံးတွေပါ၊ ပရိသတ်တော့ ကြိုက်တယ်၊ ဒါပေမဲ့ လက်တွေ့မဆန်ပါဘူး"

"ကျုပ် တကယ်ပြောနေတာ၊ ခင်ဗျားတို့ ဘာခိုင်းခိုင်း မလုပ်ဘူး"

"သွေးမပူစမ်းပါနဲ့ ကိုအောင်စိုးမိုး၊ သွေးအေးအေးပဲထားပါ၊ တကယ်တော့ ခင်ဗျားဟာ သားကောင်ဖြစ်နေပြီလေဗျာ၊ ကျုပ်တို့ရဲ့သားကောင်ဆိုလည်း ဟုတ်ရဲ့၊ အချစ်ရဲ့သားကောင်ဆိုလည်း ဟုတ်ရဲ့ပေါ့လေ၊ ကျုပ် ကြပ်ကြပ်ကြီး သတိပေးလိုက်မယ်၊ အချစ်ရဲ့သားကောင်၊ အချစ်ရဲ့ကျေးကျွန် မဖြစ်စေနဲ့၊ အသက်ရှုရပ်သွားမယ်၊ နက်ဖြန်ဆိုတာ မရှိဘဲ ဖြစ်သွားမယ်၊ ဟဲ ... ဟဲ ... ကျုပ်တို့သားကောင်ဘဝကိုပဲ ခံယူပါ ကိုအောင်စိုးမိုး၊ ခင်ဗျား တစ်သက်လုံး မကဘူး၊ ဟို ... နောက်တစ်သက်အထိ စားမကုန် သုံးမကုန် စည်းစိမ်ဥစ္စာ ရစေမယ်၊ ဒါပဲ ... ဒါပဲ ... ခင်ဗျား ကံကောင်းပါစေ"

ပြောပြောဆိုဆို ကိုဇေယျ၏ ဖုန်းချသံ ခွပ်ခနဲ အောင်စိုးမိုး ကြားလိုက်ရသည်။

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုးသည် တောက်ခေါက်ရင်း ဖုန်းကိုပြန်ချကာ ဒေါသအဟုန်ဖြင့် နောက်သို့လှည့်ပြီး ဒေါ်နန္ဒာကို ကြည့်လိုက်သည်။

မရှိပါလေတော့။

စောစောက ရပ်နေသော နေရာတွင် ဒေါ်နန္ဒာသည် မရှိပါလေတော့။

✠ ❋ ✠



၉

မပြောဘဲနေ၍လည်း မကောင်း။

ပြောလိုက်ပြန်လျှင်လည်း မိန်းမောင်းတွေ ဝင်လာမည်ကို စိုးရိမ်သည်။

အောင်စိုးမိုး ဦးနှောက်စားရပါ၏။

ကိစ္စက ကိုဇေယျ ဖုန်းဆက်သည့်ကိစ္စ။

ကိုဇေယျသည် ရှေ့သို့ တစ်လှမ်းတိုးမည့်သဘော ပြောခဲ့သည်။

ဒါကို မိမိက အန်ကယ်ဦးမောင်မောင်ခိုင်ကို ဖွင့်ပြောချင်နေသည်။

ပြောပါပြီတဲ့။

ခိုင်နှင့် ကျွန်တော် တစ်ယောက်ကိုတစ်ယောက် မေတ္တာမျှသွားကြတာကို ကိုဇေယျက သိသွားပြီး နောက်တစ်ဆင့်ရှေ့ခြေလှမ်းပြင်ခြင်း ဖြစ်သည်ဟု ဖွင့်ပြောရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ငါ့သမီးနဲ့ မင်းနဲ့ တူသလား၊ တန်သလား။ မင်းလိုကောင်နဲ့ ငါ့သမီးကို မပေးစားဘူးကွာ"ဟု ဗိန်းမောင်းတွေ ပတ်ကြမ်းတိုက်တွေ ဝင်လာမည်ကိုလည်း အောင်စိုးမိုး စိုးရိမ်သည်ပင်။

အောင်စိုးမိုး အနေနှင့် အန်ကယ်ဦးမောင်မောင်ခိုင်ကို ခိုင်နှင့် မေတ္တာရှိနေကြောင်း ပြောရန် ဝန်လေးလှသည်။

ခက်သည်က ခိုင်နှင့် မေတ္တာရှိနေသည်ကို ရှေ့မှ ပဏာမ မခံဘဲ ယနေ့ ကိုဖေယျ ဖုန်းဆက်သည့်အကြောင်း ဘယ်လိုပြောလို့ ရမည်နည်း။

အဲ ... တစ်ခုတော့ ရှိသည်။

ဒေါ်နန္ဒာသည် ယနေ့ ခိုင်နှင့် မိမိ ပူးပူးကပ်ကပ် ချစ်ချစ်ခင်ခင် ဖြစ်နေသည်ကို ပက်ပင်းကြီး မြင်သွားသည်။

ဒေါ်နန္ဒာက ဦးမောင်မောင်ခိုင်ကို မပြောဘဲ မတိုင်ပင်ဘဲ နေမည်တဲ့လား။

ဒေါ်နန္ဒာ ဆိုလေမှ ဒေါ်နန္ဒာ အကြောင်းကို အောင်စိုးမိုး တစ်ဆက်တည်း စဉ်းစားသည်။

ခိုင်နှင့် မိမိ ထမင်းစားခန်းမှ ခွဲခွာ၍ မိမိအိပ်ခန်းသို့ဝင်ပြီး ခိုင့်အကြောင်း စမြုံ့ပြန်နေစဉ် ဧည့်ခန်းဆီမှ ကျိုးကျိုးကျစ်ကျစ်အသံမျိုး ကြားမိသယောင်ယောင် ရှိကြောင်း ခုမှ အောင်စိုးမိုး ရေးရေးမှတ်မိလာသည်။

မိမိအိပ်ခန်းထဲဝင်ပြီး ခိုင့်အကြောင်း အာရုံပြင်းထန်စွာ စဉ်းစားနေစဉ် ဒေါ်နန္ဒာသည် ဖုန်းဆက်ခြင်း ဖြစ်နိုင်သည်။



ဒေါ်နန္ဒာ မည်သူ့ဆီ ဖုန်းဆက်လေသနည်း။

မဟုတ်မှလွဲရော။

ဒေါ်နန္ဒာသည် ကိုဖေယျထံ ဖုန်းဆက်ခြင်း ဖြစ်ရမည်။

ဆက်စပ်ကြည့်လျှင် ယခုအချိန်ထိ ဦးလေးအောင် အိမ်မှာမရှိ။

ဒေါ်နန္ဒာသာ ရှိသည်။

ကိုဖေယျက ချက်ချင်းသိသွားသည်။

ယင်းအချက်အလက်ကို ဆက်စပ်လျှင် ကိုဖေယျထံသို့ ဒေါ်နန္ဒာ ဖုန်းဆက်ကြောင်း ထင်ရှားလာသည်။

နောက်တစ်ခု ရှိသေးသည်။

မိမိအိပ်ခန်းထဲမှာ ရှိနေစဉ် ကိုဖေယျထံမှ ဖုန်းဆက်သည် ဆိုပါလျှင် ကျယ်လောင်သော ကလင် ... ကလင်နှင့် ဖုန်းမြည်သံကို မိမိအိပ်ခန်းထဲမှ ကြားနိုင်လောက်သည်။

လုံးဝဖုန်းမြည်သံ မကြားမိ။

ဒါဆို ဒေါ်နန္ဒာကပင် ကိုဖေယျထံ ကျိုးကျိုးကျစ်ကျစ်နှင်းလှည့်ပြီး ခိုင်နှင့် မိမိတို့ ချစ်သွားကြောင်း ပြောမည်။

ကိုဖေယျ ချက်ချင်းပင် မိမိကို ခေါ်ပေးပါဟု ဒေါ်နန္ဒာကို ပြောမည်။

ဒါဆို အဘယ်မှာလျှင် ကလင် ... ကလင် ဖုန်းမြည်သံ ထွက်ပေါ်လာချိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်တော့ ဒေါ်နန္ဒာသည် အာဂအမျိုးသမီးကြီးပါလား။

ကဲ ... ဒေါ်နန္ဒာ အကြောင်း ခဏဘေးချိတ်ထားဦး၊ ကိုဖေယျ၏ရှေ့ ခြေတစ်လှမ်းကိစ္စကို ဦးမောင်မောင်ခိုင်အား မိမိ ဘယ်လိုပြောရပ့်။

"ခိုင်"

ဟုတ်ပ့် ... ခိုင်က တစ်ဆင့်ပြောခိုင်းသည်က အသင့်လျော်ဆုံး ဖြစ်ပါ၏။

ပြီး ... ဦးမောင်မောင်ခိုင်ကို ဖွင့်မပြောမီ မိမိအနေနှင့် ခိုင့်ကိုသာ ပထမဆုံး အသိပေးသင့်သည် မဟုတ်လား။

ဟုတ်ပြီ ... ခိုင် အိမ်ပေါ်ထပ်မှ ဆင်းလာသည်ကို မိမိ စောင့်မျှော်ရမည်သာ ဖြစ်ပါ၏။

အောင်စိုးမိုး ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး စပို့ရှပ် အင်္ကျီ ချည်ချော လုံချည်လဲကာ ဧည့်ခန်းထဲ ထိုင်နေစဉ်မှာပင် ခိုင်သည် အပေါ်ထပ်မှ ဆင်းလာသည်ကို တွေ့ရသည်။

ခိုင်လည်း သန့်သန့်စင်စင်လေး ရှိနေပါ၏။ ရေမိုးချိုးသန့်စင်ပြီး အိမ်နေတစ်ပတ်ရစ် အဝတ်လေးသာ ဝတ်ထားသည်။

"အံမယ် အစ်ကိုက ဧည့်ခန်းထဲက ခိုင့်ကို ထိုင်စောင့်နေတယ်ပေါ့လေ"

"ခမ္မစစ်ပေါ့ ခိုင်၊ တအားကြီးကို ခိုင် ဆင်းအလာကို မျှော်နေတာ"

"ဒီလောက်တောင်ပဲလား အစ်ကို"



ခိုင်က အပြုံးလေးနှင့် ကျေနပ်သော မျက်နှာလေးနှင့် ပြန်ပြောသည်။

အဘယ်အမျိုးသမီးသည် ကိုယ့်ချစ်သူက မိမိအား ချစ်ခင်လှပါသည် ဆိုခြင်းကို မကျေနပ်ဘဲ ရှိခြိမ့်အံ့နည်း။

"ဒီထက်တောင် ပိုသေးတယ်၊ ကဲ ... လာ ခိုင်၊ ခြံထဲ ဆင်းကြစို့"

"အဲ"

ဆိုင်းမဆင့် ဗုံမဆင့် ခြံထဲဆင်းရအောင်ဟု ပြောလိုက်သည်ကို ခိုင်က မီးဖိုချောင် သို့မဟုတ် ထမင်းစားခန်းဘက်သို့ လှမ်းကြည့်လိုက်သည်။

ဒေါ်နန္ဒာသည် ထမင်းစားခန်းထဲတွင် စားပွဲရှင်းနေသည်ကို တွေ့ရသည်။

"အစ်ကိုနော် ... မကဲချင်နဲ့"

"တကယ်ပါ ခိုင်၊ တို့မှာ ခိုင့်ကို ပြောစရာစကားရှိနေလို့ပါ"

"ဧည့်ခန်းမှာ ပြောတော့ကော"

အောင်စိုးမိုးက ခေါင်းခါပြသည်။ ပြီး ... ထမင်းစားခန်းတွင် ရောက်နေသော ဒေါ်နန္ဒာကို မေးဆတ်ပြလိုက်သည်။

"ဟွန်း ... အစ်ကိုနော်၊ ဉာဏ်မများချင်နဲ့"

"တကယ်ပါ ခိုင်၊ တို့မှာ တကယ်ပြောစရာ ရှိလာလို့ပါ၊ ဘုရားစူးစေ့၊ မိုးကြိုးပစ်စေ့၊ ဉာဏ်များချင်လို့ မဟုတ်ပါဘူး ခိုင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... လာလေ"

နှစ်ဦးသား ခြံထဲဆင်းခဲ့ကြသည်။ ပန်းရုံတွေကြား တွင် ခင်းထားသော သင်္ဘောဆေးရောင်စုံ ခြယ်ထားသည့် တန်းလျားတွင် ထိုင်မိကြသည်။

"ကဲ ... ပြော ဘာလဲ၊ သမုဒ္ဒရာကို မင်ရည်ဖျော်ပြီး မေယု ကို စုတ်တံချိ၊ ချစ်တာတွေ စာစီကုံးမလို့လား"

"အဲဒါတွေ မလိုတော့ပါဘူး ခိုင်၊ တို့နဲ့ ခိုင် တကယ် နှစ် နှစ်ကာကာ ချစ်ကြပြီဆိုတာ နှလုံးသားကိုယ်စီက သိနေ တယ်။ ဦးနှောက်ကိုယ်စီက သိနေတယ်။ အခုပြောမှာက ခိုင်တို့သားအဖနဲ့ သက်ဆိုင်နေတဲ့ စကားပါ"

အစ်ကိုက ကဲချင် သဲချင်လို့ ခြံထဲညာခေါ်သည်ဟု မယုံမရဲလေးဖြင့် လိုက်လာခဲ့သည်။

ယခု အစ်ကို၏မျက်နှာက တကယ့် အတည်စကား ပြောမည့်သဏ္ဌာန် ပေါ်လွင်လာသည်မို့ ခိုင့်ကလည်း တည်တည် တန့်တန့်လေးပင် အစ်ကို့ကို ပြန်ကြည့်လိုက်သည်။

"ဒါဆို ပြောလေ အစ်ကို"

အောင်စိုးမိုးက စောစောက ကိုဇေယျ တယ်လီဖုန်း ဆက်သည့်အကြောင်း ပြောပြလိုက်သည်။

အောင်စိုးမိုး၏ စကားအဆုံးတွင် ချောကလျာခိုင် သည် တွေတွေဝေဝေလေးဖြင့် ညည်းတွားလိုက်သည်။

"အစ်ကိုနဲ့ ခိုင် ချစ်သွားကြပြီဆိုတာ ကိုဇေယျက အသိ မြန်လှတယ်နော် အစ်ကို"



"တို့ ထင်တာ ပြောရမလား"

"ပြောပေါ့ အစ်ကို၊ အစ်ကိုက ခိုင်တို့ကိစ္စမှန်သမျှ ပြော ကိုပြောရမယ့် အတွင်းလူပဲဟာ"

"တို့အထင်တော့ တို့နဲ့ခိုင် ချစ်သွားကြပြီဆိုတာကို ဒေါ် နန္ဒာက ကိုဇေယျဆီ ဖုန်းလှမ်းဆက်တာပဲလို့ ထင်တယ်၊ ကိုဇေယျဟာ ခိုင်တို့အိမ်မှာ ဖြစ်သမျှ အကြောင်းတွေကို အမြဲသိနေတယ်၊ ပထမကတော့ တို့စိတ်ထဲ ဦးလေးအောင် ရဲ့လက်ချက်လို့ ထင်ခဲ့တယ်၊ အခု ဦးလေးအောင်က အန်ကယ်နဲ့လိုက်သွားတယ်၊ ဒီအိမ်မှာ ဒေါ်နန္ဒာပဲ ရှိတယ်"

အောင်စိုးမိုးက ဖုန်းမှ ကလင် ... ကလင် မြည်သံ ပေါ်လာဘဲ ဒေါ်နန္ဒာက မိမိထံ ဖုန်းလာနေကြောင်း လာပြော ခြင်းကို ထပ်ဆင့်ရှင်းပြသည်။

"ကိုဇေယျ ဖုန်းဆက်တော့ ဖုန်းက မြည်တဲ့အသံကို အစ်ကိုက ခိုင့်အကြောင်းတွေ အတွေးအာရုံ စိုက်လွန်းလို့ မကြားမိတာများ ဖြစ်နေမလား အစ်ကို"

အောင်စိုးမိုး ခေါင်းခါပြသည်။

"အိပ်ပျော်နေတဲ့လူတောင် နာရီနှိုးစက်သံကြောင့် နိုးသေး တာပဲ ခိုင်၊ ဖုန်းမြည်သံ ထွက်လာရိုးမှန်ရင် တို့အာရုံထဲ ကို ဖုန်းမြည်သံက ဝင်တိုးမှာပါ၊ အခုဟာက ဒေါ်နန္ဒက ဖုန်းလှည့်ပြီး ကိုဇေယျကို ခိုင်နဲ့ တို့အကြောင်း ပြောမယ်၊ ကိုဇေယျက ချက်ချင်း တို့ကို ခေါ်ပေးပါလို့ ခေါ်ခိုင်းတာ ဖြစ်မယ်၊ တို့တော့ အဲဒီလိုပဲ တစ်ထစ်ချ ယူဆတယ်၊ အခု

www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ ဦးလေးအောင်ကို အထင်မှားခဲ့သေးတယ်၊ အခုတော့ ဒေါ်နန္ဒာဟာ ကိုဇေယျနဲ့ ဆက်သွယ်နေတာ သေချာလောက်တယ် နိုင်"

နိုင်သည် ခေါင်းမယားဘဲလျက် ခေါင်းကုတ်နေ သည်။

"ဒီအိမ်မှာ ဖုန်းလာသရွေ့ကို ဒေါ်လေးနန္ဒာပဲ ကိုင်လေ့ရှိတယ် အစ်ကို၊ ပြီးမှ သူကတစ်ဆင့် လိုအပ်တဲ့လူကို ခေါ်ပေးတယ်၊ ကိုဇေယျဆိုတဲ့လူက နိုင်နဲ့ အစ်ကို့ကို ဘေးက တစ်စေ့တစ်စောင်း ကြည့်ပြီး ဒီအခြေအနေ ရောက်လောက်ပြီဆိုတဲ့ အယူအဆနဲ့ အစ်အောက်ပြီး အစ်ကို့ကို ပြောတာများ ဖြစ်နေမလား"

"တစ်စေ့တစ်စောင်း ဘေးကကြည့်ပြီး အစ်အောက်တာဆိုရင် ကိုဇေယျက တိတိကျကျကြီး ဘယ်ပြောနိုင်မလဲ နိုင်၊ အခု ကိုဇေယျ ပြောတာက တို့က နိုင့်ကို မွေးဖက်တာရော၊ ပါးချင်းကပ်တာရော"

"အို ... အစ်ကိုကလည်း၊ နိုင် နားရှက်တယ်"

"ဒီမယ် နိုင်၊ တို့ကတော့ ဒေါ်နန္ဒာနဲ့ ကိုဇေယျ အဆက်အသွယ်ရှိတယ်လို့ပဲ ယူဆတယ်၊ ဖုန်းမြည်သံ ထွက်မလာဘဲ တို့ကို ကိုဇေယျက ခေါ်တယ်ဆိုတာ ဒေါ်နန္ဒာက ကိုဇေယျဆီ ဖုန်းဆက်လို့ပဲ ဖြစ်ရမယ်၊ မဟုတ်လား"

"ထားပါတော့ အစ်ကို၊ ဒေါ်နန္ဒာ ခြေလှမ်းကို နိုင်တို့ စောင့်ကြည့်ရုံပေါ့၊ အခု အစ်ကိုက ဘာလုပ်ချင်လို့လဲ"



"ကိုဇေယျ ရှေ့ကိုတစ်လှမ်းတိုးလာတဲ့ အကြောင်း၊ အန်ကယ့်ကို ဖွင့်ပြောသင့်တယ် နိုင်၊ ဒါပေမဲ့ တို့ အန်ကယ့်ကို မပြောရဲဘူး၊ ကိုဇေယျ ရှေ့တစ်လှမ်းတိုးတာကို ပြောရင်း တို့နဲ့ ချစ်နေပြီဆိုတာ ပဏာမခံ ပြောရမှာ"

"ပြောပေါ့ အစ်ကို"

"အာ ... ဖွင့်ပြောလိုက်မှ နိုင်နဲ့ တို့ကို သဘောတူရင် ဘာအရေးလဲ၊ တကယ်လို့ ငါ့သမီးနဲ့ မင်းနဲ့ တူသလား၊ တန်သလားဆိုပြီး ဒီအိမ်ပေါ်က မောင်းချမှ တို့ အသည်းအစိမ်းလိုက် ဟက်တက်ကွဲသွားမယ် နိုင်"

နိုင်၏ ရယ်သံလွင်လွင်လေး ထွက်လာပါ၏။

"ဖေဖေက အဲဒီလို ပြတ်ပြတ်ရိုင်းရိုင်းကြီး ဘယ်တော့မှ မပြောတတ်ပါဘူး အစ်ကို၊ ဖေဖေက ဦးနှောက် အင်မတန် သုံးတဲ့လူပါ၊ အစ်ကိုပဲ စဉ်းစားကြည့်လေ၊ ကိုသစ္စာရှိသားနဲ့ အစ်ကို့ကို အိမ်ပေါ်ခေါ်တင်ထားတယ်။ ဖေဖေ့ဦးနှောက်ထဲမှာ အစ်ကို့ရဲ့အရည်အသွေးရော၊ စိတ်ဓာတ်ရော သဘောကျလို့ နေမှာပေါ့"

"ဘာပဲဖြစ်ဖြစ် အခုကိစ္စက ကိုဇေယျနဲ့ ပတ်သက်ပြီး ဖွင့်ပြောရတော့မှာပဲ နိုင်"

"အစ်ကို မပြောချင်နေပါ။ နိုင်ပဲ ဖေဖေ့ကို ပြောလိုက်ပါ့မယ်"

"ပြောလို့ နိုင်နဲ့ တို့ကို သဘောမတူဘူး ဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက အဲဒီလိုတော့ ပြတ်ပြတ်ကြီး ပြောမယ်မထင်ဘူး အစ်ကို၊ တကယ်လို့ သဘောမတူဘူးဆိုတောင် ခိုင့်ကို သွေးအေးအေးနဲ့ ညှိနှိုင်းမှာပါ၊ နောက်ပြီး တစ်လောကလုံးမှာ ဒီဖအေနဲ့ ဒီသမီးပဲရှိတာ။ ခိုင်ကိုယ်တိုင်က အစ်ကို့ကို လိုလားနှစ်သက်နေမှန်းသိရင် ဖေဖေ လိုက်လျောလာမှာပါ၊ ကိုသစ္စာနဲ့ ဖေဖေက သဘောတူသွားပဲ။ ခိုင်မနှစ်သက် လက်မခံမှန်းသိတော့ ဖေဖေက တိုက်တွန်းစကားတစ်ခွန်းမှ မပြောဘူး"

"မိုးမပြိုဘူး၊ ပြိုခဲ့သည်ရှိသော်ပေါ့ ခိုင်"

"စိတ်ချ၊ ခိုင် အစ်ကို့နောက် လိုက်ခဲ့မယ်၊ အိမ်ထောင်သည်ဘဝနဲ့ ကျောင်းပြီးအောင် ဆက်တက်မယ်၊ ကဲ ... ကျေနပ်ပြီလား"

"ကျေလည်း သိပ်ကျေနပ်တယ်၊ ဝမ်းလည်း အရမ်းသာတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

ခိုင် မျက်မှောင်လေးကြုတ်ပြီး မေးလိုက်သည်။

"ခိုင် ဆင်းရဲမယ်။ နေစရာ တို့မှာ အိမ်အဆင်သင့်ပါ၊ အဲ ... တို့ဝင်ငွေက အခု ပဉ္စမမြောက်စာအုပ် ထွက်ပြီးမှ ရယ်၊ တက္ကသိုလ်မှာ လျှောက်ထားတဲ့"

ခိုင်သည် မျက်မှောင်ကြုတ်ရာမှ ပြုံးလိုက်သည်။ ခုနက မျက်မှောင်ကြုတ်မိခြင်းမှာ တကယ်တမ်းကျတော့ ကိုဇေယျတို့ ပယောဂကြောင့် အစ်ကို့တွင် အမှောင့်ပယောဂ ဝင်လေသလားဟု ထည့်တွက်မိလိုက်သောကြောင့် ဖြစ်ပါ၏။



ယခု အစ်ကိုက သူ့တွင် ခိုင်မာသောဝင်ငွေ မရှိသဖြင့် ဆင်းရဲမည် စိုးရိမ်သည့် စေတနာစကားမှန်း သိရ၍ ပြန်လည်ပြုံးလိုက်မိသည်။

"အဲဒါလည်း မပူနဲ့၊ ခိုင့်မှာ မေမေ့ဘက်က ဘိုးဘိုးနဲ့ ဘွားဘွား ခိုင့်အတွက်သီးသန့် ခိုင့်နာမည်နဲ့ ဖွင့်ပေးထားတဲ့ ငွေသုံးသိန်းတိတိရှိတယ်၊ အခုဆို တစ်ခါမှမထုတ်လို့ ဘဏ်တိုးတွေတောင် တော်တော်ရနေလောက်ပြီ၊ အစ်ကို့ဝင်ငွေ မမှန်ခင် ထိန်းနိုင်တယ်၊ ခိုင်လည်း ကျောင်းဆက်တက်နိုင်တယ်"

"မော်တော်ဆိုင်ကယ်နဲ့ တက်ရမှာနော်"

"အို ... သာတောင် ပျော်သေး၊ ပန်းဆိုးတန်းဆိပ်ကမ်းမှာ အစ်ကို့ခါးကိုဖက်၊ ပခုံးကိုကိုင်ပြီး ပထမဦးဆုံး မော်တော်ဆိုင်ကယ် စီးဖူးတာ၊ အသည်းတအေးအေးနဲ့ အရမ်းပျော်ဖို့ကောင်းတာ"

"အို ... ခိုင်ရယ်၊ ခိုင်လေးရယ်"

ရင်တွင်းပီတိလှိုင်း ရိုက်ခတ်မှုကြောင့် ခိုင့်ပခုံးကို အောင်စိုးမိုး မချုပ်နိုင်၊ မတီးနိုင် ဖက်လိုက်မိသည်။

"ဟော့ ... ဟော့ ... ညာတာပါတော မလုပ်နဲ့၊ ခြံထဲမှာ လမ်းကလူတွေ မြင်မယ်နော်"

"မြင်ပလေ့စေ၊ ဒါမှ ခိုင်နဲ့တို့ ချစ်နေတာ သက်သေတွေ ပိုခိုင်မာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစ်ကို မဆိုးနဲ့ကွာ၊ ဟော ... ဟော ... ဟိုမှာ တွေ့လား ဖေဖေ ပြန်လာပြီ၊ ခြံထဲ ကားဝင်လာပြီ"

ဒါကျတော့ အောင်စိုးမိုး လန့်သည်။

ဖက်ထားသောလက်ကို ရုပ်သိမ်းပြီး ခြံတံခါးဝသို့ လှမ်းကြည့်သည်။

ဟုတ်ပါ၏၊ အက်(စ်)အီးကားဖြူကြီးသည် ခြံထဲသို့ တလိမ့်လိမ့် ဝင်လာသည်ကို မြင်လိုက်ရတော့သည်။

❋ ❋ ❋



## ❀ ၁၀ ❀

ဦးမောင်မောင်ခိုင်သည် အိမ်ရောက်ပြီး ရေနွေးနှင့် ရေအေးစပ်ပြီး ရေချိုးသည်။

ကိုယ်လက်သန့်စင်ပြီး ညဝတ်အင်္ကျီဝတ်သည်။

"ဆရာကြီး ထမင်းပွဲ ပြင်ရတော့မလား"

"မပြင်နဲ့တော့ မနန္ဒာ၊ ကျုပ်ရော ကိုအောင်ရော ဟိုက်စွမ်မှာ ဝင်စားခဲ့ပြီးပြီ"

ဒေါ်နန္ဒာ ပြန်ထွက်သွားသည်။

ဦးမောင်မောင်ခိုင်သည် နာရီကြည့်သည်။ ညခုနစ်နာရီခွဲပေပြီ။

ရုပ်မြင်သံကြားစက်ကိုဖွင့်ပြီး တည့်တည့်ဆိုဖာတွင် ဝင်ထိုင်သည်။

ချောကလျာခိုင် ရောက်လာသည်။

"ဩော် ... သမီး၊ လာ ... ထိုင်လေ၊ ဖေဖေ့စိတ်ထဲ ပြန်ရောက်ကတည်းက သမီးကို မတွေ့ပါလားလို့တောင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွက်မိသေးတယ်၊ သမီးတို့ ထမင်းစားပြီးမှန်းတော့ ဖေဖေ သိတယ်"

"ထမင်းစားပြီးမှန်း ဖေဖေသိတယ် ဟုတ်လား"

ဦးမောင်မောင်ခိုင်က ရယ်လိုက်သည်။ ဘာမှတော့ ဆက်မပြောဘဲ တီဗီကိုကြည့်နေသည်။

ချောကလျာခိုင်သည် ဖေဖေနှင့် အနီးဆုံးဆိုဖာတွင် ဝင်ထိုင်သည်။ အောင်စိုးမိုးက သူ့အိပ်ခန်းတွင် အခန်းအောင်းနေသည်။ သို့သော် အပြင်ဘက်သို့ နားစွင့်ထားပါ၏။

ဒေါ်နန္ဒာသည် ရေနွေးကြမ်းလင်ပန်းနှင့် ဆနွင်းမကင်းပန်းကန်ကို ဇွန်းငယ်လေးများ တပ်ဆင်ပြီး ယူလာသည်။ စားပွဲပေါ်တွင် ချပေးသည်။

"မနန္ဒာ ... ခင်ဗျား အနားယူချင် ယူတော့၊ ကျုပ်ခိုင်းစရာ မရှိတော့ပါဘူး"

ဒေါ်နန္ဒာက ဦးခေါင်းညိတ်ပြပြီး ပြန်လှည့်ထွက်သွားကာ သူမ၏အိပ်ခန်းထဲသို့ ဝင်ရောက်တံခါးပိတ်လိုက်သည်။

"ဖေဖေ"

ဦးမောင်မောင်ခိုင်က တီဗီကို ပိတ်လိုက်သည်။

ဆနွင်းမကင်းကို ဇွန်းသေးသေးလေးနှင့် လှီးခတ်ပြီး တစ်ဇွန်းစားလိုက်ရင်း သမီးဘက်သို့ လှည့်လိုက်သည်။

"ပြော ... သမီး"

"ဖေဖေ့ကို ပြောစရာ ရှိနေတယ် ဖေဖေ၊ သမီးမှာ မေမေ မရှိတော့ ဘာမဆို ဖေဖေ့ကိုပဲ ပြောရမှာပဲ"



ဦးမောင်မောင်ခိုင်က အလွန်လေးနက်သော အပြုံးမျိုး ပြုံးလိုက်သည်။

"သမီးပြောချင်တဲ့ စကားက ကနေ့၊ ညနေပိုင်းမှာပဲ မောင်အောင်စိုးမိုးနဲ့ သမီးတို့ မေတ္တာရှိနေတဲ့အကြောင်း ဖွင့်ဟလိုက်ပြီ ဆိုတာပဲ မဟုတ်လား"

"အယ် ... ဖေဖေက သိနေတယ်"

ဦးမောင်မောင်ခိုင်က ရေနွေးကြမ်းငုံ့ပြီး အအေးခံထားလိုက်သည်။

"နို့ ... မောင်အောင်စိုးမိုးကော"

"ရှိပါတယ် ဖေဖေ၊ ဖေဖေ့ကို မျက်နှာချင်း မဆိုင်ရဲလို့ အခန်းအောင်းနေတယ်"

"ခေါ်လိုက်ပါ သမီး၊ ဒီကိစ္စက ရှောင်နေလို့ ပြီးသွားနိုင်တဲ့ကိစ္စမျိုးမှ မဟုတ်တာ"

ချောကလျာခိုင် ထိုင်ရာမှထပြီး အောင်စိုးမိုး၏ အခန်းတံခါးခေါက် ခေါ်ခဲ့သည်။

"ထိုင် ... မောင်အောင်စိုးမိုး၊ သမီးနဲ့ မောင်အောင်စိုးမိုးတို့ ညနေက ထမင်းစားခန်းထဲမှာပဲ မေတ္တာချင်းဖလှယ်ကြတယ်လို့ မနန္ဒာက အန်ကယ့်ဆီကို ဖုန်းဆက်ပြောတယ်၊ အန်ကယ်က လမ်းထွက်ရင်း အိမ်မှာမြဲတဲ့ မနန္ဒာကို အန်ကယ်ရှိမယ့်နေရာတွေရဲ့ ဖုန်းနံပါတ် ပေးထားလေ့ရှိတယ်"

"ဒါဆို ညနေက ဒေါ်နန္ဒာ ဖုန်းဆက်တာ အန်ကယ့်ဆီကိုပေါ့၊ ဒါပေမဲ့ တယ်လီဖုန်းဆိုတာ ဘယ်မဆို အချိန်မရွေး ဆက်နိုင်တာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ခိုင်က မျက်ခုံးပင့်ပြီး အောင်စိုးမိုးကို ကြည့်လိုက်သည်။

"မောင်အောင်စိုးမိုးရဲ့စကား နည်းနည်း ဆန်းနေသလားလို့၊ အထွန့်လေး ပါနေသလားလို့"

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်နဲ့ ခိုင် မေတ္တာရှိသွားတာကို ဒေါ်နန္ဒာက အန်ကယ့်ဆီ ဖုန်းဆက်လို့ အန်ကယ် သိသွားသလို၊ တခြားလူ တစ်ယောက်ကိုလည်း ဒေါ်နန္ဒာက ဆက်လို့ အဲဒီတခြားလူလည်း သိသွားပါတယ်"

"တခြားလူ ဆိုတာက"

"ကိုဇေယျ ဆိုတဲ့လူပါပဲ အန်ကယ်၊ ကျွန်တော့်ကို ငွေငါးသောင်းပေးမယ်၊ စရန်တစ်သောင်း ယူထားပြီး ခိုင်နဲ့ လက်ထပ်နိုင်တဲ့အထိ ကြိုးစားပါလို့ ခိုင်းတဲ့ ကိုဇေယျပါပဲ"

ဦးမောင်မောင်ခိုင်သည် ဘာမှပြန်မပြောသေးဘဲ ခုနငုံ့ထားသော ရေနွေးကြမ်းပန်းကန်ကို ကောက်ယူပြီး တစ်ငုံချင်း သောက်နေသည်။

ဦးမောင်မောင်ခိုင် တော်တော်ပင် လေးလေးနက်နက် စဉ်းစားနေမှန်း သိသာသည်။

အောင်စိုးမိုးမှာ စိုးရိမ်စိတ် ကြီးမားစွာဖြင့် မလှုပ်မယှက် ဦးမောင်မောင်ခိုင် ဘာပြောမည်လဲဟု နားစွင့်ထားသည်။

ချောကလျာခိုင်ကတော့ ဘာမှ အပူအပင်မရှိသလို ဖေဖေချထားသော စားပွဲပေါ်မှ တီဗီရီမုတ်ကို ကောက်ယူကာ ပြန်ဖွင့်လိုက်သည်။



အတော်အတန် အသံကျယ်သည်မို့ စကားဝိုင်းတွင် စကားပြောနိုင်လောက်အောင် တီဗွီမှအသံကို ရီမုတ်ဖြင့် ပြန်လျှော့လိုက်သည်။

ဦးမောင်မောင်ခိုင်ကပင် စကားကို ပြန်လည်စတင်ပြောပါ၏။

"အန်ကယ့်ရဲ့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးခိုင့်ကို သင့်တော်သူ တစ်ယောက်ယောက်နဲ့ နေရာချပေးချင်နေတာ အမှန်ပဲ"

"ကျောင်းမှ မပြီးသေးတာပဲ ဖေဖေ"

"တက္ကသိုလ်မှာ အိမ်ထောင်ပြုပြီး ကျောင်းတက်နေသူတွေ အများကြီးပါ သမီး"

အောင်စိုးမိုးသည် ဦးမောင်မောင်ခိုင်အား ငေးကြည့်အံ့သြနေမိသည်။

အကြောင်းမှ ဒေါ်နန္ဒာသည် ကိုဇေယျ ဆိုသူနှင့် အဆက်သွယ်ရှိသည်ဟု ယူဆသော အောင်စိုးမိုး ပြောပြချက်ကို အလေးအနက် စဉ်းစားသည်။

သို့သော် ဒေါ်နန္ဒာအကြောင်း ထပ်မပြောတော့ဘဲ သမီးခိုင်၏ လက်ထပ်ရေးကိစ္စကို ဆက်ပြောသည်။

မိမိနှင့် ခိုင်တို့ ချစ်နေပါပြီ ဆိုသည်ကို ဒေါ်နန္ဒာ ဖုန်းဆက်ပြော၍ သိထားသည်ဟူ၍လည်း ပြောသည်။

ဦးမောင်မောင်ခိုင်၏ မျက်နှာအမူအရာမှ အကဲခတ်ရန် ခက်ခဲလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း၊ တစ်ခုမျှ မျက်နှာတွင် မပေါ်လွင်သောကြောင့် ယခု ခိုင်၏လက်ထပ်ရေးကို ပြောစေကာမူ မိမိနှင့် သဘောတူသည် သို့မဟုတ် သဘောမတူပါဘူးဟု တစ်ခွန်းမျှ ထည့်မပြောသေး။

အောင်စိုးမိုး ရင်ထိတ်သည်းဖို နားစွင့်နေမိသည်။

ခိုင်က ဖေဖေ သဘောမတူလည်း မိမိကို လက်ထပ်မည်ဟု ဆိုသော်လည်း ယင်းကိစ္စမှာ ခိုင့်အတွက် အတော်ကြီး စွန့်စားရမည်။ ခိုင် အင်မတန် စိတ်မကောင်းစွာ ဖြစ်ရမည်။

တစ်လောကလုံး ဤအဖေ၊ ဤသမီး သံယောဇဉ်သာ ရှိရာကြသည် မဟုတ်လား။

အကောင်းဆုံးကတော့ မိမိနှင့် ခိုင့်ကို ဦးမောင်မောင်ခိုင် သဘောတူ မကန့်ကွက်လျှင် အကောင်းဆုံး ဖြစ်ခြိမ့်မည်။

"သမီးခိုင်မှာက မိခင်မရှိရှာဘူး။ တကယ်လို့ သူ့အမေသာ အသက်ရှင်လျက် ရှိနေသေးရင် သမီးခိုင်ရဲ့ အိမ်ထောင်ရေးကိစ္စကို အန်ကယ်က သူ့အမေကို လွှဲထားရုံ မဟုတ်လား။ အခုတော့ အန်ကယ်ကပဲ မိခင်နေရာရော၊ ဖခင်နေရာရော ဦးနှောက်နဲ့ စဉ်းစားပေးရတယ် မဟုတ်လား"

"အဲဒါတွေ ဘာလို့ ပြန်ပြောနေလဲ ဖေဖေ။ မေမေ့အကြောင်း ထည့်ပြောတာဟာ လွမ်းဆွတ်ကြေကွဲစရာပဲ။ ဒါတွေထည့် မပြောပါနဲ့ ဖေဖေ၊ ခိုင့် ရင်ထဲ တစ်မျိုးကြီး ခံစားရတယ်"

"ဝမ်းမနည်းပါနဲ့ သမီး၊ မောင်အောင်စိုးမိုးက ဖေဖေတို့ အကြောင်း လိပ်ပတ်လည်အောင် သိသေးတာမှ မဟုတ်တာ။ သမီးမှာက ညီအစ်ကို မောင်နှမလည်း မရှိရှာတဲ့ တစ်ဦးတည်းသော သမီးမိန်းကလေး။ ဒါကြောင့် သမီးခိုင့်ကို သင့်တော်သူနဲ့ လက်ထပ်စေချင်တဲ့ဆန္ဒ အန်ကယ့်မှာ ရှိခဲ့တယ် ...

"မောင်အောင်စိုးမိုး အမြင်ပဲလေ၊ ပန်းဆိုးတန်းဆိပ်ကမ်းသွားပြီး သမီးလေး စာအိတ်ညိုကြီး ယူခဲ့ရတာ။ အန်ကယ့်မှာ သားမရှိလို့ပေါ့။ အန်ကယ်ကိုယ်တိုင် သွားယူဖို့က ခြေတစ်ဖက်က ခြေတုတပ်ထားရတာဆိုတော့ အရေးရယ် အကြောင်းရယ် ဆိုရင် အန်ကယ့်မှာ ရှောင်ဟယ် တိမ်းဟယ် ပြေးဟယ် လွှားဟယ် မစွမ်းဆောင်နိုင်ဘူး။ ဒါကြောင့် ဒီသမီး ခိုင်ပဲရှိတော့ ဒီသမီးခိုင်ကိုပဲ လွှတ်လိုက်ရတယ်"

"အဲဒါတွေက ပြီးပြီးသားတွေပါ ဖေဖေ၊ နောက်ပြီး ဖေဖေ ခိုင်းတဲ့အတိုင်း ကိစ္စကလည်း အောင်မြင်လာတာပဲဟာ"

"ဖေဖေ ပြောချင်တာလေးတွေ ပြောပြပါရစေ သမီး၊ ဖေဖေ ပြောသမျှဟာ အဓိပ္ပာယ်မဲ့ ပြောနေတာ မဟုတ်ပါဘူး၊ အကျိုးအကြောင်းတွေက ဆက်နွယ်နေတယ်လေ"

ချောကလျာခိုင် ဆက်၍ မပြောတော့ပေ။

ဦးမောင်မောင်ခိုင်က ဆက်ပြောသည်။

"သမီးကို နေရာချထားပေးချင်တယ်၊ သမီးနဲ့ လက်ထပ်လို့ အန်ကယ်ရဲ့သမက်ဖြစ်လာတဲ့ လူဟာလည်း အန်ကယ်က ယုံယုံကြည်ကြည်နဲ့ အန်ကယ်လုပ်ချင်တာကို လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ ဖြစ်စေချင်တယ်၊ ဒါပေမဲ့ သမီးနဲ့လက်ထပ်ရမယ့် သူဟာ သမီးကိုယ်တိုင်က နှစ်သက် ချစ်ခင်တဲ့လူ ဖြစ်ရမယ်၊ သမီး မနှစ်သက်တဲ့လူဆိုလည်း အန်ကယ်က *သဘောကျတောင် သမီးကို ဇွတ်မတိုက်တွန်းဘူး"*

အောင်စိုးမိုး ရင်ထဲ ကျေနပ်သွားသည်။ အကြောင်းမူ မိမိမှာ ခိုင်၏ချစ်ခင်နှစ်သက်သူ ဖြစ်နေသောကြောင့်ပင်။

"အဲ ... သမီးက ချစ်တယ်ဆိုပေမယ့် အန်ကယ်ရဲ့မျက်စိထဲ သဘောမတွေ့တဲ့လူဆိုလည်း သမီးနဲ့ မပေးစားဘူးပဲ"

ဟိုက် ...

ဒါဖြင့် ကျွန်တော့်ကိုကော အန်ကယ် ဘယ်လို သဘောထားလဲဟု အောင်စိုးမိုး မေးချင်မိသည်။ သို့သော် လူငယ်က လူကြီးကို မေးသင့်သော မေးခွန်းမဟုတ်ပေ၊ မေးလည်းမမေးရဲပေ။

ဦးမောင်မောင်ခိုင် ဆက်ပြောမည့် စကားကိုသာ ရင်တထိတ်ထိတ်ဖြင့် နားစွင့်ရပြန်သည်။

"အန်ကယ်ရဲ့မန်နေဂျာချုပ် မောင်သစ္စာက သမီးကိုတစ်ပိုင်းသေလိုလားနေမှန်း သိသားပဲ၊ ဒါပေမဲ့ အန်ကယ်က သမီးကို မောင်သစ္စာကို လက်ထပ်ပါလားလို့ တစ်ခွန်းမဟာဘူး၊ ဖအေရဲ့ဆန္ဒကို လိုက်လျောရပြီး မနှစ်သက်သူကို သမီး လက်ထပ်ရရင် သမီးတစ်သက်လုံး စိတ်ဆင်းရဲမှာ စိုးရိမ်တယ်။ အေး ... အောင်ဟိန်းကိုလည်း ဒီအတိုင်းပဲ အန်ကယ် သဘောထားတယ်"



"ဗျာ ... ကိုအောင်ဟိန်း ဟုတ်လား၊ အဲဒီလူက ပန်းဆိုးတန်းဆိပ်ကမ်းမှာ ခိုင့်ကို အဓမ္မနည်းတွေ သုံးခဲ့တဲ့လူပဲဟာ၊ ခိုင်နဲ့ လက်ထပ်နိုင်တဲ့အထိ အန်ကယ်နဲ့ ဆက်သွယ်မှု ရှိနေလို့လား"

"အင်း ... အောင်ဟိန်းနဲ့ ဆက်သွယ်တာတွေ ရှိတယ်ဆိုပါတော့၊ ဒါတွေကတော့ ထိပ်တန်းလျှို့ဝှက်ချက်တွေ ဆိုပါတော့ကွယ်၊ တကယ်လို့ အန်ကယ်ရဲ့အကြောင်းစုံကို ဖွင့်ပြောမယ်ဆိုရင် အောင်ဟိန်းရဲ့အခန်းကဏ္ဍကို မောင်ရင် သဘောပေါက်လာမှာပါ"

"ဒါဆို ကိုဇေယျ ဆိုတဲ့လူနဲ့ သူ့အဖွဲ့ဟာ ကိုအောင်ဟိန်း ဆိုတဲ့လူနဲ့ ပတ်သက်တယ်လို့ ဖြစ်နိုင်ပါ့မလား အန်ကယ်"

"အဲဒါကိုပဲ အန်ကယ်လည်း စဉ်းစားနေတယ်။ ဇေယျ၊ ရွှေဘ၊ ကျော်ဆွေ အမည်ခံအဖွဲ့ဟာ ဘယ်ကဘယ်လို ပေါ်လာတဲ့လူတွေလဲ၊ အောင်ဟိန်းရဲ့ ထပ်ပြီးခွဲထားတဲ့ အဖွဲ့လား။ ဒါမှမဟုတ် အန်ကယ်ရဲ့ လျှို့ဝှက်ကိစ္စနဲ့ပတ်သက်လာတဲ့ အဖွဲ့အသစ်လားဆိုတာ အန်ကယ် ကိုယ်တိုင် စဉ်းစားလို့ အဖြေမထွက်သေးဘူး"

"အေး ... အောင်ဟိန်းနဲ့ဆိုလည်း သမီးနဲ့လက်ထပ်ပေးဖို့ အန်ကယ် သဘောတူတာပဲ"

"ဗျာ"

"အံ့ဩသွားသလား မောင်အောင်စိုးမိုး၊ အောင်ဟိန်းကို မောင်ရင့်စိတ်ထဲ တွက်ထားတာက အန်ကယ်ရဲ့ရန်သူလို့ တွက်ထားတယ် မဟုတ်လား၊ အင်းပေါ့လေ ... အန်ကယ့်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ မောင်ရင့်ကို အကြောင်းစုံ ဖွင့်ပြောတဲ့အခါ၊ ကြော် ... ဒီလိုပါလားလို့ မောင်ရင် သဘောပေါက်သွားမှာပါ"

"အခုနေတော့ ကျွန်တော် ဘာဆိုဘာမှ နားမလည်တဲ့ အပြင် မျက်စိတွေလည်း လည်သွားပြီ အန်ကယ်"

ဦးမောင်မောင်ခိုင် ပြုံးလည်းပြုံးသည်။ ခေါင်းလည်း ညိတ်ပြသည်။

"အေး ... အောင်ဟိန်းကိုလည်း သမီးက မနှစ်သက်ဘူး လေ၊ နောက်ဆုံး သမီးနှစ်သက်ခင်မင်တဲ့သူဟာ မောင်အောင်စိုးမိုး ဖြစ်လာတယ်"

အောင်စိုးမိုး ရင်ခုန်ရပြီ။

"အန်ကယ် ကျေနပ်ပါတယ်။ လက်လည်း လက်ခံပါတယ်။ အန်ကယ်ကိုယ်တိုင် ငယ်ရာက ကြီးလာတာလဲကွယ်၊ လူငယ်တွေရဲ့နှလုံးသားကိစ္စကို သဘောလည်းပေါက်တယ်၊ ကိုယ်ချင်းလည်း စာတယ်"

ပိုး ... ခနဲ လှမမြင်၊ သူမမြင် အောင်စိုးမိုး ယခုမှ ပင် သက်ပြင်းကြီး ချလိုက်နိုင်ပါ၏။

ခိုင့်ကို အောင်စိုးမိုး လှည့်ကြည့်သည်။ ခိုင်က အပြုံးလေးဖြင့် အစ်ကိုအောင်စိုးမိုးကို ကြို့ဆိုပါ၏။

"သမီးနဲ့ မောင်အောင်စိုးမိုးက ကနေ့မှ ပွင့်ပွင့်လင်းလင်း ရင်ဖွင့်လက်ခံကြတာပဲ၊ အန်ကယ်က အစဲဆိုကတည်းက မွေးလာခဲ့တဲ့ ကိုယ့်သမီးအကြောင်း ကိုယ်သိပ်သိတာပေါ့။ မောင်အောင်စိုးမိုးနဲ့ကျတော့ သမီးရဲ့အရိပ်အကဲ ကြည့်ရတာ



အင်း ... တိမ်းညွတ်နေပါလားလို့ အန်ကယ် သတိထားမိတယ်၊ ဒါကြောင့် မောင်အောင်စိုးမိုးရဲ့အကြောင်းကို အန်ကယ့်ဘာသာ ကျိတ်ပြီးစုံစမ်းတယ်၊ မောင်ရင်ဟာ မိဘမဲ့သား၊ ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်နေတယ်၊ ပညာတတ် အလုပ်လက်မဲ့ ဖြစ်နေတယ်၊ နောက်မကြာခင် ဝင်ငွေရတဲ့ အလုပ်တွေ ရတော့မယ်ဆိုတာ အန်ကယ့်အဖို့ ထည့်စဉ်းစားစရာမှ မဟုတ်တာ၊ အန်ကယ် သဘောကျတာက မောင်ရင့်ရဲ့ အရည်အသွေးနဲ့ အရည်အချင်းကိုပါ၊ မိဘမျိုးရိုးသန့်တယ်၊ မိကောင်းဖခင်သားသမီး ပီသတဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာရှိတယ်၊ လူငယ်ပေမယ့် အလေလိုက်မယ့်အစားအားကစားနဲ့ ကာယပညာမှာသာ အာရုံအဓိကထားတယ်၊ ဖွဲ့ရှိတယ်၊ သတ္တိရှိတယ် ဆိုတဲ့ အချက်တွေက အန်ကယ်လိုချင်တာတွေပဲ၊ အဲ ... ဥပမိရုပ်ရော ကိုယ်ခန္ဓာအချိုးအဆက်အပေါက် ကျနပြေပြစ်တာရော ဆိုတာတွေကတော့ မောင်ရင်တို့ လူငယ်အချင်းချင်း နှစ်သက်စရာတွေပေါ့ကွာ"

"အာ ... ဖေဖေက ဘာတွေပြောမှန်းလဲ မသိဘူး"

ခိုင်က ကြားဝင်ပြီး ရှက်စနိုးလေး ဝင်ပြောလိုက်သည်။

"ဟဲ ... ဟဲ ... သမီး ဝမ်းသာ ကျေနပ်အောင် ဖေဖေက မောင်အောင်စိုးမိုးနဲ့ သဘောတူတဲ့အကြောင်းတွေ ပြောနေတာပါ သမီး"

ဦးမောင်မောင်ခိုင်က သမီးကို ကျီစယ်သည့် အပြုံးဖြင့် ပြောပြီး အောင်စိုးမိုးဘက်သို့ လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်စိုးမိုးမှာ ပစ္စည်းချို့တဲ့တာကို အန်ကယ်က လုံးဝထည့်မတွက်ဘူး၊ အန်ကယ်တို့သားအဖမှာ ပြည့်စုံနေသားပဲ၊ အေး ... နောက်ဆိုရင် အန်ကယ်ဟာ မြန်မာပြည်တောင် မကဘူး၊ အိန္ဒိယက မဟာရာဂျာတွေ၊ တခြားနိုင်ငံက မီလျံနာ သန်းပေါင်းများစွာ ချမ်းသာတဲ့ သူဌေးတွေကိုတောင် ပြိုင်နိုင်မှာပါ"

"ဖေဖေရယ် ... အဲဒါကြီးကို အစွဲအလမ်း သိပ်မထားပါနဲ့တော့၊ ခိုင်တို့မှာ အခုလည်း လူ့အောက်မကျအောင် ပြည့်စုံနေပြီပဲ။ ပြီးတော့ ဒီဖအေနဲ့ ဒီသမီးပဲ ရှိတာ၊ ဖေဖေကလည်း ခြေတစ်ဖက်က ကောင်းမှမကောင်းတာ၊ ခရီးကြမ်းကြီးသွားဖို့ မသင့်တော်တော့ပါဘူး၊ ဖေဖေ့အသက်အရွယ်လည်း ထောက်လာပြီ ဖေဖေ"

"အေး ... ဖေဖေဟာ ခြေတစ်ဖက် မကောင်းလို့ သားကောင်နဲ့ ယှဉ်မပြေးနိုင်ဘူးပဲထား၊ ဖေဖေ့ ဓားဒီလက်နှစ်ဖက် သိပ်သန်တယ်၊ သေနတ်ပစ်ရာမှာလည်း သိပ်ဖြောင့်တယ်၊ တောထဲ တောင်ထဲမှာ ဖေဖေ့မျက်စိတွေဟာ ပိုရှင်တယ်၊ ပိုမြင်တယ် သမီး၊ ဖေဖေ့အတွက် ဘာမှမပူနဲ့"

သားအဖနှစ်ယောက် နောက်ထပ်ပြောသော စကားကို အောင်စိုးမိုးမှာ ဘာမှနားမလည်ပေ။

"ကဲ ... ဖေဖေ့ကို တားမြစ်တဲ့စကားတွေ မပြောနဲ့ သမီး၊ ဒီကိစ္စနဲ့ ပတ်သက်ရင် ဖေဖေ့ကို ဘယ်သူကမှ တားလို့ရမှာမဟုတ်ဘူး၊ သိကြားမင်းကြီး နကောင်းနဲ့ ဆင်းတားလည်း



မရဘူး၊ ကဲ ... ကဲ ... ဖေဖေ မေးမယ်၊ မောင်အောင်စိုးမိုးနဲ့ သမီးတို့ ဘယ်တော့လောက် လက်ထပ်မယ်လို့ ရည်မှန်းသလဲ"

"ဖြည်းဖြည်းပါပဲ ဖေဖေ။ သမီး နောက်ဆုံးနှစ်အရောက်မှာဖြစ်ဖြစ်၊ ဘွဲ့ရပြီးမှဖြစ်ဖြစ်ပါ၊ အခု ဖေဖေကသဘောတူထားပြီပဲဟာ"

"လက်ထပ်တာကတော့ သမီးတို့လူငယ်နှစ်ဦးရဲ့ သဘောအတိုင်းပဲ၊ သမီးကိုယ်တိုင်က မောင်အောင်စိုးမိုးကိုသာ လက်ထပ်တော့မယ်လို့ သေချာရင် ကိုယ့်သားတစ်ယောက်လိုသဘောထားပြီး ဖေဖေ့ကိစ္စကို ပြောချင်တယ်၊ မောင်အောင်စိုးမိုးဆီက အကူအညီလည်း လိုချင်တယ် သမီး"

"အစ်ကိုသာ နောက်သိပ်မကြာတော့တဲ့ အချိန်မှာပဲ ခိုင်တို့ရဲ့မိသားစုအရင်းအချာ ဖြစ်လာမှာပဲ၊ ဖေဖေ့ကိစ္စကို ပြောချင်ရင် ပြောပေါ့ ဖေဖေ၊ ဒါပေမဲ့ အစ်ကို့ဆီက အကူအညီယူတာတော့ ခိုင် သိပ်သဘောမကျဘူး ဖေဖေ"

"ဘာလို့ ခိုင်က သဘောမကျရမှာလဲ"

ဦးမောင်မောင်ခိုင်က မပြောသေးမီ အောင်စိုးမိုး အားတန်မာန်တက်အသွင်နှင့် ပြောလိုက်သည်။

"တို့ဟာ အခုန ခိုင်ပြောသလို ဒီအိမ်ကြီးရဲ့ အရင်းအချာမိသားစုဖြစ်လာပြီးတဲ့နောက် ထိုင်စားနေတာမျိုးတော့မနေချင်ဘူးခိုင်၊ ဒီမိသားစုရဲ့ အကျိုးရှိစေတဲ့ အလုပ်တစ်ခုခုဆို လုပ်ပေးချင်တာအမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ အစ်ကို၊ အလုပ်လုပ်တယ်ဆိုတာကတော့ အိမ်ထောင်ရှင်ယောကျ်ားတစ်ဦးအနေနဲ့ လုပ်ကြစမြဲပေါ့ နိုင်တို့ရဲ့ သစ်စက်တွေ ဆီစက်တွေနဲ့ သစ်လုပ်ငန်းတွေမှာ အစ်ကိုလုပ်ဖို့တွေ အများကြီးပါ၊ လူမရှိလို့ ကိုသစ္စာတို့တောင် လခတွေအများကြီးပေးပြီး ခန့်ထားရတာပဲဟာ"

"တို့က ကိုသစ္စာလို လုပ်ငန်းမှ မကျွမ်းတာ"

"မှဆိုးစိုင်သင်ပေါ့ အစ်ကို၊ အလုပ်ကပဲ အစ်ကို့ကို သင်ပေးသွားမှာပါ"

"ထားလိုက်စမ်းပါ သမီးရယ်၊ ဒီဆီစက် သစ်စက်တွေက ဘာများပြောပလောက်လို့လဲ၊ ကိုယ့်သားကိုယ်သမက်ဖြစ်လာမှတော့ ဖေဖေ့ရဲ့ အင်မတန်ကြီးမားတဲ့ အလုပ်ကြီးကို လုပ်စေရမှာပေါ့"

"အဲဒါက နိုင်တို့ရဲ့ မေတ္တာပိုင်းမှာ အထင်အမြင်လွဲမှားစရာတွေ ရှိလာနိုင်တယ် ဖေဖေ၊ ဒီယုန်မြင်လို့ ဒီချုံထွင်တယ်လို့ အစ်ကိုထင်သွားမှာကို နိုင်မခံချင်ဘူး၊ ဖေဖေ့ရဲ့ လုပ်ငန်းကြီးမှာ ခိုင်းလို့ရအောင် နိုင်က အစ်ကို့ကို မေတ္တာတဲ့ပြန်တယ်ဆိုတာမျိုး အဖြစ်မခံချင်ဘူး ဖေဖေ"

နိုင်သည် ဒီတစ်ခါတော့ နှလုံးသားမေတ္တာကြောင့်မို့လားမသိ။ ဖခင်ကို တိုက်တိုက်ခံခံပေးပင် ပြောလိုက်သည်။

အောင်စိုးမိုးကပင် ကြားဝင်ပြန်သည်။

"ဘယ်တော့မှ နိုင့်ရဲ့မေတ္တာကို တို့အထင်မမှားပါဘူး နိုင်၊ အန်ကယ်က သဘောမတူဘူး ဆိုရင်တောင် နိုင်



ဘယ်လိုစွန့်စားမယ်ဆိုတာတွေ တို့နားလည်ပြီးသားပဲ၊ နိုင့်မေတ္တာကို ခြွင်းချက်မရှိ ယုံပါတယ် နိုင်"

နိုင်သည် အသက်ကို ပြင်းပြင်းလေး ရှူလိုက်မိသည်။ ထွက်သက်ကိုမူ မှုတ်၍ချလိုက်ပါ၏။

"နိုင်ပြောလိုက်ပါပေရဲ့ အစ်ကို၊ ဖေဖေလုပ်ပေးစေချင်တဲ့ လုပ်ငန်းကို အစ်ကို့ရင်ထဲက တကယ်လက်ခံနိုင်မှ လုပ်ပါ၊ မလုပ်သင့်ဘူးထင်ရင် လုံးဝမလုပ်ပါနဲ့၊ တော်ကြာမှ အစ်ကို လုပ်ပေးတာ နိုင့်ကြောင့်ဆိုပြီး ဘာဘာညာညာတွေတော့ မပြောနဲ့၊ အစ်ကိုပြောတဲ့စကားလိုပေါ့၊ လောကကြီးမှာ ကိုယ့်မေတ္တာကို အစော်ကားခံရတာ အသည်းနာစရာ အကောင်းဆုံးပဲ အစ်ကို"

ဦးမောင်မောင်ခိုင်သည် မျက်မှောင်ကြုတ်၍ သမီးကို ကြည့်သည်။

သမီးနိုင်ပြောနေသည်ကို ဦးမောင်မောင်ခိုင် သိပ်မနှစ်သက်ချင်လှ။

သို့သော် ...

သမီးနိုင်က ဘာတစ်ခွန်းမျှ ဆူဆူပူပူစကားမဆိုပါသေး။

ဦးမောင်မောင်ခိုင်၏သမီးအား မကျေနပ်သောမျက်နှာကို အောင်စိုးမိုးက အကဲဖမ်းမိပါ၏။

"ပြောပါ အန်ကယ်၊ ကျွန်တော် အန်ကယ့်ကို ကူညီလုပ်ကိုင်ပေးဖို့ အင်မတန် စိတ်ဝင်စားနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး"

ဦးမောင်မောင်ခိုင်က ဆိုဖာတွင် ထောင်ထားသော တုတ်ကောက်ကြီးကို လှက်ကိုင်ကွေးမှကိုင်ကာ တုတ်ကောက်ထိ ဖျားအား သူ၏ တိုက်အိမ်ကြီးတစ်အိမ်လုံးကို ဝှေ့ယမ်းပြလိုက်သည်

"ဒီအိမ် ဒီခြံနဲ့ သစ်စက်၊ ဆန်စက်လုပ်ငန်းတွေအားလုံ ကို စိန်နဲ့ တည်ဆောက်မ,တည်ထားတာကွယ့်"

"ဗျာ"

"အိမ်ခြံတံခါးအုတ်တိုင်တွေမှာ စိန်ပုံတွေထုပြီး ဖော်ပြထား တာဟာ မောင်အောင်စိုးမိုး သတိထားမိလား"

"ထားမိပါတယ် အန်ကယ်"

"ဘာလို့ အဲဒီလို စိန်ပုံတွေကို အထိမ်းအမှတ်နဲ့ ဖော်ပြထား မှန်း မောင်အောင်စိုးမိုး သိသလား"

"မသိပါဘူး အန်ကယ်"

"သမီးခိုင်က ပြောမပြဘူးလား"

"ခိုင်ကလည်း မပြောဘူး၊ ကျွန်တော်ကလည်း မမေး ဘူး"

"ဒါဆို သမီးခိုင်က ဖေဖေ့အပေါ်မှာ အင်မတန်သစ္စာ နှုတ်လုံတာပေါ့၊ ကိုယ့်ချစ်သူကိုတောင် ဒီအကြောင်းမ ဖွင့်မပြောဘူးဆိုတော့"

ဦးမောင်မောင်ခိုင်က တစ်ဦးတည်းသောချစ်သမီး ခိုင်၏ဦးခေါင်းကို ညင်သာစွာပွတ်ရင်း တဟဲဟဲ ရယ်လိုက်ပါ

"မှတ်ထား မောင်အောင်စိုးမိုး၊ တစ်ကမ္ဘာလုံးမှာ အဖိုးအတန် ဆုံးနဲ့ လူသားတွေ အမက်မောဆုံးဟာ 'စိန်'ပဲကွယ့်၊ ရွှေ



လည်း မက်မောကြပါတယ်၊ ဒါပေမဲ့ စိန်နဲ့ ရွှေဟာ ချင်း ကွာတာပေါ့၊ ပစ္စည်းအလေးချိန်နဲ့ အရွယ်အစားကို တွက်ပြီး အဖိုးအနှုန်းထိုက်တန်တာချင်းကို သိပ်ကိုကွာခြား တယ်"

"မှန်ပါတယ် အန်ကယ်"

"ခုခေတ်ကာလပေါက်ဈေး ရွှေတစ်ကျပ်သားကို တစ်သောင်း ရှစ်ထောင် ကိုးထောင်၊ ပရပွဒ်ခေါက်ဆို နှစ်သောင်း အထက်မှာဆိုပါတော့"

"အဲဒါတွေ ကျွန်တော် မကျွမ်းကျင်လှပါဘူး အန်ကယ်"

"ဒါဆို ဗဟုသုတအနေနဲ့ ဖြစ်ဖြစ် နားထောင်ပေတော့၊ အေး ... ရွှေတစ်ကျပ်သား နှစ်သောင်းကျော်ဆိုတဲ့အချိန် မှာ စိန်တစ်ရတီဟာ စိန်သားကောင်းရင် ကောင်းသလို ငါးသောင်း ခြောက်သောင်းကနေပြီး သိန်းဂဏန်းအထိရှိ တယ်၊ စိန်တစ်ရတီဆိုတာ ရွှေဈေးအလေးချိန်လောက်သာ ရှိတာမျိုး အဲ ... စိန်တစ်ရတီကို အခုခေတ်ဈေးနဲ့ ငါး သောင်းပဲထား ဆယ်ရတီ ငါးသိန်း၊ ရတီတစ်ရာဆို သိန်းငါးဆယ်၊ ရတီပေါင်းထောင်သောင်းဆိုရင် တွက်ကြည့် ပေတော့ကွာ တွက်ကြည့်ပေတော၊ ဟား ဟား ဟား ... တွက်ကြည့်လို့မနိုင်လောက်အောင် ရတီပေါင်းများစွာဆို ရင် မောင်ရင် စဉ်းစားကြည့်ပေတော့၊ နောက်ပြီး စိန်ရတီ ပေါင်း ထောင်သောင်းကို ဘောင်းဘီအိတ်ထဲမှာထည့်လို့ ရတယ်၊ ကုတ်အင်္ကျီတို့ ဂျင်းဂျာကင်တို့ အင်္ကျီအိတ်ထဲမှာ ထည့်ယူနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်ကယ်၊ အဲဒီလို စိန်တွေဟာ အဖိုးအရမ်းတန်ပြီး အိတ်ထဲမှာ အများကြီး သိုသိုသိပ်သိပ်ထည့်နိုင်တာနဲ့ အန်ကယ်ရဲ့လုပ်ငန်းနဲ့ ဘယ်လို ပတ်သက်လို့လဲ အန်ကယ်၊ ဒီခြံအိမ်ရော၊ သစ်စက်၊ ဆီစက်တွေကော စိန်နဲ့ မ,တည်ထားတယ်ဆိုတာ ဘယ်လိုလဲ အန်ကယ်"

"စိန်နဲ့ဆောက်ထားတယ်ဆိုတာက စိန်တွေကို ရောင်းချပြီး တည်ဆောက်ထားတာလို့ ဆိုလိုတာလေ၊ စိန်ချည်းသက်သက်ရောင်းတာနော်၊ ရွှေတစ်ပဲသားတောင်မပါဘူး"

"ကျွန်တော်တော့ ဘာဆိုဘာမှ နားမလည်ဘူး အန်ကယ်"

ဦးမောင်မောင်ခိုင်သည် တီဗီကို ရီမုတ်ကွန်ထရိုးနှင့် ပြန်ပိတ်လိုက်သည်။

လက်ရှိအခြေအနေမှာ တီဗီကို ဘယ်သူမှ အာရုံမထားသောကြောင့်ပင်။

"ကဲ ... လာ၊ ဒီကိစ္စ အပေါ်ထပ်က အန်ကယ့်အခန်းထဲမှာ သွားပြောကြရအောင်၊ မောင်အောင်စိုးမိုးကို ပြောစရာတွေ အများကြီးရှိနေသေးတယ်၊ ပြစရာတွေလည်း ရှိနေတယ်"

ပြောပြောဆိုဆိုပင် ဦးမောင်မောင်ခိုင်သည် တုတ်ကောက်ကိုကိုင်ကာ အိမ်ပေါ်ထပ်သို့ ရှေ့မှတက်ရောက်သွားသသည်။

ဖခင် လှေကားပေါ်တက်သွားမှ ခိုင်က အောင်စိုးမိုး၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။



"ဖေဖေက သိပ်အစွဲအလမ်းကြီးတယ် အစ်ကို၊ သူလုပ်ချင်တာတွေ အစ်ကို့ကိုဖွင့်ပြောပြီး ခိုင်းတော့မယ်၊ လုပ်ရမယ့်အလုပ်က အန္တရာယ်လည်းများတယ်၊ စွန့်လည်းစွန့်စားရမယ့်အလုပ်မျိုးပါ အစ်ကို၊ အဲဒါ အစ်ကို့အနေနဲ့ မလုပ်ပါရစေနဲ့လို့ ငြင်းပါလားဟင်"

"မငြင်းချင်ဘူး ခိုင်၊ အစ်ကို့အပေါ်မှာ အန်ကယ့်ရဲ့အမြင်က ဖွဲ့သတ္တိရှိတဲ့လူတစ်ယောက်လို့ မြင်နေတဲ့အမြင်ကို ပွဲဦးထွက်မှာပဲ ပျက်ပြားမသွားစေချင်ဘူး၊ နောက်ပြီး အန်ကယ်ဟာ သူ့ကိစ္စမှာ ဆန္ဒသိပ်ပြင်းထန်နေပုံရတယ်၊ ခိုင်နဲ့ တို့ရဲ့ ရာသက်ပန်ကိစ္စပါ ခိုင်"

ခိုင်သည် သက်ပြင်းချပါ၏။

"ခက်သားပဲ အစ်ကိုရယ်၊ ခိုင်က အစ်ကို့ကို တကယ်ရင်ထဲက ချစ်မိတော့ ဖေဖေ့ရဲ့လုပ်ငန်းအလုပ်မှာ အန္တရာယ်တစ်ခုခုဖြစ်သွားမှာ သိပ်စိုးရိမ်တာပဲ၊ တကယ်လို့ ကိုသစ္စာကိုဖြစ်ဖြစ်၊ ကိုအောင်ဟိန်းကိုဖြစ်ဖြစ် ခိုင့်နှလုံးသားက လက်မခံပေမယ့် ဖေဖေ့အလိုကျ လက်ထပ်ပြီး ဖေဖေ့ကိစ္စမှာ သူတို့လုပ်ပေးလို့ ဘာအန္တရာယ်ဖြစ်ဖြစ် ခိုင် စိုးရိမ်မိမှာမဟုတ်ဘူး"

"တော်တော့ ခိုင်၊ ဒီစကားမျိုး နောက်ထပ်မပြောပါနဲ့နော်၊ တို့ရင်ထဲ ကျင်ခနဲခံစားရမိလို့ပါ၊ တို့ အန်ကယ်ခိုင်းတာ လုပ်မယ် ခိုင်၊ ကဲ ... သွားစို့၊ အန်ကယ် စောင့်နေရော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ကပင် အောင်စိုးမိုး တစ်ခါမှ မတက်ရောက်ဖူးသေးသည့် အိမ်ပေါ်ထပ်သို့ လက်တွဲပြီး ရှေ့ဆောင်ခေါ်သွားလေတော့သည်။

❋ ❋ ❋



"လာ ... အစ်ကို"

ဦးမောင်မောင်ခိုင်၏ အိပ်ခန်းထဲသို့ ခိုင်ကပင် အောင်စိုးမိုးလက်ကိုဆွဲကာ ရှေ့မှဝင်ခဲ့သည်။

ငြိမ့်ညောင်းအိစက်သော နှစ်ယောက်အိပ်ခုတင်ကြီးကို ပထမဆုံးမြင်ရပါ၏။

ရေမြှုပ်မွေ့ရာကြီးပေါ်ဝယ် ဖဲသားဝါနုနုအိပ်ရာခင်း ခေါင်းအုံးတို့ရှိနေသည်။

ဦးမောင်မောင်ခိုင်သည် ဇနီးဆုံးပါးသွားစေကာမူ မကွယ်လွန်မီက အတူအိပ်စက်ခဲ့သော နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာပင် အဖော်မဲ့အိပ်စက်ခဲ့ရှာသည်။

သစ္စာကြီးသော ခင်ပွန်းပါပေ။

ဒီပြင် အိပ်ခန်းတွင်းမှ ပရိဘောဂများကလည်း အဖိုးတန်တွေချည်းမှန်း မြင်ရုံနှင့် ထင်ရှားစေပါ၏။

အထူးပြောစရာမရှိ။

ရှင့်ဘုရားပုဆိုးမို့ ပိုးချည်းပဲဖြစ်သည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ခိုင်၏ အိပ်ခန်းတွင်းရှိ ပစ္စည်းဟူသရွေ့ အဖိုးထိုက် အဖိုးတန်တွေချည်းဖြစ်နေပါ၏။

"အန်ကယ်ပြမယ် လာကြည့်၊ နောက်မှ အေးအေးဆေးဆေး ထိုင်ပြီး စကားပြောကြတာပေါ့"

အိပ်ခန်းထဲဝင်မိသည်နှင့် တုတ်ကောက်ပေါ်သို့ တစ်ခြမ်းမှေးတင်ထားပြီး ရပ်စောင့်နေသည့် ဦးမောင်မော်ခိုင်က ခေါ်ယူလိုက်သည်။

နံရံကပ်မှန်ရှိုးကေ့စ်ဆီသို့ ခေါ်သွားပြီး အထဲတွင် စနစ်တကျ ချိတ်ကပ်ထားသော သေနတ်တွေကို ပြပေသည်။

"အန်ကယ်တို့ခေတ်တုန်းက လိုင်စင်နဲ့ အန်ကယ်ကိုင်ခဲ့တဲ့ သေနတ်တွေလေ၊ ဟောဒီသေနတ်က ဘာသေနတ်လဲ မောင်အောင်စိုးမိုး"

"ကာဘိုင်ပါ"

"မှန်တယ်၊ ဒါကကော"

"သရီးအိုတူး ရိုင်ဖယ်ပါ အန်ကယ်"

"ဟုတ်ပါ့၊ ခုခေတ်မှာတော့ သရီးအိုတူးရိုင်ဖယ်ဟာ ခေတ်မမီသလောက်ဖြစ်နေပြီ၊ ဒါပေမဲ့ အန်ကယ်ကတော့ သရီးအိုတူးကို ပစ်ရခတ်ရတာ တော်တော်နှစ်သက်တယ်၊ ဒါကကောကွာ"

"နှစ်လုံးပြူးပါ အန်ကယ်"

"ရိုးရိုးနှစ်လုံးပြူးလား"



"မဟုတ်ပါဘူး၊ အိုဗာအန်ဒါပါ၊ ပြောင်းနှစ်ခုယှဉ်မနေဘဲ အထက်အောက်ပြောင်းနဲ့ နှစ်လုံးပြူးပါ"

"ဘယ်ဆိုးလို့လဲ၊ မောင်အောင်စိုးမိုးက သေနတ်အကြောင်း တီးခေါက်မိသားပဲ၊ ဒါလေးကကောကွာ"

"ပွိုင့်တူးတူးပါ"

"ဟုတ်လိုက်လေ၊ ဒါ ပွိုင့်တူးတူးမှန်တယ်၊ ပစ်လို့အင်မတန်ကောင်းတယ်၊ ကဲ ... ဒါဆို မောင်အောင်စိုးမိုးကို အန်ကယ်က မေးရဦးမယ်၊ မောင်ရင် သေနတ်ပစ်ကျွမ်းကျင်သလား"

"ကျွမ်းကျင်တဲ့အဆင့်ထိတော့ မရောက်ဘူးထင်တယ်၊ ဒါပေမဲ့ ဝါသနာကြောင့်ရော၊ ယောကျ်ားတစ်ယောက်အနေနဲ့ တတ်ထားအပ်တဲ့ ပညာတစ်ခုအနေနဲ့ကော သေနတ်နဲ့ယဉ်ပါးတဲ့အဆင့်တော့ရှိပါတယ်၊ အလေ့အကျင့်လည်းရှိခဲ့တယ်၊ လက်တွေ့လည်းလုပ်ခဲ့တယ်"

ဦးမောင်မောင်ခိုင်က မေးစေ့တွင် ငုတ်စိလေးတွေ ထွက်နေသေးသော မုတ်ဆိတ်မွေးများကို လက်ညှိုးကွေးပြီး ပွတ်ရင်း ဆက်မေးလိုက်သည်။

"လေ့ကျင့်တယ်ဆိုတာတော့ ဟုတ်ပါပြီ၊ လက်တွေ့လုပ်ခဲ့တယ်ဆိုတာကကော ဘယ်လိုလဲ"

"အမဲလိုက်တာပါ အန်ကယ်"

"ဟော ... ရန်ကုန်မှာနေပြီး အမဲလိုက်လား"

အောင်စိုးမိုးက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အောင်စိုးမိုး ရောက်ရှိသော ပုံစံမှာ အလုပ်တစ်ခုအတွက် အင်တာဗျူးအစစ်အဆေးခံနေရသည့် သဏ္ဌာန် ရှိနေသောကြောင့် ပြုံးမိခြင်းဖြစ်ပါ၏။

ဘာဖြစ်ဖြစ် ခိုင့်ကို ချစ်မိနေမှတော့ ဒီအင်တာဗျူးကို ကြိုးစားပြီးဖြေရမည်။

"ကျောင်းမှာ တော်ငှကလာတက်နေတဲ့ သူငယ်ချင်း စောနိုင်ဖနဲ့ ကျောင်းရက်ရှည်ပိတ်တဲ့အခါ တောင်ငူကိုလိုက်သွားပါတယ်၊ စောနိုင်ဖကလည်း အမဲလိုက်ဝါသနာကြီးတယ်၊ သူနဲ့အတူ တောင်ငူရဲ့ တောပိုင်းဖြစ်တဲ့ စစ်တောင်းမြစ်ဟိုဘက်ကမ်းကူးပြီး ညအိပ်ညနေ အမဲလိုက်ခဲ့တာပါ အန်ကယ်"

ဦးမောင်မောင်ခိုင်၏မျက်နှာမှာ ဝင်းလက်သွားပါ၏။

အားပါးတရရှိလှသောအမူအရာလည်း ထင်းခနဲ ပေါ်ထွက်လာသည်။

"ဩော် ... ဩော် ... မောင်အောင်စိုးမိုးက စစ်တောင်း ဟိုကမ်းအထိတောင် အမဲလိုက်ခဲ့ဖူးတာကိုး၊ ရိုးမအထိ ရောက်လားကွာ"

"ရောက်ပါတယ်၊ ကျိုက်ပုတီးရွာက လမ်းကျွမ်း၊ တောကျွမ်း စောဗရူးဆိုတဲ့ ဒူးလေးမုဆိုးကြီးကိုပါ စောနိုင်ဖက ခေါ်လေ့ရှိတော့ ရိုးမအထိ တောနက်နက်ထဲ ကျွန်တော်တို့ သွားကြပါတယ်"

"ကိုင်တဲ့သေနတ်တွေကကောကွာ"



"စောနိုင်ဖတို့မှာလည်း အန်ကယ့်လိုပဲ သူ့အဖေလက်ထက်က ကိုင်ခဲ့တဲ့ သရီးအိုတူးရိုင်ဖယ်ရော၊ နှစ်လုံးပြူးရော၊ ပွိုင့်တူးတူးရောရှိပါတယ်၊ နှစ်လုံးပြူးကတော့ ရိုးရိုးပြောင်း နှစ်ခုယှဉ်နေတဲ့ စိုင်မောင်းနှလုံးပြူးပါ၊ ကာဘိုင်တော့ စောနိုင်ဖမှာ မရှိပါဘူး"

"မောင်အောင်စိုးမိုးကို စောနိုင်ဖက ဘာသေနတ်ပေးကိုင်လဲ"

"ကျွန်တော့်ကို ဧည့်သည်အနေနဲ့ ကိုင်ချင်တဲ့သေနတ်ကိုင်ဖို့ စောနိုင်ဖက ဦးစားပေးကိုင်ပါတယ်၊ ကျွန်တော်က သရီးအိုတူးရိုင်ဖယ်ကို အကိုင်များပါတယ်"

"ဘာလို့ မောင်အောင်စိုးမိုးက သရီးအိုတူးရိုင်ဖယ်ကိုသာ အကိုင်များတာလဲ"

"လွယ်လွယ်ပြောရရင်တော့ သရီအိုတူးရိုင်ဖယ်ကို လက်တွေ့လို့ ကိုင်တာလို့ပဲပြောရမှာပဲ အန်ကယ်၊ သရီးအိုတူးရဲ့ အလေးချိန်နဲ့ အရှည်အတို အရွယ်အစားဟာ ကျွန်တော့်ရဲ့ လက်ဆံလက်တံနဲ့ အံဝင်ခွင်ကျဖြစ်နေတယ်၊ ပစ်လိုက်တဲ့အခါ သူ့ရဲ့ယမ်းပေါက်ကွဲတွန်းကန်အားကို ကျွန်တော့်ပခုံက တောင့်ခံနိုင်စွမ်းရှိတော့ ပြောင်းဟာ အထက်အောက် ဘယ်ညာဆွဲသွားတာ သိပ်မရှိအောင် ကျွန်တော် ထိန်းသိမ်းနိုင်တယ်၊ နောက်ပြီး သရီးအိုတူးရိုင်ဖယ်ရဲ့ရိန့်ဟာ တစ်မိုင်ထိရှိတော့ ကိုက်တစ်ရာလေးငါးဆယ်လောက်က ပစ်မှတ်ကို နည်းနည်းပါးပါးပစ်မှတ်က လွဲရင်သာလွဲမယ် ပစ်မှတ်ကိုပစ်ရင် ထိတော့ထိတာပဲ အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပစ်မှတ်ကို နည်းနည်းပါးပါးလွဲတယ်ဆိုတာက ဘယ်လောက်ထိလွဲလဲ"

"ဒါတော့ ပုံသေပြောလို့မရပါဘူး အန်ကယ်၊ လှုပ်ရှားပြေးလွှားနေတဲ့ ပစ်မှတ်ကိုပစ်ရင် တစ်မျိုး၊ ငြိမ်သက်နေတဲ့ ပစ်မှတ်ကိုပစ်ရင် တစ်မျိုးစီလွဲတတ်တာပဲ၊ ဒီကြားထဲမှာ ကိုယ်ပစ်လိုက်တဲ့ အချိန်မှာ လေရဲ့တိုက်နှုန်းကလည်း ရှိသေးတယ်၊ လေထုကို ထွင်းဖောက်သွားရတဲ့ ကျည်းဖူးဟာ ပတ်ဝန်းကျင်က လေပြည်လေညင်းတိုက်နေတဲ့အခါမှာ ဖြောင့်ဖြောင့်ကြီး သွားနိုင်ပေမယ့် လေပြင်းတိုက်နေတဲ့အခါဆိုရင် ကျည်းဖူးဟာ ဘယ်ညာ အထက်အောက် အနည်းအပါး ရွေ့သွားတတ်ပါတယ်"

"မှန်လိုက်လေကွယ်၊ မောင်အောင်စိုးမိုးက တော်တော်လေး သေနတ်ဝါရင့်သားပဲ၊ ဒါထက် ပြောပါဦး၊ သာမန်လေပြည်တိုက်နေတဲ့အချိန်မျိုးမှာ ကိုက်တစ်ရာငါးဆယ်လောက် အကွာအဝေးက ငြိမ်နေတဲ့ ပစ်မှတ်ကိုပစ်ရင် မောင်အောင်စိုးမိုး ဘယ်လောက်ထိ ပစ်မှတ်ဗဟိုနဲ့လွဲသလဲ"

"နှစ်လက်မကနေပြီး လေးလက်မလောက်အထိ အထက်အောက် ဘယ်ညာလွဲပါတယ် အန်ကယ်"

"ပြေးလွှားနေတဲ့ပစ်မှတ်ဆိုရင်ကောကွာ"

"ဒါကျတော့ ချိန်ပစ် မဟုတ်တော့ဘဲ ထိုးပစ်သဘောဖြစ်ပါတယ် အန်ကယ်၊ ပြေးနေတဲ့ချေတစ်ကောင်ရဲ့ခေါင်းကို မှန်းပြီးပစ်ရင် ခါးကိုထိတဲ့အခါထိတယ်၊ ဖင်ပိုင်းဆေါင်ရင်းကို ထိတဲ့အခါ ထိတယ်"



"ဘဲ ရိုးဂွတ် မောင်အောင်စိုးမိုးဟာ အန်ကယ်မျှော်လင့်ထားတာထက်တောင် အရည်အချင်းပိုနေသေးတာပဲ"

အောင်စိုးမိုးက ခိုင့်ကို ကြည့်လိုက်သည်။ ဖခင်ကြီးက ကိုယ့်ချစ်သူကို သဘောကျနေသဖြင့် ခိုင်သည် ပီတိလွှမ်းသောမျက်နှာလေးနှင့် ပြုံးနေသည်ကို တွေ့ရပေသည်။

သို့တစေ ခိုင်သည် ဖေဖေနှင့် အစ်ကိုတို့ပြောနေသော သေနတ်အကြောင်းကို လုံးဝ စိတ်မဝင်စားပေ။

"အလှုပ်အရှား အပြေးအလွှား သတ္တဝါဆိုရင်ကော"

"ဘယ်လောက်အမြင့်ပေရှိမယ်တော့မသိဘူး၊ ဒါပေမဲ့ သိပ်မမြင့်ပါဘူး၊ ရိုးဖြတ်လယ်ကွင်းတွေထဲက မြေကြွက်တို့ အပေါ်ကဝဲပြီးချောင်းနေတဲ့စွန်တို့ လင်းယုန်တို့ကို ကျွန်တော့်ခြောက်လုံးပြူးနဲ့ပစ်တာ တစ်ဆုံကျည်ဆန်ကုန်ရင် အနည်းဆုံး သုံးကောင်တော့ ကျလာတာမျိုးရှိခဲ့ပါတယ်"

"သဘောကျတယ်ဟေ့၊ ဒီမယ် သမီးခိုင် မောင်အောင်စိုးမိုးက တကယ့်ဖေဖေ့စိတ်ကြိုက် မျှော်မှန်းထားတဲ့အရည်အသွေးရှိတဲ့သူပဲ၊ ဟဲ ဟဲ ... သမီးလေးခိုင် ကံကောင်းပါတယ်"

ခိုင်က အောင်စိုးမိုးကို ကြည့်လိုက်ပေသည်။ ခိုင့်နှုတ်ခမ်းလေးတွေက ဖေဖေ့ကြောင့် ပြုံးနေရသော်လည်း ဤသေနတ်များဖြင့် နောက်ဆက်တွဲ အစ်ကိုလုပ်ကိုင်ရမည့်အအတွက်တော့ ခိုင် မကြည်သာပေ။ အစ်ကို့ကို စိုးရိမ်လှသည်။ ဖေဖေလုပ်မည့်အလုပ်က အန္တရာယ်အလုပ်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်စိုးမိုး နှစ်တိုင်း ကျောင်းရက်ရှည်ပိတ်တိုင်း စောခိုင်ဖနဲ့ လိုက်သွားပြီး အမဲလိုက်တာပဲလား"

"ပထမနှစ်နှစ်ဆက်တိုက် လိုက်ပါတယ်၊ အဲဒီနောက်တော့ ကျွန်တော် အမဲပစ်ရတာ မပစ်ချင်တော့လို့ မလိုက်တော့ပါဘူး အန်ကယ်"

"ဘာလို့ အမဲမပစ်ချင်တော့တာလဲ"

"တောတွင်းသားကောင်လေးတွေကို သနားစိတ်များသွားလို့ပါ၊ နောက်ပြီး မတရားဘူးထင်လို့ပါ"

"အင်း ... ဆိုပါဦး"

"အမဲ ပစ်တဲ့နေရာမှာ မုဆိုးဖြစ်တဲ့လူ ဟာ သက်သက်သားကောင်လေးတွေအပေါ် အနိုင်ကျင့်ရာ ရောက်ပါတယ် အန်ကယ်၊ သူတို့ရေသောက်ဆင်းတဲ့နေရာ သူတို့စားကျက်စားပင်သီးပင်ဆီကို လာတဲ့လမ်းကို ခြေရာကောက်တာတို့ လုပ်ပြီးမှ လူမုဆိုးက အဝေးပစ်လက်နက်သေနတ်နဲ့ ပုန်းကွယ်ပြီး စောင့်ပစ်တာလည်း မတရားဘူး အန်ကယ်"

"ဟုတ်ပါ့"

"နောက်တစ်နည်းက တောကောင်လေးတွေ နားစက်နေရာကို လူတွေက ယောလားဝါးလား သံပုံးတွေတီး၊ တုံးတွေခေါက်၊ သစ်ပင်တွေရိုက်နဲ့ သားကောင် အထိတ်တလန့်ထွက်ပြေးတဲ့အခါ သေးက ဝိုင်းပြီး သေနတ်သမားမုဆိုးစောင့်တဲ့နေရာကို တွန်းပို့ပြီး မုဆိုးက အသင့်စောင့်ပစ်တာလည်း မတရားဘူးပဲ၊ သားကောင်လေးတွေခမျာ အစာ



ရေစေတော်လို့ ဆန္ဒစောပြီး လာခဲ့တုန်း ဒိုင်းခနဲ ဘယ်ကလာမှန်းမသိဘဲ အပစ်ခံလိုက်ရတာကို ထိတ်လန့်အံ့ဩတဲ့မျက်လုံးလေးတွေက သေသွားတဲ့သားကောင်ရုပ်မှာ ပေါ်နေတယ်။ အဲဒါကိုလည်း သနားတာပဲ၊ တောလှန့် တောခြောက်လို့ အသက်ဘေးအတွက် အထိတ်ထိတ် အလန့်လန့် ပြေးနေတာလေးတွေကို မြင်ပါများတော့လည်း သနားတာပဲ၊ ဒါဟာ သက်သက်မဲ့ လူက အပြစ်မရှိတဲ့ တောထဲက သားကောင်လေးတွေကို အနိုင်သွားကျင့်တာပါလားလို့ ခံယူလာတယ်၊ ဒါကြောင့် ကျွန်တော် စောခိုင်ဖတို့ဆီ ဆက်မလိုက်တော့ဘူး၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ပြောပါ"

"ဒါပေမဲ့ စောခိုင်ဖကိုတော့ မှာထားပါတယ် ကျားလိုကောင် ပြောင်လိုကောင်မျိုးတွေ ပစ်စရာပေါ်လာပြီဆိုရင်တော့ခေါ်ပါ၊ ကျွန်တော် လိုက်ပစ်ချင်တယ်လို့လေ၊ အဲဒါက အင်အားချင်းမျှတယ် အန်ကယ်၊ အဲဒီလို တောကောင်ကြီးတွေက လူကိုတွေ့တာနဲ့ တိုက်ခိုက်တဲ့အလေ့လည်းရှိတယ်၊ သူတို့မှာ တိုက်ခိုက်နိုင်တဲ့ အားမာန်လည်းရှိတယ်၊ တိုက်ခိုက်ချင်တဲ့ ဆန္ဒလည်း အမြဲအသင့်ရှိတယ်၊ နောက်ပြီး သူတို့မှာ တိုက်ခိုက်ဖို့အတွက် အစွယ်ရှိတယ်၊ လက်သည်းရှိတယ်၊ ချိုရှိတယ်၊ နှာရှိတယ်၊ ဒါမျိုးကျတော့ ရင်ဆိုင်ပြီး ကျွန်တော် ပစ်ချင်တယ်၊ ချေတို့ သမင်ဒရယ်တို့ကျတော့ သူ့အသားလေး တစ်ဖတ် နှစ်ဖတ် ကျွန်တော် စား

www.burmeseclassic.com

www.burmeseclassic.com



ရရုံနဲ့ လူကို ဘာမှအန္တရာယ်မပြုနိုင်တဲ့ အကောင်လေးတွေ ပါလားဆိုပြီး ကျွန်တော် မပစ်ချင်တော့ဘူး"

"အေး ... မှန်တယ်၊ အင်မတန် မွန်မြတ်တဲ့စိတ်ပဲ၊ နောက်ပြီး သတ္တိလည်းရှိနေတဲ့ စကားတွေပဲ၊ မောင်ရင့်ကို အန်ကယ် သဘောကျသွားပြီ၊ သမီးခိုင်နဲ့ ချွင်းချက်မရှိ သဘောတူတယ်၊ ဒီတော့ ရှေ့ဆက်မယ့် လုပ်ငန်းအကြောင်း ဆက်ဆွေးနွေးကြစို့လား"

သေနတ်တွေ ထားရှိရာ မှန်ရှိုးကေ့စ်ဆီမှ ဦးမောင် မောင်ခိုင်၏ ကျယ်ပြောသော အိပ်ခန်းတွင်း ထားရှိသည့် ဆိုဖာ ဆက်တီကုလားထိုင်များတွင် ကိုယ်စီ ပြန်ထိုင်ကြသည်။

"မောင်အောင်စိုးမိုး စိန်အကြောင်း ဘယ်လောက်ထိ တီးခေါက်မိသလဲ"

"ဒါကျတော့ သုညပါပဲ အန်ကယ်၊ ကျွန်တော် ကျောက်မျက်ရတနာနဲ့ ပတ်သက်ပြီး ဘာမှနားမလည်ပါဘူး၊ အမျိုးသမီးတွေရဲ့ ဒွါရာတန်ဆာပလာဆိုတာလောက်ပဲ နားလည်ပါတယ်"

"အေး ... မောင်ရင်က သိပ်ယောက်ျားဆန်တဲ့ လူပဲ၊ မိန်းမသုံး ဂီဝယ်လရီတွေနဲ့ ပတ်သက်လို့ ဘယ်နားလည်မလဲ၊ အန်ကယ်တောင် စိန်နဲ့ပတ်သက်ပြီး သိးခြားသင်ကြားလေ့လာယူရတယ်"

ဦးမေင်မောင်ခိုင်က သမီး ခိုင်ဘက်သို့ လှည့်လိုက်ပြန်သည်။



"ကဲ ... သမီး ခိုင်ရေ၊ ဖေဖေ ခေါင်းအုံးအောက်က သော့တွဲယူပြီး မီးခံသေတ္တာဖွင့်ပါ၊ ဟိုပစ္စည်းနှစ်ခု ထုတ်ယူခဲ့ပါ"

ဖေဖေ ပြောသည့်အတိုင်း ခိုင်က လုပ်ပေးလေသည်။

ပစ္စည်းနှစ်ခုအနက် တစ်ခုမှာ အိမ်ကြက်ဥအရွယ်အစားရှိသော အဖြူရောင်သမ်းနေသည့် ကျောက်တုံးတစ်တုံးဖြစ်သည်။

နောက်တစ်ခုမှာ ပန်းဆိုးတန်းဆိပ်ကမ်းမှ ရယူခဲ့သော စာအိတ်ညို ဖြစ်ပါ၏။

နှစ်ခုစလုံး ခိုင်က သူမ၏ဖေဖေ့လက်သို့ ပေးလိုက်သည်။

"မောင်အောင်စိုးမိုး ... ဆိုဖာကို အန်ကယ့်နား ဆွဲကပ်ထိုင်ကွယ်"

အောင်စိုးမိုး ရွှေ့ထိုင်ပါ၏။

ဦးမောင်မောင်ခိုင်က လက်လှမ်းမီသော စားပွဲမှ စားပွဲတင်မီးအိမ်လုလုလေးကို ဆွဲယူကာ သူ့ရှေ့ရှိ ညှော့စားပွဲပေါ်တွင်တင်ပြီး မီးအိမ်မှ မီးခလုတ်ကို ဖွင့်လိုက်သည်။

"ဟောဒါကို ကြည့်စမ်း မောင်ရင်"

ဦးမောင်မောင်ခိုင် ပေးပြသည့် ကြက်ဥရွယ် ကျောက်တုံးကို အောင်စိုးမိုးယူကာ မီးရောင်အောက်တွင် သေချာကြည့်သည်။

"ဘာတွေလဲ"

"ကျွန်တော့်အနေနဲ့တော့ ကျောက်ခဲဖြူတစ်ခုပဲ အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ … ဟဲ … ဒါပေါ့ကွယ်၊ မသိသူကျော့်သွား၊ သိသူ ဖော်စားဆိုတာ၊ အဲဒီ ကျောက်ခဲကို တတ်ကျွမ်းတဲ့ ကျောက် သွေးဆရာနဲ့ ခွဲလိုက် သွေးလိုက်ရင် အနက်ကယ် ထင်တယ် လေ၊ အနည်းဆုံး ရတီချိန် တစ်ရာလေးငါးဆယ်လောက် ရှိတဲ့ စိန်တွေ ထွက်လာမယ်လို့၊ ဒီအရင်က ခွဲခြမ်းစိတ်ဖြာ ပြီး ရရှိခဲ့တဲ့ စိန်တွေရဲ့ စံချိန်နှုန်းနဲ့ ဒီဟာကို နှိုင်းယှဉ် ခန့်မှန်းပြီး ပြောတာလေ"

"ကျွန်တော် နားမလည်တာ အမှန်ပဲ အန်ကယ်"

"ဒီကျောက်ထဲမှာ ပိုင်ရော့ပီတို့၊ ပစ်ခရီအစ်(လ်)မနိုက်တို့ ခရိုင်းဒိုင်အော့(ပ်)တွေ ပါနေတယ်၊ အဲဒါတွေဟာ စိန်ရဲ့ အရည်အသွေးတွေပဲ"

"လိုရင်းကို ပြောပါလား ဖေဖေ၊ အစ်ကို ဒီဘက်မှာ သုည ပါလို့ ပြောထားတာပဲဟာ"

"အေး … ဟုတ်တယ်၊ ကဲ … အန်ကယ်က ဒီကိစ္စတွေရဲ့ မူရင်းဇာစ်မြစ်ကစပြီး ပြောပြမယ်"

✠ ❀ ✠



## ❀ ၁၁ ❀

"ဖြစ်ပုံတွေက ဒီလိုကွယ်"

"အန်ကယ်ရဲ့ဘိုးဘွား မိဘတွေက မိုးကုတ်အဆက်တွေ တွင်းထွက်ကျောက်မျက်ရတနာပိုင်းမှာ ကျွမ်းကျင်ကြတယ်၊ ဒီတော့ အန်ကယ်လည်း နေ့တိုင်း မြင်တွေ့နေရတဲ့ ဘိုး ဘွားမိဘရဲ့ ကျောက်လုပ်ငန်းမှာ အလိုလို ယဉ်ပါးနေတယ်၊ အတတ်ကျွမ်းကြီးတော့ မဟုတ်လှဘူး၊ နောက်ပြီး မိုးကုတ် ဘက်မှာက စိန်မထွက်ဘူးလေ၊ ဒီတော့ စိန်နဲ့ပတ်သက် ရင် စိမ်းတယ်၊ အဲ … ဒါပေမဲ့ မြေကြီးထဲက ထွက်လာတဲ့ ကျောက်ကို ကြည့်ရင်တော့ ဒီကျောက်ဟာ ဗလာကျောက်၊ ဟိုကျောက်ကတော့ ကျောက်မျက်တစ်ခုခုတော့ ပါနိုင်တယ် ဆိုတာလောက်တော့ အကဲဖမ်းနိုင်တယ်၊ ဒါက ဘိုးဘွား မိဘနဲ့နေရင်း နီးစပ်လို့ အလိုလိုတတ်တဲ့ သဘောပါ၊ တကယ်တမ်းကျတော့ အန်ကယ်က ဆယ်တန်းအောင်တော့ ဖောရက်စတီ သစ်တောဘက်ကို ရတယ် …

www.burmeseclassic.com

www.burmeseclassic.com

"တိုတိုပြောကြပါစို့ကွယ်"

မောင်မောင်ခိုင်သည် ဖော်ရက်စတီဘွဲ့ ရပြီးသည်နှင့် သစ်တောဌာနတွင် ခန့်ထားခြင်းခံရပြီး ပျဉ်းမနားသို့ သစ်တောဝန်ထောက်အဖြစ် တာဝန်ချထားခြင်း ခံရပါသည်။

လုပ်ငန်း၏ သဘာဝကို တောထဲတွင် ကျင်လည်ရသည်။

တောတွင်း သားကောင်အမျိုးမျိုးကို မြင်တွေ့ရသည်။ တောပိုင်းကျကျ ကျေးလက်များရှိ မုဆိုးများနှင့် အပေါင်းအသင်းဖြစ်သည်။

မိမိလက်အောက် အမှုထမ်း တော်တော်များများသည်လည်း တာဝန်ထမ်းဆောင်ရင်း မုဆိုးတစ်ပိုင်း ဖြစ်နေကြသည်။

သစ်တောဝန်ထောက်ကလေး မောင်မောင်ခိုင်အား တာဝန်အရ သက်ဆိုင်ရာမှ သေနတ်ထုတ်ပေးသည်။

မောင်မောင်ခိုင်သည် မုဆိုးနားနီးမုဆိုး ဖြစ်လာသည်။

လိုင်စင်သေနတ်တွေ လျှောက်ထားရယူသည်။

သေနတ်ပစ် ကျွမ်းလာသည်။

မုဆိုးအတတ် ကျွမ်းလာသည်။

မိဘက ကျောက်မျက်ရတနာမျိုးရိုး ဖြစ်သော်လည်း မောင်မောင်ခိုင်သည် တောပျော်ဝန်ထောက်လေး မုဆိုးဖြစ်လာသည်။

သို့သော် ...။



ဝန်ထောက်မင်းသည် ပျဉ်းမနား သစ်တောရုံးလုပ်ငန်းတွေလည်း တောမဆင်းသည့်အချိန် ရုံးထိုင်ရသည်။

ဘီအဲက်စ်စီ ဖော်ရက်စတီ သစ်တောဝန်ထောက်လေးမို့။

မိုးကုတ်က မိဘတွေကလည်း အထိုက်အလျောက် ချမ်းသာသည်။

ဒီတော့လည်း ပျဉ်းမနားက သမီးရှင်တွေက ဝန်ထောက်လေး မောင်မောင်ခိုင်ကို လိုလားကြသည်။

မိမိလေး။

အမည်က ရိုးရိုးလေးနှင့် ယဉ်သလို မိမိလေးကလည်း အတော်ကြီးလှပ၊ ချောမော၊ ကြော့ရှင်းသော အမျိုးသမီးကလေးဖြစ်သည်။

တစ်ဦးတည်းသောသမီး ဖြစ်သည်။

မောင်မောင်ခိုင်၏ လုပ်ငန်းနှင့် လုံးဝမဆိုင်သော ရွှေပန်းထိမ်လုပ်ငန်းနှင့် စိန်ရွှေရတနာဆိုင် ဖွင့်ထားသည်။

မိမိလေး ဆယ်တန်းအောင်ပါ၏။

မိဘတွေက တက္ကသိုလ်ကို မလွှတ်တော့ဘဲ မိဘ၏ ဆိုင်ခန်း စိန်ရွှေရတနာဆိုင်တွင် မိမိလေးကို ထိုင်စေသည်။

မိမိလေး၏ မိဘတွေက ရှေးရိုးကျသည်။

မောင်မောင်ခိုင် ဝန်ထောက်မို့ မက်မောခြင်းမျိုးလည်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



အခြား ချမ်းသာ ခေတ်မီသော မိဘတွေက မိမိတို့၏ သမီးကိုယ်စီနှင့် မောင်မောင်ခိုင်အား ဖြစ်မြောက်စေချင်သဖြင့် လူအောင်သွယ်တွေ မောင်မောင်ခိုင်ထံ ချဉ်းကပ်နေစဉ်မှာပင် မောင်မောင်ခိုင်က မြို့ထဲဖြတ်သွားဖြတ်လာဖြင့် တွေ့ရသော စိန်ရွှေရတနာဆိုင်မှ မိမိလေးအပေါ်တွင် နှလုံးသား ပေါက်ကွဲခဲ့သည်။

မိဘသဘောတူသဖြင့် ပေးစားခြင်းမျိုးကို မောင်မောင်ခိုင် မလိုလား။

မိမိလေးအား မောင်မောင်ခိုင်သည် အောင်သွယ်ပင် မထားဘဲ ချဉ်းကပ်သည်။ နှလုံးသားမေတ္တာကို ဖွင့်ဟသည်။

မိမိလေးကလည်း မောင်မောင်ခိုင်နှင့်ကျတော့ မေတ္တာစိတ်လေး တိမ်းညွတ်မိသည်။

စောင့်ထိန်းခြင်းနှင့် ဣန္ဒြေကြီးခြင်းရှိသော ထိုခေတ်က အမျိုးသမီးတို့သည် မိမိကိုယ်တိုင် မနှစ်ခြိုက်လျှင် ခေါင်းခါခြင်းပယ်ပြီး မိမိရင်ထဲကကို တိမ်းညွတ်ပြီဆိုလျှင် ...

"အမေ့ကိုပြော"

ဟု အဖြေပေးတတ်သည်။

မိမိလေးက နောက်ဆုံးအချိန်တွင် မောင်မောင်ခိုင်အား အမေ့ကိုပြောဟု အဖြေပြုရှာပါ၏။

ဤမှာပင် နှစ်ဖက်မိဘသဘောတူ မိမိလေးနှင့် မောင်မောင်ခိုင်တို့ ခမ်းနားစွာ ထိမ်းမြား လက်ထပ်ခဲ့ကြသည်။

မောင်မောင်ခိုင်နှင့် မိမိလေးတို့ ချစ်သမှ သိပ်ချစ်ကြပါ၏။



မောင်မောင်ခိုင် တောဆင်းလျှင် မိမိလေး လွမ်းရသည်။

ယင်းအလုပ်မှ မိမိလေးက ထွက်စေချင်သည်။ ထွက်မည်ဆိုလျှင်လည်း ထွက်ဖို့သင့်တင့်ပါ၏။ မောင်မောင်ခိုင်၏ မိဘတွေက ကျောက်မျက်ရတနာ။ မိမိလေး၏ မိဘတွေက ရွှေ ခန်းထိမ်နှင့် ရတနာဆိုင်။

လုပ်ငန်းချင်း ဆက်စပ်နေသည်။ မောင်မောင်ခိုင် ဝင်ရောက်လုပ်ကိုင်လျှင် အဆင်ပြေသည်။

သို့သော် ...

တောပျော်ကြီး မောင်မောင်ခိုင်က မရ။

ဒီလိုနှင့် ချောကလျာခိုင်လေး မွေးဖွားလာခဲ့တော့သည်။

သမီးလေးကို ချစ်လိုက်ကြသည်မှာ အသည်းတုန်အူတုန်။

သမီးလေးက အမေတူလေးမို့ နို့စို့အရွယ်ထဲက အရမ်းလှ၊ အရမ်းချော။ ထို့ကြောင့် မိမိလေးက သူမ၏သမီးလေးကို ချောကလျာခိုင်ဟု မှည့်ခဲ့သည်။

လိမ္မာသောသူသည် အသက်တိုလေသလား မပြောတတ်။

သမီးလေး တီတီတာတာ သုံးနှစ်အရွယ်တွင် မိမိလေးသည် ကွယ်လွန်သွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ခိုင်အဖို့ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်သဖွယ် လည်သွားခဲ့ပါ၏။

လေလွင့်သော မောင်မောင်ခိုင် ဖြစ်လာရသည်။

ပျဉ်းမနားမှ အဘိုး အဘွားကလည်း မိမိလေး၏ ကိုယ်ပွား သမီးကလေး ချောကလျာခိုင်ကို မခွဲနိုင်။

သမီးလေးကလည်း မွေးကတည်းက အဘိုးအဘွား အိမ်တွင်လည်းကောင်း၊ အဘိုးအဘွား၏ လက်တွင်လည်းကောင်း နေရသည်မို့ မိခင်တိမ်းပါးသွားစေကာမူ မသိတတ်သေးသော အရွယ်မို့ အဘိုးအဘွားလက်မှာပင် ပျော်ရွှင်နေသည်။

ဒီတော့လည်း မောင်မောင်ခိုင်သည် စိတ်ချလက်ချ လွင့်တော့သည်။

တောထဲတွင် ပျော်ပိုက်တော့သည်။

တောထူ တောနက်လေ မောင်မောင်ခိုင် ပျော်လေ ဖြစ်လာသည်။

နောက်အိမ်ထောင်ပြုရန် လုံးဝစိတ်မကူး။

ရုံးချုပ်သို့ သူများမသွားချင်သော နေရာကို မိမိအားပို့ရန် ဗော်လန်ထရီ လုပ်ထားသည်။

"အေး ... ဒီလိုနဲ့ အန်ကယ် မြန်မာပြည်အနှံ့ တောအနှံ့ ရောက်တယ်ကွယ်၊ သမီးလေးခိုင်ကို သိပ်သတိရတဲ့အခါ အရက်နှစ်ဆယ် တစ်လ စသဖြင့် ခွင့်ယူပြီး ပျဉ်းမနားက သမီးလေးဆီ သွားနေလိုက်တာပဲ"

ဤသို့ပင် အချိန်တွေ ကုန်လာသည်။



သက်ဆိုင်ရာရုံးချုပ်မှ ဦးမောင်မောင်ခိုင်အား သစ်တောအရေးပိုင်ရာထူး တိုးမြှင့်ပေးသည်ကိုလည်း ဦးမောင်မောင်ခိုင်လိုလူမျိုး ရှားရှားပါးပါးသည် အရေးပိုင်ရာထူးကို မလိုကြောင်း ငြင်းပယ်သည်။

ရာထူးတက်သွားလျှင် ရုံးထိုင်ရမည်။

ဦးမောင်မောင်ခိုင်က တောထဲမှာပင် ပျော်သည်။

ချောကလျာ ရှစ်တန်းရောက်သည့်နှစ်တွင် ဦးမောင်မောင်ခိုင်အား လားရှိုးသို့ ပို့သည်။

လားရှိုး၏ အရှေ့ဘက်၊ မြောက်ဘက်၊ တောင်ဘက် နယ်စပ်တွေ၌ ကြိုးမဝိုင်းရသေးသော သစ်တောတွေများစွာ ရှိသည်။

အထူးသဖြင့် နယ်စပ်နှင့် နီးကပ်သော သစ်တောများတွင် ကြိုးမဝိုင်းရသေး။

ဤသည်တို့ကို လုပ်သက်ဝါရင့် ဦးမောင်မောင်ခိုင်အား လေ့လာကြိုးဝိုင်းရန် တာဝန်ပို၍ ပေးလိုက်သည်။

လားရှိုး၏ အရှေ့တောင်ယွန်းယွန်း၊ သံလွင်မြစ်ကမ်းတွင် နောင်ဖာမြို့ ရှိသည်။

နောင်ဖာမှ သံလွင်ကိုကူးပြီး အရှေ့ဘက် မြောက်ဘက် တောင်ဘက်တို့ကို ဆက်တက်လျှင် နယ်စပ်နေရာတွေဖြစ်ပါ၏။

တောထူသည်။ တောင်ထူရုံမက မြင့်မားသော တောင်တွေ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေါင်သော၊ ဝေးသော ဒေသသို့ သွားရောက်ရန် ဒေသခံ ခန့်ထားသော တောခေါင်းကို ခေါ်ရသည်။

တောခေါင်းနှင့် မလုံလောက်လျှင် တောကျွမ်းသော လမ်းပြကို အခကြေးငွေပေးပြီး ငှားရသည်။ လားနှင့် မြည်းကို ငှားပြီး ရိက္ခာအစုံ လက်နက်ခဲယမ်းအစုံဖြင့် သွားရသည်။

လမ်းမရှိ။

တောထွင် တောရှင်းပြီး သွားရသည်။

ဦးမောင်မောင်ခိုင် ဤလို ခရီးကြမ်းကြမ်း တောကြမ်းကြမ်း သွားရသည်ကို နှစ်ခြိုက်သည်။

ဤတွင် ...

လုပ်ငန်းသဘောအရ နောင်ဖာတွင် သစ်စက်ထောင်ထားသော ဦးကျော်သောင်းနှင့် ဦးမောင်မောင်ခိုင် ပေါင်းမိသည်။ ရင်းနှီးသော မိတ်ဆွေတွေ ဖြစ်ကြသည်။

"အေး ... အဲဒီ ဦးကျော်သောင်း ဆိုတာက မောင်အောင်ဟိန်းရဲ့ အဖေပဲလေကွာ"

"ဩော် ... ဩော် ... ဒါဆို မိတ်ရင်းဆွေရင်းတွေပဲပေါ့ အန်ကယ်"

"အင်း ... အဲဒီတုန်းကတော့ မိတ်ရင်းဆွေရင်းတွေပဲ။ ဒါပေမဲ့ လူ့မနော လူ့သဘောပေါ့ မောင်ရာ၊ ငွေကြေးအမြောက်အမြားနဲ့ ပတ်သက်လာတော့ အကြီးတူ ရန်သူမျိုး ဖြစ်လာတတ်တာပဲ၊ အန်ကယ် ဆက်ပြောမယ် မောင်အောင်စိုးမိုး၊ ဆေးလိပ်သောက်ချင် သောက်နော်၊ အန်ကယ်လည်း ဆေးတံဖွာလိုက်ဦးမယ်"



အောင်စိုးမိုး စီးကရက် ထုတ်သောက်သည်။

ဦးမောင်မောင်ခိုင်က ဆေးတံမီးညှိပြီး အရသာခံ ဖွာရှိုက်နေသည်။

"အန်ကယ့်အနေနဲ့ တောတက်ဖို့ကိစ္စမှာ ကိုယ့်လက်အောက် အမှုထမ်းအချို့ ခေါ်သွားပေမယ့် အင်အားမပြည့်စုံဘူး။ ဦးကျော်သောင်းလိုလူကို ခေါ်သွားရင် အဆင်ပိုပြေတယ်၊ ဦးကျော်သောင်းဆီမှာ လက်နက်လည်းရှိတယ်၊ ငွေကြေးလည်းတတ်နိုင်တယ်"

"အန်ကယ်တို့ သစ်တောအဖွဲ့ကို သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့တွေ ထည့်ပေးတယ် မဟုတ်လား"

"အင်း ... အဲဒါက ကြိုးဝိုင်းတဲ့ အခါမျိုးမှာ ဆိုပါတော့။ အခုဟာက ကြိုးဝိုင်းသင့် မသင့် သစ်တောတွေကို သွားပြီး လေ့လာဖို့ပဲ၊ နောက်တစ်ချက်က လက်နက်ကိုင်အဖွဲ့ ပါလာရင် သောင်းကျန်းသူနဲ့ တိုက်ပွဲဖြစ်နိုင်တယ်၊ အဲဒီတော့ အန်ကယ်တို့ဟာ တာဝန်နဲ့ အမှုထမ်း အရာထမ်း ပုံစံ မဟုတ်ဘဲ သာမန်အရပ်သားပုံစံနဲ့ သွားကြတာဟာ အသင့်တော်ဆုံးလို့ ဆုံးဖြတ်ပြီး သွားကြတာလေ ...

"အဲ ... ဦးကျော်သောင်းကလည်း တကယ်လို့ ဒီတောထဲမှာ ကျွန်း၊ ပျဉ်းကတိုး စတဲ့ သစ်မျိုးတွေ ရှိခဲ့ရင် သက်ဆိုင်ရာက ချပေးတဲ့ သစ်စက်လုပ်ငန်းနဲ့ ပတ်သက်တဲ့ အပိုင်းမှာ သူ့ကိုဦးစားပေးဖို့ အန်ကယ်က ထောက်ခံတင်ပြပေးရမယ်ဆိုတဲ့ သဘောတူညီချက်နဲ့ အမြတ်ထုတ်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ တောလည်း အမဲလိုက်ချင်တာလည်း ဦးကျော်သောင်းမှာ ပါတာပေါ့လေ"

ယင်းအဖွဲ့ကို ခေါင်းဆောင်သူမှာ ဦးမောင်မောင်ခိုင်ပင် ဖြစ်ပါ၏။ လူတွေသိပ်များလျှင် တောတွင်းလက်နက်ကိုင်တွေနှင့် တွေ့ပါက မသင်္ကာဖြစ်နိုင်သည်ကတစ်ကြောင်း၊ လူများလျှင် ပါးစပ်ပေါက်များပြီး ရိက္ခာအခက်အခဲ ဖြစ်မည်တစ်ကြောင်း စသည့် အကြောင်းများကြောင့် ဦးမောင်မောင်ခိုင်က သူ၏လက်အောက်အမှုထမ်း တောခေါင်းကြီး ဦးဒေါန တစ်ဦးကိုသာ ခေါ်သည်။

လမ်းပြအဖြစ် ဦးမဲ ဆိုသည့်သူကို သူတောင်းသည့်နှုန်းအတိုင်းပေး၍ ခေါ်သည်။

ဦးကျော်သောင်းက တစ်ယောက်တည်း လိုက်ပါသည်။

တောခုတ် တောထွင်အတွက် ကြုံသလို အနီးဆုံးရွာမှ လူများကို ငွေပေး ငှားရမ်းရန် ဆုံးဖြတ်သည်။

တကယ့်အဖွဲ့ဝင် လူရင်းများမှာ ဦးမောင်မောင်ခိုင်၊ ဦးကျော်သောင်း၊ ဦးဒေါနနှင့် ဦးမဲ လေးဦးသာ ဖြစ်ပေသည်။

လားတစ်ကောင် မြည်းတစ်ကောင် အပေါ်တွင် စားနပ်ရိက္ခာ၊ ဆေးဝါး၊ ကျည်ဆံသေတ္တာ၊ အဝတ်အစား၊ ရေချိုး စသည်များတင်သည်။

အဓိကသွားမည့် နေရာမှာ ရင်ကွဲတောင်ခြေသို့ဖြစ်သည်။



ခရီးစဉ်စတင်စဉ်ကတော့ အိမ်ခြေ နှစ်ဆယ် အစိတ်ရှိ ရွာသိမ် ရွာငယ်လေးတွေမှ ယောက်ျားသုံးလေးဦး ငှားပြီး တောခုတ် တောထွင် ဆက်တိုက်သွားကြသည်။

တောဝက်၊ တောကြောင်၊ သမင်၊ ဒရယ်များကို ပစ်ခတ်ပြီး ဟင်းအဖြစ် ကင်စား၊ ဖုတ်စား လုပ်သည်။ ဆန်များ အိုးခွက်များ ပါသဖြင့် စခန်းချရာတွင် ထမင်းချက်စားသည်။

"အဲ ... ရင်ကွဲတောင်ကို လှမ်းမြင်ရတဲ့ နေရာလည်းရောက်ရော ရွာက ကြေးစားလိုက်တဲ့လူတွေက ဘယ်လိုမှ ဆက်ခေါ်လို့ မရတော့ဘူး၊ ရင်ကွဲတောင်ဆီကို သူတို့လုံးဝ မလိုက်ရဲဘူးတဲ့၊ နတ် သိပ်ကြီးတယ်တဲ့၊ သွားတဲ့လူဟာ သေတာပဲတဲ့"

"နတ်ကြီးတယ် ဆိုတာကော အန်ကယ်ရဲ့အမြင် ဘယ်လိုမြင်လဲ အန်ကယ်"

"အင်း ... အဲဒါကတော့ ယုံရအခက် မယုံရအခက်ပဲ မောင်အောင်စိုးမိုးရေ၊ တောအင်မတန်ထူထပ်လာရင် နေ့ဘက်မှာတော့ ဒီလောက် မဟုတ်ဘူး၊ ညပိုင်းကျရင် ချောက်ချောက်ချားချားတွေ ဖြစ်တာ လက်တွေ့ကြုံရတယ်၊ ဝေါလဲတဲ့ အသံမျိုးကြီးတွေ၊ လျှင်လျှပ်သလို မြေကို တုန်ဟီးသွားတာတွေ၊ သစ်ပင်မလှုပ်ဘဲ မုန်တိုင်းကျတဲ့ အသံမျိုးတွေ ကြားရတယ်"

"ဒါပေမဲ့ အဲဒါတွေကို သိပ္ပံနည်းနဲ့ တွေးကြည့်ရင် တစ်မျိုးတွက်လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လို တွက်လို့ရတာလဲ အန်ကယ်”

“အိုးတစ်လုံးရဲ့အဝကို မျက်နှာတေ့ပြီး ဖြည်းဖြည်းပဲအော်ကြည့်၊ အသံကတော့ ဟိန်းထွက်ပြီး လှိုင်းသံထွက်လာမှာပဲ၊ ပတ်လည်မှာ တောင်မြင့်ကြီးတွေက ဝိုင်းနေတယ်။ တောကလည်း နေ့ခင်းမွန်းတည့်မှာတောင် နေပြောက်မထိုးနိုင်အောင် ထူပြောတယ်၊ တိတ်ဆိတ်တဲ့ ညပိုင်းလည်းဖြစ်တယ်ဆိုတော့ ခန္ဓာကိုယ် အင်မတန်ကြီးမားလေးပင်တဲ့ ဆင်အုပ်မျိုး၊ ပြောင်အုပ်မျိုး မနီးမဝေးက ဖြတ်သွားရင် ဝေါ … ဝေါ ဆိုတဲ့ အသံတွေ ဟိန်းထွက်မယ်၊ လျှင်လျှပ်သလို မြေကြီးတုန်မယ်၊ ဆင်အုပ်က သစ်ပင် ဝါးပင်တွေကိုချိုးဖဲ့နင်းချေသံဟာ မုန်တိုင်းတိုက်သံတွေမျိုးလည်း ထွက်လာနိုင်တယ်ပေါ့၊ တကယ်လို့သာ ကွင်းပြင်ကြီးထဲမှာဆိုရင် ဒီလိုဟိန်းနေတဲ့ အသံတွေ ဖြစ်ချင်မှဖြစ်မယ်”

“ကျွန်တော်လည်း အဲဒီလိုပဲ ထင်တာပဲ”

“အေး … ရွာသားတွေ ပြန်သွားတော့ ဦးမဲကပဲ လမ်းပြအဖြစ် ရင်ကွဲတောင်ဆီကို ခရီးဆက်တယ်”

“အန်ကယ်ကတော့ ကွန်ပတ်(စ်)အိမ်မြှောင်ကိုပဲ ကြည့်ပြီး အန်ကယ်တို့ဟာ အရှေ့ဘက်စူးစူးကို သွားနေကြတာပဲလို့ပဲ အမှတ်အသား ပြုထားတယ်၊ သစ်ပင်ကြီးတွေက အပင်တွေစိပ်ပြီး သစ်ကိုင်းသစ်ရွက်တွေက အုပ်ဖားနေတော့ နေဘယ်ကထွက်ပြီး ဘယ်ဘက်ဝင်တယ် ဆိုတာတောင် မသဲကွဲဘူး၊ ကွန်ပတ်(စ်)အိမ်မြှောက်သာ ပါမသွားရင်



အရှေ့အနောက် တောင်မြောက်ကိုတောင် မခွဲခြားနိုင်အောင် တောကထူတယ်”

“ဒါဆို သစ်ပင်တွေက အန်ကယ်တို့ သစ်တောဌာနက လိုလားတဲ့ ကျွန်းပင်၊ ပျဉ်းကတိုးပင်တွေလား အန်ကယ်”

“ဘာဟုတ်လိမ့်မလဲ၊ အင်ကညင်တချို့နဲ့ တောသစ်အညံ့စား အပင်တွေချည်းပဲ၊ တောကတော့ ထူပါရဲ့၊ နက်ပါရဲ့၊ သစ်ပင်တွေကျတော့ ခုတ်လှဲပြီး သယ်ယူဖို့ စရိတ်ရှုံးမယ့် သစ်မျိုးတွေပဲ ရှိနေတယ် …

“အန်ကယ်ရော ဦးကျော်သောင်းကရော ဒီလောက်တောနက်တဲ့ ခရီးပေါက်မှတော့ မထူးတော့ဘူး၊ ရင်ကွဲတောင်ခြေရောက်အောင် သွားမယ်ဆိုပြီး ရှေ့ကို တိုးကြတာ၊ တဖြည်းဖြည်း ရင်ကွဲတောင်ခြေကို နီးလာတယ်၊ နောက်ဆုံးညလို့ပဲ ပြောပါတော့လေ၊ အဲဒီညမှာ အန်ကယ်တို့ စခန်းချရင်း ချက်ပြုတ်စားကြတယ်၊ ညဘက်ကျတော့ ထုံးစံအတိုင်း ထင်းမီးဖိုကြီး ဖိုကြတာပေါ့၊ မီးပုံအားကောင်းမှ တောကောင်ကြီးတွေ ရုတ်တရက်ဝင်မလာနိုင်မှာကိုး။ အဲဒီညမှာ အန်ကယ်တို့ အထူးအဆန်းတွေ့ရတာပဲ မောင်ရင်”

“ဘယ်လို အထူးအဆန်းလဲ အန်ကယ်”

“ရင်ကွဲတောင်ကြီးဟာ ဆလိုက်မီးထိုးသလို လင်းနေတာကို တွေ့ရတာ”

“အန်ကယ်တို့ ဖိုထားတဲ့ မီးဖိုအလင်းရောင် သွားဟပ်တာနေမှာပေါ့ အန်ကယ်”

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်မောင်ခိုင်က ဦးခေါင်းခါသည်။

"မီးပုံက မီးရောင်ဟာ ရင်ကွဲတောင်ကြီး ဆလိုက်ထိုးထား သလို ဘယ်တော့မှ မလင်းဘူး၊ ကြားထဲမှာ သစ်ပင်တွေ ခံနေတယ်၊ အန်ကယ်တို့ ဖိုထားတဲ့ မီးပုံက အနီးမှာရှိတဲ့ သစ်ပင်ထိပ်ဖျား အထိတောင် အလင်းရောင်မပေးနိုင်ဘူး ရင်ကွဲတောင်က အတော်အသင့် ဝေးသေးတယ်၊ မီးပုံ အလင်းရောင် သူ့ဆီ ဘယ်လိုမှ မရောက်နိုင်ဘူး၊ အန်ကယ် နဲ့ ဦးကျော်သောင်းကတော့ ဘယ်လိုပါလိမ့်လို့ အံ့ဩတာ ပေါ့၊ ဦးဒေါနနဲ့ လမ်းပြ ဦးမဲ ကတော့ ...

"ဒါကြောင့် ပြောတာပေါ့၊ ရင်ကွဲတောင်ဟာ အင်မ တန် နတ်ကြီးတယ်လို့၊ အဲဒီတောင်ကြီး လင်းနေတာဟာ ရင်ကွဲတောင်ကို ကာကွယ်စောင့်ရှောက်နေတဲ့ နတ်တွေ ဖန်ဆင်းပြတာ ...

"စသဖြင့်ပေါ့ကွာ၊ သူတို့စိတ်ထဲ ယုံကြည်တဲ့အတိုင်း ပြောပြီး လက်အုပ်ချီ တောင်းပန်တိုးလျှိုး ရှိခိုးကြတာပေါ့ ...

"ဒီလိုနဲ့ပဲ ညဥ့်နက်လာတော့ ကင်းအလှည့်ထားပြီး ရွက်ဖျင်တဲထဲမှာ အိပ်ကြတယ် ...

"အိပ်ပျော်သွားတုန်းမှာပဲ ကင်းစောင့်တဲ့ ဦးဒေါန အော်သံကြီးဟိန်းထွက်လာလို့ ကမန်းကတန်း ထကြတယ် ...

"ဆင်တွေ ဆင်တွေ တစ်အုပ်ကြီးပဲ၊ ဟိုမှာလာနေ ပြီ လာနေပြီလို့ ဦးဒေါန အော်တယ် ...



"အမှန်လည်း ဆင်အုပ်ကြီးဟာ အန်ကယ်တို့ မီးပုံ ရှိရာစခန်းကို လာနေကြတာကို တွေ့ရတယ် ...

"အန်ကယ်လည်း ပြေးမိပြေးရာ ထွက်ပြေးရတာ ပေါ့၊ အန်ကယ် ဇွတ်ပြေးတဲ့လမ်းကြောင်းက ရင်ကွဲတောင် ဆီကို တည့်တည့်ပြေးတာလေ၊ ပြေးရင်း လွှားရင်းနဲ့ပဲ အရှင်လတ်လတ်မြေမြှုပ်လိုက်သလား ထင်ရအောင် အန်ကယ် တွင်းကြီးတစ်ခုထဲ လိမ့်ကျသွားတယ် ...

"အန်ကယ့်နောက်က ဦးကျော်သောင်းကလည်း ပြေးလိုက်လာတာဆိုတော့ ဦးကျော်သောင်းလည်း တွင်း ကြီးထဲ ထပ်ကျပြန်ရော ...

"အံ့ဩဖို့ ကောင်းတာက ညကြီးသန်းခေါင်မှာ တွင်းကြီးထဲကျသွားတဲ့ အန်ကယ်နဲ့ ဦးကျော်သောင်းဟာ တစ်ယောက်ကိုတစ်ယောက် ထင်ထင်လင်းလင်း မြင်နေရ တယ်"

"အဆန်းပဲနော် အန်ကယ်"

"မဆန်းနဲ့ မောင်အောင်စိုးမိုးရေ၊ အန်ကယ်တို့ ကျသွားတဲ့ တွင်းက စိန်တွင်းလေ၊ စိန်တွင်းကြီးကွယ့်"

"ဗျာ ... စိန်တွင်း ဟုတ်လား"

"နေဦး ... အန်ကယ် ပြောပြရတာ ခံတွင်းတွေ့လွန်းလို့ ဆက်ပြောပြမယ်၊ ပြောရင်းနဲ့ မောင်ရင် ပိုပြီးသဘောပေါက် လိပ်ပတ်လည်လာမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို တွင်းကြီးထဲမှာ အန်ကယ်နဲ့ ဦးကျော်သောင်း တစ်ယောက်ကိုတစ်ယောက် မီးရောင်အောက်မှာ မြင်သလို မြင်နေရာက တဖြည်းဖြည်း မှောင်ကျသွားပြီး အနီးကပ် နေတဲ့ တစ်ယောက်ကိုတစ်ယောက် မမြင်ရတော့ဘူးကွယ်၊ အိမ်မှာ လျှပ်စစ်မီးထွန်းထားရာက ဖြုတ်ခနဲ မီးပျက်မီးမှောင် သလို မှောင်သွားတယ်၊ ရင်ကွဲတောင်ကြီးကိုလည်း မမြင်ရ တော့ဘူး၊ ရင်ကွဲတောင်ကြီးလည်း မှောင်သွားပါလေရော"

အောင်စိုးမိုး အံ့ဩရပါ၏။

အံ့ဩစွာနှင့် ကြည့်နေစဉ်မှာပင် ဦးမောင်မောင်ခိုင် သည် လက်တွေ့တစ်ခု ပြသလေသည်။

"သမီး ခိုင်၊ ဒီအခန်းက မီးချောင်းခလုတ် ပိတ်ပေးစမ်း"

ခိုင်က ထ၍ ခလုတ်ပိတ်သည်။

အခန်းမှာ မှောင်သွားပါ၏။

ချက်ချင်းပင် ဦးမောင်မောင်ခိုင်က စားပွဲပေါ်တွင် ရှိနေသော ဝပ်(၄၀)အား တပ်ထားသည့် စားပွဲတင်မီးအိမ်ကို ဖွင့်လိုက်သည်။

မီးပွင့်သွားသော စားပွဲတင်မီးအိမ်မှ စလောင်းအုပ် ကို တခြားဘက်သို့ လှည့်လိုက်သဖြင့် စားပွဲတွင် မီးအလင်းရောင် ဆန့်ကျင်ဘက် ကျသွားသည်။ ဟိုတစ်ဖက်တွင် စလောင်းအုပ် အစုံးအတိုင်း မီးလင်းနေသည့် အရောင်ဖြင့် ...

"ဒီမှာကြည့် မောင်ရင်၊ စောစောက မောင်ရင်က ကျောက်ခဲ တစ်လုံးပဲလို့ ပြောတဲ့ဟာကို သေချာပြန်ကြည့်စမ်း"



အောင်စိုးမိုး ကြည့်လိုက်သည်။

ဟုတ်ပါ့ ...

ကျောက်ခဲမှာ အလင်းရောင် ထွက်နေသည်။ အနီး ကပ်ဆုံးပြောရလျှင် နို့နှစ်ရောင် (၅)တိုင်ဝပ်အားရှိသော မီးလုံး လေး လင်းသလို လင်းနေခြင်းဖြစ်သည်။

"တွေ့တယ် မဟုတ်လား"

"တွေ့ပါတယ် အန်ကယ်"

"အဲဒါ စိန်ရဲ့အာနိသင်ပဲ မောင်အောင်စိုးမိုး။ သူ့ချည်းပဲ မှောင်ထဲမှာ စိန်ဟာ အလင်းရောင် မထွက်ဘူး။ အေး ... ဘေးက မီးရောင်ပျပျလေးဖြစ်ဖြစ် သူ့အပေါ်ကျရောက် တာနဲ့ သူ့ဆီက ရောင်ပြန်ဟာ ပြန့်ဟပ်တော့တာပဲ"

အောင်စိုးမိုးက ခေါင်းညိတ်သည်။

"သဘောက အဲဒါပဲ။ တောထဲမှာ အန်ကယ်တို့က မီးပုံ ကြီးဖိုတယ်၊ အဲဒီမီးပုံကြီးရဲ့ အလင်းရောင်ဟာ တွင်းထဲ ကိုရောက်တယ်၊ တွင်းထဲက စိန်ကျောက်တုံးတွေက ပြန် ပြီးအရောင်ဟပ်တာ၊ ရင်ကွဲတောင်ကို ဆလိုက်မီးထိုးသလို ဖြစ်တာပဲ၊ ဆင်အုပ်ကြီးဝင်လာပြီး မီးပုံကို တက်နင်းသလား မသိဘူးပေါ့ကွာ၊ မီးပုံကြီးမီးငြိမ်းသွားတယ်၊ ဒီတော့ တွင်း ထဲမှာကော ရင်ကွဲတောင်ကြီးကော မှောင်ကျသွားတာပဲ"

"အဲဒီစိန်တွင်းကြီးဟာ သဘာဝအတိုင်း တွင်းဖြစ်နေတာ လား၊ ဒါမှမဟုတ် တမင်တူးထားတဲ့ တွင်းလား အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ် အမှန်းအဆ စိတ်အထင်နဲ့ ပြောတာနော်။ ကံသေကံမတော့ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒီရင်ကွဲတောင်ခြေတစ်ဝိုက်မှာ ဆင်အုပ်တွေ ကျက်စားနေတယ်၊ ဒါကြောင့်လည်း ရင်ကွဲတောင်နား ကပ်လာတဲ့လူတိုင်း ဆင်တွေကနင်းသတ် ထိုးသတ်လို့ ပြန်လမ်းမရှိ သေကုန်ကြတာ ဖြစ်နိုင်တယ် ...

"ဒီအထဲမှာ ဆင်ဖမ်းသမားတချို့ ရောက်လာကြမယ်၊ ဆင်တစ်ကိုယ်စာ တွင်းအကျယ်တူးပြီး ဆင်တစ်ရပ်စာ အမြင့်တူးထားတဲ့ တွင်းဖြစ်နိုင်တယ်၊ တွင်းပေါ်မှာ ဆင်နင်းဖို့ သစ်ရွက် သစ်ခက်တွေ အုပ်ထားမယ်။ ဆင်ဖမ်းသမားတွေဟာ ဗဟုသုတနည်းပါးတော့ သူတို့တူးမိတဲ့ ဆင်ထောင်ချောက်တွင်းဟာ စိန်တွင်းဖြစ်နေမှန်း မသိဘူး၊ ဒီနောက်တော့ ဆင်ကိုမိသလား၊ သူတို့ပဲ ဆင်းနင်းခံရပြီး သေကြလေသလား။ ဒါမှမဟုတ် ဆင်ဖမ်းသမားတွေ ညဘက်မီးဖိုရင်း စိန်တွေက အလင်းရောင်ဟပ်လို့ ရင်ကွဲတောင်ကြီး လင်းတာကိုတွေ့ပြီး ရင်ကွဲတောင်ဟာ နတ်ကြီးတယ်၊ ဒီလို ညဘက်ကြီး လင်းနေတာဟာ နတ်ခကြိုက်လို့ အရိပ်လက္ခဏာပြတာပဲဆိုပြီး ပြန်ပြောကြသလား မပြောတတ်ဘူးပေါ့ကွာ၊ ဒီနားတစ်ဝိုက်က လူတွေကနတ်ကြီးတာကို အရိုးစွဲအောင် ယုံကြည်နေကြတာပဲဟာ။ အေး ... ဘာပဲဖြစ်ဖြစ် တွင်းကြီးကတော့ လူတွေတူးခဲ့တဲ့ တွင်းပဲ ဖြစ်ရမယ်၊ သဘာဝတွင်း မဟုတ်နိုင်ဘူး"



"အဲဒီနောက်တော့ကော"

"အန်ကယ်က ဦးကျော်သောင်းကို ပြောပြတယ်၊ ဒီတွင်းဟာ စိန်တွင်းပဲလို့ လက်တွေ့မှာလည်း အိတ်ထဲမှာ အမြဲဆောင်ထားတဲ့ ဂက်(စ်)မီးခြစ်ကိုထုတ်ပြီး ခြစ်ပြတယ်။ တွင်းကြီးရဲ့နံရံက ကျောက်ခဲတချို့ လင်းလာတာကို တွေ့ရတယ်၊ အန်ကယ်ရဲ့အိတ်ထဲမှာ မီးခြစ်ရယ်၊ ကွန်ပတ်(စ်)ရယ်၊ ဆေးတံရယ်၊ ဆေးတံသောက်ဆေး ထည့်ထားတဲ့ သားရေအိတ်လေးရယ်က အမြဲကိုယ်နဲ့မကွာ ပါတာကိုး။ အဲဒီညတော့ အန်ကယ်နဲ့ ဦးကျော်သောင်းဟာ တွင်းထဲမှာပဲ မိုးလင်းတဲ့အထိ နေကြတယ်၊ အပေါ်ကို မတက်နိုင်ထာကော ...

အပေါ်ရောက်ရင် ဆင်အုပ်နဲ့ ထပ်တွေ့မှာကော ကြောင့် မတက်တော့ဘူး ...

"အဲ ... မိုးလင်းတော့ ဦးဒေါနနဲ့ ဦးမဲတို့ အော်ခေါ်သံ ကြားရတယ်၊ တွင်းထဲကနေပြီး အသံပြန်ပေးတော့ ဦးဒေါနနဲ့ ဦးမဲ ရောက်လာပြီး ကြိုးတွေချပေးတယ် ...

"အန်ကယ်ကပဲ ဦးဒေါနနဲ့ ဦးမဲကို ကြိုးနဲ့ဆင်းလာခဲ့ဖို့ ခေါ်တယ်၊ နောက်ပြီး ဒီနံရံကကျောက်တွေကို နိုင်သလောက် ဖဲ့ယူသွား၊ ကျောက်တွေထဲမှာ စိန်တွေရှိတယ်လို့ ပြောပြတယ် ...

"ဦးဒေါနနဲ့ ဦးမဲက ကျောက်တွေထဲမှာ စိန်တွေပါတယ်ဆိုတာ သိပ်မယုံကြဘူး၊ ဟုတ်လိုဟုတ်ငြား ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောလောက်နဲ့ သူတို့အိတ်ထဲ ဝင်သလောက် ထည့်ယူကြတယ်၊ အန်ကယ်နဲ့ ဦးကျော်သောင်းကတော့ တူရွင်းနဲ့ တူးပြီး ကျော်ပိုးအိတ်ထဲ ထည့်ယူခဲ့တယ် ...

"အဲ ... အပေါ်ပြန်ရောက်လို့ ကြည့်လိုက်တော့ ဆင်တွေနင်းသွားတာ စခန်းတစ်ခုလုံး မွမွကျဲနေတာပဲ၊ လားနဲ့မြည်းလည်း ဘယ်ထွက်ပြေးမှန်း မသိတော့ဘူး ...

"ဒီတော့ ဒီကနေပဲ ပြန်ကြဖို့ ဆုံးဖြတ်တယ်၊ အန်ကယ်က စက္ကူပေါ်မှာ ရင်ကွဲတောင်ရဲ့မြေပုံအညွှန်းကို လာလမ်းအတိုင်း နောက်ဆုံးရောက်တဲ့အထိ ဘော(လ်)ပင်နဲ့ဆွဲတယ် ...

"ဆွဲပြီးတဲ့နောက် မြေပုံစက္ကူကို လေးခေါက်ချိုးပြီး လေးပိုင်းဆုတ်တယ်၊ တစ်ပိုင်းစီလေးယောက်ဝေယူတယ်၊ နောက်တစ်ခေါက် လေးယောက်ပြန်စုပြီး လာဖို့ သဘောတူကြတယ်"

"ပြန်လာကြမယ်သာ ပြောတာ၊ အခု ပြန်ကြဖို့အတွက်တောင် ဘယ်လမ်းက ဘယ်လိုပြန်ကြရမယ်ဆိုတာ မမှတ်မိဘူး"

"ဦးမဲက လမ်းပြပဲမဟုတ်လား"

"လမ်းပြကိုယ်တိုင်က လမ်းပျောက်နေတယ်လေ၊ ဘယ်နေရာကိုကြည့်ကြည့် တောထဲမှာ တစ်နေရာနဲ့ တစ်နေရာဟာ တူနေတယ်၊ ဘယ်ကိုကြည့်ကြည့် သစ်ပင်ကြီးတွေပဲ ဝိုင်းနေတယ် ...



"နောက်ဆုံးကျတော့ လမ်းပြ ဦးမဲကိုယ်တိုင် လက်လျှော့ရတယ်၊ ဒီတော့ အန်ကယ်က ကွန်ပတ်(စ်)အားကိုးနဲ့ လာတုန်းက အရှေ့စူးစူးကို ညွှန်ပြထားတော့ အပြန်မှာ အနောက်စူးစူးကိုသာ အဆက်မပြတ်သွားရင် သံလွင်မြစ်ဆီတော့ ပြန်ရောက်မှာလဲလို့ တွက်တယ် ...

"သေနတ်တွေနဲ့ ကျည်ဆံတွေကိုတော့ လူစေ့ကိုင်တွယ်ရတယ်၊ ရိက္ခာမပါတာက လမ်းမှာ အမဲပစ်ပြီးစားသွားရင်ရတယ်၊ စားကောင်းတဲ့ အသီးအရွက်တွေကိုစားရင်ရတယ်၊ တောကောင်ကြီးတွေနဲ့ ပက်ပင်းတိုးရင် သေနတ်မပါလို့ မဖြစ်ဘူး၊ ဒီတော့ ဆင်တွေနင်းသွားတဲ့ ဆန်တွေကိုလည်း မသယ်ဘူး၊ အဓိက ဆားရယ်၊ ရေဘူးတွေရယ်၊ ဆေးဝါးသေတ္တာရယ်ပဲ ယူခဲ့ကြတယ်၊ ဆေးဝါးသေတ္တာတို့ ကျည်ဆံတို့ကို ဦးဒေါနတစ်လှည့်၊ ဦးမဲတစ်လှည့် သယ်ခဲ့တယ် ...

"ဦးမဲကိုယ်တိုင် လမ်းကို စမ်းတဝါးဝါးဖြစ်နေတယ်၊ အလာတုန်းက တောခုတ်တောထွင် လမ်းကိုရှာပေမယ့် မရဘူး၊ ရှာရင်းနဲ့ပဲ လမ်းဟာ မှားသည်ထက်မှားလာတယ်၊ အလာတုန်းက လေးရက်ခရီးဟာ အပြန်မှာ လေးရက်ကြာတဲ့အထိ တောထဲမှာပဲ တဝဲလည်လည်ဖြစ်နေတယ် ...

"နောက်ဆုံး အန်ကယ်ကပဲ ကွန်ပတ်(စ်)ကိုကြည့်ပြီး အနောက်စူးစူးကို ဦးတည်ထွက်လာတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျားနဲ့တွေ့တယ်၊ ပစ်နိုင်ခဲ့တယ်၊ ဆင်နဲ့တွေ့တယ်၊ ကိုယ်လွတ်ပြေးကြတယ်၊ ဒီတော့ ဆေးဝါးသေတ္တာ၊ ကျည်ဆံသေတ္တာလွယ်ထားတဲ့ ဦးဒေါနနဲ့ ဦးမဲက အိတ်ထဲမှာထည့်လာတဲ့ ကျောက်ခဲတွေက လေးလှတယ်ဆိုပြီး တချို့ကို လွှင့်ပစ်လိုက်တယ်၊ စိတ်လျှော့လိုက်တာပေါ့လေ၊ နဂိုကတည်းကလည်း စိန်ဟုတ်ပါတယ် ဆိုတာ ယုံမှမယုံတာ၊ မလိုလည်းလိုလည်း အိတ်ထဲမှာ နှစ်ခဲ၊ သုံးခဲစီလောက်ပဲ ထားကြတော့တယ် ...

"နောက်ထပ် သုံးရက်မြောက်တဲ့နေ့ကျမှ သံလွင်မြစ်ကို ရောက်လာကြတယ်၊ နောင်ဖာမြို့ရဲ့အထက် မြောက်ဘက် မိုင်နှစ်ဆယ်လောက်အကွာကိုရောက်လာကြတာလေ၊ ဘယ်လောက်ထိ လမ်းမှားလာလဲဆိုတာ ကြည့်ပေတော့၊ တိုတိုပြောရရင် ဦးကျော်သောင်းက သူ့မြို့ နောင်ဖာမှာပဲ နေခဲ့တယ်၊ လမ်းပြ ဦးမဲလည်း သူ့ရွာသူ ပြန်တယ်၊ အန်ကယ်နဲ့ ဦးဒေါနပဲ လားရှိုးကိုပြန်လာတယ် ...

"အန်ကယ် အထက်ရုံးကို အစီရင်ခံစာတစ်စောင် တင်တယ်၊ လားရှိုးအရှေ့ဘက် မြောက်ဘက် တောင်ဘက် နယ်စပ်အထိ ပေါက်နေတဲ့ သစ်ပင်တွေဟာ သစ်ရိုင်းတွေသာဖြစ်တယ်၊ သံလွင်မြစ်ကိုရောက်တဲ့အထိ သယ်ယူခ အလွန်စရိတ်ကြီးမယ်ဆိုတဲ့ အချက်တွေပေါ့လေ ...

"အဲဒီနောက် အန်ကယ် ခွင့်နှစ်ပတ်ယူပြီး မိုးကုတ်ကိုပြန်တယ်၊ မိဘတွေရဲ့ အဆက်အနွယ် တကယ်တွင်းထွက်



နားလည်တဲ့ ကျောက်သွေးပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ သယ်လာတဲ့ကျောက်တွေကို ခွဲစိတ်သွေးလိုက်တာ စိန် ... စိန် ... စိန်ဆိုမှ စိန်တွေ ထွက်လာတာပဲ မောင်ရာ၊ အဲဒီစိန်တွေကို အဲဒီတုန်းက ကာလပေါက်ဈေးနဲ့ ထုခွဲပြီး အန်ကယ် ရုံးကအလုပ်ထွက်တယ်၊ ရန်ကုန်မှာ အခြေစိုက်မယ်ဆိုပြီး ဟောဒီခြံကြီးကိုဝယ်ပြီး ဒီတိုက်ကိုဆောက်တယ်။ သစ်စက်နှစ်စက်နဲ့ ဆန်စက်တည်ထောင်ပြီး အခြေခံစီးပွားရေးလုပ်ငန်း ရင်းထားလိုက်တယ် ...

ဒီစက်တွေ တည်တာရယ်၊ ဒီတိုက်အိမ် ဆောက်တာရယ် တစ်နှစ်ကျော်ကြာတယ်၊ ဒီအတွင်းမှာ သမီးလေးခိုင်ရှိတဲ့ ပျဉ်းမနားကို သွားလိုက် ပြန်လိုက် လုပ်နေသေးတယ်"

"အန်ကယ်တို့ လေးယောက်ပြန်စုပြီး စိန်တွင်းကြီး ရှိတဲ့ဆီကိုသွားဖို့ မစိုင်းပြင်ဘူးလား"

"လောလောဆယ် မစိုင်းပြင်နိုင်ခဲ့ဘူး၊ ပြန်ပြီးနောက်တစ်ခေါက်သွားဖို့ဆိုတာက အန္တရာယ်သိပ်များတဲ့ကိစ္စမဟုတ်လား၊ ဒီတော့ သမီးလေးခိုင်အတွက် ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းတွေ အရှိန်ရလာမှ နောက်ထပ် ရင်ကွဲတောင်ဆီ လေးယောက်ပြန်စုပြီး သွားမယ်လို့ ယာယီဆုံးဖြတ်ထားတယ်၊ တကယ်လို့ လမ်းခရီးမှာ အန်ကယ် သေကြေပျက်စီးသွားလည်း သမီးလေးခိုင်အတွက် အခြေခိုင်ခိုင်မာမာ ကျန်ခဲ့မယ် ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်စိုးမိုး ယုံမလား၊ တွင်းထွက်ပစ္စည်းတစ်ခုခုဟာ သိပ်အဖိုးထိုက်တန်လာရင် ပိုင်ရှင်ကို ခိုက်တယ်ဆိုတဲ့အယူအဆကိုလေ"

"အဲဒီလိုတော့ ခဏခဏ ကြားဖူးပါတယ်. အန်ကယ်၊ ကိုယ်တွေ့မဖြစ်တာမို့ ယုံတစ်ဝက်၊ မယုံတစ်ဝက်ပါ"

"မယုံမရှိနဲ့၊ ဟောဒီခြေတစ်ဖက်ဖြတ်ပစ်ရတာ လက်တွေ့။ နောက်တစ်ချက်က လူတစ်ယောက်ဟာ စီးပွားတစ်ရှိန်ထိုးတက်လာပြီဆိုရင် အန္တရာယ်တစ်ခုခုဖြစ်တတ်တယ်လို့လည်း ဆိုကြတယ်မဟုတ်လား၊ ဒါလည်း မယုံမရှိနဲ့၊ ကုသိုလ်နဲ့ အကုသိုလ်ဟာ ဒွန်တွဲတတ်စမြဲ အကောင်းရှိရင် အဆိုးရှိစမြဲပေါ့"

"အန်ကယ့်ခြေထောက်ဖြတ်ရတာကကော"

"အန်ကယ့်မှာ ဇာတွေ အရမ်းကပ်နေတယ်လေ၊ ရန်ကုန်က တည်ဆောက်နေတဲ့စက်ကိစ္စ၊ အိမ်ကိစ္စကော၊ ပျဉ်းမနားက သမီးခိုင့်ဆီ ကူးလိုက် သန်းလိုက် သွားချင်တာကော၊ ပျဉ်းမနားနဲ့ တောင်ငူက သစ်တွေဝယ်ပြီး ရန်ကုန်မှာ သစ်ခွဲဖို့ သစ်ရောင်းဖို့တွေကော ကျူးလုပ်နေတာ၊ တစ်နေ့ ပျဉ်းမနားကအပြန် ဒိုက်ဦးနားမှာ ကားမှောက်တယ်၊ မော်တော်ကား ဘော်ဒီက ခြေထောက်တစ်ဖက်ပေါ် ပိတယ်၊ ဒူးအောက် ခြေသလုံးရိုးဟာ စိစိညက်ညက်ကြေသွားတော့ ခြေဖြတ်ပစ်လိုက်ရတယ်"

"ဖြစ်ရလေ အန်ကယ်ရယ်"



"ဒါပေါ့ စိန်တွေက ခိုက်တယ်ပြောလည်းရတယ်၊ စီးပွားအရမ်းတက်လို့ အကုသိုလ်ကံကလည်း ချိန်ခွင်အလေးညီဒုက္ခတစ်ခုပေးလိုက်တယ်လို့ ဆိုရင်လည်းရတာပဲ …

"ဒီလိုနဲ့ ဒုက္ခိတခြေကျိုးကို ကုသနေရပြန်တယ်၊ အဲဒီနောက် သမီးလေးခိုင့်ကို ပြန်မခေါ်ခင် နောင်ဖာက ဦးကျော်သောင်း သူ့သား အောင်ဟိန်း အန်ကယ့်ဆီရောက်လာတယ်၊ သူတို့ကလည်း စိန်တွေရခဲ့တာကိုး၊ နောင်ဖာက သစ်စက်ကိုရောင်းပြီး စိန်ကရတဲ့ ငွေတွေနဲ့ ရန်ကုန်မှာပဲလာပြီးအခြေချတယ် …

"အဲဒါ အန်ကယ်နဲ့ နောက်တစ်ခေါက် ရင်ကွဲတောင်ကို သွားကြဖို့ ဦးကျော်သောင်းသားအဖ လာညှိတယ်၊ အန်ကယ်က ဒုက္ခိတဖြစ်နေပြီဆိုတော့ ထပ်သွားဖို့ မလွယ်ဘူး၊ နောက်ပြီး သမီးခိုင်ကိုလည်း ဆယ်တန်းအောင်တာနဲ့ ရန်ကုန်တက္ကသိုလ်ကူးဖို့တွေ ရှိနေသေးတာကို အန်ကယ်ပြောပြတယ် …

"ဒီတော့ ဦးကျော်သောင်းက အန်ကယ့်ဆီက မြေပုံပိုင်းရောင်းပါတဲ့၊ ကြိုက်ဈေးပေးပါ့မယ်တဲ့ …

"အန်ကယ်က မရောင်းနိုင်တဲ့အကြောင်း ပြောလိုက်တယ်၊ ဒါဆိုရင် မြေပုံကို ပေးလိုက်ပါတဲ့၊ ဦးကျော်သောင်းက သူ့သားနဲ့အတူ ရင်ကွဲတောင်ကို သွားမယ်တဲ့၊ ရရှိတဲ့အကျိုးအမြတ်ကို ထက်ဝက်ပေးပါ့မယ်တဲ့၊ ဒါလည်း အန်ကယ်က ငြင်းဆိုလိုက်တယ်" …

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်က ပြန်မေးတယ်၊ မြေပုံနှစ်ပိုင်းဆက်ရဲ့နဲ့ ခရီးလမ်း ဘယ်ပေါ်လွင်မလဲဆိုတော့ ဦးကျော်သောင်းက သူ ဦးဒေါ်နနဲ့ ဦးမဲဆီကိုသွားပြီးပြီတဲ့၊ ဒါပေမဲ့ ဦးဒေါ်နလည်း လားရှိုးမှာမရှိတော့ဘူးတဲ့၊ ဦးမဲလဲ သူ့ရွာမှာမရှိတော့ဘူးတဲ့၊ အန်ကယ့်ဆီက မြေပုံကို သူရရင် ဦးဒေါ်နနဲ့ ဦးမဲကို တွေ့အောင်ရှာပြီး မြေပုံပိုင်းကို ဝယ်ယူမယ်တဲ့၊ ဦးဒေါ်နနဲ့ ဦးမဲဟာ ရင်ကွဲတောင်ကို သူတို့ထပ်ပြီးသွားနိုင်ဖို့ ငွေအင်အားမရှိတာမို့ အပြုတ်ရောင်းမှာသေချာတယ်တဲ့၊ ခက်နေတာက လှချမ်းသာဖြစ်နေတဲ့ အန်ကယ့်ဆီက မြေပုံရဖို့ပဲ ခက်နေတာပါတဲ့ ...

"ဘယ်လောက်ပေးပေး အန်ကယ်က မရောင်းဘူး မောင်အောင်စိုးမိုး၊ အန်ကယ်ဟာ တစ်နေ့နေ့ ရင်ကွဲတောင်က စိန်တွင်းဆီကို ရောက်အောင်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက် ပြင်းပြင်းထန်ထန်ရှိထားတယ် ...

"ဦးကျော်သောင်းတော့ အားကိုးစရာ သားအောင်ဟိန်းရှိနေတော့ ရင်ကွဲတောင်သွားနိုင်ဖို့ ပိုပြီး နီးစပ်တာပေါ့လေ၊ အန်ကယ်အဖို့ မျှော်လင့်ထားတာက သမီးခိုင်နဲ့လက်ထပ်မယ့် လူတော်လူကောင်းသမက်ကိုပဲ သားအစားမျှော်လင့်ရင်းစောင့်နေရတာပဲ၊ ဒါပေမဲ့ သွေးအေးအေးနဲ့စောင့်နေတာပါ၊ ဦးဒေါ်နရဲ့ မြေပုံပိုင်းနဲ့ ဦးမဲရဲ့ မြေပုံပိုင်းကို ဘယ်ရောက်လို့ ဘယ်မှာရှာရမှန်းမှ မသိတာ"



"ဖေဖေ မောနေပြီ၊ ကျန်တာကို ခိုင် ဆက်ပြောမယ်၊ ဖေဖေ ခဏအမောဖြေနားပါဦး၊ ပြီးမှ ဆက်ပြောပေါ့ ဖေဖေ"

ချောကလျာခိုင်က ဆက်ပြေပြပါ၏။

"လွန်ခဲ့တဲ့နှစ်ပတ်က အိမ်ကို လူရွယ်တစ်ယောက်ရောက်လာတယ်၊ ဦးမဲသားလို့ပြောတယ်၊ သူ့အဖေ ဦးမဲကတော့ ကွယ်လွန်သွားပြီ၊ မကွယ်လွန်မီက မြေပုံအပိုင်းတစ်ခုသားကိုပေးပြီး သစ်တောဝန်ထောက်ဟောင်း ဦးမောင်မောင်ခိုင်နဲ့ သွားတွေ့ပါ၊ ဒါမှမဟုတ် နောင်ဖာက ဦးကျော်သောင်းကို သွားတွေ့ပါ၊ ဒီမြေပုံပြပြီး သူတို့နဲ့အတူ ရင်ကွဲတောင်ကို ခေါ်သွားမယ်ဆိုလည်း လိုက်သွားပါ၊ တကယ်လို့ မလိုက်ချင်လည်း အနည်းဆုံး ငွေငါးသောင်းနဲ့ မြေပုံကို ရောင်းပြီး ရင်းနှီးစားပါလို့ မှာခဲ့တယ်တဲ့ ...

"ဖေဖေက ကောင်းပြီ၊ မြေပုံကိုပြ၊ ဟုတ်မှန်ရင် ချက်ချင်း ငွေငါးသောင်းနဲ့ ဝယ်မယ်လို့ပြောတော့ မြေပုံတစ်ပါတည်း မယူခဲ့ဘူး၊ အန္တရာယ်တွေရှိနိုင်လို့တဲ့၊ တကယ်လို့ ဖေဖေက ငွေငါးသောင်းနဲ့ ပေးဝယ်ဖို့ သဘောတူတယ်ဆိုတဲ့ ကတိရရင် ဖလှယ်မယ်လို့ပြောပြီး ပြန်သွားတယ်၊ အဲဒီနောက် အစ်ကိုရတဲ့ စက္ကူပြာလေးတစ်ပိုင်းစာဟာ ခိုင်တို့ဆီရောက်လာတာပဲ၊ ဖေဖေကိုယ်တိုင် မသွားနိုင်လို့ ခိုင်သွားရတာ အစ်ကို၊ သူလာတဲ့နေ့က ခိုင်က ကျောင်းသွားနေလို့ ခိုင့်ကို သူ မမြင်ဖူးသွားဘူး၊ ဖေဖေက သူချိန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာကို သမီးကိုလွှတ်လိုက်မယ်လို့ ပြောလိုက်လို့ သေချာ
အောင် အဝတ်အစား အနက်ဝတ်ခဲ့ပါ၊ နှင်းဆီပန်းပန်ခဲ့ပါ
လို့ စာထဲမှာရေးထည့်တာ”

“ဒါဆို ကိုအောင်ဟိန်းတို့က ဦးမဲမြေပုံကိစ္စ အန်ကယ်နဲ့
ဆက်နွယ်မှန်း ဘယ်လိုသိသလဲ၊ ဒီနေ့ ဒီရက် ဒီအချိန်မှာ
ပန်းဆိုးတန်းဆိပ်ကမ်းမှာ ဖလှယ်မယ့်အကြောင်းကိုကော
ဘယ်လိုသိသလဲ”

အောင်စိုးမိုး၏ မေးခွန်းကို ခိုင် မဖြေတတ်။
ဦးမောင်မောင်ခိုင်က ဝင်ဖြေသည်။

“အဲဒါကို အန်ကယ်လည်း စဉ်းစားရခက်နေတယ်၊ မြေပုံ
ရောင်းတဲ့လူတွေလို သူတို့က ရောင်းပြီး သူတို့က သတင်း
ဆိုင်ရာကို တိတိကျကျ သတင်းပေးတာမျိုး ဖြစ်နေမလားပဲ၊
အဲဒီလိုသတင်းပေးတဲ့အတွက် အောင်ဟိန်းတို့ဆီကလည်း
ထိုက်သင့်သလောက် ပေးသမျှ သူ့မှာ အမြတ်ရမယ်လေ”

“ဒါလည်း ဖြစ်နိုင်တာပဲ”ဟု အောင်စိုးမိုးက ထောက်
ခံပြောလိုက်ပါ၏။

“ကဲ ... ပြီးပြီးသားတွေ ဓားအေးမျိုတ်ထား၊ ဦးမဲ ဆီက
မြေပုံကို အန်ကယ် ထုတ်ပြမယ်၊ အန်ကယ်ကိုယ်တိုင်တော့
ထုတ်ပြီးကြည့်ပြီးသား စစ်ဆေးပြီးသားပဲ၊ ဦးမဲမြေပုံက
အစစ်အမှန်တော့ အစစ်အမှန်မှန်း သေချာတယ်၊ အန်ကယ်
ကိုယ်တိုင် ရေးဆွဲခဲ့တာဆိုတော့ သေချာမှတ်မိတာပေါ့”

တာဒီတ်ညိုထဲမှ မြေပုံအပိုင်းကို တုတ်ယူလိုက်သည်။



ပြီး ဦးမောင်မောင်ခိုင် ကိုယ်ပိုင်ရယူထားသည့်
မြေပုံပိုင်းနှင့် ဆက်စပ်ပြသည်။

စက္ကူအရောင်အသွေး အမျိုးအစားတူရုံက ဆုတ်ဖြဲ
ရများကို ဆက်သည့်အရာလေးများပါ ဆက်စပ်ကိုက်ညီနေသည်။

ဦးမောင်မောင်ခိုင်က ၎င်းမြေပုံအပိုင်းနှစ်ခုကို ဆယ်
လိုတိတ်(ပ်)အကြည်ရောင်ဖြင့် ကျောပိုင်းမှ သေသေသပ်သပ်
ကပ်လိုက်သည်။

“အခု အန်ကယ့်မှာ မြေပုံနှစ်ပိုင်းရထားပြီ၊ ဦးကျော်သောင်း
ဆီမှာရှိတဲ့အပိုင်းနဲ့ဆိုရင် သုံးပိုင်းဖြစ်သွားပြီ၊ တကယ်တမ်း
ရင်ကွဲတောင်ကို အန်ကယ်ပါ လိုက်မယ်ဆိုရင် ဦးကျော်
သောင်းက သူ့မြေပုံပေးမှာပဲ၊ အဲ ... ဦးဒေါနဆီက မြေပုံ
ထပ်ရှာနိုင်ရင် ပြည့်စုံသွားပြီ”

“မြေပုံပြည့်စုံသွားရင် အန်ကယ်က ရင်ကွဲတောင်ကို ပြန်
သွားတဲ့အခါ ကျွန်တော့်ကို ခေါ်သွားမှာပေါ့နော်”

“ဟာ ... ဒါပေါ့ ... ဒါပေါ့ ... အန်ကယ်က ဒုက္ခိတဖြစ်
နေတာပဲ၊ ဦးကျော်သောင်းမှာ သူ့သားအောင်ဟိန်းပါမယ်၊
ခြေတစ်ဖက်မရှိတဲ့ အန်ကယ်ဟာ ကိုယ့်ဘာသာ စိန့်တွင်း
ထဲကို ဘယ်ဆင်းနိုင်တက်နိုင်မလဲ၊ တွင်းထဲရောက်တဲ့အခါ
တူရွင်း၊ ရဲတင်းတို့နဲ့ တူးရမယ်၊ ကုတ်ဖဲ့ရမယ်၊ ဦးကျော်
သောင်းတို့သားအဖ တူးဖော် ကုတ်ဖဲ့နိုင်သလောက်
မောင်အောင်စိုးမိုးနဲ့ အန်ကယ်ကလည်း ရှိုင်သလောက်

www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး တူးဖော်ကုတ်ဖွဲ့ရမှာပဲ၊ ကိုယ်ရကိုယ်ယူ ယူကြရမှာကွယ့်၊ တွင်းထဲမှာ စိန်ကြောကျောက်က ဘယ် လောက်အထိရှိမှန်းမှ မသိတာ၊ ဒါကြောင့် မောင်အောင်စိုးမိုး ရဲ့ဖွဲ့တို့၊ ကြံခိုင်မှုတို့၊ သတ္တိတို့၊ လျင်မြန်ဖြတ်လတ်မှုတို့ ကို အန်ကယ် အားရကျေနပ်ပြီး သမီးခိုင်နဲ့ သဘောတူ တာပေါ့၊ ယောက်ျားမနဲ့ သမက်ဆိုတာက စေတနာမေတ္တာ မှန်ရင် သားအဖပဲ မဟုတ်လား"

"အို ... ဖေဖေကလည်း သမက် ... သမက်နဲ့ ခိုင် ရှက်ပါ တယ်"

"ဟား ... ဟား ... မရှက်နဲ့ သမီး၊ ဒီကိစ္စသာ အောင်မြင် သွားရင် ကမ္ဘာပေါ်မှာ ချမ်းသာပါတယ်ဆိုတဲ့ မိလျံနာကြီး တွေနဲ့ ဖေဖေတို့ ပြိုင်နိုင်တယ်၊ ဟား ... ဟား"

ဦးမောင်မောင်ခိုင်သည် သူ့ဆန္ဒ ပြင်းထန်လွန်းသော စိန်တွေအကြောင်း ပြောရ၍လားမသိ၊ အခြားအချိန်၌ ပြုံးခဲ ရယ်ခဲလှသော်လည်း ယခု တဟားဟား ရယ်သံကြီးများ ထွက်ပေါ် နေပါ၏။

ဦးမောင်မောင်ခိုင် အရယ်ရပ်သည်အထိ အောင်စိုးမိုး က စောင့်နေသေးသည်။ အရယ်ရပ်သွားမှ အောင်စိုးမိုးက သူ့ စိတ်ထဲရှိသည်ကို ပြောလိုက်ပေသည်။

"ကျွန်တော် တစ်ခုပြောပါရစေ အန်ကယ်"

"ပြော ... ပြော"



"အန်ကယ် ကျွန်တော့်ကို အားကိုးတဲ့အတိုင်း ကျွန်တော် အစွမ်းကုန် ကိုအောင်ဟိန်းထက်သာအောင် ဆောင်ရွက် ပေးပါ့မယ်၊ သွားရမယ့် ခရီးတစ်လျှောက်မှာလည်း ကျွန် တော် အသက်နဲ့လဲပြီး အန်ကယ့်ကို ကာကွယ်စောင့်ရှောက် ပါ့မယ်"

"အေး ... အင်မတန် နှစ်ထောင်းအားရစရာကို ကြားရတာ ပဲကွယ်"

"အဲ ... ကျွန်တော် ပြောချင်တာက အဲဒီ တွင်းကြီးကို တူးဖော်ဖို့အတွက် သက်ဆိုင်ရာရဲ့ ခွင့်ပြုချက် ရယူဖို့ပါ"

"ဘာကွ"

"ကိုယ့်တိုင်းပြည် နယ်နိမိတ်ထဲမှာ ရှိသမျှ ရေ မြေ တော တောင်ကို ကိုယ့်နိုင်ငံ အစိုးရကသာ ပိုင်ဆိုင်တာပါ အန် ကယ်၊ ဒီတော့ ဒီနေရာကို တူးဖော်ခွင့်ပါမစ် ရယူလိုက်ရင် တရားဝင် ဖြစ်သွားတာပေါ့"

ဦးမောင်မောင်ခိုင်၏ မျက်နှာကြီးသည် တဟားဟား ရယ်နေရာမှ ရုတ်ချည်း တင်းမာသွားသည်။

အောင်စိုးမိုးကို စိုက်ကြည့်နေသော မျက်လုံးအစုံမှာ လည်း မီးလိုအရောင်တောက်လာသလား ထင်ရပါ၏။

"ဒီမှာ မောင်ရင်၊ မောင်ရင့်ကို ချီးမွမ်းနေတဲ့ကြားက လိုတာထက် ပိုသွားပြီထင်တယ်၊ ယောက်မမြင်းစီးပြလာ ပြီထင်တယ်၊ မြစ်တွေ ချောင်းတွေမှာ ရွှေကျင်လို့ ရွှေရတဲ့ သူတွေ အများကြီးရှိတယ်၊ ဒီလူတွေ ဘယ်သူ့ဆီကမှ

www.burmeseclassic.com

www.burmeseclassic.com



ပါမစ်မယူဘူး၊ အေး ... ကျုပ်က မိုးကုတ်သား၊ မိုးကုတ်တောပိုင်းတစ်ဝိုက်မှာလည်း ကျောက်တူးပြီး ပါမစ်မယူတဲ့လူတွေ တစ်ပုံကြီးကွ သိလား"

"အဲဒါတွေက တိတ်တခိုးလုပ်တဲ့ သဘော သက်ဝင်ပါတယ် အန်ကယ်"

"ဒီမယ် ... မောင်ရင်၊ ရှည်မနေနဲ့တော့ကွာ၊ မင်းကိုယုံကြည်လို့ ဖွင့်ပြောမိတာ ငါ့အမှားပဲ"

"ဖေဖေ ... ဖေဖေ ပြောတာတွေ ..."

"တိတ် ... မိခိုင်၊ နင့်ကောင်ဘက်က နင်နာသလား။ လိုက်သွား ... ဒီကောင့်နောက် နင်လိုက်သွား၊ ဘယ့်နှယ်ကွာ၊ မိချောင်းမင်း ရေခဲပြ၊ ဘုန်းကြီးကို စာချလာလုပ်နေတယ်"

ချောကလျာခိုင်က မျက်နှာလက်ဝါးအုပ်၍ သိမ့်သိမ့်ခါအောင် ငိုချလိုက်တော့သည်။

"ဒီမယ် မောင်အောင်စိုးမိုး၊ အခု ငါပြောတာတွေ မင်းအလုပ်နိုင်ဘူး မဟုတ်လား၊ မင်း ဒီအိမ်ပေါ်က ဆင်းသွားနိုင်ပြီ၊ ဒါပဲ"

"အို ... ဖေဖေရယ်"

အောင်စိုးမိုးသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ "တရားဥပဒေနဲ့ ငြိစွန်းတဲ့အလုပ်မျိုး ကျုပ် မလုပ်ဘူးဗျား အခုပဲ ဒီအိမ်က ဆင်းသွားမယ်"ဟု ပြောရန် ပါးစပ်ပြင်လိုက်ချိန်မှာပင် ...



ချစ်စွာသော ခိုင်၏ငိုရှိုက်သံ ထွက်လာသဖြင့် ခိုင့်ကို ငုံ့ကြည့်မိသည်။

ချစ်သောခိုင်က ပြောခဲ့ပါ၏။

အစ်ကို စိတ်မတူလျှင် ဖေဖေ့အလုပ်ကို မလုပ်ပါနှင့်။ ဖေဖေခိုင်းတာ အစ်ကိုမလုပ်လည်း ခိုင်က အစ်ကို့ကိုပဲ ချစ်တယ်၊ အစ်ကို့ကိုပဲ လက်ထပ်ယူမယ် ဟူ၍ ...

ခိုင်၏သစ္စာစကား၊ ကတိစကားကို ယုံကြည်ပါ၏။

သို့သော် ...

တစ်လောကလုံးတွင် သံယောဇဉ်ကြီးလှသည့် ဒီဖအေနှင့် ဒီသမီးတို့အား မိမိပယောဂကြောင့် စိတ်ဝမ်းကွဲကာ စိမ်းကားမသွားစေလို။

အထူးသဖြင့် ခိုင် စိတ်ချမ်းသာစေချင်သည်။

အောင်စိုးမိုး လက်လျှော့လိုက်သည်။

ထ,ရာမှ ပြန်ထိုင်ပြီး၊ ဦးမောင်မောင်ခိုင်ကို ရဲတင်းသောအကြည့်နှင့်ပင် ပြန်ကြည့်သည်။

"ကိုင်း ... ဆက်ဆွေးနွေးပါ အန်ကယ်၊ ကျွန်တော်အန်ကယ့်အလိုကျ အစွမ်းကုန်လိုက်လုပ်ပေးပါ့မယ်၊ တစ်ခုတော့ရှိတယ်ပေါ့ အန်ကယ်၊ တကယ်လို့ လုပ်ငန်းအောင်မြင်လာလည်း ကျွန်တော်ကတော့ အဲဒီထဲက တစ်ပြားတစ်ချပ်မှ မယူပါဘူး ဆိုတာပဲ"

"ဟဲ ... ဟဲ ... ဒီလိုမှပေါ့ကွ၊ မောင်အောင်စိုးမိုးတစ်ပြားတစ်ချပ်ယူတာ မယူတာတွေက နောက်ပိုင်းကိစ္စတွေ ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလေ။ ရပါတယ်၊ နောက်တစ်ချက် အန်ကယ် အခုပဲ စဉ်းစားမိတာ တစ်ခုရှိတယ်။ သက်ဆိုင်ရာဆီက အန်ကယ် ပါမစ်လျှောက်လိုက်မယ်။ ဦးဒေါန မြေပုံထဲ ရှာရဦးမှာဆိုတော့ ပါမစ်လျှောက်တာနဲ့ ကျတာနဲ့ အချိန် ရသွားမှာပါ။ ဒါပေမဲ့ အန်ကယ်လျှောက်မယ့် ပါမစ်က အဲဒီ ရင်ကွဲတောင်နယ်စပ်ဒေသတစ်ဝိုက်မှာ သမိုင်းနဲ့ပတ် သက်တဲ့ သုတေသနပြုဖို့ အချက်အလက်များ ရရှိထားလို့ သွားရောက်ရှာဖွေခွင့်အနေနဲ့ လျှောက်လိုက်မယ်၊ ဘယ့်နှယ် လဲ"

"အန်ကယ့် သဘောပါ၊ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ၊ အန်ကယ်ခိုင်းတာကို မိဘခိုင်းတာ သားသမီးက လုပ်ပေး တဲ့သဘောလို့ပဲ ထားလိုက်ပါတယ်"

"အေး ... ဒါဆို သမီးခိုင်နဲ့ မောင်ရင့်အတွက် ကွန်က ရက်ကျူးလေးရှင်းပါကွာ"

ဦးမောင်မောင်ခိုင်က ပြန်လည်ရယ်မြူးပြီး ကွန်ဂရက်ကျူလေးရှင်း ကျေနပ်ဝမ်းမြောက်သည့် သဘောဖြင့် လက်တစ်ဖက် ပင့်ကမ်းပေးနေရာ အောင်စိုးမိုးက ပြန်လည်လက်ကမ်းကာ လက်ဆွဲခါလိုက်ကြပါ၏။

"အန်ကယ်တို့ ဆက်ဆွေးနွေးရမှာက ဦးဒေါနဆီက မြေပုံ ရဖို့ကိစ္စပဲ။ မောင်အောင်စိုးမိုးလည်း အန်ကယ်ပြောပြလို့ ဇာတ်ကြောင်း အသေးစိတ်သိပြီပဲ၊ အဲဒီတော့ ဦးဒေါနနဲ့ ပတ်သက်လို့ ကူပြီးစဉ်းစားပေးစမ်းပါဦး"



"ကျွန်တော် အစကတည်းက စဉ်းစားထားတာ တစ်ခုရှိ တယ်၊ ကျွန်တော့်ဆီကိုလာပြီး သွေးဆောင်တာကော ခြိမ်းခြောက်တာကော လုပ်နေတဲ့ ကိုဇေယျ အဖွဲ့ဟာ ကိုအောင်ဟိန်းရဲ့တပည့်တွေ မဟုတ်ရင်တော့ ဦးဒေါနရဲ့ အဆက်အသွယ်တွေလို့ ယူဆနိုင်စရာ မရှိဘူးလား အန်ကယ်"

"အား ... သိပ်ယူဆနိုင်တာပေါ့"

ဦးမောင်မောင်ခိုင် အာမေဍိတ်သံ ပြုရုံမက စားပွဲစွန်းမှ တစ်ဖက်ဆီကို လက်နှစ်ဖက်ဖြင့် အားရပါးရပင် ဆုပ်ကိုင်လိုက် သည်။

"ဒါပေမဲ့ ခက်နေတာက သူတို့ဟာ ကိုဇေယျ၊ ကိုရွှေဘ၊ ကိုကျော်ဆွေ စတဲ့ ရုပ်ရှင်မင်းသားကြီးတွေရဲ့ နာမည်ကို အကာအကွယ်ယူထားပြီး သူတို့ ဘယ်သူဘယ်ဝါ အစစ် အမှန်မှန်း မသိတာရယ်၊ သူတို့ရဲ့နေရပ်လိပ်စာကို ဘယ် လိုမှ မသိတာရယ်ဟာ ခြေရာပျောက် ရေနောက်ဖြစ်နေ တယ်"

"အန်ကယ့်ကို တစ်ခါက ကျွန်တော် ပြောဖူးခဲ့ပါတယ်။ ကိုဇေယျဟာ လွှတ်ခနဲ သူ့လူတစ်ယောက်ကို 'အောင်မြဲ' လို့ ခေါ်လိုက်တယ်လို့လေ၊ အဲဒီ အောင်မြဲ ဆိုတဲ့လူကို အန်ကယ် ခြေရာကောက်သေးလား။ ဦးလေးအောင်ကတော့ စက်အမှတ်(၂)မှာ အောင်မြတ်ဆိုတဲ့လူတော့ ရှိတယ်လို့ ပြောဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလား ... အဲဒီ အောင်မြနဲ့ အောင်မြတ် သဲကွဲအောင် မောင်အောင်စိုးမိုး ပြောကတည်းက အန်ကယ် ချက်ချင်း စက်ထဲသွားစုံစမ်းခဲ့ပါသေးတယ်။ ဒါပေမဲ့ ဒီကောင်အောင် မြတ်က ပိုပြီးလျင်သွားတယ်လေ။ အန်ကယ် သွားမေးတဲ့ အချိန်မှာ အောင်မြတ်က အလုပ်ထွက်သွားပြီလို့ မောင် သစ္စာက ပြောတယ်၊ အလုပ်ထွက်ပုံက ထွက်စာတင်တာ လည်း မဟုတ်ဘဲ အလုပ်မဆင်းတော့တာဘဲတဲ့"

"ကိုသစ္စာက ဒီလို အလုပ်မဆင်းတဲ့လူကို စုံစမ်းအရေး မယူဘူးတဲ့လား အန်ကယ်"

"အထူးအထွေ ဘာလုပ်မလဲ၊ လခထုတ်တဲ့ နေ့ကျရင် အောင်မြတ်ဟာ သူရသင့်ရထိုက်တဲ့ အလုပ်ဆင်းသွားတဲ့ ရက်ပိုင်းအတွက် လခလာထုတ်မှာပဲ။ ဒီတော့မှ သင့်လျော် တဲ့ အရေးယူမှု လုပ်ရမယ်လို့ မောင်သစ္စာက ပြောတယ်။ ခက်တာက အန်ကယ်တို့ ပုဂ္ဂလိကစက်ရုံတွေက အလုပ် သမားတွေဟာ ခိုင်မာမှုမရှိဘူးကွယ့်။ လက်ရှိရနေတဲ့ လခထက် တခြားမှာ ပိုရရင် ထွက်သွားဖို့ ဝန်မလေးဘူး။ အဲဒီလို ထွက်သွားတာကို ဘယ်လိုမှလဲ အရေးယူစရာ နည်းလမ်း မရှိဘူး၊ အဲဒီလိုထွက်သွားတဲ့ လူတွေလည်း အရင်ကတည်းက ရှိနေတာပဲ"

"ကိုအောင်မြတ် ထွက်သွားတာကို ကိုသစ္စာရဲ့ထင်မြင်ယူဆ ချက်ကကော"

"တခြားမှာ လခပိုရလို့ ထွက်သွားတယ် ထင်တာပဲလို့ ပြောတယ်"



"အဲဒီ တခြားဆိုတာက ဘယ်စက်ရုံလဲ၊ ဘယ်သူပိုင်တဲ့ စက်ရုံလဲ အန်ကယ်"

"ဒါတော့ မောင်သစ္စာက မသိဘူးတဲ့"

"အင်မတန် မရေရာတဲ့ အဖြေပဲ အန်ကယ်"

အောင်စိုးမိုးက လေးလေးနက်နက် စဉ်းစားပြီး မရေရာတဲ့အဖြေပဲဟု မှတ်ချက်စကား ဆိုပေသည်။

တစ်ဆက်တည်းမှာပင် အောင်စိုးမိုးသည် မရေရာ သော ကိုအောင်မြတ်၏ ကိစ္စကို စဉ်းစားရင်း လွှစက်ဆရာဖြစ် သော ဦးလေးအောင်၏ အကြောင်းကို ဆက်စပ်တွေးကြည့်သည်။

ဦးလေးအောင်သည် အရက်သောက်သည် ... ဟု အကြောင်းပြချက်ဖြင့် ကိုသစ္စာ စက်ထဲက ပ,ထုတ်ခဲ့သည်။

ဦးလေးအောင် အရက်သောက်သည်မှာ ယခုမှမဟုတ် ဘဲ အစဉ်တစိုက် သောက်လာသည်ဟု ဦးလေးအောင်က ပြောသည်။ အရက်သောက်သောကြောင့် တစ်ကြိမ်တစ်ခါမျှ လုပ်ငန်းတွင် အမှားအယွင်း မရှိခဲ့ကြောင်းလည်း ဦးလေးအောင် ပြောခဲ့သေး သည်။

ဘာကြောင့် အစဉ်တစိုက် အရက်သောက်ရင်း အလုပ်လုပ်ခဲ့သော ဦးလေးအောင်အား ကိုသစ္စာက ဖြုန်းခနဲ အပြစ်ပြ၍ စက်ရုံမှ ထုတ်ခဲ့သနည်း။

ပြီး ... ကိုအောင်မြတ် အလုပ်ထွက်သွားသည်မှာ ကိုဇေယျတို့လူသိုက် မိမိအိမ် လာရောက်ပြီးနောက် မကြာမီနှောင်း ပင် ထွက်သွားခြင်း ဖြစ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြတ် အလုပ်ထွက်သွားသည့် ကိစ္စ၌ မန်နေဂျာချုပ် ကိုသစ္စာပြောပုံမှာ မရေမရာ နိုင်လွန်းနေသည်။

ကိုအောင်မြတ်လည်း လွှဆရာဖြစ်သည်။ ကိုအောင်မြတ် အလုပ်ထွက်သွားပါလျက် လွှဆရာကြီး ဦးလေးအောင်ကို ကိုသစ္စာက အဘယ်ကြောင့် ပြန်လည်ခေါ်ယူခြင်း မပြုလေသနည်း။ စဉ်းစားကြည့်လျှင် တစ်ခုနှင့်တစ်ခု ဆက်စပ်သလောက် ရှိသော်လည်း နက်နက်နဲနဲ တွေးလျှင် ဝိုးတဝါး ဖြစ်နေရသည်။

"ကျွန်တော် မေးချင်သေးတယ် အန်ကယ်"

"မေးလေ"

"ဦးလေးအောင်ကို အန်ကယ် ဘယ်လိုသဘောရသလဲ။ ကျွန်တော် ဆိုလိုတာက စက်လုပ်ငန်းနဲ့ မပတ်သက်ပါဘူး၊ ဦးလေးအောင်ဟာ အန်ကယ့်အပေါ်မှာကော၊ ခိုင့်အပေါ်မှာကော ထားရှိတဲ့ သဘောထားနဲ့ သံယောဇဉ်ပိုင်းကိုပါ အဓိကပြောချင်တာက ဦးလေးအောင်ဟာ အန်ကယ့်တို့ သားအဖရဲ့အကျိုးစီးပွားကို ထိခိုက်အောင် လုပ်မယ့်လူစား ဖြစ်နိုင်မလားလို့"

"အဲဒါကိုတော့ ခိုင်က ပြောချင်တယ် အစ်ကို"

ဦးမောင်မောင်ခိုင် မပြောသေးမီ ခိုင်က ဝင်ပြောသည်။

"ဦးလေးအောင်ဟာ နဂိုကတည်းက ပျဉ်းမနားသစ်စက်က လွှဆရာပါ၊ ဘိုးဘိုး ဘွားဘွားတို့နဲ့လည်း အရမ်းခင်ပါတယ်၊ ဖေဖေ ခြေကျိုး ခြေဖြတ်နဲ့ ဆေးရုံမှာ အကြာ



ကြီး တက်နေတုန်းကလည်း ဦးလေးအောင်ပဲ ခိုင့်ကိုဂရုတစိုက် အရာရာ စောင့်ရှောက်ပေးတဲ့သူပါ။ ဦးလေးအောင် ဒီပြင်လူအပေါ်မှာတော့ မပြောတတ်ဘူး၊ ခိုင့်အပေါ်မှာတော့ တူမလေးလို သံယောဇဉ်ထားမှန်း ခိုင် အသိဆုံးပါ"

"ဟုတ်တယ် မောင်အောင်စိုးမိုး၊ အန်ကယ့်ကိုတော့ အလုပ်ရှင်အနေနဲ့ သူ ခပ်မှန်မှန် ကြောက်ရွံ့ရှိသေ ဆက်ဆံပေမယ့် သမီး ခိုင်ကိုတော့ သူက တော်တော်လေး ခင်မင်ပုံရတယ်၊ အန်ကယ်တို့ အကျိုးစီးပွားကို ကိုအောင်က လိုလားတဲ့လူ ဖြစ်မှာပါ၊ ဒါကြောင့် ဓေယျတို့နဲ့ ကိုအောင် အဆက်အသွယ်ရှိပုံ ရတယ်လို့ မောင်ရင်က ပြောတော့ အန်ကယ့်မှာ အံ့သြပြီး ယုံရအခက် မယုံရအခက်တောင် ဖြစ်ခဲ့သေးတယ်"

"ဒါဖြင့် အန်ကယ် ဆေးရုံတက်တုန်းက ဒေါ်နန္ဒာက ခိုင့်ကို မိန်းမသားချင်း မပြုစုဘူးလား"

"အဲဒီတုန်းက မနန္ဒာမှ အန်ကယ်တို့ဆီ မရောက်သေးတာ"

ဦးမောင်မောင်ခိုင်က ဝင်၍ အဖြေပြုပါ၏။

"နော် … သမီး၊ မနန္ဒာ ဒီအိမ်ရောက်တာ သမီး ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်မှ ရောက်လာတာ မောင်သစ္စာ ခေါ်လာပေးတာပဲဟာ"

"သြော် … သြော်၊ ဒေါ်နန္ဒာကို ကိုသစ္စာက ခေါ်လာပေးတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွယ့်၊ မနန္ဒာ မလာခင်က အိမ်မှာ မသုစာ ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက် ရှိသေးတယ်၊ မသုစာ က ဒီအိမ်မှာ ညအိပ် ညနေ မနေဘူး၊ မနက်ခြောက်နာရီ က ညခြောက်နာရီပဲ နေတယ်၊ နောက်တော့ မသုစာက တောပြန်မယ်ဆိုပြီး အလုပ်ထွက်သွားတယ်၊ အိမ်မှာ လူလို နေတုန်း မောင်သစ္စာက မနန္ဒာကို ခေါ်လာတာပဲ"

"ဒါဆို ကိုသစ္စာက အန်ကယ့်ဆီမှာ အလုပ်လုပ်တာ ဒေါ်နန္ဒာထက် စောတာပေါ့နော်"

"အေးလေ ... အန်ကယ်မှတ်မိသလောက်ဆိုရင် မောင်သစ္စာ အန်ကယ့်ဆီမှာ အလုပ်ဝင်ပြီးလို့ ကိုးလ ဆယ်လလောက် ကျမှ မနန္ဒာကို ခေါ်လာပေးတာပဲ"

"ကိုသစ္စာကို အန်ကယ်ကရှာပြီး အလုပ်ခန့်တာလား ကျွန်တော် ဆိုလိုတာက အန်ကယ့်ရဲ့ မိတ်ဆွေထဲကဖြစ် ဖြစ်၊ ဆွေမျိုးထဲကဖြစ်ဖြစ်၊ ကိုသစ္စာကို အလုပ်ခန့်ဖို့ ခေါ် လာခဲ့တာမျိုးလားလို့"

"မဟုတ်ဘူးကွယ်၊ မောင်သစ္စာက သူ့ဟာသူ အလုပ်လာ လျှောက်တာ၊ အန်ကယ်က လုပ်ငန်းနဲ့ ပတ်သက်တဲ့ အရည်အချင်းတွေကို စစ်ဆေးပြီး သဘောကျတာနဲ့ ပထမ ခြောက်လ အစမ်းခန့်လိုက်တယ်၊ နောက်တော့ မောင်သစ္စာ အလုပ်အကိုင် တော်တာနဲ့ ဆက်ပြီးခန့်တယ်၊ လစာလည်း တိုးပေးလိုက်တယ်"



အောင်စိုးမိုးသည် ဦးခေါင်းကို ဖြည်းလေးစွာညိတ် လိုက်သည်။

ဟုတ်လေမလား၊ မဟုတ်လေမလားတော့ မသိ၊ အောင်စိုးမိုး၏ ဦးနှောက်ထဲတွင် ကိုသစ္စာနှင့် ပတ်သက်ပြီး အဆက်အနွယ်တွေကို ဆက်စပ်ကြည့်မိသည်။

ယခုမှ ထိုင်ရင်းဆက်စပ်ကြည့်သည် မဟုတ်။ ဦးလေး အောင်နှင့်အတူ အရက်သောက်သည့်နေ့က ကိုသစ္စာ၏အကြောင်း များကို ဦးလေးအောင် ပြောပြချက်တွေ နားထောင်ပြီး ဆက်စပ် ကြည့်ခဲ့သည် ဖြစ်ပါ၏။

သို့သော် ထိုစဉ်က နိုင့်ကိုဖြစ်စေ ဦးမောင်မောင်နိုင် ကို ဖြစ်စေ မိမိ ဆက်စပ်ကြည့်သည်ကို ဖွင့်မပြောခဲ့ပေ။

ဟုတ်လျှင်တော်ရဲ့၊ မဟုတ်လျှင် မိမိအနေနှင့် နိုင် နှင့်ပတ်သက်ပြီး ကိုသစ္စာကို မနာလိုဝန်တိုစိတ်ဖြင့် ပြောသည်ဟု အထင်ခံရမှာ စိုးရိမ်သောကြောင့် ဖြစ်ပါ၏။

ယခုမူ မိမိသည် နိုင်၏ချစ်သူ။

တစ်နေ့တွင် နိုင်နှင့် လက်ထပ်ပြီး အားလုံးမိသားစု ဖြစ်တော့မည်။

နိုင့်မေတ္တာကို ရပြီးမှ ပြောခြင်းကို ကိုသစ္စာအား မနာလို ဝန်တို၍ ပြောသည်ဟု မဆိုစကောင်းပါလေတော့။

"ကျွန်တော် ထပ်ပြောချင်တယ် အန်ကယ်၊ ကျွန်တော် ပြောချင်တာဟာ ခြေရာပျောက်နေတဲ့ ဦးဒေါနကို ပြန်လည် တွေ့ရှိရေးနဲ့ ပတ်သက်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ပြော ... အဲဒါကို အန်ကယ် အရမ်းသိချင်နေတာ"

"ကိုသစ္စာ ရောက်လာပြီး ကိုးလ ဆယ်လ အကြာမှာ ဒေါ်နန္ဒာ ရောက်လာတယ်၊ ရောက်လာတာကလည်း ကိုသစ္စာ ခေါ်ပေးတာနော်"

"အဲဒါ ဟုတ်သားပဲ မောင်အောင်စိုးမိုး"

"ဒါဆို အန်ကယ်ကော ခိုင်ကော သေသေချာချာ သတိထားမိရဲ့လား မသိဘူး။ ဒေါ်နန္ဒာနဲ့ ကိုသစ္စာဟာ ရုပ်ချင်း တော်တော်လေး တူနေတာကိုလေ၊ သေချာကြည့်၊ မျက်ခုံး မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတွေကို သေသေချာချာ ပြန်ကြည့် ကိုသစ္စာနဲ့ ဒေါ်နန္ဒာ တော်တော်တူတာ တွေ့နိုင်တယ်"

"အေးကွ ... နေဦး"

ဦးမောင်မောင်ခိုင်က မေးစေ့မှ အမွေးငုတ်တိုလေးတွေကို လက်ညှိုးခွေး၍ပွတ်ရင်း ငြိမ်သွားပြန်သည်။

"ဟုတ်တယ် အစ်ကို၊ အစ်ကိုပြောမှ ခိုင့်မျက်စိထဲ နှစ်ယောက်လုံးကို ပြန်မြင်ကြည့်တယ်၊ တော်တော်တူတယ် အဲ ... ရုတ်တရက်တော့ ဒေါ်လေးနန္ဒာက အသက်လည်း ကြီးတယ်၊ မိန်းမသားလည်း ဖြစ်နေတော့ အသက်ငယ်ပြီး ယောကျ်ားသားဖြစ်နေတဲ့ ကိုသစ္စာနဲ့တူတဲ့ အချက်တွေကို သတိမထားမိနိုင်ဘူး"

"အင်း ... ဟုတ်ပါရဲ့၊ မောင်ရင် ပြောမှရယ်၊ သမီး ခွဲခြားသရုပ်ပြမှရယ်၊ အန်ကယ့်မျက်စိထဲ သေချာမြင်



တယ်၊ ဟုတ်ပါ၊ မနန္ဒာနဲ့ မောင်သစ္စာ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတွေ တော်တော်တူကြတယ်"

"ကဲ ... ဒါဆို အန်ကယ်က ဦးဒေါနနဲ့အတူတူ အလုပ်လုပ်ခဲ့တာပဲ၊ ဒေါ်နန္ဒာနဲ့ ဦးဒေါနမှာကော တူတာတွေ ရှိသလား ဆိုတာ ပြန်စဉ်းစားဦး၊ ဦးဒေါနကို စိတ်ထဲမှာ ပြန်မြင်ကြည့်ပါ အန်ကယ်"

ဒီတစ်ခါတော့ ဦးမောင်မောင်ခိုင်သည် မေးစေ့ကို လက်ညှိုးကွေးဖြင့် ပွတ်ရုံမက မျက်စိကို စုံမှိတ်ကာ ဦးဒေါနရုပ်သွင်ကို စိတ်မှန်းဖြင့်မြင်အောင် ပြန်ကြည့်တော့သည်။

"ဖြန်း"

အလန့်တကြားပင် ဖြစ်သွားရပါ၏။ ဦးမောင်မောင်ခိုင်သည် စားပွဲကိုအားရပါးရ လက်ဝါးနှစ်ဖက်ဖြင့် ပုတ်သံကြီး ထွက်လာသောကြောင့် ဖြစ်ပါ၏။

"ဟုတ်လိုက်တာ မောင်ရာ၊ ဟုတ်တာမှ သိပ်ကိုဟုတ်တာပေါ့၊ ဦးဒေါနက ယောကျ်ားကြီးလည်းဖြစ်ပြန်၊ တောခေါင်း အလုပ်နဲ့ အကြမ်းပတမ်းလည်း လုပ်ရပြန်၊ အသားကလည်း ညိုပြန်၊ အရွယ်ကလည်း ဟိုတုန်းကတည်းက အရေတွန့်စ ပြုနေပြန်ဆိုတော့ အခု မနန္ဒာရုပ်နဲ့ မဆက်စပ်မိဘူး၊ မနန္ဒာက အသားဖြူတယ်၊ အသားနုတယ်၊ မိန်းမရဲ့အဆင် အပြင်နဲ့ဆိုတော့၊ အေး ... ဒါပေမဲ့ ဦးဒေါနမှာ မနန္ဒာရဲ့ မျက်ခုံးမျိုး၊ မျက်လုံးမျိုး၊ နှာတံမျိုး၊ နှုတ်ခမ်းမျိုး ရှိနေတာ အခုပြန်တွေးကြည့်မှ ပေါ်တော့တယ်။ တော်တယ် မောင်

www.burmeseclassic.com

www.burmeseclassic.com



ရာ၊ မောင်ရင် တကယ်အတွေးကောင်းတယ်၊ အသေးစိတ် မြင်အောင်လည်း ကြည့်တတ်တယ်"

"နောက်တစ်ခု ဆက်စပ်ကြည့်နိုင်ပါသေးတယ် အန်ကယ်၊ ဆိုင်မလား မဆိုင်ဘူးလားတော့ မပြောတတ်ဘူး၊ နာမည်တွေကို အန်ကယ်စဉ်းစားကြည့်ပါ၊ ဦးဒေါနတဲ့၊ ကိုသစ္စာတဲ့၊ ဒေါနန္ဒာတဲ့၊ မှည့်ထားပုံက အဆက်ဆက်က အစွဲအလမ်းတစ်မျိုး ပါနေသလိုပဲ၊ ပန်းနာမည်တွေများ ဖြစ်နေမလား၊ ဒေါနပန်း၊ သစ္စာပန်း၊ အဲ ... ဒေါနန္ဒာကျတော့"

"ဟဲ ... ဟဲ ... ဒေါနန္ဒာရဲ့ နာမည်ရင်း နာမည်မှန်ဟာ ဒေါစံပယ်တဲ့ မောင်အောင်စိုးမိုးရေ၊ ဒီအိမ်ကို ခေါ်လာမှ ဒေါနန္ဒာလို့ နာမည်ပြောင်းလိုက်တာ"

အောင်စိုးမိုး စကားမဆုံးသေးမီ အိပ်ခန်းဝမှာ အသံထွက်လာသဖြင့် စားပွဲဝိုင်း စကားဝိုင်း၌ အာရုံစိုက်နေကြသည့် ဦးမောင်မောင်ခိုင်၊ ချောကလျာခိုင်နှင့် အောင်စိုးမိုးတို့သည် ကမူးကယာ တံခါးပေါက်ဘက်သို့ လှမ်းကြည့်လိုက်တော့သည်။

ပထမဦးစွာ ရှေ့ဆုံးတွင် မားမားကြီး ရပ်နေသော ကိုသစ္စာကို တွေ့ရသည်။

ကိုသစ္စာကပင် ဆက်၍ပြောပါ၏။

"ခင်ဗျားဟာ စာရေးဆရာ တော်တော်ပီသတယ်၊ အတွေးအခေါ် တော်တော်ကောင်းတယ်၊ ပညာလည်းရှိတယ်၊ ပညာရှိတို့ တွေးကြည့်က ပြေးကြည့်တာထက် ပိုမှန်တယ် ဆိုတဲ့ စကားအတိုင်း ခင်ဗျားပြောတာ အားလုံးမှန်တယ်



ကိုအောင်စိုးမိုး၊ ဘာလို့လဲဆိုတော့ လားရှိုးက တောခေါင်းကြီး ဦးဒေါနဆိုတာ ကျွန်တော် မောင်သစ္စာရဲ့ဘကြီးအရင်းခေါက်ခေါက်ပဲဗျ။ ဟဲ ... ဟဲ ... ဟဲ ..."

ကိုသစ္စာက ပြောပြောဆိုဆို အိပ်ခန်းထဲ ဝင်လာသည်။

သူ၏နောက်တွင် အမျိုးသားသုံးဦး ပါရှိလာပါသေး၏။

⌘ ❀ ⌘

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ကိုသစ္စာနောက်မှ ပါလာသူ သုံးယောက်ကို မြင်သည်နှင့် ...

ကိုဇေယျ၊ ကိုရွှေဘနှင့် ကိုကျော်ဆွေတို့ ဖြစ်နေကြောင်း အောင်စိုးမိုး တွေ့ရသည်။

ထုံးစံအတိုင်း ကိုကျော်ဆွေနှင့် ကိုဇေယျက သေနတ်ကိုင်ထားပြီး ကိုရွှေဘက ဓားကိုင်ထားသည်။

ကိုဇေယျက ဦးမောင်မောင်ခိုင်ကိုလည်းကောင်း၊ ကိုကျော်ဆွေ ဆိုသူက အောင်စိုးမိုးကိုလည်းကောင်း၊ သေနတ်ကိုယ်စီဖြင့် ချိန်ထားသည်။

"အဲဒီသုံးယောက်ပဲ အန်ကယ်၊ အခု အန်ကယ့်ကို ချိန်ထားတဲ့လူက ကိုဇေယျတဲ့"

"သြော် ... သြော် ... အဲဒီ ဇေယျဆိုတာ ခင်မောင်သိန်းပေါ့၊ ဆီစက်က လက်ထောက်မန်နေဂျာ"

"ကျွန်တော့်ကို ချိန်ထားတာက ကိုကျော်ဆွေပေါ့"



"ဒါ ... သိန်းတန်ပဲ၊ စက်စာရေးပါ၊ ဒီအတိုင်းဆိုရင် ဓားကိုင်သမား အောင်မြင့်က ရွှေဘပေါ့၊ ဟား ... ဟား ... ကျလည်းကျတဲ့ကောင်တွေကွာ၊ လက်စသတ်တော့ မောင်သစ္စာက ဦးဒေါ်နေရဲ့ တူပေကိုး။ မင်းက ဆင်ကြံ့ကြံပြီး ငါ့ဆီမှာ အလုပ်ဝင်လုပ်တာကိုး၊ လုပ်ရင်းကိုင်ရင်းနဲ့ ခင်မောင်သိန်းတို့ သိန်းတန်တို့ အောင်မြင့်တို့ကို မင်းဘက်ပါအောင် သွေးဆောင်စည်းရုံးထားတာယ်ပေါ့၊ ဟုတ်ရဲ့လား"

"အမှန်ပါပဲ ဦးမောင်မောင်ခိုင်"

ကိုသစ္စာက အန်ကယ် ဦးလေး စသဖြင့် မခေါ်တော့ဘဲ ဦးမောင်မောင်ခိုင်ဟု ရှင့်ရှင့်သီးသီးပင် ခေါ်လိုက်ပေသည်။

"ဟဲ ... ဟဲ ... စာရေးဆရာ ကိုအောင်စိုးမိုး တွေးခေါ်တဲ့အတိုင်းပဲ ဦးမောင်မောင်ခိုင်၊ ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်တွေဟာ ပန်းနှာမည်ကို တော်တော်နှစ်သက်ပြီး နှာမည်မှည့်လေ့ရှိတယ်။ ကျွန်တော့်အဘိုးက ဦးဗေဒါတဲ့၊ ကျွန်တော့်အဖေက ဦးခတ္တာတဲ့၊ ဘကြီးက ဦးဒေါ်နတဲ့၊ ဟောဒီအိမ်မှာ ရောက်နေတာ ဒေါ်နှင်းနှာ ဆိုတာက ကျွန်တော့်အဒေါ်အရင်းခေါက်ခေါက် ဒေါ်စံပယ်လို့ ကျွန်တော်ပြောပြီးပါပြီနော်"

"သြော် ... သြော် ... ဒါကြောင့် ခင်ဗျားနာမည်ကလည်း သစ္စာပန်းကို အစွဲပြုလို့ ကိုသစ္စာလို့ မှည့်တာကိုး၊ ဘာစီနည်းတော့လည်း ခင်ဗျားတို့ဟာက ဆန်းသစ်သားပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို အောင်စိုးမိုး ထိုင်ရာမှ ထလိုက်သည်။

ကိုသစ္စာက သူ့ခါးကြားတွင် ထိုးယူလာခဲ့သော သေနတ်ကို ထုတ်ယူလိုက်သည်။

ကနေဒါမာထပ်ဒင်ဖြင့် လုပသော ဒသမ(၃ . ၈) ခြောက်လုံးပြူးဖြစ်ပါ၏။

"ပြန်ထိုင်ပါ ကိုအောင်စိုးမိုး၊ ခင်ဗျားကို ကျုပ် လုံးဝလွှတ်ရှားမှု အလစ်မပေးပါဘူး၊ ခင်ဗျားအကြောင်းကို ကိုခင်မောင်သိန်းက အားလုံး စုံစမ်းထားပြီးသားပါ၊ ခင်ဗျားက တစ်လျှောက်လုံး အားကစားနဲ့ ကာယဘက်မှာ လိုက်စားလေ့ကျင့်ခဲ့တယ်၊ တော်တော်လည်း လျင်တယ်၊ တော်တော်လည်း သတ္တိရှိတယ် ဆိုတာတွေပေါ့ဗျာ၊ ခင်ဗျားရဲ့အဝေယျာလမ်း အိမ်မှာတုန်းက သေနတ်နှစ်လက်နဲ့ ဓားကြားက ခင်ဗျား ဖွတ်ထလုပ်တယ်တဲ့၊ ဒီတုန်းကတော့ ခင်ဗျားကို အသုံးချချင်လို့ ကိုခင်မောင်ကို ကျုပ်က မှာလိုက်ပါတယ်၊ အနာတရ မဖြစ်စေနဲ့၊ မသေစေနဲ့လို့၊ အခုတော့ မရတော့ဘူးလေ၊ ခင်ဗျားက မ,စိတ်မွန်ပြီး တယ်လူစွမ်းကောင်းလုပ်ချင်တာကိုး၊ ကျုပ်တို့က တကယ်ပစ်တော့မှာ"

အောင်စိုးမိုးက ပခုံးနှစ်ဖက်တွန့်ပြီး ပြန်ထိုင်ရင်း ...

"တကယ်တော့ ခင်ဗျားဟာ တော်တော် အကြံကြီးတဲ့လူပဲ ကိုသစ္စာ၊ ဒေါ်နန္ဒာ ... အဲ ... ဒေါ်စံပယ်ကိုလည်း ဒီအိမ်ထဲ ခပ်တည်တည်နဲ့ ပို့ထားလိုက်တယ်၊ ဦးလေးအောင်



ကိုလည်း အလုပ်ထဲမှာ အပြစ်တွေပြပြီး စက်ထဲက ထုတ်လိုက်ရင် အန်ကယ်က အိမ်မှာခေါ်ထားမှာပဲဆိုတဲ့ အကွက်ကိုလည်းမြင်တယ်၊ ဦးလေးအောင် ဒီအိမ်ရောက်လာပြီးတဲ့နောက် ဒေါ်နန္ဒာ ... အဲ ... ဒေါ်စံပယ်ဆီက သတင်းပို့သမျှကို ဦးလေးအောင်ကပဲ ပို့သလိုထင်အောင် လုပ်လိုက်တယ်၊ တကယ်တော့ ခင်ဗျားရဲ့အဒေါ် ဒေါ်စံပယ်က ပေးနေတာကိုး"

သစ္စာက ရယ်လိုက်သည်။

"ဒါပေါ့ဗျာ၊ ဒီအိမ်ထဲက ရသမျှသတင်းဟာ ဒေါ်လေးနန္ဒာ ... အဲ ... စံပယ်ဆီကပဲပေါ့။ ကနေ့ညလည်း ဒေါ်လေးစံပယ်က သတင်းပို့တယ်လေ။ ဦးမောင်မောင်ခိုင်ဟာ သူ့အိပ်ခန်းထဲမှာ သူ့သမက်လောင်းနဲ့ မြေပုံအပိုင်းတွေ ချပြပြီး ထိုင်ပင်နေကြပြီတဲ့၊ ဒါကြောင့် ကျုပ်တို့အချိန်မီ ရောက်လာတာပဲ"

ဦးမောင်မောင်ခိုင်သည် ပြုံးပြုံးရယ်ရယ်နှင့်ပင် သစ္စာကိုကြည့်ပြီး အားရပါးရ အသံကြီးနှင့် ပြောလိုက်သည်။

"အေး ... မင်းရောက်လာတာ ပိုပြီးကောင်းတာပေါ့မောင်သစ္စာ အန်ကယ်တို့မှာ လမ်းစ,ပျောက်နေတာက ဦးဒေါ်နရဲ့ မြေပုံပဲကွ၊ အန်ကယ်ရဲ့ကိုယ်ပိုင်မြေပုံပိုင်းနဲ့ ဦးမဲဆီက မြေပုံပိုင်းနှစ်ခု ရထားပြီးပြီ၊ နောက်မြေပုံတစ်ပိုင်းက ဦးကျော်သောင်းနဲ့ အောင်ဟိန်းတို့ သားအဖဆီမှာ ရှိနေတယ်၊ ဒီတော့ လေးပိုင်းစလုံး ပေါင်းလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲတောင်မြေပုံ ရပြီပေါ့ကွာ။ တို့အားလုံး ရင်ကွဲတောင်ကိုသွားကြတာပေါ့”

“ဝမ်းနည်းပါတယ် ဦးမောင်မောင်ခိုင်”

သစ္စာက အေးဆေးတည်ငြိမ်သော မျက်နှာနှင့် အေးအေးတည်ငြိမ်သော အသံဖြင့်ပင် ဦးမောင်မောင်ခိုင်ကို ကြည့်ပြီး ပြောလိုက်ပေသည်။

“ကျွန်တော့် ဘကြီး ဦးဒေါနဟာ လူပျိုကြီးပါ။ ကျွန်တော့်အဖေ ဦးခတ္တာကလည်း ကျွန်တော့်တစ်ယောက်ပဲ တစ်ဦးတည်းသောသားအဖြစ် မွေးခဲ့ပြီး ဘကြီးဦးဒေါနထက် အရင်စောပြီး ကွယ်လွန်သွားပါတယ်။ ဘကြီးဦးဒေါန လူပျိုကြီးနဲ့ ဒေါ်လေးစံပယ် အပျိုကြီးမောင်နှမကပဲ ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးလာတာပါ။ ဘကြီးဦးဒေါနက မကွယ်လွန်မီ ကျွန်တော့်ကို ဝန်ထောက် ဦးမောင်မောင်ခိုင်ရဲ့အကြောင်း၊ နောင်မှာက သစ်စက်ပိုင်ရှင် ဦးကျော်သောင်းရဲ့အကြောင်းတွေကိုပြောပြီး မြေပုံကို ထုတ်ပေးခဲ့ပါတယ်။ ဒီမြေပုံဟာ ကျွန်တော့်ဘဝမှာ တစ်ခုတည်းသော ဘကြီးဒေါန ပေးခဲ့တဲ့ အဘိုးအနဂ္ဃထိုက်တန်တဲ့ အမွေပါ”

“အေးလေကွာ ... ဒါကြောင့် အခု တို့အားလုံး မြေပုံကိုဆက်ပြီး ရင်ကွဲတောင်ကို သွားကြဖို့ အန်ကယ်ပြောနေပြီပဲဟာ”

သစ္စာက ခေါင်းခါပြသည်။



“ငါးတစ်ကောင်မိဖို့ ကျွန်တော်ဟာ အင်မတန် အချိန်အကြာကြီး ငါးစာတပ်ပြီး မျှားခဲ့ရတာပါ။ ဦးမောင်မောင်ခိုင်ဆီမှာ အလုပ်မဝင်ခင် တခြားသစ်စက်နဲ့ ဆီစက်တွေမှာ အောက်ခြေသိမ်း ထမင်းစားကျွန်ခံဘဝနဲ့ လုပ်ခဲ့ပါတယ်။ အကြာကြီးကို ပညာသင်စိတ်နဲ့ လုပ်ခဲ့တာပါ။ ဒါမှ ဦးမောင်မောင်ခိုင်ဆီ အလုပ်လျှောက်ရင် လုပ်ရည်ကိုင်ရည်သဘောကျ ခန့်အောင်လို့လေ၊ အဲဒီလောက် အကြံကြီးကြံလို့ အခုတော့ အောင်မြင်တဲ့ အချိန်ရောက်မှ ငါးမျှားချိတ်မှာ ငါးကြီးကိုမိမှ ဘာလို့ အပိုင်းပိုင်း ဝေယူမလဲ၊ တစ်ကောင်လုံးပဲ ကျွန်တော် ယူရမှာပေါ့၊ ကွယ်လွန်သွားတဲ့ ဘကြီးဦးဒေါနခမျာ စိန်တွင်းကြီးကို ပက်ပင်းတွေ့ခဲ့ပါလျက်နဲ့ အကျိုးခံစားခွင့် ဘာမှမရခဲ့တာကို ကျွန်တော်က မြန်ပြီး အားလုံး ကျွန်တော့်အကျိုးချည်းဖြစ်အောင် ရယူရမယ် ဦးမောင်မောင်ခိုင်”

“ဒါတော့ မင်းဘကြီး ဦးဒေါနက ဒီကျောက်ခဲတွေဟာ စိန်ဖြစ်နိုင်တယ်လို့ ငါပြောသားနဲ့ သူကမှ မယူခဲ့တာပဲကွာ၊ သူက ငါပြောတာကို ယုံမှမယုံတာ”

“ဘယ်ဟုတ်မလဲ ဦးမောင်မောင်ခိုင်၊ ဘကြီးဦးဒေါနက ပြောတယ်၊ သူ့အိတ်ကပ်တွေထဲမှာတစ်နိုင် သူယူနိုင်သမျှ ယူခဲ့ပါတယ်တဲ့၊ ဒါပေမဲ့ အဲဒီတုန်းက ဦးမောင်မောင်ခိုင်က ရာထူးကြီးတဲ့ သစ်တောဝန်ထောက်၊ ဘကြီးဦးဒေါနက လက်အောက်အမှုထမ်း တောခေါင်းပဲ၊ ဆေးသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ကျည်သေတ္တာတွေနဲ့ ရေဘူးတွေ၊ ရိက္ခာတွေကို ဘကြီးဦးဒေါနကပဲ အပြန်ခရီးမှာ ထမ်းရတာတဲ့၊ တောထဲမှာ မျက်စိလည်ပြီး ရက်တွေကြာတော့ ခရီးသိပ်ပန်းပြီး ဘကြီးဦးဒေါနက သူ့အိတ်ထဲက ကျောက်ခဲတွေ ပေါ့ပါးသွားအောင် လမ်းမှာပဲ လွှင့်ပစ်ခဲ့ရတယ်တဲ့၊ ဒါကြောင့် အိတ်ကပ်ထဲပါလာတာ မဖြစ်မမြောက်လေးပဲ ရတယ်တဲ့။ ဒါကို တွက်ကြည့်ရင် ဘကြီးဦးဒေါနအတွက် ဘယ်လောက် အသည်းနာဖို့ ကောင်းသလဲ၊ အဲဒီတော့ အခု ကျွန်တော်က ကြိုးကြိုးကုတ်ကုတ် ပြန်ကြိုးစားလို့ တစ်ကောင်လုံးမိနေမှ ဦးမောင်မောင်ခိုင်ကို တစ်ဝက်တွေ တစ်စိပ်တွေ ဘယ်မှာ ပိုင်းပေးနိုင်မှာလဲ"

"ဒီလို မတွက်နဲ့လေကွာ၊ အခုတစ်ခေါက်သွားရင် ဆင်တွေ လားတွေနဲ့ သွားမှာပါ"

"ဟုတ်ကဲ့ ... မြေပုံရပြီးရင် ကျွန်တော်နဲ့ ဟောဒီ ခင်မောင်သိန်းတို့ သိန်းတန်တို့ အောင်မြတ်တို့နဲ့ လူငယ်တွေချည်း ဆင်တွေ လားတွေနဲ့ သွားမှာပါပဲ"

ခင်မောင်သိန်းက ဝင်၍ ပြောလိုက်သည်။

"ဆရာသစ္စာ အဲဒါတွေ အာသောင်းခံ အချိန်ကုန်ခံ ပြောမနေနဲ့တော့လေ၊ လုပ်စရာရှိတာလုပ်ပြီး လစ်ကြစို့လား"

"ဟ ... ခင်မောင်သိန်းရ၊ ငါ့ရင်ထဲမှာ မျိုသိပ်ခဲ့ရတာတွေ ပြောချင်လွန်းလို့ကွ၊ လူ့ရဲ့သဘာဝနဲ့ မနောဓာတ်ကို မင်း နားမလည်ဘူးလားကွာ၊ လူဆိုတာ ကိုယ်ကြိုးစားခဲ့ရလို့



အောင်မြင်လာတဲ့အခါ ကိုယ့်ရဲ့စွမ်းဆောင်ချက်တွေကို ပြန်ပြီး စမြုံ့ပြန်ချင်တယ်၊ ပြောပြချင်တယ်ကွ၊ ငါဟာ ငါ့ကိုယ်ငါ ဘကြီးဦးဒေါနရဲ့တူ ဖြစ်မှန်းမသိအောင် ဘယ်လောက် လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်း နေခဲ့ရလဲ၊ ကလေးတစ်ယောက်ဟာ သူ့သားရေခွနဲ့ပစ်လို့ ငှက်ကလေးတစ်ကောင် ရရင်တောင် သူ ဘယ်လိုပစ်ရတယ်ဆိုတာတော့ ပြန်ပြောချင်တာပဲ မဟုတ်လား၊ အဲဒါ လူ့စိတ် လူ့မနောကွ"

အောင်စိုးမိုးသည် ရန်သူလေးဦးစလုံးကို အသေးစိတ် အကဲခတ်ကြည့်နေသည်။

သေနတ်သုံးလက်။

ဓားတစ်လက်။

မိမိဘက်တွင် ခြေတစ်ဖက်မရှိသော ဦးမောင်မောင်ခိုင် ပြီးတော့ မိန်းမသား ခိုင်။

လူအင်အား၊ လက်နက်အင်အားခြင်း ကွာလွန်းနေသည်။ ယှဉ်ပြိုင်ရေးအတွက် အားပျက်ဖွယ် အခြေအနေမှာ ရှိနေသည်။

ထိုစဉ်မှာပင် ဓားကိုင်ထားသော ရွှေဘခေါ် အောင်မြတ်၏ မတ်တတ်ကြီး ပါးစပ်ဟု သမ်းဝေခြင်းကို အောင်စိုးမိုး သတိထားလိုက်မိသည်။

လက်ရှိအခြေအနေသည် ပျင်းရိခြင်းဖြင့် သမ်းဝေရမည့် အခြေအနေမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုသော် ကိုသစ္စာ၏အဖွဲ့သည် ဓားပြတိုက်နေခြင်း ဖြစ်ပါ၏။

အဘယ်ဓားပြတစ်ယောက်သည် ဓားပြတိုက်ရင်း အိပ်ငိုက် သမ်းဝေခြင်း ရှိပါအံ့နည်း။

ဓားကိုင်အောင်မြတ်သည် မူးယစ်ဆေးဝါး မှီဝဲသူသာဖြစ်ရမည်။

ဘိန်းရှူသမားလား၊ ဘိန်းဖြူသမားလား၊ တစ်ခုခုတော့ တစ်ခုခုပင်။ ရန်သူလေးယောက်ဝယ် ရန်သူတစ်ယောက် (အောင်မြတ်)၏ ပျော့ကွက်ကို အောင်စိုးမိုး သတိပြုထားလိုက်သည်။

"ဒါပေမဲ့ ဆရာသစ္စာ မအောင်မြင်တာလည်း ရှိပါတယ်နော်"

ခင်မောင်သိန်းက ပြောလိုက်သည်။

"ဟိုမှာလေ ... ချောကလျာခိုင်၊ တကယ်လို့သာ ဆရာသစ္စာက ချောကလျာခိုင်ကို အပိုင်ထုထားနိုင်ရင် ဒီကိစ္စမှာ သေနတ်တွေ ဓားတွေတောင် ကိုင်စရာ မလိုတော့ဘူး။ ဟဲ ... ဟဲ ... အခု ဆရာသစ္စာတို့ ပြောနေတဲ့ စိန်တွင်းဟာ ဘယ်လောက် တန်ဖိုးထိုက်တန်မှန်းတော့ လက်တွေ့ ကျွန်တော် မမြင်ရသေးလို့ မသိဘူးပေါ့ အာစရိ၊ တကယ်လို့သာ ဆရာသစ္စာအနေနဲ့ ချောကလျာခိုင်နဲ့ ပြေလည်ရင် ဒီတိုက်၊ ဒီခြံ၊ စက်က သုံးစက်၊ သစ်လုပ်ငန်းက ရှိသေး။ ဒါတွေအားလုံး ဆရာ့လက်ထဲ ရောက်လာမှာ၊ တစ်နေ့ကျ



ရင် တစ်ဦးတည်းသောသမီး ချောကလျာခိုင်ပဲ ဆက်ခံရမှာ မဟုတ်လား၊ နောက်ပြီး ဘယ်ယောက်ျားသားမဆို ချောကလျာခိုင်လို မိန်းမချော မိန်းမလှလေးကို လိုချင်ကြတာချည်းပဲ ဆရာ၊ ဒါမှာတော့ ဆရာ မအောင်မြင်ခဲ့ဘူး မဟုတ်လား"

"ဒီမယ် ခင်မောင်သိန်း၊ လောကကြီးမှာ သားရွှေအိုးထမ်းလာတာကို မြင်ချင်ပါတယ် ဆိုတာမျိုးက သုဝဏ္ဏသာမဇာတ်တော်မှာသာ ရှိတာကွ၊ သားလည်း အရှင်ရမယ်၊ ရွှေအိုးလည်း ထမ်းလာမယ်၊ မျက်မမြင်မိဘဖြစ်တဲ့ ဒုကုလနဲ့ ပါရိကလည်း မျက်စိပြန်မြင်လာရမယ် ဆိုတာမျိုးကို မိုးပေါ်က သိကြားမင်းမှ ဖြစ်တာ၊ အခုဟာက တကယ့်လက်တွေ့၊ ကိုယ့်ဟာကိုယ် ကြိုးစားရတာ၊ ဟဲ ... ဟဲ ... ငါ့ရဲ့ ဘဝပေးအကျိုးပေးချက် ပါရမီက ဒီဘက်မှာတော့ ကိုအောင်စိုးမိုးကို မမီဘူးပေါ့ကွာ၊ ငါလည်း ကြိုးစားသားပဲ၊ ဒါပေမဲ့ အခု စိန်တွင်းမြေပုံတွေကို ငါ ဓားပြတိုက်ယူလို့ရမယ်၊ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားမေတ္တာမျိုးကတော့ ဓားပြတိုက်ယူလို့ မရဘူးလေကွာ၊ ငါ့အနေနဲ့ကလည်း မြေပုံတွေရပြီး စိန်တွင်းဆီသွားဖို့သာ အဓိကပါ။ ဒါကြောင့်လည်း ငွေငါးသောင်းပေးမယ်၊ ကိုအောင်စိုးမိုးအနေနဲ့ ချောကလျာခိုင်ကို လက်ထပ်နိုင်တဲ့အထိ ကြိုးစားပါလို့ နောက်တစ်ဖက်က လှည့်ခွရတာပေါ့ကွာ၊ မပိုင်ဘူးလား ခင်မောင်သိန်း"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖို့က ဆရာသစ္စာ ဒီလိုလုပ်လိုက်တာဟာ ချောကလျာခိုင်ကို ပိုင်ဖို့ ပိုပြီးဖြစ်မသွားဘူးလား"

"ဘယ်ဟုတ်မလဲ၊ တစ်ဖက်က ငါကိုယ်တိုင် ကြိုးစားလို့မရရင် ကိုအောင်စိုးမိုးက ကြိုးစားလို့ရလည်း ငါ့အဖို့ စိန်တွင်းကိစ္စအတွက် ဆက်ကြံစည်ဖို့ လွယ်သွားနိုင်တာပေါ့၊ ပန်းဆိုးတန်းဆိပ်ကမ်းက ပြန်လာကတည်းက ချောကလျာခိုင်ဟာ ကိုအောင်စိုးမိုးကို တော်တော်လေး စိတ်ဝင်စားသွားမှန်း ငါ အကဲခတ်မိတာပဲဟာ"

"ဒါပေမဲ့ ဒီလူက အာစရိရဲ့ဆန္ဒကို လိုက်လျောတာမှ မဟုတ်တာ။ ဦးမောင်မောင်ခိုင်ရဲ့ ဘက်တော်သားလုံးလုံး ဖြစ်သွားတာပဲ ဆရာသစ္စာ"

သစ္စာက သေနတ်ကိုင်လက်ကို ဝှေ့ယမ်းလိုက်ရင်း ...

"ဒါတော့ ဘယ်တတ်နိုင်မလဲကွာ၊ ငါ့အဖို့ကတော့ အမျိုးမျိုး အကွက်ဆင်ရတာပဲ၊ နောက်ဆုံး ဒေါ်လေးစံပယ်ကို ဒီအိမ်ထဲသွင်းထားတဲ့ အကွက်နဲ့ လာဝင်တာပဲ မဟုတ်လား၊ ဟဲ ... ဟဲ ... ဒီမယ် ခင်မောင်သိန်း၊ ငါ အဓိကလိုချင်တာက ချောကလာခိုင်ကိုလည်း မဟုတ်ဘူး၊ မိန်းမတွေ ပေါပါတယ်ကွာ၊ အချစ်မပါဘဲ စိတ်သာယာမှုအတွက်ဆို မိန်းမတွေ ပေါမှပေါ၊ အေး ... ဦးမောင်မောင်ခိုင် အတိုက်အလျှောက် ချမ်းသာတယ်ဆိုပေမယ့် စိန်တွင်းထဲကရမယ့် စိန်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် မြင့်မိုရ်တောင်နဲ့ ဆီးစေ့ပါ၊ ဒါကြောင့် ဦးမောင်မောင်ခိုင်ရဲ့ ဆီးစေ့လောက်ကိုလည်း



ငါ မမက်မောပါဘူး၊ ငါ သိပ်စိုးရိမ်တာက လမ်းပြဦးမဲရဲ့မြေပုံ ပျောက်ပျက်မှာ စိုးရိမ်နေတာ၊ လမ်းပြဦးမဲ ကျတော့ ပညာနည်းတယ်၊ ဗဟုသုတနည်းတယ် မဟုတ်လား၊ မြေပုံပိုင်းကို အလကားစက္ကူစုတ်ပါဆိုပြီး လွှင့်ပစ်မှာစိုးနေတာ၊ အခုတော့ ဦးမဲရဲ့မြေပုံပါ ဦးမောင်မောင်ခိုင့်လက်ထဲက ရပြီလေကွာ"

"ကျန်သေးတယ် ဆရာသစ္စာ၊ ဦးကျော်သောင်းနဲ့ ကိုအောင်ဟိန်းလက်ထဲက မြေပုံကျန်သေးတယ်လေ"

"လွယ်ပါတယ်ကွ၊ အခု အပြန်မှာ သူတို့အိမ်ဘက် လှည့်ဝင်လိုက်ရုံပေါ့၊ သေနတ်ကိုတော့ လူတိုင်းကြောက်စမြဲ မဟုတ်လား၊ အခု နည်းလမ်းအတိုင်း ဦးကျော်သောင်းဆီက မြေပုံပိုင်း ဝင်ယူလိုက်ရုံပေါ့"

ကိုသစ္စာက သူ၏အောင်မြင်မှုနှင့် သူ၏အကြံအစည်ကို ဂုဏ်ယူဝင့်ကြွားလေသံနှင့် ပြောနေစဉ်မှာပင် အိပ်ခန်းတံခါးဝသို့ ဒေါ်နန္ဒာခေါ် ဒေါ်စံပယ် ရောက်လာသည်။

"လူလေးသစ္စာ မင်းဟာက အပိုတွေ သိပ်များနေပြီကွယ့်၊ မင်း တကယ်လုပ်ရမယ့် အလုပ်က မြေပုံတွေယူ သူတို့အားလုံးကို ကြိုးနဲ့တုတ်ခဲ့ပြီး ဒီအိမ်ကထွက်သွား၊ ဦးကျော်သောင်းအိမ်ကိုဝင်ပြီး နောက်ထပ် မြေပုံပိုင်းယူရဦးမယ်၊ နောက်ပြီး ရန်ကုန်က ဒီနေ့ပဲ အမြန်ဆုံးထွက်ရမယ်။ အခုတော့ လူလေးက စကားကြောကြီးရှည်ပြီးအချိန်တွေ ဖြုတ်နေသကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဒေါ်လေးစပယ်"

ဘစ်ဆက်တည်းပင် သိန်းတန်အား ကိုသစ္စာက အမိန့်ပေးလိုက်သည်။

"ကဲ ... ကိုသိန်းတန် စားပွဲပေါ်က မြေပုံနှစ်ပိုင်း ယူလိုက်တော့"

အင်း ... ပြဿနာကတော့ အထွတ်အထိပ် ရောက်တော့မည်ဟု အောင်စိုးမိုး တွက်ဆလိုက်ပါ၏။

သိန်းတန် မြေပုံယူသည်ကို ဦးမောင်မောင်ခိုင်သည် ဘယ်နည်းနှင့်မျှ လွယ်လွယ်ကူကူ အယူခံမည်မဟုတ်။

ဦးမောင်မောင်ခိုင်သည် ဤမြေပုံများအပေါ်တွင် မည်မျှ အစွဲအလမ်းကြီးမားကြောင်း အောင်စိုးမိုး သိပြီးသားဖြစ်သည်။

အကယ်၍ သိန်းတန် မြေပုံယူရာတွင် ဦးမောင်မောင်ခိုင်က စားပွဲပေါ်မှ မြေပုံပိုင်းနှစ်ပိုင်းကို အယူမခံဘဲ ဆွဲယူထားပါက သိန်းတန် လက်ထဲတွင် သေနတ်ကိုင်ထားသည်။

အားလုံးသည် စိန်ရှူးတွေ ဖြစ်နေကြသည်။ လောဘဓောဖြင့် သိန်းတန်က ဦးမောင်မောင်ခိုင်အား သေနတ်ဖြင့် တကယ်မပစ်ဟု မည်သူ အာမခံနိုင်မည်နည်း။

အောင်စိုးမိုးသည် နံရံကပ်မှန်ဘီရိုထဲတွင် ထည့်ထားသော ဦးမောင်မောင်ခိုင်၏ သေနတ်တွေကို လှမ်းကြည့်မိသည်။

နံရံကပ် သေနတ်ထဲတွင် ကျည်ဆန်အသင့် ထည့်ထားမည်တဲ့လား ... မသေချာ။



နောက်တစ်ချက် ရှိသေးသည်။

နံရံကပ် မှန်ဗီရိုမှ သေနတ်တွေဆီသို့ မိမိက ထသွားလိုက်သည်နှင့် ကိုဇေယျခေါ် ခင်မောင်သိန်းနှင့် ကိုသစ္စာက မိမိကို လှမ်းပစ်နိုင်သည်။

သိန်းတန်သည် ဦးမောင်မောင်ခိုင်ဆီသို့ တရွေ့ရွေ့နီးကပ်နေပေပြီ။

အောင်စိုးမိုး မလှုပ်သာ မလှည့်သာ အခြေအနေမှ ထိုင်နေသော ဆိုဖာထိုင်ခုံကို လက်ထောက်ပြီး စိတ်ပျက်လက်ပျက် ကျောမှီလိုက်သည်။

"အဲ ... ဆိုဖာကူရှင်"

အောင်စိုးမိုးက ဆိုဖာကို လက်ထောက်သည်နှင့် ထိုင်ခုံ အိ,ခနဲနိမ့်သွားသည်ကို အမှတ်သညာ ထားလိုက်သည်။

ဤဆိုဖာတွေသည် စပလိန် အုန်းဆံတို့နှင့် လုပ်ထားသော ဆိုဖာမဟုတ်။

ပင်လယ်ရေမြှုပ်(စပွန့်ဂျ်)သား ထုလေးငါးလက်မခန့် အထုကို ထည့်သွင်းထားခြင်း ဖြစ်သည်။

ပြီး ... ကျောမှီရော ထိုင်ခုံပါ အရှင်တွေဖြစ်သည်။ အရှင်တစ်ခုချင်း ထုတ်ယူ၍ရသည်။

နောက်တစ်ချက် သေနတ်ကျည်ဆန်၏ သဘာဝ။

သေနတ်ကျည်ဖူးသည် မာကျောသော သစ်သားကို ထုတ်ချင်းခတ် ပေါက်သွားနိုင်သော်လည်း ငှက်မွှေးပင်လို ပျော့ပျော့အိအိကို ထိမှန်လျှင် ထွင်းဖောက်စေကာမူ ပျော့ပျော့အိအိထဲတွင် အရှိန်သေပြီး ထုတ်ချင်းခတ် မထွက်နိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် ကုရှင်မှ ပင်လယ်ရေမြှုပ်သား(စပွန့်ဂျ်)ကို ကျည်ဖူးထိုးဖောက်နိုင်စွမ်း မရှိကောင်းစရာ။

ပြီး ကုရှင်၏ နောက်ပိတ်ကာဘာမှာ သစ်သားဖြစ်နေသေးသည်။

အောင်စိုးမိုး အလစ်ချောင်းစောင့်သည်။

သိန်းတန်သည် စားပွဲအနီး ရောက်သွားပြီး စားပွဲပေါ်မှမြေပုံကို လှမ်းယူလိုက်သည်။

မြန်လိုက်သည့်ဖြစ်ခြင်း။

အစွယ်နှင့် မလိုက်အောင်ကို ဦးမောင်မောင်နိုင်၏ လှုပ်ရှားမှုသည် မြန်လွန်းပေသည်။

သိန်းတန် အနီးကပ်လာသည်အထိ ဦးမောင်မောင်နိုင်သည် မတုန်မလှုပ် ခေါင်းကြီးငုံ့နေသည်။ ပုံသဏ္ဌာန်မှာ အားမတန် မာန်လျှော့ပြီး အရှုံးပေးသည့်သဏ္ဌာန် ရှိနေသည်။

သို့သော် ဘာဟုတ်လိမ့်မည်လဲ။

သိန်းတန် ကိုယ်တိုင် ဦးမောင်မောင်နိုင်သည် အရှုံးပေးထားပြီဟုလည်း တွက်မည်။

ဒုက္ခိတကြီးဟုလည်း တွက်မည်။

ယင်းလျှော့တွက်ချက်ကြောင့် ပေါ့ပေါ့တန်တန်ဖြစ်သွားသည်ကို ဦးမောင်မောင်နိုင်က အလွန့်အလွန် သွက်လက်သော လှုပ်ရှားမှု ပြုလုပ်ခြင်း ဖြစ်တော့သည်။

ဆိုဖာအောက်တွင် ထောင်ထားသော တုတ်ကောက်ထိုကောက်ကိုင်ကာ စားပွဲသို့ လက်လှမ်းနေသော သိန်းတန်၏ လက်ကို ရိုက်ချသည်။



အား,ခနဲ သိန်းတန် အော်သွားပေသည်။

နောက်တစ်ချက် ဆင့်ရိုက်လိုက်သည်မှာ သိန်းတန်၏ သေနတ်ကိုင်ထားသော လက်ကိုဖြစ်သည်။ ရိုက်ချက်အလွန်ပြင်းပါ၏။ ဒုတိယရိုက်ချက်တွင် တုတ်ကောက်ပင် ထက်ပိုင်းကျိုးသွားသည်။

သိန်းတန်၏လက်မှ သေနတ်လွင့်စဉ်သွားသည်။

သိန်းတန်၏လက်နှစ်ဖက်စလုံး မရှုမလှ နာကျင်ပြီး အောင်မယ်လေး တ,ယူရ၏။

ကိုသစ္စာနှင့် ခင်မောင်သိန်းတို့၏ သေနတ်နှစ်လက်သည် ဦးမောင်မောင်နိုင်အား ဒိုင်းခနဲ၊ ဒိုင်းခနဲ၊ ထိုးပစ်လိုက်သည်။

ယင်းအခိုက်ဝယ် ...။

အလစ်ချောင်းနေသော အောင်စိုးမိုးသည် ကျောမှီကုရှင်ကို ကောက်ကိုင်ပြီး ဆေးဝတ်၍ ဝေါင်နေသော အောင်မြတ်အား တည့်တည့်ကြီး ပစ်ပေါက်လိုက်သည်။

တည့်တည့်ကြီးပင်ထိပြီး အရှိန်ပြင်းသော ကုရှင်နှင့်အတူ ဗလုံးဗထွေး အောင်မြတ် နောက်လန်လဲပြိုသွားသည်။

တစ်ချိန်တည်းမှာပင် ထိုင်ခုံကုရှင်ကို ကောက်ယူပြီး ဒိုင်းသဖွယ် ရှေ့မှကာရံကာ အောင်စိုးမိုးသည် တစ်ရှိန်ထိုး ကိုသစ္စာဆီသို့ ဝင်လိုက်ပါ၏။

ဒိုင်း ... ဒိုင်း။

ဒိုင်း ... ဒိုင်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုသစ္စာကရော ခင်မောင်သိန်းကပါ တဒိုင်းဒိုင်းဖြစ်အောင် အောင်စိုးမိုးကို ပစ်တော့သည်။

သို့တစေ ...

ယခုပစ်နေသလောက် အထိတော့ အောင်စိုးမိုးကိုတင်တွက်ဆသည့်အတိုင်း ကျည်ဆန်များသည် ကူရှင်၏ပင်လယ်ရေမြှုပ်ထဲသို့ ဝင်သွားပြီး ထုတ်ချင်းခတ် မထွက်သေး။

"ဟေ့ ... သစ္စာ ရပ်လိုက်၊ မင်းတို့သေနတ်တွေ အောက်ချလိုက်။ ကြားလား ငါပြောတာ"

အားလုံး လှမ်းပြောရာသို့ ကြည့်လိုက်သည်။

ဦးလေးအောင်ပါပေ။

ဒေါ်နှာခေါ် ဒေါ်စံပယ်အား ဦးလေးအောင်က နောက်မှ ရစ်သိုင်းဖက်ကာ ဒေါ်စံပယ်၏လည်ပင်းကို ဓားမြှောင်ဖြင့် တေ့ထားသည်ကို တွေ့ရသည်။

"ကြားလား ... ငါပြောတာ မလိုက်နာရင် ဒီမှာကြည့်"

ဦးလေးအောင်က ဒေါ်စံပယ်၏ လည်ပင်းထဲသို့ ဓားမြှောင်ဦးအချွန် အနည်းငယ် ထိုးစိုက်လိုက်သည်။

"အမယ်လေး သေပါပြီ"

ဒေါ်စံပယ်၏အော်သံ ထွက်လာပြီး ဒေါ်စံပယ် တွန့်ခနဲ ဖြစ်သွား၏။

ဒေါ်စံပယ်၏လည်ပင်းမှ သွေးထွက်လာသည်ကိုလည်း တွေ့ရပါသည်။

"တောက်"



သစ္စာသည် တက်ခေါက်ပြီး သေနတ်ကို အောက်သို့ လွှတ်ချလိုက်သည်။

"ခင်မောင်သိန်း ... မင်းသေနတ်လည်း အောက်ချလိုက်တော့၊ ဒီလူကြီး ဒေါ်လေးစံပယ်ကို တကယ်လုပ်မှာ ငါ့ကို အငြိုးထားတဲ့ လူကြီးလေ"

ခင်မောင်သိန်းလည်း သေနတ်ကို အောက်သို့ချလိုက်ပါ၏။

"အောင်စိုးမိုးရေ ... သေနတ်တွေ လိုက်ကောက်ပေတော့"

ဦးလေးအောင်က ပြောရုံရှိသေး၊ အောင်စိုးမိုးက ကြမ်းပြင်ပေါ်မှ သေနတ်သုံးလက်ကိုရော၊ အောင်မြတ်၏ဓားမြှောင်ကိုပါ ကောက်ယူ သိမ်းလိုက်ပြီးလေပြီ။

အောင်စိုးမိုးက သေနတ်တစ်လက်ဖြင့် သစ္စာ၊ ခင်မောင်သိန်း၊ သိန်းတန်နှင့် အောင်မြတ်တို့ကို ချိန်ထားလိုက်သည်။

"ဟင် ... ဖေဖေ၊ ဖေဖေကိုယ်မှာ သွေးတွေနဲ့၊ သွေးတွေနဲ့"

ချောကလျာခိုင်က ပြောပြောဆိုဆို ဦးမောင်မောင်ခိုင်အား ပြေးဖွဲ့သည်။

"မပူပါနဲ့ သမီး၊ မစိုးရိမ်နဲ့ ဖေဖေ့လက်မောင်းနဲ့ ပခုံးကို ရှပ်ထိတာ၊ ဒီကောင်တွေ သေနတ်ကိုင်ပြီး ပစ်တတ်တဲ့ကောင်တွေမှ မဟုတ်တာ၊ အရိုးတို့မထိဘူး၊ ဖေဖေ ဘာမှ မဖြစ်ဘူးသမီး"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ... ကျွန်တော် ဖုန်းဆက်ပြီး ရဲစခန်းကို အကြောင်းကြားလိုက်မယ်။ ဆရာကြီးကုနေကျ ဒေါက်တာမြင့်စိုးဆီလည်း ဖုန်းဆက်လိုက်မယ်။ မောင်အောင်စိုးမိုးအားလုံးကို မလွတ်တမ်း ချိန်ထားနော်"

"ရဲကို အကြောင်းမကြားနဲ့ ကိုအောင်၊ ဒေါက်တာမြင့်စိုးဆီလည်း မဆက်နဲ့"

"ဟင် ... အန်ကယ်"

"ရဲတယ် မောင်အောင်စိုးမိုး၊ ရဲကိုတိုင်ရင် ပြဿနာတွေ သိပ်ကျယ်ပြန့်သွားမယ်။ ဒေါက်တာမြင့်စိုးကို ခေါ်လည်း သေနတ်ဒဏ်ရာမှန်းသိပြီး ဒီအကြောင်းတွေ သတင်းပြန့်သွားမယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ အန်ကယ်၊ ဟောဒီ ကိုသစ္စာတို့လူသိုက်ကို ဘယ်လိုလုပ်မလဲ"

"သစ္စာရဲ့အိတ်တွေထဲမှာ ရှာကြည့်စမ်းပါ။ ဦးဒေါနရဲ့မြေပုံပါသလားလို့၊ မောင်အောင်စိုးမိုး လက်ထဲက သေနတ်တစ်လက် အန်ကယ့်ကို ပေးစမ်း"

အောင်စိုးမိုးက သူ့လက်ထဲမှ သေနတ်နှစ်လက်ကို ဦးမောင်မောင်ခိုင် လက်သို့ ပေးအပ်သည်။ တစ်လက်ကမူ သစ္စာတို့ကို ချိန်မြဲချိန်ထားပါ၏။

ဦးမောင်မောင်ခိုင်က သစ္စာတို့အား သေနတ်နှစ်လက်ကို တစ်ဖက်စီကိုင်ပြီး ချိန်ထားသည်။



ဦးမောင်မောင်ခိုင်၏လက်မောင်းနှင့် ပခုံးမှ သွေးထွက်ရှံမှုလွဲပြီး ဒဏ်ရာပြင်းထန်ပုံ မရပေ။

အောင်စိုးမိုးသည် ကိုသစ္စာ၏ အိတ်များထဲသို့ ရှာဖွေသည်။

တွေ့ပါ၏။

စားပွဲပေါ်တွင်ရှိသော စာရွက်အတိုင်းပင်။

အထဲမှ မြေပုံဆွဲထားသော မင်ရောင်လည်း အတူတူ ဖြစ်နေပါသည်။

"ဒီမှာ ... အဲဒါ မှန်ရဲ့လား အန်ကယ်"

ဦးမောင်မောင်ခိုင်က ယူကြည့်ပြီး ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

"သူတို့အားလုံးနဲ့ မနန္ဒာကိုပါ ခြံပေါက်ဝအထိ လိုက်ပို့လိုက်ပါ။ ခြံပေါက်ဝရောက်ရင် သူတို့သေနတ်ထဲက ကျည်ဆန်တွေအားလုံး ထုတ်ယူလိုက်ပြီး သူတို့သေနတ်တွေကို ပြန်ပေးလိုက်ပါ။ ကိုအောင်လည်း အဖော်လိုက်သွားပါ"

"သူတို့ကို ဒီအတိုင်းပဲ ပြန်လွှတ်လိုက်ရင် နောက်ပိုင်း အန်ကယ့်ကို ထပ်ပြီးအနှောင့်အယှက် ပေးမှာပေါ့"

"ရပါတယ်၊ သူတို့ကို အန်ကယ် ဂဃနဏ သိပြီပဲဟာ။ နောက်ထပ် အန္တရာယ်ပေးရင် သူတို့ပဲ နစ်နာသွားမှာပေါ့။ သူတို့ကို လွှတ်မပေးလို့ အန်ကယ် ဘာလုပ်ရမလဲ၊ ရဲကိုမှ မတိုင်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ခိုင်၏ ဝမ်းတွင်းသဘောကို အောင်စိုးမိုး နားလည်သဘောပေါက်ပါ၏။ ကိုသစ္စာလို လူမျိုးကို ဘာယ်သူဘာယ်ဝါမှန်း တိတိကျကျ သိပြီးသည်နှင့် ဦးမောင်မောင်ခိုင်က သိပ်ဂရုမစိုက်သည့်သဘော ရှိသည်။ သစ္စာလို လူစားထက် ဦးမောင်မောင်ခိုင်၏ အဆက်အသွယ် အဝန်းအဝိုင်းက များစွာ ပို၍ကြီးထွားသဖြင့် သစ္စာလိုလူကို ဂရုစိုက်ဟန် မတူပါလေ။

ဦးမောင်မောင်ခိုင် အလိုရှိနေသော ဦးဒေါနု၏မြေပုံကလည်း ရထားပြီ မဟုတ်ပါလား။

"ဩော် ... အန်ကယ့်အိပ်ရာခေါင်းအုံးအောက်က ပစ္စတိုရှိတယ်၊ အဲဒါကို ယူသွားပါ မောင်အောင်စိုးမိုး"

တစ်ဆက်တည်းပင် ဦးမောင်မောင်ခိုင်က သစ္စာဘက်သို့ လှည့်လိုက်သည်။

"ကဲ ... မောင်သစ္စာ သွားပေတော့၊ သတင်းစာထဲမှာ စောင့်ကြည့်ပေါ့ကွာ၊ အခု မြေပုံသုံးပိုင်း အန်ကယ် ရထားပြီ၊ ကိုကျော်သောင်းတို့ သားအဖနဲ့ညှိလို့ ရင်ကွဲတောင်ကို သွားဖို့အဆင်ပြေရင် 'မောင်သစ္စာ လာခဲ့ပါ'လို့ သတင်းစာထဲမှာ ထည့်လိုက်မယ်၊ အန်ကယ်က မင်းလို တစ်တောင်လုံး မယူပါဘူးကွာ၊ မင်းကို ငါ့စက်လုပ်ငန်းတွေမှာတော့ ပြန်မသုံးတော့ဘူး၊ အနီးကပ်ပြီး မကောင်းကြံမှာကိုတော့ ငါ စိုးရိမ်တယ်၊ ကဲ ... သွားပေတော့"

သစ္စာသည် ခေါင်းငိုက်စိုက်ဖြင့် ရှေ့ဆုံးမှ ထွက်သွားသည်။ သူ့နောက်မှ ဒေါ်စံပယ်၊ ခင်မောင်သိန်း၊ သိန်းတန်၊ အောင်မြတ်တို့ အားလုံး လိုက်သွားကြသည်။



"ရော့ ... မောင်အောင်စိုးမိုး၊ သူတို့ သေနတ်တွေ"

ခြံဝထိ ဦးလေးအောင်နှင့် အောင်စိုးမိုး လိုက်သွားသည်။

ခြံပြင်ရောက်သည်နှင့် အောင်စိုးမိုးက သေနတ်တွေထဲမှ ကျည်ဆန်တွေ ထုတ်ယူပြီး သစ္စာကို သေနတ်တွေလှမ်းပေးလိုက်သည်။

"ကျုပ် မှားတယ်ဗျာ၊ တကယ်တော့ အန်ကယ် ဦးမောင်မောင်ခိုင်က စိတ်ထားကောင်းတဲ့လူပဲ၊ သွားမယ် ကိုအောင်စိုးမိုး"

ခြံပြင်တွင် ရပ်ထားခဲ့သော ကိုသစ္စာ၏ မော်တော်ကားနှင့်ပင် သူတို့ ထွက်သွားကြသည်။ ခြံထဲအထိ ကားဝင်လျှင် ကားစက်သံ ကြားမည်စိုး၍ ခြံပြင်တွင် ရပ်ထားခဲ့ခြင်း ဖြစ်ဟန်တူပါ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ဦးမောင်မောင်ခိုင်၏ ပခုံးနှင့် လက်မောင်းဒဏ်ရာသည် ရုပ်ထိခြင်းသာဖြစ်သည်။

ကျည်ဖူး အသားထဲ ဝင်မနေ။ ဦးမောင်မောင်ခိုင် ထိုင်ခဲ့သော ဆိုဖာကူရှင် ကျောမှီထဲသို့ ကျည်ဖူးနှစ်ခုစလုံး မြုပ်ဝင်သွားသည်။

ဦးမောင်မောင်ခိုင်အား အိမ်တွင်ဆောင်ထားသော ကြက်ခြေနီဆေးသေတ္တာထဲမှ စုံလင်စွာသော ဆေးများဖြင့်ပင် ခိုင်နှင့် အောင်စိုးမိုးက ကုသသည်။ ဆေးထည့်ပြီး ခိုင်က ပတ်တီးစည်းပေးသည်။

"ဖေဖေရယ် ... ရင်ကွဲတောင်ကိစ္စကို လက်လျှော့လိုက်ပါတော့လားဟင်"

"မဟုတ်တာ၊ ဆင်ပြောင်ကြီး အမြီးကျမှ တစ်ရမလား သမီး၊ ဖေဖေ အနာသက်သာတာနဲ့ မောင်အောင်စိုးမိုးကို ခေါ်ပြီး ဦးကျော်သောင်းတို့ သားအဖနဲ့ ညှိနှိုင်းပြီး ပြန်သွားမယ်"



"အစ်ကို ကိုသစ္စာလည်း မရှိတော့ဘူး၊ စက်ဆွေးတို့မှ ဘယ်လိုလုပ်မလဲ

ဦးမောင်မောင်ခိုင်က ရယ်လိုက်သည်။ ပြီး အခန်းတွင် ရှိနေသော အောင်စိုးမိုး၏ပခုံးကို ဦးမောင်မောင်ခိုင်က ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ဒီမှာလေ ... သမီးရဲ့ အစ်ကို့ကိုပဲ အုပ်ချုပ်ခိုင်းမှာပေါ့၊ အရာရာမှာ ပိုပြီးစိတ်ချသွားရအောင် သမီးနဲ့ မောင်အောင်စိုးမိုးကို ဖေဖေ့အနာ သက်သာတာနဲ့ လက်ထပ်ပေးမယ်"

"အို ... ဖေဖေကလည်း"

ခိုင် ရှက်သွားသည်။ ခေါင်းလေး ငုံ့သွားသည်။ သို့သော် မျက်နှာလေးမှာ ရှက်သွေးဖျန်းနေသည့် ပန်းနုရောင်လေး ဖြစ်သွားသည့်ကြားမှပင် ပြုံးနေပါ၏။

အောင်စိုးမိုးလည်း ပြုံးသွားသည်။ ခိုင့်ကို အပြုံးဖြင့် လှမ်းကြည့်သည်။

ခိုင်က ခေါင်းငုံ့ထားရာကပင် မျက်လုံးလေးစွေပြီး အစ်ကို အောင်စိုးမိုးကို ကြည့်နေသည်နှင့် ဆုံသွားပါ၏။

"ကျွန်တော် အန်ကယ်ရဲ့လုပ်ငန်းတွေကို ဘာမှနားမလည်သေးတာတော့ အမှန်ပဲ အန်ကယ်"

"ဘာခက်တာမှတ်လို့လဲ မောင်အောင်ရယ်"

မောင်အောင်စိုးမိုးဟုပင် ဦးမောင်မောင်ခိုင်က မခေါ်တော့ဘဲ မောင်အောင်ဟု အရင်းအနှီးသဘောနှင့်ကော အခေါ်ရတိုတောင်းလွယ်ကူသည့် သဘောနှင့်ကော ပြောင်းခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင့် အနေနဲ့က စီမံကွပ်ကဲ အုပ်ချုပ်ဖို့ပဲ၊ ကိုအောင့်ကိုလည်း စက်လုပ်ငန်းမှာ ပြန်ထားမယ်၊ စက်နဲ့ ပတ်သက်တာတွေတော့ မောင်အောင်က ကိုအောင့်ဆီမှာ ပြန်သင်ပေါ့၊ မောင်အောင်က ဉာဏ်ထက်တဲ့လူပဲကွယ်၊ တစ်ခဏအတွင်း လုပ်ငန်းတွေ အားလုံးအပေါ်မှာ သဘော ပေါက်သွားမှာပါ၊ ကိုအောင့်ကို လူဆရာ မထားတော့ဘဲ မောင်အောင်နဲ့တွဲဖို့ လက်ထောက်မန်နေဂျာနေရာမှာ ထား တာပေါ့"

"ဖေဖေ"

"ပြောလေ သမီး"

"အစ်ကို့ကို စက်လုပ်ငန်းတွေနဲ့ ဖေဖေ့လုပ်ငန်းတွေမှာ တာဝန်ပေးမှာဆိုတော့ ဖေဖေ ရင်ကွဲတောင်သွားဖို့ကိစ္စ လက်လျှော့လိုက်ပါလား ဖေဖေ၊ ဖေဖေ သွားရင် အစ်ကို့ ကို ခေါ်သွားရမှာ မဟုတ်လား"

"ရပါတယ် သမီးရယ်၊ ဖေဖေတို့သွားရင် အသွားအပြန် အလွန်ဆုံး ရက်နှစ်ဆယ်ပေါ့၊ ဒီရက်အတွင်းမှာ ကိုအောင် ကို လွှဲပေးခဲ့လည်း ဖြစ်တာပဲဟာ"

"အိမ်မှာ ခိုင်တစ်ယောက်တည်း ဖြစ်နေမှာပေါ့ ဖေဖေ"

"ရပါတယ်၊ ဒါတွေ အားလုံး ဖေဖေ စီစဉ်ပေးခဲ့မှာပေါ့၊ အခုလည်း ချက်ချင်းမသွားသေးပါဘူး၊ အနှာပျောက်တဲ့ အထိလည်း စောင့်ရဦးမယ်၊ ဦးကျော်သောင်း သားအဖနဲ့ လည်း ညှိနှိုင်းရဦးမှာ၊ အချိန်တွေ ရှိပါသေးတယ် သမီး"



ဤရင်ကွဲတောင် စိန်တွင်းကိစ္စနှင့် ပတ်သက်လာပါ က ဦးမောင်မောင်ခိုင်သည် မလျှော့၊ ခေါင်းမာလှပါ၏။ ချောကလျာခိုင် သက်ပြင်းချမိသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ...

နံနက်ခုနစ်နာရီ ကော်ဖီဝိုင်းတွင် ဦးမောင်မောင်ခိုင်၊ ချောကလျာခိုင်၊ အောင်စိုးမိုးနှင့် ဦးအောင်တို့ စုဝေးစားသောက်နေစဉ်မှာပင် ဘယ်လိုမှ မမျှော်လင့်သော ဧည့်သည်နှစ်ဦး ရောက်လာပါ၏။

ဦးအောင်ကပင် အိမ်တံခါး သွားဖွင့်ပေးသည်။

"ဟာ ... ဦးကျော်သောင်းတို့ သားအဖပါလား၊ လာဗျာ တစ်လက်စတည်း ကော်ဖီဝင်သောက်ကြဦး"

"အိမ်က စားသောက်လာခဲ့ပြီ မောင်မောင်ခိုင်ရေ့၊ ကျုပ်တို့ ဧည့်ခန်းကပဲ စောင့်မယ်ဗျာ၊ ဦးမောင်မောင်ခိုင်း စားသောက်ပြီးရင် သတင်းထူး သတင်းဆန်းလေး ကျုပ်ပြောချင်လို့ တမင်လာခဲ့တာ"

"ဘာလဲ ... ကျုပ်ဆီမှာ မြေပုံသုံးပိုင်း ရထားတာ ဦးကျော်သောင်း သတင်းကြားလို့ ရင်ကွဲတောင် သွားကြဖို့ လာဆွေးနွေးတာလား"

ဦးကျော်သောင်းနှင့် သား အောင်ဟိန်းက ဦးမောင်မောင်ခိုင်ကို ကြည့်ပြီး ပြုံးလိုက်သည်။



သူတို့သားအဖ ပြုံးပုံမှာ သာမန်အပြုံးမျိုးမဟုတ်ဘဲ အဓိပ္ပာယ်တစ်ခုခုဆောင်နေမှန်း ဦးမောင်မောင်ခိုင် ရိပ်မိပါ၏။

"လာ ... မောင်အောင်၊ အန်ကယ်တို့ ဧည့်ခန်းကို သွားကြစို့"

ဧည့်ခန်းထဲဝယ် ဦးကျော်သောင်းတို့ သားအဖနှင့် ဦးမောင်မောင်ခိုင်၊ ချောကလျာခိုင်နှင့် အောင်စိုးမိုးတို့ ဝိုင်းထိုင်မိကြသည်။

ဦးလေးအောင်ကမူ ခြံထဲသို့ ဆင်းသွားပါ၏။

ဦးမောင်မောင်ခိုင်ကပင် စတင်၍ ပြောလိုက်သည်။

"ကဲ ... ဆို ဦးကျော်သောင်း၊ ခင်ဗျားမြေပုံပိုင်းနဲ့ ကျုပ်ဆီက မြေပုံပိုင်းတွေ ပြန်ပေါင်းပြီး ရင်ကွဲတောင် သွားကြဖို့ မဟုတ်လား"

ဦးကျော်သောင်းက ဘာမျှမပြောသေးဘဲ သူ၏အိတ်ထဲမှ မြေပုံပိုင်းကို ထုတ်ယူလိုက်ပြီး ဦးမောင်မောင်ခိုင်ကို လှမ်းပေးလိုက်သည်။

"အဲဒီ မြေပုံပိုင်းကို ဦးမောင်မောင်ခိုင် စစ်ဆေးကြည့်ပေါ့ဗျာ၊ အစစ်အမှန် ဟုတ်ရဲ့လား၊ ဟိုတုန်းက ရိက္ခာထုပ်ခဲ့တဲ့ စက္ကူပေါ်မှာ ဦးမောင်မောင်ခိုင် ကိုယ်တိုင် ရေးဆွဲခဲ့တဲ့ မြေပုံပိုင်း မှန်ရဲ့လားလို့"

ဦးမောင်မောင်ခိုင် သေချာစွာ စစ်ဆေးသည်။

စစ်ဆေးပြီး ခေါင်းညိတ်ပြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဦးကျော်သောင်းကို ပေးခဲ့တဲ့ ကျုပ်ဆွဲတဲ့မြေပုံ အစစ်အမှန်ပဲ၊ အဲဒါ ဘာလဲလို့"

ဦးကျော်သောင်းက ရယ်လိုက်သည်။

"ကဲ ... ဒါဆို ကျုပ်ကတော့ ရင်ကွဲတောင်ကိုသွားချင်စိတ် မရှိတော့ဘူး၊ ဒီမြေပုံပိုင်းကို အပြီးအပြတ် ဦးမောင်မောင်ခိုင် ရောင်းမယ်ဆိုရင် ဦးမောင်မောင်ခိုင် ဘယ်လောက်ပေးမလဲ"

"အား ... တကယ်လား၊ ကဲ ... ပြော၊ ဦးကျော်သောင်း ဘယ်လောက်နဲ့ ရောင်းချင်လဲ"

"နှစ်သိန်း"

"လျှော့နိုင်ဦးမလား"

"မလျှော့နိုင်ဘူး ဆိုရင်ကော"

"ပေးရမှာပေါ့ဗျာ၊ ငွေနှစ်သိန်းတော့ ရင်းရမှာပေါ့"

"ဟဲ ... ဟဲ ... မရင်းနဲ့တော့ ဦးမောင်မောင်ခိုင်ရေ၊ နှစ်သိန်းမပြောနဲ့ ငါးပြားစေ့နဲ့တောင် မရင်းနဲ့တော့"

ပြောပြောဆိုဆို ဦးကျော်သောင်းက သူ၏အိတ်ထဲမှ ဂက်(စ်)မီးခြစ်လေး ထုတ်လိုက်သည်။

ဂက်(စ်)မီးခြစ်ကိုခြစ်ပြီး ထွက်လာသော မီးတောက်လေးဖြင့် သူ၏မြေပုံပိုင်း ထောင့်စွန်းလေးကို တော့ကာ မီးစတင်ရှို့တော့သည်။

"ဟာ ... ဟဲ့ ... ဒါ ဘယ်လိုလုပ်တာလဲ ဦးကျော်သောင်း"



ဦးမောင်မောင်ခိုင် ပျာပျာသလဲ ဖြစ်သွားသည်ကို ဦးကျော်သောင်းက အေးဆေးတည်ငြိမ်စွာပင် လက်ဝါးကာပြပြီး မီးလောင်နေသော မြေပုံပိုင်းလေးကို စားပွဲပေါ်မှ ပြာခံခွက်ထဲ ထည့်လိုက်သည်။ လုံးဝပြာဖြစ်အောင် လောင်သွားသည့်ကို ကြည့်ရင်း ဦးကျော်သောင်းက တဟဲ ... ဟဲ ... ရယ်လိုက်သည်။

"ရင်ကွဲတောင်က စိန်တွင်းဆိုတာ လုံးဝမရှိတော့ဘူး ဦးမောင်မောင်ခိုင်"

"ဘာဗျ"

"ရင်ကွဲတောင် ပတ်ဝန်းကျင်မှာ ငလျင်လှုပ်တယ်၊ ရင်ကွဲတောင်ကြီးရဲ့ အစိတ်အပိုင်းတွေ ပြိုကျတယ်၊ စိန်တွင်းအပေါ်ပြိုကျပြီး စိန်တွင်းဟာ လုံးဝပျောက်သွားရုံမကဘူး ရင်ကွဲတောင်ကကျတဲ့ မြေတွေ၊ ကျောက်ခဲတွေဟာ အဲဒီနားတစ်ဝိုက်မှာ တောင်ပူစာလေးတွေတောင် ဖြစ်နေတယ်"

"ဟုတ်ရဲ့လား ဦးကျော်သောင်းရာ"

"သိပ်ဟုတ်တာပေါ့၊ ကျုပ် အဲဒါမယုံလို့ နောင်ဖာကို လိုက်သွားသေးတယ်၊ နောင်ဖာက တစ်ဆင့် လက်လှမ်းမီတဲ့ကျေးရွာတွေအထိ သွားပြီးစုံစမ်းတယ်။ အဲဒီနှစ်၊ အဲဒီလ၊ အဲဒီအချိန်က ရင်ကွဲတောင်တစ်ဝိုက်တွင် မကဘူး။ အဲဒီ ကျေးရွာအထိရော၊ နောင်ဖာအထိရော ငလျင်လှုပ်ခဲ့တာ တိတိကျကျ စုံစမ်းသိခဲ့ရတယ်၊ ကျုပ် မနေ့ကပဲ နောင်ဖာက ပြန်ရောက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ငလျှင်လှုပ်တာတော့ ဟုတ်ပြီထား၊ စိန်တွင်း ပျောက်သွား တာဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ဦးကျော်သောင်း"

ဦးကျော်သောင်းက သူ၏သား အောင်ဟိန်းဘက်သို့ လှည့်လိုက်သည်။

"ကဲ ... သား အောင်ဟိန်းကပဲ ပြောပြလိုက်ပါကွာ"

အောင်ဟိန်းက ပြောပြသည်။

"အမှန်တော့ အန်ကယ့်ကိုကော ဖေဖေ့ကိုကော တစ်ပ ရိုက်သွားတာက လမ်းပြဦးမဲပဲ အန်ကယ်၊ အန်ကယ်တို့ ဖေဖေတို့ စိန်တွင်းကအပြန် လမ်းကို လမ်းပြဦးမဲ ကောင်းကောင်း မှတ်မိတယ်၊ စိန်တွင်းထဲက ကျောက် တွေဟာ စိန်ဖြစ်နိုင်မှန်းလည်း ဦးမဲက ကောင်းကော သိတယ်၊ ဒါကြောင့် သူ့အနေနဲ့ လမ်းကိုပြန်မမှတ်မိ ယောင် ဆောင်တယ်၊ အန်ကယ်ခွဲပေးတဲ့ မြေပုံပိုင်း လည်း ဟန်မပျက်ယူထားလိုက်တယ်၊ အဲဒီနောက် အန်က ကတော့ ချက်ချင်း လားရှိုး ထွက်သွားတယ်၊ ဖေဖေ နောင်ဖာကသစ်စက် ရောင်းဖို့တွေကော၊ ကျောက်ခဲတွေ မန္တလေးဆင်းပြီး ခွဲတာတို့ သွေးတာတို့ လုပ်ရတာ စိန်တွေရလာတော့ ငွေဖြစ်အောင် လုပ်ရတာကောနဲ့ နောင် မှာ တစ်နှစ်လောက် ဆက်နေရတယ် ...

"ဖေဖေ နောင်ဖာမှာ ရှိနေတုန်း လမ်းပြဦးမဲ ငြိမ်ငြိမ်လေး နေလိုက်တယ်၊ ဖေဖေ နောင်ဖာကပြော



ပြီး ခြောက်လကြာမှ ဦးမဲဟာ သူ့သားထိန်လင်းကို အဖော်ခေါ်ပြီး စိန်တွင်းရှိရာ ရင်ကွဲတောင်ကို ပြန်သွားတယ်။ စိန်တွင်းဟာ လုံးဝမတွေ့ရတော့တဲ့အကြောင်း ထိန်လင်းက ပြန်ပြောတယ် အန်ကယ်"

"ဒါဆို ထိန်လင်းဆိုတာက ပန်းဆိုးတန်းဆိပ်ကမ်းမှာ ..."

"ဟုတ်ပါတယ် အန်ကယ်၊ ထိန်လင်းက ပထမ ကျွန်တော်တို့ကို အရင်ဆက်သွယ်တယ်၊ သူ့မြေပုံကို ငါးသောင်းနဲ့ ရောင်းမယ်တဲ့၊ ကျွန်တော်က သုံးသောင်းပဲပေးမယ်ဆိုတော့ န်ကယ့်ဆီကို ငါးသောင်းနဲ့ ပြန်ဆိုင်တာပဲ ...

"ကျွန်တော့်စိတ်ထဲ မကျေနပ်လို့ ထိန်လင်းကို ခြေရာခံလိုက်နေတာ။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ကျွန်တော် ဖမ်းမိတယ်၊ ကျွန်တော့်တပည့်တွေနဲ့ သူ့ကို ဂိုဒေါင်ထဲခေါ်စစ်တော့မှ အဖြစ်မှန်တွေအားလုံး ပြောပြတယ်၊ ထိန်လင်းစကားအရ ဖေဖေက နောင်ဖာကို လိုက်သွားပြီး စုံစမ်းတော့ အဲဒီတုန်းက ငလျှင်လှုပ်တာ အမှန်ပဲလို့ သိရတယ် ...

"စိန်တွင်းပျောက်သွားလို့ ဘာမှမရလိုက်ရတဲ့ ဦးမဲရဲ့ သား ထိန်လင်းဟာ အကြံကုန် ဂဠုန်ဆားချက် သဘောနဲ့ ဦးမဲကို ပေးခဲ့တဲ့မြေပုံကို ခပ်တည်တည်နဲ့ ငွေရပေါ်ဖြန်တာပဲ အန်ကယ်"

"ဟဲ ... ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သောင်းက ရယ်လိုက်သည်။

"ဓာတ်လမ်းကတော့ ဒိုးပတ်ဝိုင်းက လူငယ်တွေ အော်ဟစ်သလို စိန် ... စိန် ... စိန်လားမောင်တို့လို့ အော်ဟစ်ရမလို တောင် ဖြစ်နေပြီ ဦးမောင်မောင်ခိုင်ရေ၊ ကျုပ်ကတော့ အသက်လည်း ကြီးလာပြီ၊ ကံ ... ကံ၏အကျိုးပေး ဖွေ တရားတွေကိုလည်း အမြင်ပေါက်လာပြီ၊ လောဘ၊ ဒေါသ မောဟ တရားတွေကိုလည်း မြင်လာပြီ၊ အခု ကျုပ်သာ စိတ်ယုတ်မာထားလိုက်ရင် ဒီစက္ကူစုတ်မြေပုံကို ပေးပြီး ဦးမောင်မောင်ခိုင်ဆီက ငွေနှစ်သိန်း အချောင်ပတ်ယူသွား ရုံပေါ့ဗျာ၊ ဟဲ ... ဟဲ ... မလုပ်တော့ဘူးလေ၊ [illegible] တွေ အားလုံး သားအောင်ဟိန်းကိုလွှဲပြီး စစ်ကိုင်းချောင်မှာ တရားလေး ဘာလေး သွားထိုင်ဦးမယ်ဗျာ၊ ကဲ ... ကဲ ... ကျုပ် ဦးမောင်မောင်ခိုင်ဆီကို တမင်လာခဲ့တာ၊ ဦးမောင် မောင်ခိုင် အနေနဲ့ အဖြစ်မှန် မသိဘဲ ရင်ကွဲတောင်သွား ရင်တော့ ခြေတစ်ဖက်မစွမ်းမသန်နဲ့ ဒုက္ခရောက်ရှာတော့ မယ်၊ လမ်းခရီးကလည်း ဦးမောင်မောင်ခိုင် အသိဆုံး လေ၊ အန္တရာယ်တွေက များပါဘိနဲ့၊ ဒီကြားထဲကမှ ကျုပ် ပြောတာ မယုံလည်း သွားပေါ့ဗျာ၊ ကဲ ... လာ သားငြိမ်း အောင်ဟိန်း၊ ဖေဖေတို့ ပြန်ကြစို့"

ဦးကျော်သောင်းတို့ သားအဖ ပြန်သွားသည်။

ဦးမောင်မောင်ခိုင်သည် ငူငူငိုင်ငိုင်ကြီး ထိုင်နေသည်။ ထိုင်သည်မှ တစ်နာရီ၊ နှစ်နာရီ ကြာအောင်, ထိုင် နေသည်။



ချောကလျာခိုင်နှင့် အောင်စိုးမိုးသည် မသိမသာ အပါးမှခွာပြီး မနီးမဝေးမှ ဦးမောင်မောင်ခိုင်၏ အရိပ်အကဲကို အကဲခတ် ကြည့်နေသည်။

"သမီး ... ခိုင်"

"ရှင် ... ဖေဖေ"

"သွား ... မီးခံသေတ္တာထဲက မြေပုံသုံးပိုင်းကို ယူခဲ့စမ်း"

ခိုင် အိမ်ပေါ်ထပ် အပြေးတက်ကာ မြေပုံသုံးပိုင်းကို ယူလာပြီး ဦးမောင်မောင်ခိုင်၏ရှေ့တွင် ချပေးလိုက်သည်။

ဦးမောင်မောင်ခိုင်က စာအိတ်ညိုကြီးတွင် ထည့်ထားသော မြေပုံသုံးပိုင်းကို ထုတ်ယူသည်။

မြေပုံသုံးပိုင်းကို အကြာကြီး စိုက်ကြည့်သည်။

ထို့နောက် ဦးကျော်သောင်း မီးရှို့သွားသည့် ပြာခွက်ကို ဆွဲယူသည်။

အိတ်ထဲမှ ဂက်(စ်)မီးခြစ်ကို ထုတ်ယူမီးခြစ်ကာ တစ်ပိုင်းစီသောမြေပုံကို မီးစတင်ရှို့တော့သည်။

"ဖေဖေ စဉ်းစားဦးလေ"

ခိုင်က မလွှန်ခင် သတိပေးလိုက်သည်။ ဦးမောင်မောင်ခိုင်က သမီးကို ပြန်မကြည့်ဘဲ ခေါင်းကို ညင်သာစွာ ယမ်းပြလိုက်သည်။

"စိန်တွင်းကြီးဟာ တကယ်ပဲ ပျောက်ကွယ်သွားသွား၊ ပျောက်ကွယ်မသွားဘဲ ဒီအတိုင်းရှိနေနေ၊ ဖေဖေ လုံးဝ သံယောဇဉ်ဖြတ်လိုက်ပြီ သမီး၊ ဦးကျော်သောင်းလို လူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တောင် လောဘ၊ ဒေါသ၊ မောဟမီးကို ဟန့်တားနိုင်သေး ရင် ဖေဖေက ဘာလို့ ဒီလောဘစိတ်ကို မဖြတ်နိုင်ရမှာ လဲ”

မြေပုံပိုင်း တစ်ပိုင်းပြီးတစ်ပိုင်း မီးရှို့လိုက်သည်မှာ သုံးပိုင်းစလုံး ပြာအတိ ဖြစ်သွားပါလေတော့၏။

ထို့နောက် ဦးမောင်မောင်ခိုင်သည် တုတ်ကောက် ကိုကိုင်ကာ တယ်လီဖုန်းဆီ တဒေါက်ဒေါက်ဖြင့် လျှောက်သွား သည်။

နံပါတ်ဂဏန်းခါးကွက်ကို လှည့်သည်။

ခိုင်နှင့် အောင်စိုးမိုးတို့သည် နားလေးဘက်၊ ယှန် နားရွက်ဖြစ်အောင် စွင့်ထားလိုက်သည်။

“ဦးကျော်သောင်းလား”

“… … … …”

“ကျုပ် မောင်မောင်ခိုင်လေဗျာ”

“… … … …”

“အေးလေ … အဲဒါ ခင်ဗျား ဘယ်တော့ စစ်ကိုင်းချောင် သွားမှာလဲ”

“… … … …”

“ဒါဆို နှစ်ပတ်လောက် လိုသေးတာပေါ့”

“… … … …”

“ကျုပ်လည်း ခင်ဗျားနဲ့အတူ လိုက်မယ်ဗျာ”

“… … … …”



“ဟာ … တကယ်ပါဗျာ”

“… … … …”

“ဟဲ … ဟဲ … သုံးပိုင်းစလုံး ခင်ဗျား ရှို့ခဲ့တဲ့ ပြာခဲခွက် ထဲမှာပဲ ကျုပ်အခုပဲ မီးရှို့ပစ်လိုက်ပြီလေဗျာ”

“… … … …”

“ဒါလား၊ အားလုံးကို မောင်အောင်ကို လွှဲခဲ့မယ်လေ”

“… … … …”

“အေးလေ … နှစ်ပတ်လောက် အချိန်ရသေးတယ်ဆိုတော့ သမီးလေးခိုင်နဲ့ မောင်အောင်စိုးမိုးကို လက်ထပ်ပေးဖို့ အချိန်ရတာပေါ့”

“… … … …”

“ဘာလုပ်မလဲ၊ ကြီးကြီးကျယ်ကျယ်တွေ မလိုပါဘူး။ တရားသူကြီး အိမ်ခေါ်ပြီး လက်ထပ်ပေးမယ်ဗျာ၊ ရင်းနှီးတဲ့ မိတ်ဆွေတွေလောက်ပဲ ဖိတ်ပြီး မင်္ဂလာဆွမ်းကျွေးမယ် ဗျာ”

“… … … …”

“ဟား … ဟား … လုပ်မနေနဲ့ ဦးကျော်သောင်း၊ ခင်ဗျား တရားထိုင်နိုင်သလောက် ကျုပ်ကလည်း ရက်အကန့် အသတ်မရှိ ထိုင်မယ်၊ ဒီမယ် ခင်ဗျား တစ်ခါတည်း ရဟန်းဘောင်ဝင်မလား၊ ကျုပ်လည်း အဆင်သင့်ပဲဗျို့၊ ဟား ဟား”

“… … … …”

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ဒါပဲ၊ ဒါပဲ၊ ကျုပ် နက်ဖြန်သန်ဘက် ခင်ဗျားဆီ လာခဲ့မယ်"

ဦးမောင်မောင်နိုင်သည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ပြီး ... နိုင့်ကိုလည်းမကြည့်၊ အောင်စိုးမိုးကိုလည်း မကြည့်ဘဲ အိမ်ပေါ်ထပ် လှေကားထစ်များကို တုတ်ကောက်သံ တဒေါက်ဒေါက်ဖြင့် တက်ရောက်သွားတော့သည်။

တုတ်ကောက်သံ လှေကားထစ်က ပျောက်သွားမှ အောင်စိုးမိုးသည် နိုင့်အနား တိုးကပ်လိုက်သည်။

"နိုင်"

"ဘာလဲ အစ်ကို"

"ပျော်စရာကြီးနော်၊ နိုင်နဲ့တို့ မကြာတော့ဘူး၊ ရက်ပိုင်း အတွင်းမှာနော်"

"သိဘူး ... သွား ..."

**နားကြပါဦးစို့**

**တက္ကသိုလ်တင်မြင့်**

BURMESE CLASSIC .com
www.burmeseclassic.com